# သွေးလမ်းသစ္စာ

ဒုတိယအကြိမ်



■

စာမူခွင့်ပြုချက် - ၄၆ / ၂၀၀၃ (၇)
မျက်နှာဖုံးခွင့်ပြုချက် - ၈၇၀ / ၂၀၀၃ (၂)

■

ထုတ်ဝေခြင်း

၂၀၀၃ ခုနှစ်၊ ဧပြီလ-ဒုတိယအကြိမ်

■

တန်ဖိုး - ၄၀၀/-

■

အုပ်ရေ - ၅၀၀ အုပ်

■

ထုတ်ဝေသူ

ဦးသက်လှိုင် (နီလေးမောင်)
မိုးစန္ဒာစာပေ (၀၉၄၀၆)
၂၆ဂု၊ ၃-ရပ်ကွက်၊ ခရေပင်လမ်း၊
ဒဂုံမြို့သစ်၊ မြောက်ဥက္ကလာပ။

■

အတွင်း + အဖုံးပုံနှိပ်သူ

ဦးကျော်ရွှေမင်း (၀၅၉၉၂)
ဧအောင်သိန်းသန်းပုံနှိပ်တိုက်
အမှတ် (၄၅/ခ) ဗိုလ်ချုပ်လမ်းနှင့်သိမ်ဖြူလမ်း၊
ပုဇွန်တောင်၊ ရန်ကုန်။

■

အဖုံးပန်းချီ

တင်မောင်ယှဉ်



ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**နိုင်ငံတော်ရဲ့ စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။**

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူ ဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်
တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးသားဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်
ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ကျွန်တော့်နာမည် 'ချစ်ထွေး'

အသက် ၂၂ နှစ်။

အလုပ်အကိုင်က 'ခါး' ဒါမှမဟုတ် ခါးပိုက်နှိုက်။

ထောင် (၂) ကြိမ် ကျခဲ့ဖူးတယ်။

သရက် ကလေးထောင်မှာ (၃) နှစ်၊ ရန်ကုန်ထောင်မှာ တစ်နှစ်ခွဲ။

သရက်ထောင်မှာ ကျခဲ့တဲ့အမှုက လူသတ်မှု၊ ကလေးချင်း ရန်ဖြစ်ရာက လက်လွန်သွားခဲ့တာပါ။ ရန်ကုန်ထောင်မှာ ကျတဲ့ အမှုကတော့ ခါးပိုက်နှိုက်မှု။

ဒီတစ်ခါတော့ အင်းစိန်ထောင်မှာ။

သုံးကြိမ်မြောက် ထောင်ထဲကို အလည်ရောက်ခြင်းပေါ့။ အင်းစိန်ထောင်ဆိုတာ ဟိုတုန်းက ကျွန်တော် နေခဲ့ဖူးတဲ့ သရက်ကလေးထောင်နဲ့ ရန်ကုန်ထောင်ထက် အများကြီး ကြီးမား ကျယ်ဝန်းလို့ ကျွန်တော် ဒီတစ်ခါ ခံရမယ့် ထောင်သက်ကလည်း ဟိုစဉ်က ထက် အများကြီးကို သာပါတယ်။

'ခုနစ်နှစ်ကြီးများတောင်'

တုတ်တယ်လေ။ တနှာလွန်ခဲ့တဲ့ အမှုကိုလည်း ကြည့်ပါဦး
ခါးပိုက်နှိုက်မှုလို အမှုအသေးအဖွဲ့ မဟုတ်ဘူး။

"လူယက်မှု"

လူယက်မှုတောင် ရိုးရိုးလူယက်မှု မဟုတ်ဘူး။ လူယက်မှု
[illegible] တွဲခဲ့တဲ့ 'လူယက်မှုကြီး'။

ကျွန်တော့်လို ခါးပိုက်နှိုက် တစ်ယောက်က လူယက်မှု
တနှာလွန်တယ်ဆိုတော့ ဆန်းနေမလားပဲ။

ဒီအမှုအကြောင်း ပြောရရင် ကိုင်းဝက်ကို မနိလှပ်လို့ မရပါ
ဘူး။ ကိုင်းဝက်ဆိုတာ ရန်ကုန်ထောင်မှာ သိကျွမ်းခဲ့ဖူးတဲ့ထောင်။

အဲဒီ ကိုင်းဝက်ကြောင့် နောင်တစ်နေ့ ကျွန်တော့်ဘဝ တစ်
လုံး ပျက်စီးခဲ့ရမယ်ဆိုတာ သိခဲ့ရင် သူ့ကို ရှောင်ခဲ့မှာပါ။

ဒါပေမဲ့ နှောင်းခဲ့ပါပြီလေ။

ကိုင်းဝက်ဆိုတဲ့ကောင်က ကျွန်တော့်လို အနုသမား မဟုတ်
ဘူး။

သူက အကြမ်းသမား။

လုမယ် ယက်မယ် တိုက်မယ် ခိုက်မယ်ဆိုတဲ့ ကောင်မျိုး။

သူ ထောင်ကျခဲ့တာကိုက လူယက်မှုနဲ့ ဟုကယ်တော့ ခါး
ပိုက်နှိုက် ခါးပိုက်နှိုက်လို့ ထောင်ကျမယ်။ သူခိုးက ခိုးလို့ ထောင်ကျ
မယ်။ လူယက်သူက လူယက်မှုနဲ့ ထောင်ကျမယ်ဆိုရင် မဆန်းပါ
ဘူး။

ခုတော့ ခါးပိုက်နှိုက် ကျွန်တော်ဟာ လူယက်မှုနဲ့ ထောင်ကျခဲ့
ရပါပြီ။

ကျွန်တော် ပထမအကြိမ် ထောင်က ထွက်လာတော့ ကိုင်း



ဝက်က မလွတ်သေးဘူး။ ထောင်ထဲမှာ ကျန်ခဲ့တယ်။ ကျွန်တော်က
အလုပ်အကိုင် အဆင်ပြေလို့ ဟန်ကျပန်ကျ ရှိနေချိန်မှာ ကိုင်းဝက်
တစ်ယောက် ထောင်က လွတ်လာတယ်။ တစ်နေ့ သူနဲ့ ကျွန်တော်
ပပဝင်း ရုပ်ရှင်ရုံအောက်မှာ သွားဆုံမိကြတယ်။

ထောင်ထဲတုန်းက အခန်းတည်း နေရပြီး သူ့ရိကိုယ်စား၊
ကိုယ့်ရိ သူစားနဲ့ ခင်မင်လာတဲ့ မိတ်ဆွေရင်းတွေ ဖြစ်လို့ ဝမ်းသာ
အားရ ဖက်လဲတကင်း နှုတ်ဆက်ရင်း တစ်ယောက်အကြောင်း
တစ်ယောက် မေးမိကြတယ်။

ကျွန်တော်က သူ့ကို ဆူးလေဘုရားလမ်းထောင့်က တရုတ်ပျော်
ပွဲစားရုံတစ်ခုကို ခေါ်သွားပြီး ကျွေးမွေး ပြုစုခဲ့တယ်။

လောလောဆယ်ကာလမှာ သူ့အဖို့ အလုပ်အကိုင် အဆင်
မပြေကြောင်း သိရတော့ ကျွန်တော်ရဲ့ အိမ်မှာ လိုက်နေဖို့ ခေါ်မိ
တယ်။

ကျွန်တော်က တာမွေဗလီကြီးရပ်ကွက်မှာ အိမ်ခန်းတစ်ခန်း
ငှားပြီး ဇနီးနဲ့ တပည့်တစ်ယောက်နဲ့ ဟန်ကျပန်ကျ နေနိုင်တဲ့အချိန်
ကိုး။

"လိုက်သာလိုက်ခဲ့ပါ သူငယ်ချင်းရာ၊ တို့တစ်တွေဟာ ထောင်
ထဲမှာ ဆိုးတူကောင်းဘက် နေလာတဲ့ လူတွေပါ။ အားနာစရာ မရှိ
ပါဘူး။ နောက်ပြီး မင်း ကျေးဇူးတွေလည်း ငါ့အပေါ်မှာ ရှိနေပါတယ်
ကွာ"

ကျွန်တော် မိန်းမရနေပြီဆိုတော့ ကိုင်းဝက်က အားနာပုံရ
တယ်၊ ထင်တယ်။ ငြင်းနေသေးတယ်။ နောက်ဆုံး ကျွန်တော့်ကို
အကူအညီ အများကြီး ပေးခဲ့ဖူးပါတယ်။

ဟုတ်ပါတယ်။ ထောင်ထဲတုန်း‌ေ သူဟာ ကျွန်တော် အတင်း ခေါ်မှ ခဏလိုက်နေမယ်လို့ စကားပြန်ေ ယ်။

အဲသည်တုန်းက ကျွန်တော် နေရတဲ့ အဆောင် အမှတ် ၄ မှာ တန်းစီးက လူသတ်ဓားပြမှုနှင့် ထောင်အနှစ် (၂၀) ကျ နေတဲ့ ဖိုးတေဆိုတဲ့ လူကြမ်းကြီး။

သူ့အဆောင်ရောက်လာသမျှ လူသစ်တွေကို ရေရေလည်လည် လက်စွမ်းပြ၊ ဦးချိုးပြီး ပါသမျှကို နှာလေ့ရှိတဲ့ လူကြီး။

ကျွန်တော် သူ့အခန်းထဲ ရောက်ရောက်ခြင်း ကြိုဆိုလိုက်ပုံက. . .

"ဟေ့ကောင်. . . ဒါထောင်ကွ၊ မင်းအမေလင်အိမ် မဟုတ်ဘူး" ဆိုတဲ့ အသံဆိုးကြီးကို ကြားရပြီး မြင်းကန်ခံလိုက်သလို ရှေ့ကို မှောက်ရက် လဲကျသွားတယ်။

ပုံစံထိုင်နေတုန်း နောက်ကနေ ကျောကုန်းကို ဆောင့်ကန်လိုက်တာကိုး၊ သူကတော့ ဖိုးတေ။

တန်းစီး ဖိုးတေပါပဲ။

"ဟေ့ကောင်. . ပုံစံ နားမလည်ဘူးလား"

ဖိုးတေက ထပ်အော်လိုက်ပြန်တယ်။

ကျွန်တော်က လဲနေရာက ထပြီး ပုံစံထိုင်လိုက်ရသည်။

ကျွန်တော်က ခါးပိုက်နှိုက်ပေမယ့် သေွးမနည်းပါဘူး။ အပြင်လောကမှာဆိုရင်တော့ အသက်ချင်း လဲပစ်လိုက်မှာပဲ။ ဒါပေမဲ့ ခုဟာက ထောင်။

ထောင်ဆိုတာ ကျွန်တော်က အတွေ့အကြုံရှိပြီးသား၊ သူ့မှာ အသိုင်းအဝိုင်း တပည့်တပန်းနဲ့၊ သူ့ကို အာခံရင် ကျွန်တော် နာမယ်



ဆိုတာ သိထားပြီပဲ။ ထောင်ဆိုတာ မတစ်ထောင်သားတွေ စုဝေးရာ အရပ်ဖြစ်သလို သတ်ရဲသေရဲ လုပ်ရဲကိုင်ရဲတဲ့ လူတွေကလည်း အများကြီး၊ နောက်ပိုင်းမှာ ဖိုးတေကို အာခံတဲ့သူတွေကို ဖိုးတေတို့ အုပ်စုက ဝိုင်းဆော်လို့ ဝပ်ဆင်းသွားရတာကို မတွေ့ချင် မမြင်ရက် မြင်ခဲ့ရပါတယ်။

"ဟေ့ကောင် မင်း ဘာအမှုလဲ"

ဖိုးတေက ကျွန်တော် ပုံစံထိုင်နေတဲ့ ရှေ့မှာ ခါးထောက်ပြီး မားမားရပ်လို့ မေးလိုက်ပါတယ်။

"ဆွဲကြိုးဖြတ်မှုပါ"

"ထွီ. . သတ္တိမရှိတဲ့ မိန်းမရှာအလုပ်ပဲ၊ ကဲကွာ ဖြတ်ဦး. . . ဖြတ်ဦး"

ဖိုးတေ ကျွန်တော့်ကို ဘောလုံးတစ်လုံးလို ဆင့်ကာဆင့်ကာ ဆောင့်ကန်ပြန်ပါတယ်။

ကဲ. . ကြည့်လေ၊ ကျွန်တော်က သူမေးလို့ အမှန်တိုင်း ဖြေပေမယ့် မသက်သာပါဘူး။

"အစ်ကိုကြီးဖိုးတေ ခဏနေပါဦး၊ ဒါ ကျွန်တော်တို့ နယ်သားပါ။ ကျွန်တော် မေးကြည့်ပါဦးမယ်"

အဲဒီလို အသံကြားပြီး အကန်ရပ်သွားတယ်။

လူတစ်ယောက်က ကျွန်တော့်အနားမှာ လာတိုင်တယ်။

ကယ်တင်ရှင်ကို ကျွန်တော် မော့်ကြည့်မိတယ်။ အသားဖြူဖြူဂင်တိုတို၊ ဗလကောင်းကောင်းနဲ့ အသက်အရွယ်ကတော့ ကျွန်တော်နဲ့ ရွယ်တူလောက်ပဲ ရှိပုံရတယ်။

သူက ကိုင်းဝက်ပါ

"ဟော့. . . မင်းမှာ ဘာပါသလဲကွ"

ကိုင်းဝက်က မေးလိုက်သည်။ သူ ဘာဆိုလိုတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ အပြင်က ဘာအကြွဲအဖန်ပါခဲ့သလဲလို့ မေးတာပါ။ ပိုက်ဆံဖြစ်စေ၊ ဆေးလိပ်ဖြစ်စေ တန်းစီးကို မပေးခင် လွယ်ဘူးဆိုတာ သိပေမယ့် လက်ကောက် တစ်ယောက် မတတ်တဲ့ ကျွန်တော်တာ အကြွဲအဖန် မလုပ်တတ်သေးပါဘူး။

"ဘာမှ မပါခဲ့ဘူးဗျာ"

ကျွန်တော်က စိတ်မသက်မသာနဲ့ ဖြေလိုက်ရတယ်။

"အင်း. . ဒါဆိုရင် မလွယ်ဘူး၊ ဒီလိုလုပ်၊ မင်းအုတ်ဖိုနယ်က လို့သာပြော၊ ငါနဲ့ တစ်နယ်တည်းသားပေါ့ကွာ။ ဟုတ်လား"

ကိုင်းဝက်က တီးတိုးပြောပြီး မလှမ်းမကမ်းမှာ ဆေးလိပ် ဖွာနေတဲ့ တန်းစီး ဖိုးတေဆီကို သွားတယ်။

"အစ်ကိုဖိုးတေ။ ဒီကောင်လေးဟာ ကျွန်တော်တို့ အုတ်ဖိုနယ်သားပါ။ အကြွဲအဖန်တော့ ပါမလာဘူး။ နောက်ပိုင်း တောင့်ပါ့တယ်။ သူ့အတွက် ထောင်ဝင်စာလာတော့ ပေးပါ့မယ်တဲ့"

"အေး. . ဒီလိုလိုလည်း ပြီးရော့ပေါ့ကွာ"

ဖိုးတေက ဒီလောက်ပဲ ပြောပြီး တစ်နေရာသို့ ထွက်သွားတယ်။

ဒါဟာ ကိုင်းဝက်ရဲ့ကျေးဇူးပါ။ သူသာ မကယ်ရင် ကျွန်တော့်အဖို့ လွယ်မှာ မဟုတ်ဘူးလေ။ နောက်ပြီး ရှိသေးတယ်။ အပြင်လောကမှာသာ လူတန်းစား ခွဲခြားမှုရှိတာ မဟုတ်ဘူး ထောင်ထဲမှာလည်း လူတန်းစား ခွဲခြားမှုက ရှိနေတယ်။

လူတန်းစားခွဲတယ်ဆိုတာ အမှုအတန်းအစား ခွဲတာကို ဆိုလိုတာပါ။ လူသတ်မှု၊ ဓားပြမှုသမားက လူရိုက်မှု၊ ခါးပိုက်နှိုက်မှု



လောက်ဆို လူရာမသွင်းချင်ဘူး။ အဆင့်နိမ့်တယ်ပေါ့။

လူသတ်မှုနဲ့ ထောင်ကျလာတဲ့လူက ကျွန်တော့်လို ဆွဲကြိုးပြတ်မှုသမားအပေါ်မှာ ဗိုလ်ကျချင်တယ်။

ဒီလိုအခါမှာ ကိုင်းဝက်ဟာ ကျွန်တော့်ဘက်က အမြဲ ရပ်တည်ခဲ့တယ်။ အဲသည်ထဲက သူနဲ့ ကျွန်တော်ဟာ မိတ်ရင်းဆွေရင်းလို ခင်မင်ခဲ့ကြတာပါ။ ခု သူအခြေအနေ နိမ့်နေတဲ့ အချိန်မှာ ကူညီဖို့က ကျွန်တော့်ဝတ္တရားပါ။

ဒါကြောင့် ကျွန်တော့်အိမ်မှာ လိုက်နေဖို့ သူ့ကို အတင်း ခေါ်ခြင်း ဖြစ်ပါတယ်။

ကျွန်တော့်ဇနီးသည် စန်းမူဆိုတာက ကျွန်တော့်ကို ဘယ်တော့မှ လွန်ဆန်တာ မဟုတ်ဘူး။ ကိုင်းဝက်ဟာ ထောင်ထဲမှာတုန်းက ကျွန်တော့်ကျေးဇူးရှင်လို့ဆိုတာ သူသိတော့ လေးစား ခင်မင်စွာ ဆက်ဆံပါတယ်။ ညှို့ဝတ်ကျေပွန်အောင် ပြုစုခဲ့ပါတယ်။

ကျွန်တော်နဲ့ ကျွန်တော့်တပည့် မောင်ကျော် အလုပ်ထွက်လုပ်ရင် ကိုင်းဝက်က အဖော်လိုက်လာလေ့ ရှိတယ်။ လိုအပ်ရင် ကျွန်တော့်ကို ကူညီရအောင်ပေါ့။ ဒါပေမဲ့ သူဟာ ကျွန်တော်တို့အသာကို မကျွမ်းတော့ ကျွန်တော့်ကို မကူညီနိုင်တဲ့အပြင် ကျွန်တော် အလုပ်ကိုတောင် အနှောင့်အယှက် ဖြစ်ခဲ့ရတယ်။

တစ်ခါက သူ ကြွန်ပျက်လို့ ကျွန်တော်တို့ ခွေးပြေးဝက်ပြေး ပြေးခဲ့ရဖူးတယ်။

ရယ်စရာတော့ အကောင်းသား။

ရိုက်မယ်နှက်မယ်၊ လုမယ်ယက်မယ်ဆိုတဲ့ သူ့လို အကြမ်းသမားက ကျွန်တော်တို့လို အနုပညာဆန်ဆန်၊ ပညာသား ပါပါ

လုပ်နေတဲ့ ခါးပိုက်နှိုက် ဆွဲကြိုးဖြတ်တဲ့ အလုပ်မျိုးကို ကြောက်ပါသတဲ့။

ကဲ. . . . မခက်ဘူးလား။

နောက်ဆုံးတော့ ကျွန်တော် အလုပ်ထွက်လုပ်ရင် သူ့ကို အိမ်မှာပဲ ထားခဲ့ရတော့တယ်။ နို့မဟုတ်ရင် ဣန္ဒြေပျက်နေတာနဲ့ ကျွန်တော်တို့ပါ ဒုက္ခရောက်ရတော့မယ်လေ။

ဒီလိုနဲ့ ကိုင်းဝက်တစ်ယောက် ကျွန်တော်ကျွေးတာ ထိုင်စားနေရတော့ အားနာလာပုံ ရတယ်။ တစ်နေ့မှာ ကျွန်တော့်ကို ဖွင့်တိုင်ပင်တယ်။

"ချစ်ထွေးရေ. . . မင်းလုပ်စာကို ငါ ထိုင်စားနေရတော့ အားနာလှပြီကွာ ဒီတော့. . ."

"အို ဒါတွေ ပြောမနေပါနဲ့ သူငယ်ချင်းဟာ၊ ငါ့ရှိရင် မင်းရှိသလိုပါပဲ။ တာမှ အပိုတွေ စဉ်းစားမနေပါနဲ့"ကျွန်တော်က သူ့စကားကို အမြစ်ဖြတ်လိုက်တယ်။

"ဒါတော့ ဒါပေါ့ကွာ၊ ငါလည်း ထိုင်စားနေရတာ ပျင်းလှပြီ။ ဒါကြောင့် အလုပ်တစ်ခုလောက် လုပ်ချင်တယ်"

"ဟော့. . . ဘာအလုပ်များလဲ ကိုင်းဝက်"

ကျွန်တော်က တအံ့တသြ မေးလိုက်မိတယ်ဆိုရင်ပဲ ကိုင်းဝက်က တဟားဟား အော်ရယ်ပါတယ်။

"ဩော်. . တုံးပါဘိ ငါ့လူရယ်၊ ဘာအလုပ်ရှိရဦးမှာလဲဟ မင်းတို့ ခါးပိုက်နှိုက်တွေ အလုပ်ဆင်းတာဟာ အပြင်ထွက် ခါးပိုက်နှိုက်တာ ဖြစ်သလို၊ သူခိုးတွေ အလုပ်ရှာထွက်တာဟာ လျှောက်ခိုးတာပဲ မဟုတ်လား ဒီလိုပဲပေါ့ ငါ့လူရာ ငါ့လိုလူတစ်ယောက်



အလုပ်ရှာတာဟာ လုယက်ဖို့ အကွက်အကွင်း ကြည့်တာပဲပေါ့ကွာ"

"ဟော့ လုယက်မှု ကျူးလွန်မလို့ ဟုတ်လား"

"အေးလေကွာ။ ဒါ ဘာဆန်းသလဲ၊ မင်းလို ခါးပိုက်နှိုက်က ခါးပိုက်နှိုက်သလို ငါလို လုယက်တဲ့လူကလည်း လုယက်မှု လုပ်မှာပဲပေါ့ကွာ"

"မင်းအလုပ်က အန္တရာယ်များလှပါတယ် ကိုင်းဝက်ရာ"

"ဟား. . . ဟား. . ဟား. . . ဒါက မင်းအမြင်ကိုး ချစ်ထွေးရ၊ ငါ့အမြင်မှာတော့ မင်းအလုပ်ကသာ အန္တရာယ်များပြီး ငါ့အလုပ်က အင်မတန် လွယ်ကူတာကွ၊ မင်း ကြည့်လေကွာ၊ ဟိုတလောက မင်း သက်စွန့်ဆံဖျား ကြိုးစားပမ်းစား နှိုက်လာတဲ့ ပိုက်ဆံအိတ်ကြီးထဲက ငွေကလေး နှစ်ကျပ်ပဲ ပါခဲ့တယ် မဟုတ်လား။ နောက်ပြီး မိုးကောင်းဘုရားပွဲမှာ မင်းတပည့် မောင်ကျော် ဖြတ်လာတဲ့ ဆွဲကြိုးဟာ အတုကြီး ဖြစ်နေပြန်တယ်လေ၊ အသက်ဆံဖျား ကြိုးစားရသလောက် မပိုင်လှိုဘူး မဟုတ်လားကွ"

ကိုင်းဝက်က အဲဒီလို ပြောလိုက်ပါတယ်။

"ဒါက တစ်ခါတစ်လေဖြစ်တတ်တာပါကွာ။ တို့တစ်တွေဟာ ဆွဲကြိုးကို ကြည့်ရုံနဲ့ သည်လူမှာ အဖိုးတန်ပစ္စည်း ပါမပါ၊ ပါရင် ဘယ်မှာထားတယ်ဆိုတာအထိ ခန့်မှန်းနိုင်ပါတယ်။ ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံပါ မပါ တစ်ချက်စမ်းရုံနဲ့ သိနိုင်ပါတယ်။ အေး. . ဒါပေမဲ့ ပညာအခြေခံကောင်းဖို့နဲ့ ကျွမ်းကျင်ဖို့တော့ လိုတာပေါ့လေ"

ကျွန်တော်တို့ ပညာကို အထင်သေးလို့ ထိပါးလာတဲ့အတွက် ကျွန်တော်က မခံမရပ်နိုင်စိတ်နဲ့ ပြန်ပြောလိုက်ပါတယ်။

"မဟုတ်ပါဘူး သူငယ်ချင်းရာ၊ မင်းတို့အလုပ်ကို အထင်သေး

လို့ ပြောတာ မဟုတ်ပါဘူး။ ငါတို့အလုပ်က ပိုပြီး လွယ်ကူတယ်ဆိုတာကို ပြောတာပါ။ မင်းကြည့်လေ၊ ငါက အလုပ်လုပ်တော့မယ်ဆိုရင် ကိုယ် ချိန်းထားတဲ့ အမဲကို လေ့လာတယ်။ အမြင်က မျက်မြင်ဖြစ်တဲ့ ပစ္စည်းကို အဓိကထားတယ်။ ပိုင်မှလုပ်တယ်၊ ဒီတော့ လွဲချော်မှု မရှိဘူးပေါ့ကွာ၊ ဒီနေရာမှာ အမြင်မဟုတ်တဲ့ အကျင့်ပစ္စည်း ပါလာရင် အမြတ်ပေါ့ မဟုတ်ဘူးလား"

"ထားပါတော့ကွာ၊ ကဲ. . . မင်းမှာ သေနတ်ရှိသလား"

"ဟား. . . ဟား. . . ဟား အေ ပါဘီ ငါ့ရှေ့ရပ်၊ သေနတ်မလိုပါဘူး။ လွယ်အိတ်တစ်လုံး၊ ကြိုးတစ်ချောင်း၊ လိုလို့မယ်မယ် ဓားမြောင်တစ်ချောင်း ဒီလောက်ပါပဲ"

"အေးလေ. . မင်း စိတ်သန်နေရင်လည်း လုပ်ပါလား၊ ငါဘာကူညီရမလဲ ကိုင်းဝက်"

စိတ်သန်နေတဲ့ ကိုင်းဝက်ကို ကျွန်တော် ကိုယ်ချင်းစာမိလာတယ်။ မတားလိုတော့ပါဘူးလေ။

"မင်းအဖော်အဖြစ် လိုက်ခဲ့နိုင်မလား။ ဘာမှ လုပ်စရာမလိုပါဘူး။ ငါပဲ လုပ်မှာပါ။ အဖော်ပါတော့ အဟာန့်ဖြစ်တာပေါ့ကွာ၊ ဒီလောက်ပါ"

"ငါ့တပည့် မောင်ကျော်ကိုပါ ခေါ်ခဲ့ရမလား၊ လူများရင် ပိုမကောင်းဘူးလား"

"မလိုပါဘူးကွာ၊ လူများတိုင်းလည်း မကောင်းဘူး။ မသင်္ကာဖြစ်နိုင်တယ်။ တို့နှစ်ယောက်နဲ့ လုံလောက်ပါပြီ"

"ကောင်းပြီလေ၊ ငါ ကူညီပါ့မယ် သူငယ်ချင်းရာ၊ ဒါပေမယ့်ရင်တော့ ခပ်တုန်တုန်ပဲဟေ့"

* * *



ည (၈) နာရီကျော်လောက်မှာ ကျွန်တော်နဲ့ ကိုင်းဝက်က ဟန်းရေခဲဆိုင် ကားမှတ်တိုင်မှာ ရောက်နေကြပါတယ်။ ကိုင်းဝက်မှာ လွယ်အိတ်တစ်လုံးပါတယ်။ လွယ်အိတ်ထဲမှာတော့ နှစ်လံလောက် ရှည်တဲ့ ကြိုးတစ်ချောင်းနဲ့ ဓားမြောင်တစ်ချောင်း ပါလာတယ်။

ကျွန်တော်ကတော့ ဆောင်နေကျ မောင်းပြန်ဓားကို ဂျာကင်အိတ်ထဲ ထည့်လာခဲ့တယ်။

ကိုင်းဝက်က ကားဂိတ်မှာ ရပ်နေတုန်း သူ့အစီအစဉ်ကို ပြောပြတယ်။

"ငါ အခုလုပ်မှာက သုံးဘီးပဲ။ (ထိုစဉ်က သုံးဘီးကား ရှိသေးသည်။) ဒရိုင်ဘာဘေးမှာ ထိုင်စရာ မပါတဲ့ ဟန်းဘီးလို သုံးဘီးတော့ ရှောင်ရမှာပေါ့။ ဒီအချိန်ဟာ ကားသိမ်းချိန်ဆိုတော့ တစ်နေ့လုံး ဆွဲရတဲ့ ပိုက်ဆံတွေ ပါရမယ်။ နာရီဆိုရင်လည်း အကောင်းစားမျိုး ဖြစ်ရမယ်"

"ခုလို ညဘက်မှာ ဆွဲတဲ့ လူတွေဟာ ရိုးရိုးဒရိုင်ဘာထက် ကားပိုင်ရှင်တွေကိုယ်တိုင် ထွက်ဆွဲလေ့ ရှိတယ်။ ဒီလိုလူမျိုးတွေမှာ အဖိုးတန် လက်ဝတ်ရတနာတွေ ပါတယ်ကွ"

အဲဒီအချိန်မှာ တီရစ္ဆာန်ရုံဘက်က သုံးဘီးကားတစ်စီး မောင်းလာတာ တွေ့လိုက်ရတော့ ကိုင်းဝက်ဟာ သူ့စကားကို ရပ်ပြီး လက်တားလိုက်တယ်။ ကားရပ်သွားတော့ ဒရိုင်ဘာက အပေါက်နားကို ကပ်သွားတယ်။ သူ့မျက်လုံးအစုံဟာ ဒရိုင်ဘာရဲ့ ကိုယ်ပေါ်မှာ ကျက်စားနေတယ်ဆိုတာ ကျွန်တော် သိပါတယ်။

"ဘယ်သွားမှာလဲ"

ကားမောင်းသူက မေးတယ်။

ဒီကားနဲ့ အလုပ်ဖြစ်မယ်လို့ ကျွန်တော် တွေးမိတယ်။ ကားသမားရဲ့ လက်မှာ လက်ပတ်နာရီနဲ့ လက်စွပ်ကို လှစ်ခနဲ သတိထားမိတာကိုး။

"သုဝဏ္ဏမြို့သစ်ကို သွားမယ်၊ ဘယ်လောက် ပေးရမလဲ"

ကိုင်းဝက်က မေးလိုက်သည်။

"ဘာပစ္စည်းပါသလဲ၊ ဘယ်နှစ်ယောက်လဲ"

ကားသမားက မေးရင်းနဲ့ အပြင်ဘက်ကို မျက်စိ ဝေ့ကြည့်လိုက်ပါတယ်။

"နှစ်ယောက်တည်းပါ၊ ပစ္စည်း မပါပါဘူး"

"ခရီးက ဝေးတယ်၊ ဆယ့်လေးကျပ် ပေးရမယ်"

"ဟာ. . . များတာပေါ့ဗျာ၊ တစ်ဆယ်ထားပါ။

ကိုင်းဝက်က ဟန်လုပ်ပြီး ဆစ်နေတယ်။ တကယ်တော့ ဘယ်လောက်ဖြစ်ဖြစ် သူ စီးတော့မယ်ဆိုတာ ကျွန်တော် အကဲခတ်မိနေပြီ။ အမှန်တော့ ဒီလမ်းဟာ အများဆုံး ၈ ကျပ်၊ ၉ ကျပ်ပဲ ပေးရမှာပါ။ ကားသမားကလည်း အချဉ်ဖောက်နေပြန်တယ်လေ။

"၁၂ ကျပ်တော့ပေးဗျာ၊ အပြန်ကို ခါလီပြန်ရမှာဗျ"

ကားဆရာက တစ်ထစ်လျှော့လာတယ်။

"အင်းလေ. . . ထားပါတော့ဗျာ၊ ကျွန်တော်တို့ကလည်း လိုင်းကားမရတော့ ပေးရမှာပေါ့"

ကိုင်းဝက်က ပြောပြောဆိုဆို ဒရိုင်ဘာဘေးမှာ ဝင်ထိုင်တယ်။ ကျွန်တော်ကလည်း ကားနောက်ခန်းမှာ တက်ထိုင်လိုက်တယ်။



ကျွန်တော့်ရင်ထဲမှာတော့ တထိတ်ထိတ်နဲ့ ဟန်မှ ဟန်ပါ့မလား။ ခွေးပြေးဝက်ပြေးပဲ ပြေးရမလားပေါ့။

ကားရော လူပါ ရှင်းတဲ့အချိန်မို့ ကားဆရာက ကားကို စက်ကုန်တင်ပြီး မောင်းနေသည်။ ကျိုက္ကဆံလမ်းမကြီးပေါ် ရောက်တဲ့အချိန်မှာ ရေဒီယိုက အင်္ဂလိပ်ပိုင်း အစီအစဉ်တောင် ကြေငြာနေပြီ။

သုဝဏ္ဏလိုင်းပြေးတဲ့ အမှတ် (၁၁) ဘတ်စ်ကားတွေ သိမ်းပြီဖြစ်လို့ လမ်းတစ်လျှောက်လုံး ကားအသွားအလာ ရှင်းလင်းနေတယ်။

ပွင့်ကောင်းစက်ရုံကို ဖြတ်မိတာနဲ့. . .

"ဟိုး ဆရာဟိုး ဒီမှာ ရပ်ပါ ဆင်းမယ်"

ကိုင်းဝက်က အော်လိုက်တော့ ကားရပ်သွားတယ်။ ကျွန်တော်က ကားရှေ့ခန်းကို လှမ်းကြည့်လိုက်တယ်။ ရင်ထဲမှာတော့ တထိတ်ထိတ်နဲ့ပေါ့။

"ဟေ့လူ မသေချင်ရင် ငြိမ်ငြိမ်နေ"

ကိုင်းဝက်က ခပ်တည်တည်နဲ့ ဟောက်ပြီး ဓားမြောင်နဲ့ ချိန်ရွယ်ထားတာ တွေ့လိုက်ရတယ်။

"မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားလိုချင်တာ ယူပါ"

ကားဆရာဟာ အတော် ကြောက်လန့်နေပုံ ရတယ်။

"အောက်ကို မြန်မြန်ဆင်း၊ ရီးတီးယားတား မလုပ်နဲ့"

ကိုင်းဝက် အမိန့်ကို ကားဆရာက နာခံပါတယ်။ တံခါးဖွင့်ပြီး အောက်ကို ဆင်းလိုက်ပါတယ်။ ကျွန်တော်ကလည်း ကားနောက်ခန်းက ဆင်းပြီး ရှေ့ဘက်ကိုလာတယ်။ လိုအပ်သလို ကူညီရအောင်ပါ။

ကိုင်းဝက်က ကားဆရာကို လမ်းဘေး ဆွဲချပြီး လက်နဲ့ ခြေကို ကြိုးနဲ့ တုပ်တယ်။ နာရီနဲ့ လက်စွပ်ကို ဖြုတ်ယူပြီး အိတ်ထဲမှာ နှိုက်ရှာတယ်။ ပိုက်ဆံများများ မတွေ့ဘူး။ ငါးကျပ်တန် တစ်ရွက်နဲ့ ကျပ်တန်သုံးရွက်ပဲ ထွက်လာတယ်။

"ဟေ့လူ... ဒီနေ့ဆွဲလို့ရတဲ့ ပိုက်ဆံ ဘယ်မှာလဲ"

ကိုင်းဝက်က ဓားနဲ့ ချိန်ရွယ်ပြီး မေးလိုက်တယ် ဆိုရင်ပဲ ကားဆရာက ပြူးပြူးပျာပျာ ဖြစ်သွားတယ်။

"ကား... ကား ထိုင်ခုံအောက်မှာပါ"

"ကောင်းပြီ ခင်ဗျား မအော်နဲ့၊ ကားယူသွားမယ်။ မြို့ထဲမှာ ထားခဲ့မယ်၊ ခင်ဗျားကြိုးတွေကိုတော့ တစ်ယောက်ယောက် ဖြေပေးပါလိမ့်မယ်"

"ဟာ.. သွားမယ်တော့"

ကိုင်းဝက်ကပြောပြီး ကားပေါ် တက်ထိုင်တယ်။ ကျွန်တော်ကလည်း သူ့ဘေး တက်ထိုင်လိုက်တာနဲ့ ကိုင်းဝက်ဟာ ကားကို စက်နှိုး နှိုးလိုက်တာ ပြန်တွေ့ပြီး ကျွမ်းကျွမ်းကျင်ကျင်နဲ့ စက်ကုန်မောင်း ထွက်ခဲ့တယ်။

ကိုင်းဝက်ဟာ ကားမောင်းရင်း ကျွန်တော့်ဘက်ကို ပြုံးကြည့်တယ်။ အဓိပ္ပာယ်ကတော့ ဘယ့်နှယ် မလွယ်ဘူးလား ဆိုတဲ့သဘော။

"ဟာ.. မင်းက တယ်ကားမောင်းကျွမ်းကျင်ပါလားကွ... ကိုင်းဝက်ရ"

ကျွန်တော် တအံ့တဩ ဖြစ်နေမိတယ်။

"ဟား... ဟား... ဟား... ဒီအလုပ် လုပ်နေမှာတော့ ကားမောင်း ကျွမ်းကျင်ရမှာပေါ့ကွ၊ ဒီလိုမဟုတ်ဘဲ ခြေကျင် ပြေးရရင်



မစားသာဘူးလေကွာ"

စောစောက ပူပန်နေသော ကျွန်တော့်စိတ်တွေ ခုတော့ နည်းနည်း ပေါ့ပါးသွားပါပြီ။

မြင်းခြံကွင်းဘေးရောက်တော့ ကိုင်းဝက်က လမ်းဘေးမှာ ကားရပ်ပြီး ထိုင်ခုံကို မကြည့်တယ်။ ဖလက်စတစ်အိတ်နဲ့ ထည့်ထားတဲ့ ပိုက်ဆံတစ်ထပ်ကို တွေ့လိုက်ရတယ်။

"ကဲ.. လစ်ကြစို့ဟေ့"

ကိုင်းဝက်က ပိုက်ဆံတွေကို လွယ်အိတ်ထဲ ပြောင်းထည့်ပြီး ပြောလိုက်တယ်။

မြင်းခြံကွင်းဘေးက နေပြီး တခြား သုံးဘီးတစ်စီးကို ငှားပြီး ကျွန်တော်တို့နေတဲ့ ဗလီကြီးရပ်ကွက်ကို ပြန်လာခဲ့တယ်။

အိမ်ရောက်တော့ ရလာတဲ့ ပစ္စည်းတွေကို စစ်ဆေးကြည့်တယ်။ လက်ပတ်နာရီတစ်လုံး၊ ရွှေသားတစ်ကျပ်သားလောက်ရှိတဲ့ လက်စွပ်တစ်ကွင်း၊ ငွေက ၁၅၀ ကျော်ကျော်။

"ဘယ့်နှယ်လဲ သူငယ်ချင်း"

ကိုင်းဝက်က ပြုံးပြီး မေးလိုက်တယ်။

"အင်း... မဆိုးဘူး ဆိုရမှာပါပေါ့ကွာ"

* * *

သုဝဏ္ဏဘက်မှာ သုံးဘီးကို လုပြီးလို့ တစ်ပတ်လောက်အကြာမှာ ကိုင်းဝက်စကားစလာပြန်တယ်။

"ချစ်ထွေးရေ... တစ်ပွဲလောက် လုပ်လိုက်ကြဦးစို့ကွာ"

"အေး.. လုပ်လိုက်လေ"

ဒီတစ်ခါတော့ ကျွန်တော်က ရှောရှောရှူရှူပဲ သဘောတူလိုက်ပါတယ်။ ဟုတ်တယ်လေ၊ ကိုင်းဝက်အလုပ်ကို ကျွန်တော်တောင် စိတ်ပါသလို ဖြစ်နေပြီပဲ။

ဒီတစ်ခါ ကျွန်တော်တို့ ဘီလူးမဈေးရှေ့က ဘတ်စ်ကား မှတ်တိုင်မှာ စောင့်ကြတယ်။ ညကိုးနာရီလောက် ရှိနေပြီ။ ကျွန်တော်တို့ စိတ်ကြိုက် ကားကို စောင့်ကြတာပါ။ ကား နှစ်စီးသုံးစီးကို လက်ပြတားခဲ့ပြီးပြီ။ ဒါပေမယ့် မျက်မြင်ပစ္စည်းက ကျောနုပ်လောက်စရာ မရှိလို့ ဈေးမတည့်အောင် ဆစ်ပြီး မစီးခဲ့ကြဘူး။

အဲဒီအချိန်မှာ လေးဘီးမာဇဒါကား အပြာလေး တစ်စီး ကျွန်တော်တို့ရှေ့မှာ ထိုးရပ်လာတယ်။ အငှားကား မဟုတ်လို့ ကျွန်တော်တို့က စိတ်မဝင်စားပါဘူး။ ဒါပေမယ့် ကားမောင်းသူက လှမ်းမေးတယ်။

"နောင်ကြီးတို့ ဘယ်သွားမှာလဲ"တဲ့. . .

အောက်ဆိုက်ကား ဆွဲနေတဲ့ ကိုယ်ပိုင်ကား တစ်စီးမှန်း ကျွန်တော်တို့ သိလိုက်ပါပြီ။

ကားမောင်းသူက လူရွယ်တစ်ယောက်ပါ။ ရုပ်ရည်သန့်သန့်၊ နာရီလက်စွပ်၊ ပတ်ကားဖောင်တိန်အပြင် လည်ပင်းမှာ ဆွဲကြိုးတုတ်တုတ်ကြီးကိုပါ လှစ်ခနဲ မြင်လိုက်ရတယ်။ ကိုယ်ပိုင်ကားကို ထွက်ဆွဲနေတာ ဖြစ်မှာပါ။ ခက်တာက သူ့ဘေးမှာ လူတစ်ယောက် အပိုပါနေလို့ပဲ။

ကိုင်းဝက်ကို ကြည့်လိုက်တော့ သူကလည်း ဒီကားကို သိပ်ကြိုက်နေပုံရပါတယ်။

"ကျွန်တော်တို့ တောင်ဥက္ကလာအထိ သွားမှာပါ။ ဒီနောင်ကြီး



ကတော့ ဘယ်သွားမှာလဲ၊ ကျွန်တော်တို့ကတော့ တစ်စီးလုံး ငှားမှာပါ၊ အရေးကြီးလို့ပါ"

ကိုင်းဝက်က ကားမောင်းသူကို ဖြေရင်း ကားမောင်းသူဘေးမှာ ထိုင်နေတဲ့သူကို လှမ်းမေးလိုက်ခြင်းပါ။

"ဩော်. . ဒါက ခရီးသည် မဟုတ်ပါဘူး၊ ကျွန်တော့် ကားဘော်ဒါပါ"

ကားမောင်းသူက ဖြေလိုက်တယ်။

ကိုင်းဝက် အကြုပ်ရိုက်သွားပုံ ရတယ်။ ကားမှာ လူပိုတစ်ယောက် ပါနေပြီလေ။ ဒါပေမယ့် ကိုင်းဝက်က လက်လွှတ်ချင်ပုံမရဘူး။ ကားမောင်းသူရဲ့ လည်ပင်းက ဆွဲကြိုးတုတ်တုတ်ကြီးပဲဟာ သူ့ကို ဆွဲဆောင်နေပြီ ထင်ပါတယ်။

ကိုင်းဝက်က ကျွန်တော့်ဘက်ကို လှမ်းကြည့်တယ်။

သူက ကားမောင်းသူကို ကိုင်မယ်၊ ကားဘော်ဒါကို ကျွန်တော်က တာဝန်ယူနိုင်မလားဆိုတဲ့ သဘောပါ။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်ပါတယ်။

"သွားမယ်လေ၊ တောင်ဥက္ကလာကို ဘယ်လောက် ပေးရမလဲ"

ကိုင်းဝက်က မေးလိုက်သည်။

"တောင်ဥက္ကလာ ဘယ်နေရာထိ သွားမှာလဲ၊ ပစ္စည်းပါသေးလား၊ လူဘယ်နှစ်ယောက်လဲ"

"လူနှစ်ယောက်ပါ၊ ပစ္စည်းမပါဘူး၊ ဝေဇယန္တာလမ်းထိ သွားမယ်"

"တစ်ဆယ်ပဲ ပေးဗျာ"

"ကောင်းပြီလေ မြန်မြန်သာ မောင်းပေးဗျာ၊ ကျွန်တော်တို့

ကားရှေ့ခန်းက ငါးမယ်။ ဒါမှ လမ်းပြနိုင်မှာမယ် မဟုတ်လား"

ကိုင်းဝက်က ဘားမောင်းတဲ့လူဘေးက ကားဘော်ဒါကို ရှေ့ခန်းက ထွက်လိုက်တော့ အဲဒီလူက ကျွန်တော်နဲ့ ကားနောက်ခန်းမှာ ဝင်ထိုင်တယ်။ ကိုင်းဝက် ကားရှေ့ခန်းမှာ ဝင်ထိုင်ပြီးတာနဲ့ ကားထဲ ငြိမ့်ခနဲ ထွက်ခွာခဲ့ပါပြီ။

ကျွန်တော်က ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ ကားဘော်ဒါကို အကဲခတ်နေမိတယ်။ သူ့ကို နိုင်နင်းအောင် ကိုင်တွယ်ရမယ် မဟုတ်လား။ ကိုင်းဝက်ကတော့ ကားမောင်းသူကို နိုင်နိုင်နင်းနင်း ကိုင်နိုင်မယ်ဆိုတာ ကျွန်တော် ယုံကြည်ပြီးသားမို့ သူ့အတွက် မစိုးရိမ်ဘူး။ ကျွန်တော့်ဘက်က တာဝန်မကျေမှာကိုသာ စိုးရိမ်နေမိတယ်။

ကားဘော်ဒါက အသက် သုံးဆယ်လောက် ရှိပုံ ရတယ်။

အသားမည်းမည်း ဂင်တိုတိုနဲ့ အလုပ်ကြမ်းသမားပုံ ပေါက်နေတယ်။ တစ်ည ငါးကျပ်ပေးပြီး ခေါ်လာတဲ့သူပဲ ဖြစ်မှာပါ။

ခုတလော သုံးဘီးကားလုယက်မှုတွေ ဖြစ်နေတော့ ညဘက်မောင်းတဲ့ ကားသမားတွေက အဖော်ဟစ်ယောက်ကို နေ့စားအဖြစ် ခေါ်လာတတ်ကြတယ်။

ကျွန်တော်က ဂျာကင်အိတ်ထဲက မောင်းပြန်ဓားကို မသိမသာ စမ်းလိုက်မိတယ်။ လိုအပ်လာရင် သုံးသင့် သုံးရမယ် မဟုတ်ပါလား။ ဓားကို ကိုင်မိတော့ အားတက်လာတယ်။ ပြေပြေလည်လည် ဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ။ ဒါမှ မဟုတ်ရင်တော့. . . .

ကားအသွားအလာ ရှင်းစပြုနေပြီဖြစ်တဲ့ ဘိုးလိမ်းလမ်းမကြီးပေါ်မှာ လေးဘီးကားလေးက အရှိန်ပြင်းပြင်းနဲ့ ပြေးနေတယ်။



(…)လာက်မြောင်းဈေးမှတ်တိုင်ရောက်တော့ ကားကလေးက ထိုးရပ်တယ်။

"တောင်ဥက္ကလာ၊ တောင်ဥက္ကလာ တစ်ယောက် သုံးကျပ်" ကားဘော်ဒါက ထအော်တယ်။ ကားမှတ်တိုင်မှာ လိုင်းကားစောင့်နေသူအချို့ ရှိနေတယ်။

"ဟိုက်. . . ပြဿနာပါလား"

ကျွန်တော်က တီးတိုး ရေရွတ်လိုက်မိတယ်။ ကားရှေ့က ကိုင်း(…)က်ကို လှမ်းကြည့်လိုက်မိတယ်။

"ဟာ. . ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲဗျ။ ကျုပ်တို့က အရေးကြီး(…) စီးလုံးငှားလာတာပဲ။ လူပို မတင်နဲ့ဗျာ"

တင်းတင်းမာမာ ပြောလိုက်တဲ့ ကိုင်းဝက်အသံ ထွက်လာတယ်။ ကားသမားနဲ့ ကိုင်းဝက် အပြန်ပြန် အလှန်လှန် ပြောနေကြတယ်။ နောက်တော့ ကားလေးက ဆက်လက် ထွက်ခွာသွားတယ်။ (…)ပဲ ကျွန်တော် သက်ပြင်းချလိုက်မိတယ်။

လမ်းမှာ လူမတင်ရတော့ဘူးဆိုတော့ ကားဘော်ဒါက တာဝန်(…)သွားပုံ ရတယ်၊ တစ်လမ်းလုံး အိပ်ငိုက်ပြီး ပါလာတယ်။

မိုးကောင်းလမ်းတစ်လျှောက် ကားအသွားအလာ ရှင်းနေပြီ။ အောင်ဇေယျလမ်းကို ကျော်လာတော့ ကိုင်းဝက်က ကျွန်တော့်ကို (…)ည့်ကြည့်တယ်။ လုပ်ငန်းစတော့မယ်ဆိုတဲ့ သဘောပါ။

ည (၁၀) နာရီကျော်ပြီဖြစ်လို့ ၁၆ ကွေ့ဟာ လူသွားလူလာ (…)ပြတ်နေပြီ။ ကိုင်းဝက် သတ်မှတ်တဲ့ နေရာပါပဲ။

"ဟိုး. . . ဟိုး ဒီမှာ ဆင်းမယ်၊ ရပ်တော့"

"ခင်ဗျားတို့ ဝေဇယန္တာလမ်းမှာ ဆင်းမယ်ဆို"

ကားသမား အသံထွက်လာတယ်။ ဒီလိုနေရာမှာ အရပ်ခိုင်းတာကို သက်ာမကောင်းဖြစ်ပုံရသလား မသိဘူး။

"ဟော့ကောင် မသေချင်ရင် ရပ်လိုက်"

ကိုင်းဝက်ရဲ့ ကြိမ်းမောင်းသံနှင့်အတူ 'ကျွိ . . ဒုံး ချွင်း ဟိတ် အား ဆိုတဲ့ အသံတွေ တစ်ပြိုင်နက် ထွက်ပေါ်လာတယ်။

ဒုန်းစိုင်းနေတဲ့ ပြိုင်မြင်းကို ဇက်ကြိုး တံ့ဆွဲလိုက်သလို အရှိန်နဲ့ ပြေးနေတဲ့ ကားလေးဟာ ဘရိတ်ဆောင့်နင်းလိုက်တဲ့ အတွက် ကိုင်းဝက်ခေါင်းနဲ့ ကားမှန်ဆောင့်မိသံ၊ မှန်ကွဲသံ၊ ဟိတ် ဆိုတဲ့ သိုင်းသမားတွေရဲ့ မာန်သွင်းသံမျိုးနဲ့အတူ အားဆိုတဲ့ ကိုင်းဝက်ရဲ့ အော်သံကြားရပြီး ကိုင်းဝက်တစ်ယောက် ကားတံခါးပွင့်ပြီး လမ်းပေါ်သို့ လွင့်ထွက်သွားတာကို မြင်လိုက်ရတယ်။

စက္ကန့်ပိုင်းအတွင်းမှာ ဖြစ်လာတဲ့ မြင်ကွင်းကို ကြည့်ရင်း ကျွန်တော်ဟာ ကျောက်ရုပ်တစ်ရုပ်လိုငြိမ်သက်သွားမိတယ်။ ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားတယ်။ မထင်မှတ်တဲ့ အဖြစ်အပျက်မျိုးပါပဲ။ ကျွန်တော်တို့က ခပ်ပျော့ပျော့ ထင်ခဲ့တဲ့ လူရွယ်က မယုံကြည်နိုင်လောက်တဲ့ လျင်မြန်ခြင်းမျိုးနဲ့ ကားအောက်ကို ရောက်လာတယ်။

မာကြော ကြမ်းတမ်းတဲ့ ကိုင်းဝက်ဟာ လမ်းပေါ်မှာ လဲကျနေရာက ရုတ်တရက် ခုန်ထလိုက်တယ်။ သူ့လက်ထဲ ဓားမြှောင်က ရှိနေတုန်းပဲ။

ကားမောင်းတဲ့ လူရွယ်ဟာ ကိုင်းဝက်လက်ထဲက ဓားကို မြင်တော့ ရှေ့မတိုးတော့ဘူး။ ကိုင်းဝက်ရဲ့ ဝင်အလာကို စနစ်တကျစောင့်ဆိုင်းနေတယ်။ ဒါဟာ သိုင်းပညာရှင်တစ်ယောက်ရဲ့ လုပ်နည်းလုပ်ဟန်ပဲ။ ဓားကို တင်းတင်းဆုပ်ထားတဲ့ ကိုင်းဝက်ကတော့ ဘာကို



မှ စဉ်းစားပုံ မရတော့ဘူး။ ကားမှန်နဲ့ ဆောင့်မိလို့ ကွဲသွားတဲ့ နဖူးကသွေးတွေကို ဘယ်လက်နဲ့ သုတ်ပြီး ဖွတ်တရွတ် ထိုးဝင်သွားတယ်။ ဘစ်ချက်တည်းနဲ့ အပြတ်ရှင်းမယ်ဆိုတဲ့ ပုံမျိုး။

ကိုင်းဝက်ဟာ ဓားမြှောင်ကို ဓားရှည်ကိုင် ကိုင်ပြီး ကားသမားရဲ့ ရင်ပကို တဲ့တဲ့ချိန်ထိုးပြီး ကျွဲရိုင်းတစ်ကောင်လို ပြေးဝင်သွားတယ်။

"ဟိတ် . . ."

ဆိုတဲ့ လူငယ်ရဲ့ မာန်သွင်းသံနဲ့အတူ။

"အား"

ဆိုတဲ့ ကိုင်းဝက်ရဲ့အသံကို ကြားရပြီး ကိုင်းဝက်ဟာ လမ်းဘေးမြောင်းထဲမှာ ပက်လက်ကြီး လဲကျသွားတယ်။

ခုတော့ . . . ကျွန်တော့်ရဲ့ တွေဝေအံ့သြမှုတွေဟာ လွင့်စဉ်သွားပြီး ကိုယ့်လူ ခံနေရတာကို တွေ့တော့ ပူလာတယ်။ အိတ်ထဲက မောင်းပြန်ဓားကို ဆွဲထုတ်ပြီး ကားအောက်ကို ခုန်ဆင်းလိုက်တယ်။

ဒီမှာ ကျွန်တော် မေ့ထားတဲ့ ကားဘော်ဒါက ကျွန်တော့်ခါးကို ဆွဲထားတာ ခံလိုက်ရတယ်။

ခလုတ်မဖွင့်ရသေးတဲ့ ဓားချိုးနဲ့ ကျွန်တော်က သူ့မျက်နှာကို မှန်းပြီး နောက်ပြန်တွက်လိုက်တယ်။ ထိသွားတယ်။ ဒါပေမယ့် လူကြမ်းလူပေ တစ်ယောက်ပဲ ထင်ပါတယ်။ အနာခံပြီး ဆွဲထားတယ်။ ါးစပ်ကလည်း ဓားပြ . . . ဓားပြလို့ အော်ဟစ်နေပြီ။

ကားမောင်းတဲ့ လူငယ်ဟာ လဲနေတဲ့ ကိုင်းဝက်ရှိရာ လမ်းဘေးကို ဆင်းလိုက်သွားရာက လုံးထွေးနေတဲ့ ကျွန်တော်နဲ့ ကားဘော်ဒါကို မြင်သွားတော့ ကိုင်းဝက်ဆီ မသွားတဲ့ ကျွန်တော်တို့ဘက်

ကို ပြန်လာတယ်။ သတိကြီးစွာ ထားပြီး လာနေပုံပဲ။ ကိုင်းဝက်
ရှက်ဘရက် ထလာပြန်တယ်။

သူ့ပါးစပ်ကလည်း ချစ်ထွေးရေ. . . ပြေးတော့ဟေ့၊ လူ
ရောက်လာတော့မယ်တဲ့။

ကျွန်တော်လည်း ပြေးဖို့ ကြိုးစားပါတယ်။ ဒါပေမယ့် ခါး
ထားတဲ့ ကားဘော်ဒါရဲ့ လက်က ရုန်းထွက်လို့ မရဘူး။ အ
သန်မာတဲ့ လူတစ်ယောက်ဖြစ်လို့ သူနှင့် ယှဉ်ပြီး ကျွန်တော် အား
မပြိုင်နိုင်တော့ဘူး။ ကျွန်တော့် လွတ်မြောက်ရေးအတွက် လုပ်
ရှိတာ တစ်ခုပဲ ရှိတော့တယ်။ ကားမောင်းတဲ့လူက အနားရောက်
လာနေပြီ။ ကျွန်တော် အမီမခံနိုင်ဘူး။ ဒီတော့. . .

ခုချိန်ထိ မဖွင့်ရသေးတဲ့ မောင်းပြန်ဓားခလုတ်ကို ဖြောင်ခ
နှိပ်ချလိုက်တယ်။ နောက်တော့ ကျွန်တော့်ခါးကို ဖက်ထားတဲ့လူ
ဝမ်းဗိုက်ကို မှန်းပြီး နောက်ပြန် တွတ်ပစ်လိုက်တယ်။

"အား"

ဆိုတဲ့ နာနာကျင်ကျင် အော်လိုက်တဲ့ အသံနှင့်အတူ ကျွ
တော့်ကို ချုပ်ထားတဲ့ သူ့လက်တွေဟာ ပြေလျော့သွားတယ်။ နော
ကားဘော်ဒါဟာ လမ်းဘေးမှာ မှောက်ရက် လဲကျသွားတယ်။

ဒီမြင်ကွင်းကို မြင်တော့ ကျွန်တော့်ဘက် လာနေတဲ့ ကား
မောင်းတဲ့လူဟာ ခြေလှမ်း တုံ့သွားတယ်။ တုန်လှုပ်သွားပုံလည်း ရ
တယ်။

"ဟေ့. . . မသေချင်ရင် နောက်ဆုတ်"

ကျွန်တော်က သွေးစွန်းနေတဲ့ ဓားကို မြှောက်ပြီး ကြိမ်းမောင်း
လိုက်တယ်။ ကျွန်တော့်လွတ်မြောက်ရေးကို ဟန့်တားသူမှန်သမျှ



မညှာနိုင်တော့ဘူးလေ။

ကားမောင်းသူဟာ နောက်ကို ဆုတ်မသွားဘူး။ ရှေ့ကိုလည်း
တိုးမလာဘူး။ သတိအနေအထားနဲ့ ရပ်ပြီး ကျွန်တော့်ကို ကြည့်နေ
တယ်။

သူ့ရှေ့မှာတင် သူ့လူဟာ ကျွန်တော့်လက်ချက်နဲ့ လဲကျနေပြီ
ဆိုတော့ သူဟာ အရမ်း ဝင်မလာရဲဘူး။

အဲဒီအချိန်မှာ ဝင်းခနဲ ကားမီးရောင်ကို မြင်လိုက်ရပြီး ကား
စက်သံပါ ကြားလိုက်ရတယ်။ဟုတ်ပါတယ်၊ ကားတစ်စီး လာနေပြီ။
ကျွန်တော်က ကတ္တရာ လမ်းမကြီးအတိုင်း နောက်ဖက်ကို လှည့်ပြီး
ထွက်ပြေးဖို့ ကြိုးစားလိုက်တယ်။

ဒါပေမယ့် ကျွန်တော့်ကြိုးစားမှုဟာ အရာမထင်တော့ပါဘူး။
အားကောင်းလှတဲ့ ကားမီးရောင်ထဲမှာ ကျွန်တော်ဟာ ပင့်ကူအိမ်မှာ
မိခံရတဲ့ လိပ်ပြာငယ်လို ရုန်းမထွက်နိုင်တော့ပါဘူး။ ကားပေါ်က
လူတွေ ပြေးဆင်းလာတယ်။ ဘောင်းဘီတွေ၊ စစ်ဖိနပ်တွေနဲ့ ရဲဘော်
တွေပါ။ တိုက်တိုက်ဆိုင်ဆိုင် ကံဆိုးချင်တော့ စစ်ကားနဲ့မှ လာတိုး
နေရတယ်လေ။

ကျွန်တော်က လမ်းမကြီးဘေးက လယ်ကွင်းထဲကို ဆင်းပြေး
တယ်။ နောက်ဆုံး ကြိုးစားခြင်းပါပဲ။

"ဟေ့ကောင် မပြေးနဲ့၊ ပစ်လိုက်ရမလား"

ဆိုတဲ့ တင်းမာတဲ့ အမိန့်ပေးသံကြောင့် ကျွန်တော် ဆက်မပြေး
ရဲတော့ပါဘူး။ ဟုတ်ပါတယ်၊ သေနတ်ကျည်ဆန်ကိုတော့ ကျွန်တော်
လွတ်အောင် ပြေးဖို့ မလွယ်ဘူးလေ။

"မင်းလက်မြှောက်ပြီး လမ်းပေါ် ပြန်တက်ခဲ့"

ထိန်လင်းတဲ့ ကားမီးရောင်ဟာ ကျွန်တော့်ကိုယ်ပေါ် ထိုးကျလာပြန်တယ်။

နောက်ဆုံးတော့ ကျွန်တော် လက်မြှောက်ပြီး လမ်းမကြီးပေါ် ပြန်တက်ခဲ့ရတယ်။ ကျည်ဆန်နဲ့ ဖက်ပြိုင် မမိုက်ရဲလို့ပါ။

ကျွန်တော့်ကို ကုတ်ဆွဲပြီး စစ်ကားပေါ် ပစ်တင်လိုက်တယ်။ နောက် ကျွန်တော့်လက်ချက်နဲ့ လဲနေတဲ့ ကားဘော်ဒါကိုလည်း သူတို့ စစ်ကားပေါ် ပွေ့တင်ကြတယ်။

သူတို့ဟာ တာဝန်ပြီးလို့ ပြန်လာကြတဲ့ ရဲဘော်တွေပါ။

ခြောက်ယောက် ခုနစ်ယောက်လောက် ရှိတယ်။ ရဲဘော်နှစ်ယောက်က သူတို့လက်ထဲက အုတ်ခဲပိုင်း ကျိုးတွေကို လမ်းဘေး ပစ်ချလိုက်တယ်။ သူတို့မှာ သေနတ် မပါကြပါဘူး။

ကျွန်တော် ခုမှ သဘောပေါက်တယ်။

"ဟော့ကောင် မပြေးနဲ့ ပစ်လိုက်ရမလား" ဆိုတာ သေနတ်နဲ့ ပစ်မှာပြောတာ မဟုတ်ဘူး။ အုတ်ခဲနဲ့ ပစ်မှာပြောတာကိုး။

ကျွန်တော်က သေနတ်မှတ်လို့ အဖမ်းခံလိုက်တာ။ တော်တော် ဒီလိုမှန်းသိရင် လွတ်အောင် ပြေးပါသေးတယ်။

ခုတော့. . . ခုတော့။

လုယက်မှု၊ ဓားထိုးမှုတွေနဲ့ ထောင် (၇)နှစ်ပါတဲ့။

ဒါပေမယ့် ကျွန်တော် ဒီလို ရဲဘော်တွေ လက်ထဲမှာ အမိခံလိုက်ရတာ ကံကောင်းတာပါ။ ထောင် (၇) နှစ်ဟာလည်း မဆိုးဘူးလို့ ဆိုရမှာပါ။ ကိုင်းဝက်အဖြစ်နဲ့စာရင် ကျွန်တော် ခံရတာက အသေးအမွှားပဲ ရှိပါတယ်။

ဟုတ်ပါတယ်။



အဲဒီညက ကိုင်းဝက်က ထွက်ပြေးသွားရင်း ဝိုင်းဖမ်းတဲ့ အရပ်သားတွေကို မိုက်မိုက်မဲမဲ ပြန်လည် ခုခံခဲ့တယ်တဲ့။ ဒေါသထွက်နေတဲ့ လူအုပ်စုဟာ တားမနိုင် ဆီးမနိုင် ဖြစ်တယ်လို့ ဆိုတယ်။ ဒီလိုနဲ့. . .

ကိုင်းဝက်ကို ညတွင်းချင်း ရဲစခန်းကို ဖမ်းပို့လိုက်ပါတယ်။ ဒါပေမယ့် အသက်ရှင်လျက် မဟုတ်ပါဘူး။ မရှုမလှ သေဆုံးနေမဲ့ ကိုင်းဝက်ရဲ့ အလောင်းကိုပါပဲ ခင်ဗျား။

* * *

ထောင်ဘူးအထက် အစောင့်မျှော်စင်က သံချောင်းခေါက်သံဟာ ၁၁ ရဲ့ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းထွက်ပေါ်လာတယ်။ ဒါဟာ သန်းခေါင်ချိန်ရောက်ခြင်းကို ပြဆိုတဲ့ အမှတ်အသားပါ။

အိပ်ဆောင်တစ်ခုလုံးက အကျဉ်းသားတွေဟာ အိပ်မောကျနေပါပြီ။

ကျွန်တော်ကတော့ လုံးဝ အိပ်လို့မပျော်နိုင်သေးပါဘူး။ နဖူးပေါ် လက်တင်လို့ အတွေးဝက်ပါမှာ ချာချာလည်နေမိပါတယ်။ သောကဝေဒနာဟာ ကျွန်တော့်တစ်ကိုယ်လုံးကို လွှမ်းခြုံထားပါတယ်။

အဲဒီသောက၊ ပရိဒေဝ ဝေဒနာဟာ ကျွန်တော့်အပါးက ထွက်ခွာမသွားသမျှ ကျွန်တော့်စိတ်အစဉ်ဟာ ကြည်လင်မှာ မဟုတ်ပါဘူး။

ကိုယ့်ခန္ဓာကိုယ်ကို ကိုယ်မပိုင်ရတာဟာ ထောင်လို့ ခေါ်နိုင်မယ် ထင်ပါတယ်။ ထောင်ကျတစ်ယောက်ရဲ့ ဘဝဟာ ကြမ်းတမ်းခက်ထန်လွန်းပါတယ်။

နေရာတကာမှာ ပုံစံနဲ့ လှုပ်ရှားနေရတဲ့ ဘဝပါ။ သည်လို ခန္ဓာကိုယ် ပင်ပန်းဆင်းရဲမှုကို ကျွန်တော် ခံနိုင်ပါတယ်။ ဒါပေမယ့် စိတ်ဆင်းရဲ ပင်ပန်းရမှုတော့ ကျွန်တော် မခံနိုင်ပါဘူး။

ပထမတစ်ခါ ထောင်ကျခဲ့တုန်းက သည်လောက်ထိ စိတ်ဆင်းရဲခဲ့ရပါဘူး။ သောက မများခဲ့ရပါဘူး။ ဖြစ်သလို နေနိုင်ပြီး ကျသလို မျော်နိုင်ခဲ့ပါတယ်။

ဒီတစ်ခါ ထောင်ကျလာတော့ သံယောဇဉ်တွယ်တာစရာ နောက်ဆံငင်စရာတွေဟာ ကျွန်တော်နဲ့အတူ ပါလာတယ်။ ကျွန်တော်ဟာ ဇနီးဖြစ်သူ စန်းမူကို အပြင်လောကမှာ တစ်ယောက်တည်း ထားခဲ့ရပါတယ်။ သူမဟာ မိဘရဲ့ စွန့်ပယ်ခြင်းကို ရင်ဆိုင်ပြီး ကျွန်တော့်ရင်ခွင်မှာ အားကိုးတကြီးနဲ့ ခိုဝင်လာတဲ့သူပါ။

သည်လောကမှာ ကျွန်တော်က လွဲလို့ သူမမှာ အားကိုးစရာ မရှိရှာပါဘူး။

သည်အတွေးနဲ့ သည်စိတ်ဟာ ကျွန်တော့်ကို တရိရိ နှိပ်စက်နေပါတယ်။

(၇) နှစ်ဆိုတဲ့ အတိုင်းအတာဟာ ကျွန်တော့်ကို ချောက်ချားနေစေခဲ့ပါတယ်။ ကြောက်စရာကောင်းအောင် ရှည်လျားတဲ့ သည်ကြားကာလကို ကျွန်တေ ်ဟာ ထောင်ထဲမှာ ဆင်းရဲပင်ပန်းစွာ ရင်ဆိုင်နိုင်ပါတယ်။ ကြံ့ကြံ့ခံနိုင်ပါတယ်။

ဒါပေမယ့် အပြင်လောကမှာ ဒုက္ခမျိုးစုံကို ရင်ဆိုင်ကောင်း ရင်ဆိုင်ရမှာဖြစ်တဲ့ စန်းမူအတွက် တွေးမိတိုင်း ရင်မောခဲ့ရပါတယ်။

ကျွန်တော်က မောပန်းစွာ သက်ပြင်းချလိုက်မိပြန်ပါပြီ။ နောက် မျက်စိကို အတင်းမှိတ်လို့ ပျော်အောင်အိပ်ဖို့ ကြိုးစားပေမယ့် အရာ



မထင်ပါဘူး။

ကျွန်တော့်ကို ထောင် (၇) နှစ် အမိန့်ချလိုက်တော့ တရားခွင်မှာပဲ ရှိုက်ငင်ငိုကြွေးနေတဲ့ စန်းမူရဲ့ မျက်နှာကလေးကို မြင်ယောင်လို့ ကြောင့်ကြစိတ်ဟာ နိုးကြားလာပြန်ပါတယ်။

"ဩော်. . ဒီအချိန်မှာ စန်းမူတစ်ယောက်ကရော အိပ်လို့မှ ရပါ့မလား။ မျက်ရည်ကို အဖော်ပြု၍ နေရှာလေမလား။

* * *

## အခန်း (၂)

မျက်ရည်ကို အဖော်ပြုရုံက လွဲလို့ ကျွန်မ ဘာမှမတတ်နိုင်ပါဘူးရှင်။

အစ်ကို မရှိတဲ့နောက်ပိုင်းမှာ မျက်ရည်ကိုသာ အဖော်ပြုခဲ့ရပါတယ်။ ကျွန်မ အားကိုးရာမဲ့ခဲ့ရပါပြီ။

'ထောင် (၇) နှစ် ကျခံစေ' ဆိုတဲ့ တရားသူကြီးရဲ့ အမိန့်ချမှတ်သံဟာ ကျွန်မဘဝကို ချေမှုန်း ဖျက်ဆီးခဲ့ပါတယ်။

လက်ထိတ်တန်းလန်းနဲ့ ရဲတွေ ခေါ်ဆောင်ရာ နောက်ကို ခေါင်းငိုက်စိုက်ချလို့ လိုက်သွား ့တဲ့ အစ်ကို့ကို ကြည့်ရင်း ကျွန်မ ရင်ထဲမှာ ဆို့နင့်လာပါတယ်။

တရားရုံးထဲမှာ လူတွေကြားထဲမှာ၊ အို. . ကျွန်မ ဘာကိုမှ ဂရုမစိုက်နိုင်တော့ပါဘူးရှင်၊ ဝမ်းပမ်းတနည်း ငိုကြွေးခဲ့ရပါတယ်။

ခလုတ်ထိမှ အမိတတယ်ဆိုတဲ့ စကားလိုပါပဲ။

အားကိုးရာမဲ့ ခဲ့ပြီဖြစ်တဲ့ ကျွန်မဟာ ဖေဖေနဲ့ မေမေကို ချက်ချင်း သတိရလိုက်ပါတယ်။

ဒါပေမယ့်. . . ဒါပေမယ့်။

မိဘမျက်နှာကို အိုးမဲသုတ်လို့ မိုက်မိုက်မဲမဲ ထင်ရာစိုင်းခဲ့တဲ့ ကျွန်မဟာ သူတို့မျက်နှာကို ဘယ်လိုလုပ်ပြီး ရင်ဆိုင်ရဲပါ့မလဲ။ ကျွန်မ အပြစ်ကိုရော ခွင့်လွှတ်နိုင်ကြပါ့မလား။

အဲသည်တုန်းက ကျွန်မတစ်ယောက်အတွက်ကြောင့် မိဘနှစ်ပါးသာမကဘူး ဆွေမျိုးအသိုင်းအဝိုင်းမှာရော၊ ကျောင်းက ဆရာမတွေကြားမှာရော၊ သူငယ်ချင်းတွေပါမကျန် ယူကျုံးမရ ဖြစ်ခဲ့ကြပါတယ်။

ကျွန်မဟာ ကျောင်းမှာ ပညာထူးချွန်ဆုကို နှစ်တိုင်း ရခဲ့တဲ့ ကျောင်းသူတစ်ယောက် ဖြစ်သလို ဆရာမတွေကိုယ်တိုင်က ကျွန်မရဲ့ အနာဂတ်ပညာရေး လမ်းကြောင်းအတွက် အားထား မျှော်လင့်ခဲ့ရတဲ့သူပါ။

နောက်ပြီး. . .

ရိုးတယ်၊ အေးတယ်၊ လိမ္မာတယ်လို့ မိဘတွေ နှုတ်ဖျားမှာ ထာဝစဉ် ဂုဏ်ယူပြောဆိုခြင်း ခံနေရတဲ့ မိန်းကလေး၊ အဲဒီ မိန်းကလေးဟာ ၁၀ တန်းစာမေးပွဲဖြေဖို့ ၃ လလောက် လိုတဲ့ အချိန်မှာ လင်နောက် လိုက်ပြေးခဲ့တယ်လေ။

နောက်ပြီး. . . ကျွန်မလိုက်သွားတဲ့သူဟာ ခါးပိုက်နှိုက်မှုနဲ့ ထောင်ကျခဲ့ဖူးသူပါတဲ့။

သည်တုန်းက အချစ်တိမ်သလ္လာ ဖုံးလွှမ်းခြင်း ခံနေရတဲ့ ကျွန်မဟာ ဘာကိုမှ မမြင်ပါဘူး။ ဘာကိုမှ မစဉ်းစားနိုင်ခဲ့ပါဘူး။



ကဲ. . . ခုတော့။

ယောင်းမဖြင်းစီးထွက်ခဲ့တဲ့ ကျွန်မဟာ ခလုတ်ထိမှ အမိတတ်ပေမယ့် မိဘဆွေမျိုး အသိုင်းအဝိုင်းရဲ့ မျက်နှာကို ဘယ်လိုရင်ဆိုင်မလဲ၊ ကျွန်မရဲ့ မိုက်မဲမှုကိုကော ခွင့်လွှတ်နိုင်ကြပါ့မလား။

တွေးစရာ၊ ငေးစရာ၊ စိတ်ဆင်းရဲစရာ၊ သောကဖြစ်စရာတွေဟာ မကုန်နိုင်တော့ဘူး ထင်ပါရဲ့။ မိနစ်တိုင်း၊ စက္ကန့်တိုင်း ကျွန်မအပါးမှာ ဝန်းရံလို့ နေကြပါတယ်။

စဉ်းစားရလွန်းလို့၊ ငိုရလွန်းလို့ ကျွန်မ ခေါင်းထဲမှာ မူးနောက်နောက်ဝေနေပါပြီ။

ဟိုဘက် နှစ်အိမ်ကျော်လောက်က ထွက်ပေါ်လာတဲ့ သန်းခေါင်ကြက် တွန်သံဟာ ကျွန်မကို အိပ်ချိန်လွန်နေပြီလို့ သတိပေးနေသလိုပါပဲ။

ကျွန်မဟာ မျက်စိကို ဇွတ်မှိတ်ပြီး အိပ်ဖို့ ကြိုးစားလိုက်ပါတယ်။ ဒါပေမယ့် မရပါဘူးရှင်။

မျက်စိကို မှိတ်လို့ ရပေမယ့် အတွေးနဲ့ အာရုံကိုတော့ ထိန်းချုပ်ဘားဆီးလို့ မရပါဘူး။

လူးလွန့်လူးလှိမ့်ရှားနေတဲ့ အတွေးလှိုင်းဟာ အတိတ်ကာလ ဆီကို ဦးတည်ဖြတ်သန်းနေပါတယ်။

ပျော်စရာ၊ မောစရာ၊ ဝမ်းနည်း ကြေကွဲစရာတွေ ရောပွမ်းနေတဲ့ သူနဲ့ ကျွန်မရဲ့ ဇာတ်လမ်းဟာ သွယ်တန်းယှက်ဖြာလို့ လာခဲ့ပြန်ပါပြီ။

* * *

ဘဝချင်းမတူနဲ့သူနဲ့ ကျွန်မ တွေ့ကြပုံ၊ ဖန်လာပုံက ဝတ္ထု ဇာတ်လမ်းဆန်လှပါတယ်။

ကျွန်မတို့ နေတာက ကြည့်မြင်တိုင်မှာ ဖြစ်ပါတယ်။

ကျွန်မတို့ဆိုတာက ကျွန်မရယ်၊ ဖေဖေရယ်၊ မေမေရယ် ဆိုတဲ့ ကျွန်မတို့ မိသားစုကို ဆိုလိုတာပါ။ ကျွန်မတို့ မိသားစုမှာ ကျွန်မဟာ မိဘတွေ အချစ်ပိုခဲ့ရတဲ့ တစ်ဦးတည်းသော သမီးပါ။ မေမေဟာ နောက်ထပ် သားသမီး မရနိုင်တော့ပါဘူး။

ကျွန်မကို မွေးဖွားစဉ်က သေလမ်းကို လက်ကမ်းရမလို ဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။

နောက်ထပ် ကိုယ်ဝန်ဆောင်အားမွေးဖို့ မေမေ့အနေနဲ့ အန္တရာယ် ကြီးလွန်းတာကြောင့် ဆရာဝန်ကြီးတွေက ဖေဖေနဲ့ တိုင်ပင်ပြီး မေမေ့ကို နောက်ထပ် သားသမီး မရအောင် လုပ်ပေးလိုက်ရပါတယ်။

ဒါကြောင့်လည်း ဖေဖေနဲ့ မေမေဟာ တစ်ဦးတည်းသော သမီးဖြစ်တဲ့ ကျွန်မကို စုပြုံပြီး အချစ်ကြီး ချစ်ခဲ့ကြရပါတယ်။

ဖေဖေဟာ အစိုးရဌာနတစ်ခုမှာ ဌာနခွဲမန်နေဂျာ တာဝန်ကို ထမ်းဆောင်နေရသူပါ။ လခစားဆူ ဆုစ်ယောက် ဖြစ်ပေမယ့် အသောက်အစား၊ အပျော်အပါးကင်းတဲ့ ဖေဖေရဲ့ လခဟာ ကျွန်မတို့ မိသားစုအတွက် လောက်ငှပိုလျှံတဲ့ အဆင့်မှာ ရှိခဲ့ပါတယ်။

ကျွန်မက ကြည့်မြင်တိုင်မှာ နေပေမယ့် မြို့ထဲကို တနင်္ဂနွေနေ့တိုင်း လာရပါတယ်။ ကျွန်မတို့ကျောင်းက အတန်းပိုင် ဆရာမက ၃၉ လမ်းမှာ နေပါတယ်။



ဒါကတော့ ဆရာမက ကျွန်မကို ချစ်လို့ ကျွန်မရဲ့ ကြိုးစားမှုနဲ့ တိုးတက်မှု အဆင့်ကို သိလို့ ခုလို အပတ်တိုင်း ခေါ်ပြီး အင်္ဂလိပ်စာကို အထူး အလေးပေး သင်ကြားခြင်း ဖြစ်ပါတယ်။

အဲဒီနေ့မနက်က ကြည့်မြင်တိုင်က နေပြီး ကျွန်မ ဘတ်စ် ကားစီးလာခဲ့ပါတယ်။ ၃၈ လမ်း မှတ်တိုင်ရောက်လို့ ကားပေါ်ကလည်းဆင်းရော ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားပါတယ်။

ဟုတ်ပါတယ်၊ ကျွန်မလည်ပင်းမှာ ဆွဲထားတဲ့ ဆွဲကြိုးကလေး မရှိတော့ပါဘူးရှင်။

အိမ်က ထွက်လာတုန်းက ရှိပါတယ်။ သေသေချာချာ ကျွန်မမှတ်မိတယ်။

ကျွန်မ ရင်ထဲမှာ ထူပူသွားပါပြီ။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ပါဘူး။

ကားပေါ်မှာပဲ ကျကျန်ရစ်ခဲ့လေသလား။

ကျွန်မ စီးလာတဲ့ ကားကလည်း မှတ်တိုင်ကနေ ပြန်ထွက်သွားနေပြီ။

"ဒီမှာ . . ဒီမှာ နေပါဦး"

ကျွန်မဟာ အရှိန်ရနေပြီဖြစ်တဲ့ ဘတ်စ်ကားနောက်ကို အပြေးကလေး လိုက်သွားမိတယ်။

ထူပူနေပြီမို့ ရှက်ရမှန်း မသိတော့ပါဘူး။

"နောက်ကားစီး . . . နောက်ကားစီး"

စပယ်ယာက ကားကို ရပ်မပေးဘဲ နောက်ဖက်ကို လက်ညှိုးထိုးပြီး အော်သွားပါတယ်။

ကျွန်မကို ကားစီးမယ့် ခရီးသည်မှတ်သွားတယ် ထင်ပါရဲ့။

ကျွန်မဟာ ဝေးသွားပြီဖြစ်တဲ့ ကားကို ငေးကြည့်ရင်း မျက်လုံးအိမ်ထဲက မျက်ရည်တွေ စီးကျလာပါတယ်။

ဒီဆွဲကြိုးလေးဟာ ကျွန်မ အလွန် မြတ်နိုးတဲ့ ပစ္စည်းတစ်ခုပါ။ သုံးမတ်သားလောက်ပဲ ရှိလိမ့်မယ်။ ဒါပေမယ့် ကျွန်မ မွေးနေ့မှာ ဖေဖေက အမှတ်တရ လုပ်ပေးတဲ့ ပစ္စည်းမို့ ကျွန်မ တန်ဖိုးထားသလို သိပ်နှမြောခဲ့ရပါတယ်။

"ဟဲ့. . . သူငယ်မ၊ ဘာဖြစ်လို့လဲဟင်"

အဒေါ်ကြီးတစ်ယောက်က ကျွန်မလက်မောင်းကို ဆွဲကိုင်ပြီး ကြင်ကြင်နာနာ မေးလိုက်ပါတယ်။

"ကျွန်မ. . . ကျွန်မ ဆွဲကြိုးလေး မရှိတော့ဘူး"

ကျွန်မက အဆက်အစပ် မရှိတဲ့ စကားနဲ့ ဖြေလိုက်မိပါတယ်။

"ဒါ. . . ခါးပိုက်နှိုက်လက်ချက်ပဲ"

ခရီးသွားတစ်ယောက်က မှတ်ချက်ပေးလိုက်ပါတယ်။

"လူ မှတ်မိသလား၊ ဘယ်ကားနဲ့ လာတာလဲ"

"ကျွန်မ ဘာမှမသိပါဘူးရှင်၊ ဟို. . . ထွက်သွားတဲ့ကားနဲ့ ကြည့်မြင်တိုင်ကနေ လိုက်လာတာပါ။ ကားပေါ်တက်စတုန်းက ရှိပါသေးတယ်။ ဒီရောက်တော့မှ မရှိတော့မှန်း သိရတာပါ"

"သွားပါပြီ. . . ဟိုကားနဲ့ ပါသွားပြီပေါ့"

"ခါးပိုက်နှိုက်တွေ သောင်းကျန်းလာပြန်ပြီပေါ့"

"မိရင်တော့ အသေပဲ"

တစ်ယောက်တစ်ပေါက် ပြောသံတွေဟာ ဆူဆူညံညံနဲ့ ထွက်လာပါတယ်။ နောက်တော့ တစ်ယောက်ပြီး တစ်ယောက် ကိုယ့်ကိစ္စနဲ့ ကိုယ် ထွက်သွားကြပါပြီ။



ကျွန်မမှာတော့ လမ်းပေါ်မှာရပ်လို့ ငိုင်နေမိတုန်းပါပဲ။ ဘာလုပ်ရမလဲ၊ ဆရာမဆီပဲ သွားရမလား၊ ဖေဖေ့ရုံးကိုပဲ လိုက်သွားပြောရမလား၊ အိမ်ကိုပဲ ပြန်ရမလား ဆိုပြီး ဝေခွဲလို့မရ ဖြစ်နေမိပါတယ်။

နောက်ဆုံးတော့ ဖေဖေ့ရုံးကို လိုက်သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီနေ့ တနင်္ဂနွေနေ့၊ ရုံးပိတ်ရက်ဖြစ်ပေမယ့် ဖေဖေက ရုံးမှာ တာဝန်ကျတယ်ဆိုတာ ကျွန်မက သိထားခဲ့ပါတယ်။ တစ်လနှစ်ခါလောက် ဖေဖေဟာ ရုံးမှာ တာဝန်ကျနေလေ့ ရှိပါတယ်။

ကျွန်မက ပန်းဆိုးတန်းလမ်းအတိုင်း လျှောက်လာခဲ့ပါတယ်။ ဖေဖေတို့ရုံးက ပန်းဆိုးတန်းနဲ့ ကုန်သည်လမ်းထောင့်မှာ ရှိပါတယ်။

"ဒီမှာ. . . ညီမ၊ ခဏလောက်"

ကျွန်မ အနော်ရထာလမ်းကို ကူးမလို့ ကားအရှင်းကို စောင့်နေတုန်းမှာ အနားက ကပ်ပြီး ခေါ်သံကြားလိုက်ရပါတယ်။

ကျွန်မ လှည့်မကြည့်ပါဘူး။

တစ်ယောက်တည်း သွားတဲ့ မိန်းကလေးတွေကို နောက်ပြောင်တာတို့၊ ရိသဲ့သဲ့ပြောတာတို့က ကြုံဖူးနေတော့ ကျွန်မက ဂရုမစိုက်ဘဲ ကိုယ့်လမ်းကိုယ် ဆက်သွားတယ်။ ခြေလှမ်းတော့ သွက်သွက်လှမ်းမိနေတယ်။ ကျွန်မ အနော်ရထာလမ်းကို ကူးပြီးနေတာတောင် နောက်က လိုက်လာနေတယ်ဆိုတာ မကြည့်ဘဲ ကျွန်မ သိလိုက်ပါတယ်။ ရင်တော့ ခုန်နေပါပြီ။ ကြောက်စိတ်လည်း ဝင်လာပါတယ်။ ဆွဲကြိုးပျောက်လို့ စိတ်ညစ်ရတဲ့အထဲ နှမချင်း မစာမနာ အနှောင့်အယှက် ခံနေရပြီ ထင်ပါရဲ့။

"ဒီမှာညီမ. . . စောစောက ဆွဲကြိုးပျောက်တာ ညီမ မဟုတ်လား"

ဆွဲကြိုးဆိုတဲ့ အသံကြောင့် ကျွန်မ ခြေလှမ်းဟာ နှေးသွားပါတယ်။

အသံရှင်ကို မသိမသာ ကြည့်လိုက်မိပါတယ်။

လူရွယ်တစ်ယောက်ပါ။

အသားညိုညို၊ ထောင်ထောင်မောင်းမောင်းနဲ့ ရှပ်အင်္ကျီအဖြူနဲ့ အင်းလေးလုံချည်ကို ဝတ်ထားပါတယ်။ မျက်နှာကလည်း အည်တည်ခန့်ခန့်နဲ့မို့ ရိသဲ့သဲ့လိုက်ပြောဘာနဲ့ မတူပါဘူး။

လက်ထဲမှာ ဗလာစာအုပ် သုံးလေးအုပ် ကိုင်ထားတာလည်း မြင်နေရတယ်။

ကျောင်းသားတစ်ယောက်နဲ့ တူပါတယ်။ နောက်ပြောင်တာ မဟုတ်ဘူးလို့လည်း ကျွန်မက တွေးမိတယ်။

သူ့ကို မြင်ဖူးလေသလားပဲ၊ ဟုတ်ပါပြီ။ ကျွန်မ ကားစီးလာတုန်းက နေရာမရလို့ မတ်တတ် ရပ်လာတဲ့ ကျွန်မကို နေရာ ထပေးပြီး အထိုင်ခိုင်းတာသူပါ။ ဒါကြောင့် ကျွန်မက မှတ်မိနေခြင်း ဖြစ်ပါတယ်။

"စောစောက ညီမ. . ဆွဲကြိုးပျောက်လို့နော်"

သူက ရည်ရည်မွန်မွန် မေးလာပါတယ်။

"ဟုတ်ပါတယ်ရှင်"

"ညီမဟာ မဟုတ်လား. . ကားပေါ်ကအဆင်းမှာ အစ်ကို တောက်ရတာ"

သူက လက်ကို ဖြန့်ပြပါတယ်။

သူ့လက်ထဲမှာ ကျွန်မ ဆွဲကြိုးလေးက ရှိနေပါတယ်။ ကျွန်မရဲ့ ဝမ်းသာမှုဟာ မဖော်ပြနိုင်လောက်အောင်ပါပဲ။



"ဟုတ်. . ဟုတ်ပါတယ်ရှင်"

"ရော့. . . ပြန်ယူပါ၊ စောစောကတည်းက ပြန်ပေးမလို့ပါ။ တော်ကြာ ခါးပိုက်နှိုက်ဆိုပြီး ဝိုင်းရိုက်နေမှာစိုးလို့ ခုလို လိုက်လာပြီး ပေးရတာ"

သူက ရယ်ရယ်မောမောနဲ့ ပြောပြီး ကျွန်မလက်ထဲကို ဆွဲကြိုးလေး ထည့်ပေးပါတယ်။

ကျွန်မက လည်ပင်းမှာ ဆွဲမယ်လို့ ချိတ်ကို ဖြုတ်လိုက်တော့ နှစ်ပိုင်းပြတ်နေတာ တွေ့လိုက်ရပါတယ်။

"အဲဒါ ခါးပိုက်နှိုက် ကတ်ကျေးချက်ပေါ့။ သူက ဖြတ်ပြီး အောက်အကျမှာ အစ်ကို ကောက်ယူထားလိုက်တာလေ။ အိမ်ကျတော့ ပန်းတိမ်မှာ ပြန်ဆက်လိုက်ပေါ့ ဟုတ်လား"

"သိပ်ကျေးဇူးတင်ပါတယ်"

ကျွန်မဟာ ရင်ထဲက လှိုက်လှဲကျေးဇူးတင်မှု အပြည့်နဲ့ ပြောလိုက်ပါတယ်။

သူ့နာမည်က ကိုချစ်ထွေးတဲ့။

ထီးတန်းကောလိပ်မှာ တက်နေတဲ့ ကောလိပ်ကျောင်းသား တစ်ယောက်ပါတဲ့။

နောက်ပြီး သူ ကျောက်မြောင်းမှာနေတာလေ၊ ဒီနေ့လည်း ကြည့်မြင်တိုင်က သူငယ်ချင်းတစ်ယောက်စီက ငှားသွားတဲ့ စာအုပ်တွေ ပြန်ယူရင်း ဒီကားစီးလာရာက ကျွန်မဆွဲကြိုး ကောက်ရတဲ့အထိ ရင်းရင်းနှီးနှီး ပြောပြပါတယ်။

ကျွန်မကလည်း အညာလွယ်တဲ့ ဣန္ဒြေမဲ့တဲ့ မိန်းကလေး တစ်ယောက် မဟုတ်ပေမယ့် ကျွန်မ ဆွဲကြိုးကလေးကို ပြန်ပေးတာ

ကြောင့် သူ့ကို ခဏချင်း ခင်မင် ယုံကြည်သွားခဲ့ပါတယ်။

ဒါကြောင့်လည်း ကျွန်မ နာမည်ကအစ နေရာရော၊ တနင်္ဂနွေ နေ့တိုင်း ဆရာမဆီ လာတာရော ပြောပြလိုက်မိပါတယ်။

* * *

နောက်တစ်ပတ် တနင်္ဂနွေမှာ သူနဲ့ကျွန်မ ၃၈ လမ်း ကားမှတ်တိုင်မှာ ဆုံမိကြပြန်ပါတယ်။

မတော်တဆ ဆုံတာတော့ ဟုတ်မယ် မထင်ဘူး။ သူဟာ ကျွန်မ အလာကို စောင့်နေခြင်းပဲ ဖြစ်မှာပါ။

ဒါပေမဲ့. . .

ဘယ်လိုပဲဖြစ်ဖြစ်လေ သူ့ကိုမြင်တော့ ကျွန်မ ဝမ်းသာ အားရ မိတ်ဟောင်းဆွေဟောင်းလို နှုတ်ဆက်ဖြစ်ပါတယ်။

"ဘယ်သွားမလို့လဲဟင်"

"ဩော်. . ဆွဲကြိုးပျောက်တဲ့ ကောင်မလေးတစ်ယောက် လမ်းလယ်မှာ ငိုနေဦးမလားလို့ စောင့်ကြည့်နေတာ"

"အို. . ဘာလဲမသိဘူး၊ မကောင်းဘူးဟယ်"

ကျွန်မက ရှက်မျက်စောင်းတစ်ချက် ဝင့်လို့ နှုတ်ခမ်းစူလိုက်မိပါတယ်။

"ခင်လို့ စတာပါ စန်းမူရယ်၊ စိတ်မဆိုးနဲ့နော်"

ဒီလို ကျွန်မက စိတ်ဆိုးဟန် ပြတော့လည်း သူက ပျာပျာသလဲ တောင်းပန်စကား ဆိုလာပါတယ်။

တကယ်တော့ သူ့အပေါ်မှာ ကျွန်မ စိတ်မဆိုးရက်ပါဘူး။ သူနဲ့ တွေ့ရ၊ စကားပြောရတာကိုပဲ ကျွန်မ ရင်ထဲမှာ ကြည်နူးနေမိပါပြီ။



အဲဒီနေ့က သူ အတင်းခေါ်လို့ ၃၈ လမ်းထဲက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်လိုက်သောက်မိပါတယ်။ နောက် စကားတွေ အများကြီး ပြောဖြစ်ပါတယ်။

အိမ်ရောက်တော့လည်း သူ့အကြောင်းကို ပြန်တွေးရတယ်။ ရင်ထဲမှာပျော်သလို ဖြစ်ရပါတယ်။ သူ့အသံ၊ သူ့မျက်နှာဟာ ကျွန်မ အပါးမှာ ပျံဝဲလိုက်ပါနေပါတယ်။

အို. . .

ကျွန်မ သူနဲ့ ပတ်သက် စဉ်းစားမိတိုင်း ရင်ခုန်တတ်လာပြီရှင်။

သည်လိုနဲ့ တနင်္ဂနွေနေ့တိုင်း သူနဲ့ကျွန်မ တွေ့ဆုံဖြစ်ကြပါတယ်။ စကားပြော ဖြစ်ပါတယ်။

တစ်နေ့မှာ ရုပ်ရှင်အတူကြည့်ဖြစ်ခဲ့ပါတယ်။

ဒီလိုနဲ့ ကျွန်မတို့ ချစ်ခဲ့ကြမိပါပြီလေ။

ကျွန်မတို့ ချစ်ခရီး သုံးလမပြည့်ခင်မှာပဲ ပြဿနာ စလာပါတယ်။

တစ်နေ့. . .

ညနေရိုးဆင်းချိန်မှာ ဖေဖေဟာ စိတ်ဆိုးမာန်ဆိုးနဲ့ အိမ်ပေါ် တက်လာပါတယ်။ မဆူစဖူး ကျွန်မကို အပြင်းအထန် ဆူပူခဲ့ပါတယ်။

ကျွန်မတို့ဇာတ်လမ်းကို ဖေဖေ သိခဲ့ပြီ ထင်ပါတယ်။

"ငါ့သမီး တော်တယ်ဆိုလို့ ယောင်းမမြင်းစီးထွက်တာပေါ့ ဟုတ်လား စန်းမူ၊ ငါ့မိတ်ဆွေ ရဲအရာရှိတစ်ယောက်နဲ့ တွေ့ခဲ့တယ်။ နင်နဲ့ တွဲနေတဲ့ကောင်ဟာ ခါးပိုက်နှိုက်တစ်ယောက်တဲ့။ ခါးပိုက်နှိုက်မှုနဲ့ ထောင်ကျခဲ့ဖူးတယ်တဲ့။ ခုလည်း ဒီကောင်ကို စောင့်ကြည့်နေတာ။ နင်နဲ့ ဆက်တိုက်တွဲနေတာ တွေ့ရတယ်တဲ့၊ ငါ့ကို တိုင်လိုက်

တယ်"

"ဟုတ်ပါဘူး ဖေဖေရယ်၊ မဟုတ်ပါဘူး၊ သူဟာ မိကောင်းဖခင်သားသမီးတစ်ယောက်ပါ။ ထီးတန်းကောလိပ်မှာ တက်နေတဲ့ ကောလိပ်ကျောင်းသား တစ်ယောက်ပါ။ ဖေဖေကိုယ်တိုင် စုံစမ်းကြည့်နိုင်ပါတယ်"

ကျွန်မက ပျာပျာသလဲ ပြောလိုက်မိပါတယ်။

"ဘာပြောတယ်. . ခွေးမလေး၊ ငါက စုံစမ်းရမယ် ဟုတ်လား၊ အလိုလိုက် အမိုက်စော်ကားလေခြင်း တောက်"

ကျွန်မစကားကြောင့် ဖေဖေဟာ အကြီးအကျယ် စိတ်ဆိုးသွားပါတယ်။

"ဘာကောင်ဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး၊ နင့်အရွယ်က ပညာသင်ရမယ့်အရွယ်၊ ဘာမှ ရှုပ်ရှုပ်ရှက်ရှက် မလုပ်ရဘူး၊ တော်ပြီ။ ဒီကနေ့ကစပြီး မြို့ထဲမှာ စာသွားမသင်ရဘူး။ ဒီကောင်နဲ့ အဆက်ဖြတ်တော့၊ ဒါ နောက်ဆုံးပဲ"

ဖေဖေဟာ ဒေါသတကြီး ပြောပြီး ထွက်သွားပါတယ်။ ကျွန်မဟာ ဝမ်းပမ်းတနဲ ငိုရှိုက်လိုက်မိပါတယ်။ အစ်ကိုနဲ့ ဝေးရတော့မှာပါလား ကျွန်မလေ. . . ကျွန်မ သူ့ကို သိပ်ချစ်မိနေပါပြီ။ သူနဲ့ ဝေးရရင် ကျွန်မ သေရလိမ့်မယ် ထင်ပါရဲ့၊ အချစ်နဲ့ မတွေ့ဖူးတဲ့ ကျွန်မဟာ ခုတော့ အချစ်ကြောင်း အပူမီး ပွားခဲ့ရပါပြီ။ စိတ်သောကရောက်ရပါပြီရှင်။

***



ကျွန်မတို့ (၁၀) တန်း စာမေးပွဲကြီးက တဖြည်းဖြည်း နီးကပ်လာပါပြီ။ ဒီအချိန်ဟာ စာကို အပြင်းအထန် ကြိုးစားရမယ့် အချိန်ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ကျွန်မ စာမကြည့်နိုင်ခဲ့ပါဘူး။ စာထဲကို စိတ်ဝင်စားလို့ မှမရတော့ပါဘူး။ စာကြည့်စားပွဲမှာ ထိုင်နေပေမယ့် သူ့မျက်နှာဟာ ကျွန်မအာရုံမှာ ရစ်ဝဲလို့ ပေါ်လာနေပါတယ်။

သူနဲ့ ကျွန်မ မတွေ့ရတာ သုံးပတ်လောက် ရှိခဲ့ပါပြီ။ သူ ဘယ်လိုများ ထင်နေမလဲ၊ ကျွန်မအလာကို ကားဂိတ်မှာ တမျှော်မျှော် ရှိနေပြီလား။

ခုတော့. . .

ကျွန်မမှာ သူနဲ့ ပတ်သက်လို့ ချစ်ဒုက္ခကို တစ်ဝကြီး ခံစားရပြီ။

ဖေဖေက သူ့ဆို ခါးပိုက်နှိုက်တဲ့၊ ထောင်ကျဖူးတဲ့သူတဲ့။

အို. . . ကျွန်မ မယုံဘူး၊ ဘာမှမယုံဘူး၊ သူ့လိုလူဟာ ဘယ်လိုမှ ခါးပိုက်နှိုက် မဖြစ်နိုင်ပါဘူး။

တစ်နေ့. . .

ကျွန်မ ကျောင်းဆင်းချိန်မှာ သူဟာ ကျွန်မကို လမ်းက စောင့်နေတာ တွေ့ရပါတယ်။

ကျွန်မ ဝမ်းသာဝမ်းနည်း ဖြစ်ခဲ့ရတယ်။ လမ်းလယ်မှာ မျက်ရည်ကျခဲ့ရတယ်။

သူကလည်း ကျွန်မနဲ့ ကွဲနေရတဲ့အတွက် စိတ်ဆင်းရဲပုံ၊ တစ်နေ့မှ ကျွန်မကို မမေ့ပုံ ပြောပြခဲ့ပါတယ်။

"စန်းမူနဲ့ အစ်ကို့ရဲ့ ချစ်ရေးကို ဖေဖေတို့ သိသွားကြပြီ၊

ဒါကြောင့် စန်းမူကို မြို့ထဲ မလွှတ်တော့ဘူး"

"ဟင်. . . ဟုတ်လား"

သူက တအံ့တဩ ဖြစ်သွားပါတယ်။

နောက်ပြီ ကျွန်မက ဖေဖေပြောတဲ့ အကြောင်းကို အစုံအလင် ပြောပြလိုက်ပါတယ်။

ကျွန်မစကားကို ကြားတော့ သူဟာ မပြောနိုင်အောင် အံ့ဩသွားပုံရတယ်။ သူ့မျက်နှာဟာလည်း အံ့ဆိုင်းညို့မှိုင်းသွားပါတယ်။

"စန်းမူ ဒီကိစ္စတွေ သူတို့ပြောတာတွေကို ယုံသလားဟင်"

"ဟင့်အင်း. . . မယုံဘူး အစ်ကို၊ မယုံဘူး"

ကျွန်မက ပျာပျာသလဲ ပြောလိုက်မိပါတယ်။

"ဒါဖြင့် သူတို့ပြောသလို အစ်ကိုဟာ ခါးပိုက်နှိုက်ဖြစ်ခဲ့ရင်ကော"

"အိုး. . . ခါးပိုက်နှိုက်ဖြစ်ဖြစ်၊ သူခိုးဖြစ်ဖြစ် စန်းမူကတော့ အစ်ကို့ကို မမုန်းနိုင်ပါဘူး။ ချစ်မြဲ ချစ်နေမှာပါ အစ်ကိုရယ်"

ဒီလိုဆိုတော့လည်း ညို့မှိုင်းနေတဲ့ သူ့မျက်နှာဟာ ဝင်းလက်လာပြန်ပါတယ်။

"စန်းမူ အစ်ကိုနဲ့ လိုက်နိုင်မလား"

"ဟင်"

ချစ်ခြင်းမေတ္တာကို တကယ့်တန်း အကောင်အထည် ဖော်မယ်ဆိုလာပြန်တော့လည်း ကျွန်မ ငိုင်သွားရပါတယ်။ ဖေဖေမျက်နှာ၊ မေမေမျက်နှာကို မြေးမြင်လိုက်မိတယ်။ ကျွန်မသာ ဒီလို လုပ်သွားရင် သူတို့ ရင်ကွဲကြရှာတော့မယ်။

"အစ်ကိုတို့ တစ်နေရာရာကို ထွက်ပြေးကြမယ်၊ နောက် အခြေ



အနေ အေးဆေးမှ ရန်ကုန်ပြန်လာပြီး အိမ်လေး တစ်လုံး ငှားနေကြတာပေါ့"

တိုးညှင်း ညင်သာတဲ့ သူ့အသံဟာ ကျွန်မနားထဲကို တိုးဝင်လာပါတယ်။

ကျွန်မ ရင်ထဲမှာတော့ ဘယ်လောက် ဆူနေပါပြီ။ မိဘနဲ့ ချစ်သူကြားမှာ ဗျာများနေရပါပြီ။ မိဘတွေနဲ့ မခွဲနိုင်သလို ချစ်သူကိုလည်း မစွန့်လွှတ်နိုင်ပါဘူး။

ချစ်သူ စိတ်ဆင်းရဲမှာ စိုးသလို မိဘတွေ စိတ်မချမ်းသာဖြစ်မှာကိုလည်း မမြင်လိုဘူး။

"ဘယ့်နှယ်လဲ စန်းမူရယ်၊ အစ်ကို့မှာ ဒီလိုပဲ စိတ်ဆင်းရဲမှုကို ခံစားနေရတော့မှာလား။ စန်းမူရော ခုလို အစ်ကိုနဲ့ ဝေးနေရတဲ့ဘဝနဲ့ နေနိုင်သလားဟင်"

"စန်းမူလည်း စိတ်ဆင်းရဲမှုကို ခံစားနေရပါတယ် အစ်ကိုရယ်၊ စန်းမူလေ စန်းမူ ဘာပြောရမယ်ဆိုတာတောင် မသိတော့ပါဘူးရှင်"

"ဒီလိုဆိုရင် စန်းမူ အစ်ကိုနဲ့ လိုက်မှာလားဟင်၊ နောက် မိဘတွေ စိတ်ပြေတော့လည်း အိမ်ပြန်နိုင်တာပဲ မဟုတ်လား"

နောက်ဆုံးတော့ ကျွန်မလေ သူ့ကို မဆန့်ကျင်နိုင်ခဲ့ပါဘူး။ ခေါင်းညိတ်မိခဲ့ပါပြီ။

"အစ်ကိုကောင်းမယ် ထင်သလိုသာ စီမံပါတော့ရှင်"

* * *

ကျွန်မဘဝမှာ ကြီးကျယ်တဲ့ ဖွင့်စားမှုကို စတင်လိုက်ပါပြီ။ ကျွန်မ သူနဲ့ ခိုးရာလိုက်ခဲ့ပြီလေ။

ရန်ကုန် မော်လမြိုင် အမြန်ရထားကြီးဟာ ရန်ကုန်ကို နောက်ချန်လို့ တရိပ်ရိပ်ပြေးလွှားနေပါတယ်။ ကျွန်မ မိဘတွေရဲ့ ရင်ခွင်က နေ တဖြည်းဖြည်း ဝေးနေပါပြီ။

ချစ်သူနဲ့ လက်တွဲရပြီဆိုတော့ ကျွန်မ ပျော်ခဲ့ရပါတယ်။ ဒါပေမယ့် ရင်ထဲမှာ တထိတ်ထိတ်နဲ့ ရှိနေပါတယ်။ ဖေဖေနဲ့ မေမေကိုလည်း သနားနေပါတယ်။

ဒီလောက်ဆိုရင် ကျွန်မ ရေးခဲ့တဲ့ စာကို ဖတ်ပြီး စိတ်ဆင်းရဲနေကြပြီလား။

ကျွန်မက မသိမသာ သက်ပြင်းချလိုက်မိပါတယ်။

"စိတ်မကောင်း ဖြစ်မနေပါနဲ့ စန်းမူရယ်၊ နောင်ကျရင် အားလုံး အဆင်ပြေသွားမှာပါ"

သူက ကျွန်မ ပခုံးကို ဖွဖွလေး ဖက်လို့ နှစ်သိမ့်လာပါတယ်။

ဒီလိုနဲ့. . .

မော်လမြိုင်က ဒိုင်းဝန်းကွင်းမှာနေတဲ့ အစ်ကိုရဲ့ အသိအိမ်မှာ ၁၅ ရက်လောက် တည်းခိုနေထိုင်ခဲ့ကြပါတယ်။

မော်လမြိုင်မှာ ဘုရားတွေ အစုံ လျှောက်ဖူးကြတယ်။ မုဒုံ၊ ကျိုက်မရော၊ ကျိုက္ခမီ စတဲ့နေရာတွေ လျှောက်လည်ကြတယ်။ ညနေပိုင်းဆိုရင် မော်လမြိုင် ကမ်းနားလမ်းမှာ လေညင်းခံရင်း မဆုံးနိုင်တဲ့ စကားတွေ ပြောကြတယ်။

ကျွန်မတို့ ပျော်မဆုံး မော်မဆုံး ဖြစ်နေခဲ့ကြပါတယ်။

ဒါပေမဲ့. . .



ပျော်ရွှင်ခြင်းဟာ ဝမ်းနည်းခြင်းရဲ့ ရှေးပြေး နိမိတ်ဖြစ်ကြောင်း ကျွန်မဟာ အဲသည်တုန်းက မသိခဲ့ပါဘူး။

မော်လမြိုင်မှာ (၁၅) ရက်လောက် နေပြီး ရန်ကုန် ပြန်လာကြပါတယ်။ တာမွေဗလီကြီးရပ်ကွက်ထဲမှာ အစ်ကိုဟာ အိမ်ခန်းတစ်ခန်း ငှားပြီး သူ့တပည့်တစ်ယောက်နဲ့ နေတယ်လို့ ဖွင့်ပြောပါတယ်။

ကျွန်မကို အဲသည်အိမ်ကို ခေါ်သွားပါတယ်။

အိမ်ခန်းက ကျဉ်းကျဉ်လေးပါ။ တစ်ဖက်ခန်းမှာ အိမ်ရှင်အဒေါ်ကြီး နေပါတယ်။

အစ်ကိုနဲ့ ကျွန်မဟာ အခန်းတွင်းမှာအိပ်ကြပြီး အစ်ကို့ တပည့် မောင်ကျော်က အိမ်ရှေ့ခန်းမှာ အိပ်ပါတယ်။ မောင်ကျော်ဟာ သွက်လက် ပေါ့ပါးပြီး အစ်ကို့ကို ချစ်ကြောက်ရိုသေတဲ့ လူငယ်တစ်ယောက် ဖြစ်ပါတယ်။

သူဟာ ကျွန်မကိုလည်း လေးလေးစားစား ဆက်ဆံခဲ့ပါတယ်။ ကျွန်မတို့ ရောက်ရောက်ချင်းပဲ မောင်ကျော်ဟာ အစ်ကို့ကို အိမ်ရှေ့ဘက် ခေါ်ပြီးတစ်စုံတစ်ခုကို တီးတိုးပြောနေပါတယ်။ အစ်ကို့မျက်နှာ ပျက်နေတာကို တွေ့ရတော့ ကျွန်မက မေးမိသေးတယ်။

"ဘာမှမဟုတ်ပါဘူး စန်းမူရာ စိတ်အေးအေးသာ ထားပါ" လို့ နှစ်သိမ့်ခဲ့တယ်။ ဒါပေမယ့် သူ့အသံဟာ ခြောက်ကပ်တုန်လှုပ်နေပုံ ရပါတယ်။ နောက်ပြီး တစ်ညလုံး သက်ပြင်းတချချနဲ့ တလူးလူး တလိမ့်လိမ့် ရှိနေခဲ့ပါတယ်။

မနက်လင်းတာနဲ့ အစ်ကိုဟာ ဘာကြောင့် တုန်လှုပ်နေရတယ်ဆိုတဲ့ အကြောင်းကို သိလိုက်ရပါပြီ။

စောစောစီးစီး ခပ်ကြမ်းကြမ်း ထွက်ပေါ်လာတဲ့ တံခါးခေါက်သံကြောင့် ကျွန်မ အိပ်ရာက လန့်နိုးသွားပါတယ်။

တံခါးဖွင့်သံ ကြားလိုက်ရပါတယ်။

အိမ်ရှေ့ခန်းမှာ အိပ်တဲ့ မောင်ကျော်ပဲ ဖြစ်မှာပါ။ အစ်ကိုဟာ ရုတ်တရက် အိပ်ရာက ထပြီး အပြင်ခန်းကို ထွက်သွားပါတယ်။

"ဟာ.. ချစ်ထွေး။ ပျောက်ချက်သား ကောင်းလှချည်လားကွ၊ မင်းက အဝန်းခြေခရီး ထွက်နေတယ်ဆို၊ ငါတို့မှာတော့ မအိပ်နိုင် မစားနိုင်တဲ့ ဖတ်ဖတ်ကို မောလို့ကွာ"

"ဟော.. ဆရာ အောင်ဘန်းတို့ပါလား။ ဘယ်က လှည့်လာကလဲ၊ အိပ်ထဲ ဝင်ပါဦးလေ"

ခပ်ကျယ်ကျယ် ပြောလိုက်တဲ့ လူစိမ်းတစ်ဦးရဲ့ အသံနဲ့အတူ အစ်ကို့အသံကိုလည်း ကြားလိုက်ရပါတယ်။ အစ်ကို့အသံဟာ ခြောက်ကပ်တုန်ရင်နေတာကို ကျွန်မ သတိပြုလိုက်မိပါတယ်။

"မင်းဆီကို သက်သက်လာလည်တာပါ ချစ်ထွေးရာ၊ မင်း 'ထော' နေတယ်ကြားလို့"

အရပ်ဝတ် အရပ်စားနဲ့ လွယ်အိတ်ကိုယ်စီ လွယ်ထားတဲ့ လူစိမ်း နှစ်ယောက်ပါ။

သူတို့ဟာ တစ်အိမ်လုံး ခြုံပြီး အကဲခတ်ရင်း ပိုင်စိုးပိုင်နင်းနဲ့ အိမ်ပေါ် တက်လာကြပါတယ်။

"ဩော်... ဒီလိုကိုး"

လူစိမ်းနှစ်ယောက်ဟာ အခန်းထဲကနေ အပြင်ကို ထွက်လာတဲ့ ကျွန်မကို မြင်တော့ အံ့ဩသွားပုံ ရပါတယ်။ နောက်မှ တစ်ယောက်နဲ့တစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်လိုက်ကြပါတယ်။



"ဒါ... ဒါ ကျွန်တော့်မိန်းမပါ ဆရာအောင်ဘန်း"

အစ်ကိုက ပျာပျာသလဲ ဝင်ပြောလိုက်ပါတယ်။

"ကြိုက်ပြီ ချစ်ထွေးရေ... မင်းက မိန်းမတွေဘာတွေ ရနေပြီကိုးကွ၊ ဘယ်မှာ မင်္ဂလာဆောင်မှာလဲဟ၊ အင်းယားလိပ်စထရင်းဟိုတယ်မှာလား၊ ဖြစ်နိုင်ပါတယ်လေ၊ မင်း အခြေအနေကို ငါတို့ သိပြီးသားပဲကွာ"

အသားမည်းမည်းနဲ့ လူစိမ်းရဲ့ စကားကြောင့် အစ်ကိုဟာ ဆတ်ခနဲ ဖြစ်သွားပါတယ်။ မျက်နှာဟာလည်း သွေးဆုတ်သွားတာ မြင်လိုက်ရပါတယ်။

"ဆရာအောင်ဘန်း ဘာတွေပြောနေတာလဲဗျာ၊ ကျွန်တော်ဟာ မိန်းမရလို့ ကောင်းကောင်း နေနေပါတယ် တကယ်ပါ"

"အေးလေ မင်းက မိန်းမရလို့ ကောင်းကောင်းနေတယ် ဆိုပေမယ့် ငါတို့မှာတော့ မီးခဲကိုင်မိသလို ဖြစ်နေရတယ် ချစ်ထွေးရ၊ ကဲ.. လာကွာ... သွားကြမယ်"

"ဗျာ... ကျွန်တော့်ကို ဘာလုပ်မလို့လဲဗျာ၊ ကျွန်တော့်ကို ဖမ်းတာလားဟင်"

အစ်ကို့ရဲ့ တုန်ရင်တဲ့ အသံဟာ ကျွန်မရင်ကို ဆို့နင့်သွားစေခဲ့ပါတယ်။ ကျွန်မဟာ အစ်ကို့လက်ကို တင်းတင်းဆုပ်ကိုင်ထားလိုက်မိပါတယ်။

"မင်းကို မဖမ်းသေးပါဘူးကွာ။ မေးစရာရှိလို့ ခဏလိုက်ခဲ့ဖို့ ခေါ်တာပါ။ ကဲ.. ကဲ... ဟောဒီမှာ မင်းတို့ အရပ်လူကြီးလည်း ပါလာတယ်။ မင်းအိမ်ကို ငါတို့ ရှာမယ်ကွာ.. နော်"

တစ်အိမ်လုံး ပြောင်းဆန်အောင် ရှာဖွေနေတာကို ကျွန်မဟာ

အံ့အားသင့် တုန်လှုပ်စွာနဲ့ ကြည့်နေမိပါတယ်။ အစ်ကိုကတော့ ဘာမှ မပြောဘူး။ ကျွန်မလက်ကို အားပေးသလိုနဲ့ ဆုပ်ကိုင်ထားပါတယ်။ ဒါပေမဲ့ သူ့လက်ဟာ အေးစက်နေတာကို သတိပြုလိုက်မိပါတယ်။

"ဘာမှ စိတ်မပူနဲ့နော် စန်းမူ၊ အစ်ကို ကိစ္စလေး တစ်ခုအတွက် လိုက်ရှင်းလိုက်ဦးမယ်"

အစ်ကိုဟာ ကျွန်မကို အဲသလို ပြောပြီး ခေါင်းငိုက်စိုက်ချလို့ သူတို့နဲ့ လိုက်ပါသွားခဲ့ပါပြီရှင်။

ကျွန်မကတော့ အိပ်ခန်းထဲ ပြေးဝင်ပြီး ခေါင်းအုံးနဲ့ မျက်နှာအပ်လို့ အားပါးတရ ငိုလိုက်မိပါတယ်။ အားရအောင် ငိုပြီးမှ အပြင်ခန်းကို ပြန်ထွက်လာပါတယ်။

အိမ်ရှေ့ခန်းမှာ ငုတ်တုတ်ထိုင်နေတဲ့ မောင်ကျော်ကို တွေ့လိုက်ရပါတယ်။

"မောင်ကျော်. . . အဲဒါ ဘယ်သူတွေလဲဟင်၊ သိတယ် မဟုတ်လား၊ သူတို့ အစ်ကို့ကို ဘယ်ခေါ်သွားကြတာလဲ"

"အဲဒါ လူဆိုးထိန်း ရဲတွေပါ။ ဘယ်ခေါ်သွားတယ်ဆိုတာတော့ မသိပါဘူး မမစန်းမူရာ"

"ဘာ. . . ရဲတွေ ဟုတ်လား"

ကျွန်မ ခေါင်းပေါ်ကို မိုးကြိုးပစ်သလို ခံစားလိုက်ရပါတယ်။

"ဒါ. . . ဒါဖြင့် အစ်ကို့ကို ဖမ်းသွားကြတာပေါ့ ဟုတ်လား မောင်ကျော်"

"ဖမ်းတာတော့ ဟုတ်မယ် မထင်ပါဘူးဗျာ။ စိတ်မပူပါနဲ့ မကြာခင် ပြန်ရောက်လာမှာပါ"



"ဘာဖြစ်လို့လဲ။ အစ်ကိုက. . ဘာလုပ်ခဲ့လို့လဲဟင်"

"ဒါတော့ ကျွန်တော်လည်း မသိပါဘူး မမစန်းရာ"

ကျွန်မ ဘယ်လိုပဲမေးပေမယ့် မောင်ကျော်ဆီက ဒီလို အဖြေမျိုးသာ ရခဲ့ပါတယ်။

ဒီတော့. .

ကျွန်မ ငိုရပြန်ပါပြီ။ ဝမ်းပမ်းတနည်း ငိုကြွေးခဲ့ရပြန်ပါပြီရှင်။

* * *

စနေနေ့ ညကြီးမင်းကြီး ကာလမှာ အစ်ကိုဟာ အိမ်ကို ပြန်ရောက်လာပါတယ်။ သူ့ကို ကြာသပတေးမနက်က ခေါ်သွားကြတာပါ။

မောပန်းနွမ်းနယ်လာတဲ့ အစ်ကို့ကို ကြည့်ပြီး ကျွန်မရင်ထဲမှာ ဆို့နင့်သွားခဲ့ရပါတယ်။

ကျွန်မဟာ အစ်ကို့ကိုမြင်ကာမှ ဝမ်းနည်းလာပြီး သူ့ရင်ခွင်တိုးဝင်လို့ ရှိုက်ကြီးတငင် ငိုကြွေးခဲ့မိပါတယ်။

"အစ်ကို့ကို ခွင့်လွှတ်နိုင်သေးရဲ့လားဟင်"

အစ်ကိုဟာ ကျွန်မဆံပင်ကို ဖွဖွသပ်လို့ တိုးညှင်းစွာ မေးလာပါတယ်။

"ဘာကိုခွင့်လွှတ်ရမှာလဲဟင်၊ အစ်ကို ဘာတွေပြောနေတာလဲ၊ စန်းမူ ဘာမှနားမလည်ဘူး အစ်ကိုရယ်"

"ဒါဖြင့် အစ်ကိုပြောပြမယ်၊ အစ်ကို့ကို နောက်တော့မှ စိတ်နာသွားနဲ့နော်"

"ပြောပါတော့ အစ်ကိုရယ် စန်းမူ သိချင်လှပြီ"

"ဒီမှာ စန်းမူ၊ အစ်ကိုဟာလေ စန်းမူ အဖေ သိထားခဲ့သလို ခါးပိုက်နှိုက်တစ်ယောက်ပါကွယ်"

"ဟင် ခါးပိုက်နှိုက် ဟုတ်လား"

ကျွန်မဟာ သူ့ရင်ခွင်ကနေပြီး အလန့်တကြား နောက်ဆုတ်လိုက်မိပါတယ်။

"ဟုတ်တယ် စန်းမူ၊ အစ်ကိုဟာ ခါးပိုက်နှိုက်ပါ၊ ထောင်တစ်ကြိမ်ကျခဲ့ဖူးပါတယ်။ စန်းမူကို ချစ်လွန်းလို့ စန်းမူမုန်းသွားမှာစိုးလို့ အစ်ကို့ဘဝမှန်ကို ဖုံးကွယ်ထားခဲ့တာပါ"

"အို မဟုတ်နိုင်ဘူး၊ မဟုတ်နိုင်ဘူး၊ မပြောပါနဲ့တော့ အစ်ကိုရယ်"

"ဒီအကြောင်းတွေကို မပြောပါနဲ့တော့"

ကျွန်မဟာ အရူးတစ်ယောက်လို သူ့ပါးစပ်ကို ပိတ်ထားမိပါတယ်။ ကြာရင် ကျွန်မ ရူးရလိမ့်မယ် ထင်ပါရဲ့။

"ခုမှတော့ မထူးတော့ပါဘူးကွယ်၊ အစ်ကို့ဘဝမှန်ဟာ ဖုံးကွယ်လို့ မရအောင် ပေါ်ခဲ့ပါပြီ၊ ဒီလို အစ်ကို့ ဘဝမှန်ကို သိရတော့ မုန်းသွားပြီးလားဟင် စန်းမူကို ချစ်လွန်းလို့ လိမ်ညာပြီး စန်းမူအချစ်ကို ရယူခဲ့ရတာပါကွယ်"

ကျွန်မဟာ သူ့စကားကို ဆက်လို့ နားမထောင်နိုင်တော့ပါဘူး။ အိပ်ခန်းထဲပြေးဝင်လို့ ဝမ်းပန်းတနည်း ငိုကြွေးလိုက်မိပါတယ်။

ကျွန်မ ဓေတိမ်နစ်ခဲ့ရပါပြီရှင်။

ကျွန်မဟာ ပြင်မရတဲ့ အမှားတစ်ရပ်ကို ကျူးလွန်ခဲ့မိပါပြီ။

ခုတော့ ကျွန်မ ဘာလုပ်ရမလဲ။

တောင်းပန်တိုးလျှိုးပြီး မိဘအိမ်ကို ပြန်သွားရမလား၊ ဖြစ်ရာ



ဘဝမှာပဲ ကျသလို နေရတော့မှာလား။

ကျွန်မရင်ဟာ သိမ့်သိမ့်တုန်လာပါတယ်။ မိဘစကားကို နားမထောင်မိတဲ့ ကျွန်မရဲ့ မိုက်ရူးရဲ ဆုံးဖြတ်ချက်ဟာ ကျွန်မဘဝကို မှောင်အတိကျခဲ့ရပါပြီ။ နှလုံးသားကို ဦးစားပေးမိတဲ့ ကျွန်မဟာ ခုတော့ ဒုက္ခလှလှကြီး တွေ့ခဲ့ရပါပြီ။

"ခါးပိုက်နှိုက်မယားတဲ့"

အို ဒီဘဝမှာ ကျွန်မ မနေနိုင်ဘူး။ ခါးပိုက်နှိုက်မယားလို့လည်း အပြောမခံနိုင်ဘူး။

ကျွန်မဟာ ရုတ်တရက် အိမ်ပေါ်ကနေ ပြေးဆင်းလာတယ်။ ဘယ်ကိုသွားမယ် ဘာလုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်တော့ မရှိဘူး။ မယုံနိုင်အောင် ကြုံခဲ့ရတဲ့ ဘဝအတွက် ကျွန်မ တဒင်္ဂရူးသွပ်သွားပြီထင်ပါရဲ့။

"စန်းမူ စန်းမူ"

အစ်ကိုဟာ ကျွန်မနောက်ကို ပြေးလိုက်လာတယ်။ ကျွန်မလက်ကို ဆွဲထားတယ်။

"ဘယ်ကိုသွားမှာလဲ စန်းမူရယ်၊ ဘယ်ကို သွားမှာလဲ"

"အို ဘယ်ကိုပဲဖြစ်ဖြစ် သွားတော့မယ်၊ ဒီဘဝကို လုံးဝ လက်မခံနိုင်ဘူး။ ခါးပိုက်နှိုက်မယားဘဝနဲ့ နေရတာထက် သေရတာက ကောင်းပါတယ်။ သွားပါရစေတော့ရှင် သွားပါရစေတော့"

ကျွန်မဟာ သူ့လက်က ရုန်းကန်ရင်း အရူးတစ်ယောက်လို လမ်းလယ်မှာ အော်ဟစ်ငိုကြွေးနေမိခဲ့ပါတယ်။

"ဒီမှာ စန်းမူရယ် အစ်ကိုဟာ စန်းမူကို ချစ်လွန်းလို့ အစ်ကို့ဘဝမှန်ကို ဖုံးကွယ်ပြီး ယူခဲ့ရတာပါ၊ ဒါဟာ အစ်ကို့အမှားပါ၊ စန်းမူ

မိဘတွေအိမ်ကို ပြန်မယ်ဆိုရင် အစ်ကို လိုက်ပို့ပါမယ်"

အစ်ကိုဟာ ကျွန်မကို တောင်းပန်လျှို့လို့ မရမှန်းသိတော့ လက်လျှော့လိုက်တယ်တယ်ထင်ပါရဲ့ မိဘတွေအိမ် ပြန်မလားတဲ့။

အို ဒီလောက်မိုက်မဲလုတဲ့ ကျွန်မဟာ မိဘတွေအိမ်ကို မပြန်ရဲပါဘူးရှင်။ မိဘတွေနဲ့ ပတ်ဝန်းကျင်ကိုလည်း ရင်မဆိုင်ရဲပါဘူး။ ဒီလောက်ဆိုးလှတဲ့ ဘဝက လွတ်ရင်ပြီးရောဆိုပြီး ထွက်ခဲ့တာပါ။ ဘယ်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက် မရှိခဲ့ပါဘူး။

"အစ်ကိုတောင်းပန်ပါတယ် စန်းမူရယ် မိဘအိမ် မပြန်ဘဲနဲ့ ဒီလို မိန်းကလေးတစ်ယောက် ထွက်သွားရင် မင်း ဒုက္ခရောက်တော့မှာပေါ့ကွယ်"

"ကျွန်မသွားမယ် ဖယ်ပါ၊ ဟောဒီလို ခါးပိုက်နှိုက်မယားဘဝနဲ့စာရင် ဘယ်ဘဝရောက်ရောက် ရင်ဆိုင်ရဲတယ်"

ကျွန်မက နာနာကြည်းကြည်း အော်ဟစ်လိုက်မိပါတယ်။ ပတ်ဝန်းကျင်က လူတွေက ကျွန်မတို့ကို ဝိုင်းကြည့် အကဲခတ်နေတာလည်း ကျွန်မ သတိမပြုမိခဲ့ပါဘူး။

"ကောင်းပြီ စန်းမူ ကောင်းပြီ၊ မင်း ခါးပိုက်နှိုက်မယား မဖြစ်စေရတော့ပါဘူးကွယ်၊ အစ်ကို အဲဒီအလုပ်ကို လုံးဝ စွန့်လွှတ်လိုက်ပါပြီ၊ ဒီနေ့ကစပြီး အစ်ကိုဟာ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားပါ့မယ်။ စန်းမူလည်း ခါးပိုက်နှိုက် မယား မဖြစ်စေရပါဘူးကွယ် လာ အိမ်ပြန်ကြရအောင်၊ ဘေးကလူတွေ ဝိုင်းကြည့်နေကြတယ်။ အိမ်ကျရင် အစ်ကို ထပ်ပြီး ရှင်းပြပါဦးမယ်"

အစ်ကိုဟာ ဒီ ခါးပိုက်နှိုက်အလုပ်ကို မလုပ်တော့ပါဘူးလို့ ဘုရားစင် ပြောင်ရေအိုးက ရေကိုသောက်ပြီး သစ္စာပြုခဲ့ပါတယ်။



နေ့မှာ ကျွန်မတို့ဘဝကို ဘယ်လိုထူထောင်မယ်ဆိုတာတွေကအစ ပြောပြပါတယ်။

ကျွန်မဟာ သူ့အပြောမှာ မျှော်ပါခဲ့ရပါတယ်။ ကျွန်မဟာ သူ့ကို ချစ်ပါတယ်။ မချစ်လို့ ခွဲခွာမှာ မဟုတ်ပါဘူး။ သူ ခါးပိုက်နှိုက်ဖြစ်လို့ ခွဲဖို့စဉ်းစားရတာပါ။ ခုလို မကောင်းတဲ့အလုပ်ကို စွန့်လွှတ်မယ်ဆိုတော့လည်း ကျွန်မ တွေဝေခဲ့ရပါပြီ။ နောက်ပြီးတော့ ကျွန်မတို့လို မိန်းကလေးဘဝဆိုတာ တစ်ခါ 'အို' ခဲ့ပြီမို့ ထပ်ပြီးတော့လည်း အပျိုဖြစ်နိုင်တော့ပါဘူးရှင်။

နောက်ဆုံးတော့ ကိုယ့်မိုက်ပြစ်ကိုယ် ဖြစ်ရာဘဝမှာ ပျော်ရတော့မှာလား၊ ခုမှတော့ ကျွန်မဘဝဟာ သန်းခေါင်ထက် ညဥ့်မနက်နိုင်တော့ပါဘူးရယ်လို့ စိတ်ကိုတင်းလို့ ဆုံးဖြတ်မိပါတယ်။

* * *

ဒါပေမဲ့ . . .

ကျွန်မဘဝဟာ သန်းခေါင်ထက် ညဥ့်မနက်တဲ့ ဘဝကို ကျရောက်ဖို့ ဖန်တီးခဲ့သူ ကိုင်းဝက်ဆိုတဲ့ လူပါ။ သူဟာ ထောင်ထဲတုန်းက အစ်ကိုနဲ့အတူ နေခဲ့ဖူးတဲ့သူပါတဲ့။ အစ်ကို့မိတ်ဆွေဟာ ကျွန်မမိတ်ဆွေပါပဲ။ အဲဒီလူကို ကျွန်မဟာ ချည့်ဝတ်ကျေပွန်စွာ ပြုစုခဲ့ပါတယ်။ လေးလေးစားစား ဆက်ဆံခဲ့ပါတယ်။ ကိုင်းဝက်ရောက်လာ နောက်ပိုင်းမှာ အစ်ကိုအပြင်ထွက်ရင် ကိုင်းဝက်ပါ ပါသွားလေ့တယ်။ တစ်ခါတလေ ညဘက်မှာပါ အပြင်ထွက်လေ့ရှိပါတယ်။ ဒီရက်ပိုင်းမှာ အစ်ကိုရော ကိုင်းဝက်ပါ ငွေကြေး ဖြိုးဖြိုးဝေနေတာ တွေ့ရပါတယ်။

အစ်ကိုက သူ့အလုပ်အဆင်ပြေပြီ၊ ရန်ကုန် မော်လမြိုင်လမ်းမှာ ပစ္စည်းအငှားသယ်ရမယ်လို့ ပြောပါတယ်။

ကျွန်မရဲ့ ဝမ်းသာမှုမပြေခင် ဝမ်းနည်းရင်တုန်စရာအဖြစ်နဲ့ ရင်ဆိုင်တိုးရပါပြီရှင်။

ကားတစ်စီးကို လုယက်တဲ့အတွက် အစ်ကို့ကို ဖမ်းဆီးထားပြီး ကိုင်းဝက်ကိုတော့ အရပ်သားတွေ လက်ချက်နဲ့ အသေမိတယ်ဆိုတဲ့ သတင်းဆိုးဟာ ကျွန်မဆီကို ရောက်လာပါတယ်။ ဒီသတင်းဟာ ကျွန်မအဖို့ ငယ်ထိပ်ကို မြွေပေါက်သလို ခံစားလိုက်ရပါတယ်။ ဒါ မဲ့ ကျွန်မ ဘာတတ်နိုင်မှာလဲ။

ခုတော့ အပေါင်းအသင်းကို ခင်တွယ်တတ်လွန်းတဲ့ အစ်ကိုဟာ သူ့အပေါင်းအသင်း တစ်ယောက်ကြောင့်ပဲ ကျွန်မနဲ့ ဝေးခဲ့ရပြီ။

သူ ထောင် (၇) နှစ် ကျခဲ့ရပါပြီရှင်။

ခုနစ်နှစ်ဆိုတဲ့ အချိန်တွေမှာ ကျွန်မဟာ ဘယ်လိုနေရမလဲ ယောကျ်ားကလည်း ထောင်ကျ၊ မိဘဆွေမျိုး အသိုင်းအဝိုင်းလည်း ပစ်ပယ်ခြင်းခံနေရတဲ့ ကျွန်မအဖို့ ဒုက္ခပင်လယ်ဝေခဲ့ပြီ။

ဒါပေမဲ့ ဒီဒုက္ခဟာ ကျွန်မဘာသာ ဖန်တီးတဲ့ ဒုက္ခပါ။ ငရဲကို ရွှေပန်းခိုင်ထင်ခဲ့မိတဲ့ ကျွန်မရဲ့ အမှားပါ။

အမှားတစ်ရပ်ကို ကျူးလွန်ခဲ့ပြီးမှ မှားမှန်း သိတတ်တဲ့ လူတွေထဲမှာ ကျွန်မဟာ ပါဝင်ခဲ့ပါပြီ။ ဒီတော့ မှားယွင်းမှုရဲ့ နောက်ပါးမှာ ပူးကပ်ပါလာလေ့ ရှိတဲ့ နောင်တနဲ့ သောကဝေဒနာတွေ ကျွန်မကို တရိရိနဲ့ နှိပ်စက်နေခဲ့ပါပြီရှင်။

တစ်ခါတစ်ခါတော့ စဉ်းစားမိပါတယ်။



ကျွန်မဟာ ဒီလို ဒုက္ခတွေ ရင်ဆိုင်ပြီး အစ်ကို ပြန်ထွက်လာသည်အထိ စောင့်ရမလား။

ဒါမှမဟုတ် ကိုယ့်အမှားကို ဝန်ချလို့ မိဘတွေဆီပဲ ပြန်သွားရမလား။

မိဘမျက်နှာ အိုးမဲ့သုတ်ခဲ့တဲ့ ကျွန်မဟာ ဒုက္ခသည်ဘဝနဲ့ မိဘအိမ် ပြန်မတက်ရဲပါဘူး။ အထူးသဖြင့် ဖေဖေနဲ့ ရင်မဆိုင်ရဲပါဘူးရှင်။

သူဟာ ခါးပိုက်နှိုက်ဘဝကို မလွဲမကင်းသာလို့ ရောက်ခဲ့ရပြီး မလုပ်ချင်တဲ့ ဒီအလုပ်ကို လုပ်နေရဟာပါ။ အန္တရာယ်ထူပြောလှတဲ့ အလုပ်ရဲ့ နေ့စဉ် ကျီးလန့်စာ စားနေရတဲ့ဘဝကို မပျော်ပိုက်ပါဘူး။ အထူးသဖြင့် ကျွန်မရဲ့ ရခဲ့ပြီးနောက်ပိုင်းမှာ ထောင်ကျမှာကို သူ အိပ်စိုးရိမ်နေတယ်။ သူ ထောင်ကျရင် ကျွန်မနဲ့ ဝေးရမှာကို သူ အိပ်ကြောက်နေပါတယ်။

ဒီအလုပ်ကို မလုပ်တော့ပါဘူးလို့ သူဟာ အကြိမ်ကြိမ် ဖွင့်ဟပြောခဲ့ဖူးပါတယ်။ လင်မယားနှစ်ယောက် စိတ်အေးချမ်းသာနေကြမယ်လို့ စီမံကိန်းတွေ ရေးဆွဲခဲ့ပါတယ်။

ဒါပေမဲ့. . .

သူဟာ ရည်ရွယ်ချက် မပြည့်ခင် စီမံကိန်းတွေ အကောင်အထည် မဖော်နိုင်ခင်မှာ အပေါင်းအသင်းမှားလို့ ထောင်ကျခဲ့ရပါပြီ။

အစ်ကိုဟာ သူ ထောင်ထဲမှာ (၇) နှစ်နေရမှာကို မပူပင်ပေမယ့် ကျွန်မအတွက် နောင်ဆံငင်နေရှာပါတယ်။ စိတ်မချနိုင်အောင် ဖြစ်နေခဲ့ပါတယ်။

"မောင်ကျော်. . . စန်းမူကို မင်းအစ်မတစ်ယောက်လို စောင့်ရှောက်ပါကွာ၊ ငါ စိတ်ချပါရစေလို့" တဖွဖွ မှာကြားခဲ့ပါတယ်။

မောင်ကျော်ကလည်း ကျွန်မကို အစ်မတစ်ယောက်လို လေးလေးစားစား ဆက်ဆံခဲ့ပါတယ်၊ စောင့်ရှောက်ခဲ့ပါတယ်။

သူ့ခမျာ ကျွန်မ တစ်ယောက်အတွက်သာ တာဝန်ယူရတာ မဟုတ်ဘူး။ တစ်လတစ်ခါ အစ်ကို့ကို ထောင်ဝင်စာတွေ့ဖို့ လိုအပ်တဲ့ ပစ္စည်းကလေးတွေ ပို့နိုင်ဖို့လည်း မလစ်လပ်အောင် ပြုမူခဲ့ပါတယ်။

မရေရာတဲ့ ကျွန်မဘဝမှာ အမြဲ တမ်းတ မျှော်လင့်စောင့်စားနေတဲ့ အချိန်ကာလကလေး တစ်ခုပဲ ရှိပါတယ်။

အဲဒါကတော့. . .

"အစ်ကို့ကို ထောင်ဝင်စာ တွေ့ရမယ့် ရက်ပဲ ဖြစ်ပါတယ်ရှင်"

* * *

## အခန်း (၃)

မနက်ဖြန်ခါ ထောင်ဝင်စာ တွေ့ရမယ့်ရက်ပါ။

အစ်ကိုချစ်ထွေး ထောင်ကျတာ ၆ လကျော်ခဲ့ပါပြီ။ ကျွန်တော်ဟာ လစဉ် ထောင်ဝင်စာ သွားခဲ့ပါတယ်။ ထောင်ဝင်စာ မလာနိုင်တဲ့လူဆိုရင် သိပ်ပြီး အောက်ကျနောက်ကျ နိုင်ပါတယ်။ အနေအထိုင် အစားအသောက် ဆင်းရဲပါတယ်။

နောက်ပြီး ထောင်ဝင်စာ မှန်မှန်လာနိုင်တဲ့လူဆိုရင် မျက်နှာရှိတယ်။ အနေအစား ချောင်တယ်။ ဆေးလိပ်ဆိုတာ ထောင်ထဲမှာတော့ စေလိုရာစေနိုင်တဲ့ အာမခံပစ္စည်းတစ်ခုပါ။

ထောင်ကျဖူးတဲ့ ကျွန်တော်ဟာ ထောင်အကြောင်း သိထားတာမို့ မဆင်းရဲရအောင် မျက်နှာ မငယ်ရအောင် လစဉ် ထောင်ဝင်စာ တွေ့နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။

ထောင်ဝင်စာသွားရင် တစ်လစာအတွက် ငါးပိကြော် သွားရမယ်။ ထန်းလျက်၊ မြေပဲယို၊ ငါးခြောက် စတဲ့ ကြာရှည်ခံမယ့် ပစ္စည်းလေးတွေကအစ ဆေးလိပ်ပါမကျန် စုံစုံလင်လင် ပါသွားရမှာပါ။

သည်တော့ ငွေလိုတယ်ပေါ့။

မနက်ပိုင်းထဲက ကျွန်တော် အိမ်က ထွက်ခဲ့ပါတယ်။ ငွေရှာဖို့လေ။

ဩော်. . . ကျွန်တော်လို ခါးပိုက်နှိုက်တစ်ယောက်က ငွေရှာထွက်တယ်ဆိုရင် ဘယ်လိုနည်းနဲ့ ရှာရမယ်လို့ အထူး ရှင်းစရာ မလိုဘူး ထင်ပါရဲ့။

ကျွန်တော်တို့ ခါးပိုက်နှိုက်လောကမှာ အပေါ်လိုင်း၊ အောက်လိုင်းဆိုတာ ရှိပါတယ်။

အပေါ်လိုင်းဆိုတာက ဘတ်စ်ကားပေါ်မှာ အလုပ် လုပ်တဲ့သူကို ခေါ်တာပါ၊ အောက်လိုင်းဆိုတာက ဈေး၊ ရုပ်ရှင်ရုံ၊ ပွဲ စတဲ့ လူစည်းကားတဲ့ နေရာတွေမှာ လုပ်တဲ့လူပါ။

ကျွန်တော်က အပေါ်လိုင်းသမားပါ။ ဘတ်စ်ကားဂိတ်နဲ့ ဘတ်စ်ကားတွေပေါ်ဟာ ကျွန်တော် စားကျက်ပဲ ဖြစ်ပါတယ်။

ငွေများများစားစား အိတ်ထဲမှာ ထည့်ပြီး နမော်နမဲ့ သွားလာနေတဲ့ ခရီးသည်တွေဟာ ကျွန်တော်ရဲ့ အမဲပါပဲ။

တချို့ကျတော့ ပိုက်ဆံအများကြီးကို သားရေလက်ဆွဲအိတ်ထူထူထဲမှာထည့် အပေါ်က ဇစ်အပြည့်ပိတ်၊ သော့သေးသေးလေး အကျအန ခတ်လို့။

ဟဲ. . . ခါးပိုက်နှိုက်တွေ မင်းတို့ ဘာတတ်နိုင်သေးလဲပေါ့။

ကျွန်တော်တို့ကို စိန်ခေါ်တာလေ။

ဟဲ. . . ဟဲ. . . တော်တော်ရယ်ရတဲ့လူတွေ၊ ခါးပိုက်နှိုက်ကို တယ်အထင်သေးကြတာပဲ။ သူတို့အထင်က ခါးပိုက်နှိုက်က အိတ်ကို တူနဲ့ဖွင့်၊ ဇစ်ကိုဖြုတ်ပြီး ငွေနှိုက်ယူတယ် ထင်တာကိုး။

ဒီတော့ အိတ်ကို နမော်နမဲ့ ဆွဲကိုင်လို့ ဘတ်စ်ကားပေါ်မှာ



ပါလာတယ်။ သူတို့အထင်က အိတ်ကို လုသွားမှပဲ သူ့ငွေတွေပါသွားမယ်လို့ တွက်ဆထားပုံ ရပါတယ်။

သူတို့ မသိလို့ပါ။

ကျွန်တော်တို့အဖို့ကတော့ အလွယ်လေး၊ သော့လည်း ဖွင့်စရာ မလိုဘူး၊ ဇစ်ကိုလည်း ဖြုတ်စရာ မလိုဘူး။ အိတ်ကြီး ဆွဲလုသွားစရာလည်း မလိုဘူး။

အနားကပ်ပြီး ကျွန်တော်တို့ လက်စွဲ လက်သန်းဖျားလောက်ရှိတဲ့ ဘရိတ်ဓားကလေးနဲ့ အိတ်ဘေးပိုင်းကို လှီးပြီး လိုချင်တာ ယူလိုက်ရုံပါပဲ၊

အဲ. . . အဖိုးတန် သားရေအိတ်ကြီးတော့ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားဖို့ သေချာတယ်။ လူတွေကလည်း တော်တော်အ,ကြပါတယ်။ တချို့များ သူခိုးကြောက်လို့ အိမ်တံခါးကို သော့ နှစ်ချက်၊ သုံးချက် ခတ်တယ်။ ဘယ်ရမလဲ၊ သူခိုးက သော့ဖွင့်မဝင်ဘူး။ ဘေးက ထရံခွာဝင်ရင်တော့ ကုန်ရော မဟုတ်လား။

သားရေအိတ်ထဲက ပစ္စည်းကို ယူဖို့ လွယ်ပေမယ့် သားရေအိတ်ထဲမှာ ဘာပစ္စည်းရှိတယ်ဆိုတာ ခန့်မှန်းဖို့ကတော့ သိပ်မလွယ်လှဘူး။ လွယ်အိတ်လို ပျော့ပျောင်းတဲ့ အရာထဲမှာ ထည့်လာရင်တော့ ကျွန်တော်တို့ တစ်ချက် စမ်းလိုက်ရုံနဲ့ ငွေဘယ်လောက် ပါနိုင်တယ်ဆိုတာ ခန့်မှန်းလို့ ရနိုင်ပါတယ်။

ဒီတော့. . .

သားရေအိတ်ကို ခွဲတော့မယ်ဆိုရင် ပိုင်ရှင်ကို အပေါ်ရုံကပဲ အကဲခတ်လုပ်ရတော့တယ်။ အဖိုးတန် ပစ္စည်းပါရင် အိတ်ကို ဂရုတစိုက် ရှိတာရယ်၊ ငွေများများ ပါနိုင် မပါနိုင်ဆိုတာကို အပြင်က တွက်ဆပြီး လုပ်ရပါတယ်။

ဖြစ်နိုင်ရင်တော့ အဲဒီလို သားရေအိတ်သမားကို ကျွန်တော်က ရှောင်ပါတယ်။ နှိုက်ရတာခက်လို့ မဟုတ်ပါဘူး၊ ခန့်မှန်းရတာ မပိုင်လို့ပါ။

ဒီနေ့မနက်ပိုင်းကတည်းက အလုပ်လုပ်ဖို့ ထွက်လာတာ အဆင်မပြေသေးဘူး။ အကွက်ကို မတွေ့သေးဘူး။

လွှစ္စလမ်းထိပ်က ၁၃၊ ၁၄ ကားမှတ်တိုင်မှာ ကျွန်တော် ရပ်ပြီး အမဲရှာနေတာ၊ စိတ်ကျေနပ်လောက်စရာကို မတွေ့သေးဘူး။ ဒီတစ်ခါတော့ ပိုင်မှ လုပ်မယ်လို့ ဆုံးဖြတ်ထားပါတယ်။ မနက်ဖြန်ခါ အစ်ကို ချစ်ထွေးကို ထောင်ဝင်စာ တွေ့ဖို့ ပိုက်ဆံက လိုနေပြီ။ ဒီတော့ ဖြစ်အောင်ကို လုပ်ရတော့မှာပါ။

ကျွန်တော် ကားမှတ်တိုင်မှာ ဖွဲကောင်းကောင်းနဲ့ပဲ ကားဂိတ်မှာက လူရှင်းစပြုနေပြီ။ ရှင်းရင် ကျွန်တော်တို့ အလုပ်က လုပ်လို့ မဖြစ်ဘူးလေ။

ဒီတော့ အစီအစဉ်ကို ညနေပိုင်းကို ရွှေ့လိုက်ရပါတယ်။ ညနေဆိုရင် ရုံးဆင်းချိန်၊ ဈေးသိမ်းချိန်နဲ့ ကားပေါ်မှာ လူကျပ်ပြီး အလုပ်လုပ်ရတာ ချောင်ပါတယ်။

ညနေပိုင်းလုပ်ရင် အကောင်းဆုံးက ဗိုလ်ချုပ်ဈေးရှေ့က ကားမှတ်တိုင်ပါ။

အဲဒီမှတ်တိုင်ဆိုရင် ဗိုလ်ချုပ်ဈေး၊ လဟာပြင်ဈေးက ဈေးမြန်တွေ တက်မယ်၊ တစ်နေ့တာ ရောင်းရငွေတွေ ပါလာမယ်။

ဒီတော့ ညနေထိအောင် ကျွန်တော် စောင့်မယ်လို့ ဆုံးဖြတ်ပြီး မနက်စာကို ၃၈ လမ်းဈေးက အဝစားဆိုင်မှာ ဝယ်စားလိုက်ပါတယ်။



နောက်ပြီး ရန်ကုန်ဘူတာကြီးထဲကို ဝင်ခဲ့တယ်။ တကယ်လို့ အမဲတွေ့ရင်လည်း အလုပ်လုပ်မယ်၊ မတွေ့ရင်လည်း အေးအေးဆေးဆေး နားမယ်၊ ညနေ ရုံးဆင်းချိန်ရောက်မှ ဗိုလ်ချုပ်ဈေးရှေ့က မှတ်တိုင်သွားမယ်ပေါ့။

ကျွန်တော့်စိတ်ထဲမှာက အစ်ကိုချစ်ထွေးကို ထောင်ဝင်စာ တွေ့ဖို့ပဲ စဉ်းစားနေပါတယ်။ ဒီနေ့မှ ကျွန်တော့်အလုပ်မဖြစ်ရင် ထောင်ဝင်စာ တွေ့နိုင်ဖို့ ခက်ပါလိမ့်မယ်။

ဟိုအပတ်ထောင်ဝင်စာသွားတုန်းက မမစန်းရဲ့ နားကပ်ကလေးကို ဖြုတ်ပြီး အပေါင်ဆိုင် ပို့ခဲ့ရပါတယ်။ ဒီတစ်ခါတော့ ကျွန်တော် ငွေရအောင် ရှာမှ ဖြစ်တော့မယ်လေ။

"မောင်ကျော် ငါ့အတွက် ဒုက္ခမရှာပါနဲ့ကွာ၊ ငါဖြစ်သလို နေနိုင်ပါတယ်။ အားငယ်နေရှာမယ့် စန်းမူကိုသာ အစ်မတစ်ယောက်လို စောင့်ရှောက်ပါကွာ"

ထောင်ဝင်စား သွားတိုင်း အစ်ကိုချစ်ထွေးက ပြောတတ်ပါတယ်။ သူထောင်ထဲမှာ ဆင်းရဲ ပင်ပန်းစွာ နေရတာထက် အပြင်မှာ သူ့ဇနီး မမစန်းတစ်ယောက် ဒုက္ခရောက်မှာကိုပဲ ပူပန်နေပါတယ်။

"စိတ်ချပါ အစ်ကိုချစ်ထွေးရာ"

"အစ်ကိုချစ်ထွေးဟာ ကျွန်တော့်ရဲ့ ကျေးဇူးရှင်ပါ။ အစ်ကိုချစ်ထွေးကို အစ်ကိုရင်းတစ်ယောက်လို သဘောထားသလို မမစန်းကိုလည်း အစ်မရင်းတစ်ယောက်လို စောင့်ရှောက်ပါ့မယ်"

သည်လို ကတိပြုတော့ အစ်ကိုချစ်ထွေးဟာ ကျွန်တော့်ကို ကျေးဇူးတင်ကြောင်း အထပ်ထပ် ပြောခဲ့ပါတယ်။

တကယ်တော့ အစ်ကိုချစ်ထွေးရဲ့ ကျေးဇူးတရားဟာ ကျွန်တော့်အပေါ်မှာ ကြီးပါတယ်။ ကျွန်တော့်ကို အန္တရာယ်ကြားက ကယ်တင်ပြီး သူ့အိမ်မှာ ခေါ်ထားရုံမကဘဲ ကျွန်တော့်ရဲ့ လိုအပ်ချက် ပညာရပ်တွေကို လက်ထပ်သင်ပေးခဲ့သူ ဖြစ်ပါတယ်။

ဟိုတုန်းက အစ်ကိုချစ်ထွေးနဲ့ မတွေ့ခင်က ကျွန်တော်ဟာ အစ်ကိုယ်တော်ပါ၊ ခါးပိုက်နှိုက်လည်း မဟုတ်ဘူး။

ဘူတာမှာ ခရီးသည်တွေရဲ့ ပစ္စည်းကို အလစ်သုတ်တဲ့ အလုပ်ကို လုပ်ပါတယ်။ ဇာတိက မြစ်ဝကျွန်းပေါ် မြို့တစ်မြို့ကပါ၊ အိမ်က ထွက်ပြေးလာပြီး ကိုယ့်ဝမ်းကိုယ် ဖြစ်သလို မွေးနေခြင်း ဖြစ်ပါတယ်။

တစ်ခါကတော့ ပစ္စည်းအလစ်သုတ်မှုနဲ့ ထောင် (၆) လ ကျခဲ့ပါတယ်။ ထောင်ထဲရောက်တော့ ခါးပိုက်နှိုက်မှုနဲ့ ထောင်ကျနေတဲ့ ဖျံဘဦးဆိုတဲ့ ကောင်နဲ့ အပေါင်းအသင်းဖြစ်ပြီး ခါးပိုက်နှိုက်နည်း၊ ဆွဲကြိုးဖြတ်နည်း၊ နာရီဖြုတ်နည်း ပညာရပ်တွေကို သင်ကြား တတ်မြောက်ခဲ့ပါတယ်။ ဒီတစ်ခါ ထောင်ပြင်ပြန်ရောက်တော့ အလစ်မသုတ်တော့ဘဲ တတ်ထားတဲ့ ပညာနဲ့ အလုပ်စခဲ့ပါတယ်။

ခါးပိုက်နှိုက်အလုပ်ကို ဆိုလိုတာပါ။

ဒါပေမဲ့ သိပ်မကျွမ်းကျင်လှသေးပါဘူး။ အလုပ်တော့ ဖြစ်ပါတယ်။

အစ်ကိုချစ်ထွေးနဲ့ ကျွန်တော် ဆုံပုံက ဒီလိုပါ။

တစ်နေ့. . .

ကျွန်တော် အမှတ် (၃) ကားပေါ်မှာ အမဲဝါစ်ကောင်ကို အပိုင်ဖမ်းဖို့ လိုက်လာခဲ့ပါတယ်။ ရွှေဘုံသာလမ်းမှာ ဆင်းမယ့်



စိန်ရွှေပွဲစား ဘာဘူ ကုလားတစ်ယောက်ပါ။ ကားပေါ်မှာ နှိုက်ဖို့ အခွင့်အလမ်းက မကြုံပါဘူး။ ဒါနဲ့ ရွှေဘုံသာ မှတ်တိုင်အဆင်းမှာ နှိုက်လို့ ရပါတယ်၊ သားရေအိတ်တစ်အိတ်ပါ၊ ပစ္စည်းရလို့ လစ်မယ်လို့ လဲလုပ်ရော အနှောင့်အယှက် ဖြစ်ပေါ်လာတယ်။

ကျီးကန်းဆိုတဲ့ကောင်နဲ့ သူ့လူနှစ်ယောက်ပါ။ သူတို့က အဲဒီဘစ်ဂိုက်မှာ ကျက်စားနေတဲ့ ကောင်တွေပါ။ ခါးပိုက်နှိုက်တော့ မဟုတ်ဘူး။ ဒါပေမဲ့ ခါးပိုက်နှိုက်အထာကို ကျွမ်းတော့ ခါးပိုက်နှိုက်တွေဆီက ရလာတဲ့ပစ္စည်းကို မိုက်ကြေးခွဲ ဗိုလ်ကျ စားနေကြတာပါ။

"နေပါဦး ကိုယ့်လူရယ်၊ ခဏလေး နေပါဦး၊ မင်းက တော်တော်ကျွမ်းတာပဲ၊ ကုလားကြီး လုံးဝ မသိလိုက်ဘူးကွ၊ ဒါပေမဲ့ ငါတို့ကတော့ မြင်ပါတယ်ကွာ"

ကျီးကန်းဆိုတဲ့ကောင်က ကျွန်တော့်လက် ဖမ်းဆွဲပြီး ပြောလိုက်ပါတယ်။ —

"ဟင်. . . ခင်ဗျား ဘယ်သူလဲ၊ ဘာတွေ လာပြောနေတာလဲဗျ! ကျုပ် ဘာမှမသိဘူး"

ကျွန်တော် ခပ်တည်တည်နဲ့ ပြန်ဟောက်လိုက်ပါတယ်။

"ဟဲ. . ဟဲ. . မင်း လူသစ်ထင်တယ်၊ ငါ့ကို မသိဘူးလား၊ ငါ့နာမည် ကျီးကန်းလေကွာ၊ မကြားဖူးဘူးလား"

သူက မခန့်လေးစား ပြန်ပြောပါတယ်။

ကျီးကန်းတစ်ယောက် ဂင်တိုတိုနဲ့ အသားရောင် မည်းမှောင်နေတဲ့ သူကို ကျွန်တော် သိပါတယ်။ ကျွန်တော်တို့လို လူတွေဆီက ဝေစုခွဲမရရင် ခါးပိုက်နှိုက်ဆိုပြီး ဝိုင်းရိုက်လို့ ရဲလက်အပ်တဲ့ သတင်းတွေကိုလည်း ကြားဖူးပါတယ်။

ခုတော့ ရင်ဆိုင်တွေ့ရပြီ။ ကျွန်တော် ဘာလုပ်ရမလဲ။

ကျွန်တော် သက်စွန့်ဆံဖျား ကြိုးစားထားတဲ့ ပစ္စည်းကို ခုလို ဗိုလ်ကျတာတော့ မခံနိုင်ဘူးလေ။

"ကိုတစ်တွေဟာ ဘဝတူပဲကွာ၊ ဝေမျှစားကြတာပေါ့၊ တုတ်စမ်းကွာ တော်တော်တော့ ထန်းဖိုးများလိမ့်မယ်ကွ၊ အဲဒါ စိန်ပွဲစားက်ကောင်းရင် စိန်ထည်တွေတောင် ပါနိုင်တယ်ကွ"

ကျီးကန်းက ဖျောင်းဖျသလို လေပေါက်နဲ့ ပြောပါတယ်။

"ခင်ဗျားတို့ ဗိုလ်မကျနဲ့ ကျုပ်သွားမယ်ဗျာ"

ကျွန်တော် ခပ်ထန်ထန်ပြောပြီး လက်ကို ဆောင့်ရုန်းလိုက်ပါတယ်။

"ဩော်. . . မင်းက ဒီလိုလား၊ ရတာလေးတောင် မစားရဘဲ ရဲလက်ထဲ ရောက်ချင်ပြီမှတ်တယ်၊ ကဲ. . . မင်းပစ္စည်းပေးစမ်းကွာ"

ကျီးကန်းအသံက မာလာတယ်။

ကျွန်တော့်ကို အကြမ်းဖက်တော့မယ့် ပုံစံမျိုး ပြလာပါတယ်။

သုံးယောက်နဲ့တစ်ယောက်ဆိုတော့ အင်အားချင်း မမျှပါဘူး။ ကျွန်တော် ခံရတော့မယ်အဆင့် ရောက်နေပါပြီ။

"ဟေ့ကောင် ကျီးကန်း၊ လမ်းလယ်မှာ ဘာတွေ ရုတ်ရုတ်ရက်ရက် လုပ်နေတာလဲကွ၊ အားလုံး ဝင်သွားနေရဦးမယ်"

အသံတစ်သံ ပေါ်လာတာနဲ့ ကျီးကန်းက ကိုယ်ရှိန်သတ်လိုက်ပါတယ်။

ကျကျနန ဝတ်စားလာတဲ့ လူရွယ်တစ်ယောက်ကို မြင်ရပါတယ်။



"ဟော. . . ကိုချစ်ထွေးပါလား၊ ဒီမှာဗျာ၊ ဒီကောင် လူသစ်ဗျ၊ ပြဿနာ ဖော်ချင်နေလို့ ဆုံးမမလို့ဗျ"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်အပေါ်မှာ သက်သက် ဗိုလ်လာကျနေကြတာပါ"

ကျွန်တော်က ဝင်ပြောလိုက်ပါတယ်။

"ကဲ. . . ကျီးကန်း မင်းသွားပါတော့ကွာ၊ ငါနဲ့ ပတ်သက်တဲ့ ကိစ္စကိုတော့ မင်း ရှောင်ပါ ဟုတ်လား၊ ဒါ ငါ့မိတ်ဆွေပဲ"

ကိုချစ်ထွေးဆိုတဲ့လူက ခပ်တင်းတင်း ပြောလိုက်တော့ ကျီးကန်းတို့လူသိုက်ဟာ မကျေမနပ်နဲ့ ထွက်သွားကြတယ်။

ကျွန်တော် သူ့ကို အထင်ကြီးသွားတယ်။

ကျီးကန်းလို နာမည်တစ်လုံးနဲ့ နေတဲ့ လူမိုက်ကတောင် သူ့ကို မယှဉ်ရဲဘူးလေ။

"ကျေးဇူးတင်ပါတယ် အစ်ကိုရေ၊ အစ်ကိုသာ ဝင်မလာရင် ကျွန်တော် ခံရဖို့နဲ့ ရဲစခန်းရောက်ဖို့ တစ်ခုခုပဲ"

"ငါသိပါတယ်ကွာ၊ တစ်ချိန်တုန်းကလည်း ဒီကောင် ငါ့အပေါ်မှာ ဗိုလ်ကျခဲ့ဖူးတယ်လေ၊ ငါက ရက်ရက်စက်စက် တုံ့ပြန်လိုက်လို့ ဦးကျိုးသွားတာကွ"

"နောက်ပိုင်း ငါ့ကို မယှဉ်ရဲဘူးလေ၊ လူမိုက်ဆိုတဲ့ကောင်တွေဟာ သူတို့ အနိုင်ရတဲ့ လူတွေအပေါ်မှာသာ မိုက်ရဲတာပါကွာ၊ သူတို့ထက် ပိုမိုက်ပြလိုက်ရင် ကိုယ့်ခြေထောက်အောက် ရောက်လာမပြဲ မှတ်ထား ငါ့ညီရ"

ဒီလိုနဲ့ ကိုချစ်ထွေးနဲ့ ကျွန်တော်ဟာ ခင်မင်သွားကြတယ်။

ကျွန်တော် တစ်ကောင်ကြွက်ဖြစ်မှန်း သိတော့ သူတစ်ယောက်

တည်းနေတဲ့အိမ်မှာ ခေါ်ထားတယ်။

အစ်ကိုချစ်ထွေးဟာလည်း ကျွန်တော်လို ခါးပိုက်နှိုက်ဆိုတာ ဒီခဲ့ရတယ်။ ဒါပေမယ့် သူက အဆင့်မြင့်တယ်။ သူကလည်း တစ်ကိုယ်တော် ကြံစည်နေသူပဲ ဖြစ်တယ်။ ကျွန်တော် တစ်ကိုယ်တော်လုပ်တာက အဖော်မရှိလို့ပါ။ အစ်ကိုချစ်ထွေး တစ်ကိုယ်တော် အလုပ်လုပ်တာက တစ်မျိုး။

"ဒီမှာ မောင်ကျော်ရ၊ အဖော်နဲ့ အုပ်စုနဲ့ လုပ်ရင် ကိုယ်က ဘယ်လောက်လျင်လျင် တစ်ယောက်မိရင် တစ်သီကြီးမိကုန်ရောကွ၊ တစ်ယောက်တည်းသမားကတော့ ကိုယ့်ကို မမိရင် ဘာမှ မပူရတော့ဘူး။ ဒါကြောင့် ငါဟာ ဘယ်တော့မှ အဖော်မရှာဘူး။ တပည့်မမွေးဘူး။ မင်းကို ညီရင်းတစ်ယောက်လို ခင်လို့သာ ငါနဲ့ တွဲလုပ်ခွင့်ပြုတာ"

အစ်ကိုချစ်ထွေးဟာ အဲဒီလို ဖွင့်ပြောပါတယ်။ ဟုတ်ပါတယ်။ သူဟာ ကျွန်တော့်ကို သံယောဇဉ်ရှိပါတယ်။ ကျွန်တော်မှာ လိုအပ်တဲ့ ပညာရပ်တွေကို ဆရာစားမချန်ဘဲ သင်ပြပေးခဲ့ပါတယ်။

ကျွန်တော် အစ်ကိုချစ်ထွေးအိမ် ရောက်စကတော့ သူဟာ လူပျိုလူလွတ်ပါ။ နောက်ပိုင်းကျမှ ကျောင်းသူလေး တစ်ယောက်ရဲ့ဆွဲကြိုးကို ဖြတ်ရင်း သနားလို့ ပြန်ပေးရာက ကောင်မလေးကို တကယ် ချစ်မိပြီး သူ့ကိုယ်သူ ကောလိပ်ကျောင်းသား အရေခြုံပြီး ခိုးယူတဲ့ကိန်းဆိုက်ခဲ့တာပါ။ သူယူတဲ့ သူလေးဟာ မစန်းစန်းမူဆိုတဲ့ မမစန်းပဲ ဖြစ်ပါတယ်။

အစ်ကိုချစ်ထွေး မိန်းမရပေမယ့် ကျွန်တော်တို့ရဲ့ ဆက်ဆံရေးကတော့ မပြောင်းပါဘူး။ ချစ်ချစ်ခင်ခင်နဲ့ အတူနေကြပါတယ်။



ဒါပေမဲ့ ကြမ္မာဝင်တဲ့ အစ်ကိုချစ်ထွေးဟာ ကိုင်းဝက်ဆိုတဲ့ ထောင်ထွက်တစ်ယောက်ကို အိမ်ပေါ် ခေါ်တင်လာခြင်းက စခဲ့ပါတယ်။ ကိုင်းဝက်နဲ့ ပေါင်းမိခြင်းက လူယက်မှု ကျူးလွန်ဖို့ ဖန်တီးခဲ့သလို ထောင် (၇) နှစ်ဆိုတဲ့ နှစ်ရှည်ထောင်ကျဖြစ်လာခဲ့တယ်လို့ ဆိုရမှာပါ။

အစ်ကိုချစ်ထွေး မရှိပေမယ့် သူချစ်တဲ့ သူ သံယောဇဉ် တွယ်တဲ့ မမစန်းကို ကျွန်တော် ဆက်လက် စောင့်ရှောက်ခဲ့ပါတယ်။

အစ်ကိုချစ်ထွေး မရှိတဲ့နောက်ပိုင်းမှာ ကျွန်တော် တစ်ကိုယ်တော် ကြံခဲ့ရပါတယ်။ ဒါပေမယ့် သတိတော့ ထားရတာပေါ့။ ကျွန်တော်ပါ မရှိရင် မမစန်းအဖို့ အားထားရာ အားကိုးရာမဲ့တော့မယ် မဟုတ်လား။

ရန်ကုန်ဘူတာကြီးထဲက ခုံကလေးမှာ ထိုင်ပြီး အတွေးကြွယ်နေမိတဲ့ ကျွန်တော်ဟာ မဆုံးနိုင်တော့တဲ့ အတွေးစကိုဖြတ်လို့ ထိုင်ရာက ထလိုက်ပါတယ်။ သုံးနာရီခွဲနေပြီပဲ။ ဗိုလ်ချုပ်ဈေးကားမှတ်တိုင်ကို သွားပြီး 'အလုပ်လုပ်ဖို့' အကွက်စောင့်ရဦးမယ်လေ။

ကျွန်တော်က ဘုန်းကြီးလမ်းမှတ်တိုင်ကို သွားပြီး အမှတ် (၂) ကားကို စောင့်စီးပြီး လိုက်လာခဲ့ပါတယ်။ ဗိုလ်ချုပ်ဈေးမှတ်တိုင်မှာ လူတွေ မတက်ခင် ကျွန်တော်က ကြိုပြီး ကားပေါ် ရောက်နေဖို့ လိုတယ်လေ။ ဒါမှ တက်လာတဲ့ လူတွေထဲက နှိုက်ဖို့ လူကို အကဲခတ်နိုင်မယ် မဟုတ်လား။

ကျွန်တော်က ကားနောက်ပေါက်က အဝမှာ နေရာယူထားလိုက်ပါတယ်။ အဲဒီနေရာဟာ နှိုက်ဖို့အတွက် နေရာကောင်းပါပဲ။ တက်သူရော ဆင်းသူပါ ကျွန်တော့်ကို ပွတ်တိုက်ဖြတ်ဆင်းရမှာ

ဖြစ်တော့ နှိုက်လို့ လွယ်ကူတယ်၊ လစ်လို့လည်း လွယ်ကူတယ်လေ။

ကားပေါ် နှိုက်ရတဲ့အခါ ကားအတက်အဆင်းဟာ ခရီးသည်တွေ သတိလစ်တဲ့အချိန် ဖြစ်ပါတယ်။ ကားပေါ် ရောက်ဖို့ ကား မရောက်ခင် အောက်ဆင်းနိုင်ဖို့အတွက် မိမိပစ္စည်းကို ဘဒင်္ဂလော သတိမေ့ပြီး အတက်အဆင်း ကိစ္စအတွက် အာရုံစိုက်လိုက်တဲ့အချိန် မှာ ကျွန်တော်တို့ဟာ အဲဒီ အခွင့်အရေးကို အရယူပြီး ဖြစ်ပါတယ်။

"လက်မှတ်ဝယ်ကြပါ၊ လက်မှတ်စစ်တက်လာကာမှ ပြဿနာ မလုပ်ကြပါနဲ့"

ကားလက်မှတ်ရောင်းရဲ့ ဆောင့်ဆောင့်ကြွားကြွား အသံ ကြောင့် ကျွန်တော်က လှမ်းကြည့်လိုက်ပါတယ်။ အသက်ကြီးကြီး ဗလကောင်းကောင်း အသားမည်းမည်းနဲ့ လက်မှတ်ရောင်းတို့ ကြည့်ပြီး ကျွန်တော် မျက်လုံးပြူးသွားပါတယ်။

အဲဒီလူက ကျွန်တော် ခါးပိုက်နှိုက်မှန်း သိပြီး သူ့ကားပေါ် မလိုက်ဖို့နဲ့ နောက်တစ်ခါတွေ့ရင် လည်ပင်းလိမ်ချိုးမယ်လို့ ကြိမ်း ထားဖူးပါတယ်။ ကားသမားတွေဟာ အုပ်စုရှိတဲ့ ခါးပိုက်နှိုက်ကို တော့ နောက်ပိုင်းရန်ကြောင့် မသိမဲ့သာ လျစ်လျူရှုခဲ့ပေမယ့် ကျွန် တော်တို့လို တစ်ကိုယ်တော် ခါးပိုက်နှိုက်ကိုတော့ အပြတ်ချ တတ်ပါတယ်။

ဒီလက်မှတ်ရောင်းကြီးနဲ့ ရင်မဆိုင်ရခင် ကျွန်တော် ကားပေါ် က ဆင်းတော့မှ ဖြစ်တော့မယ်။

"ဘားလမ်းပါတယ်၊ ဘားလမ်း"

ကျွန်တော်က ဒရိုင်ဘာကြားအောင် အော်လိုက်တယ်။

ဒါ ကျွန်တော့်အမှားပဲ။



ဆင်းမယ်လူ ရှိတာ သိသွားတဲ့ လက်မှတ်ရောင်းဟာ ကားခ ...ကောင်းဖို့ ကျွန်တော့်နားကို တိုးလာပါတယ်။

ကျွန်တော့်ကို မြင်တာနဲ့ သူ့မျက်နှာကြီးက ညစ်ပုတ်သွား ...ပါတယ်။

"ဪ . . မင်း ငါ့ကားကို စီးလာပြန်ပြီလား"

လူကြီးရဲ့ အသံဟာ ဟိန်းတက်လာပါတယ်။

ကျွန်တော်လည်း ပိုက်ဆံအိတ်ကို နှိုက်ယူထားပြီး ဖြစ်နေတာ ... ပြဿနာ အဖြစ်မခံနိုင်ပါဘူး။ ဒါကြောင့် မျက်နှာချို သွေးရပါ ...တယ်။

"ကျွန်တော် မသိလို့ပါ ဦးလေးရယ်၊ နောက် မစီးပါဘူး၊ ရော့ . . ကားခယူပါ၊ ရှေ့မှတ်တိုင်မှာ ဆင်းမှာပါ"

"အေး . . . နောက်တစ်ခါ ငါရှိတဲ့ ကားကို ဘယ်တော့မှ မလာလေနဲ့ ငါ့လူ၊ မင်းတို့လို အကောင်တွေကြောင့် တို့ကားသမား တွေ နာမည်ပျက်တယ်ကွ၊ ငါက ဘယ်ကောင်မျိုးမှ ဂရုမစိုက်ဘူး၊ ...မင်းတို့သာရင်လည်း လုပ်၊ ငါသာရင်လည်း မလွယ်ဘူးသာမှတ်"

ဒီလူကြီးက ကျွန်တော့်ကို အခြောက်တိုက် ကြိမ်းနေပြန်တယ်။

ကားထဲက ခရီးသည်တွေရဲ့ မျက်လုံးတွေဟာ ကျွန်တော်ထံ စုပြုံရောက်လာပြန်တယ်။ ကျွန်တော့်ရင်တွေက တဒုန်းဒုန်း ခုန်လာ ...ပါပြီ။

ပြောက်မြားစွာသော မျက်လုံးတွေအောက်မှာ ကျွန်တော် ချွေး ပြန်နေခဲ့ပါပြီ။ အဲဒီတုန်းမှာပဲ . . .

"ဟင် . . ဟော့တော့၊ ကျွန်မပိုက်ဆံအိတ် မရှိတော့ဘူး၊ လုပ်ကြပါဦး"

ကျွန်တော် နှိုက်ထားတဲ့ ပိုက်ဆံအိတ်ရှင် အဒေါ်ကြီးအသံက စူးစူးဝါးဝါး ထွက်ပေါ်လာပါတယ်။

ကျွန်တော်က ကားပေါ် ခုန်ဆင်းဖို့ ကြိုးစားလိုက်ပေမယ့် သန်မာတဲ့ လက်တစ်ဘက်က ကျွန်တော့်ကုတ်ကို ဆွဲကိုင်ထားပြီလေ။

အဲဒါ ကားလက်မှတ်ရောင်းတဲ့လူကြီးပဲ ဖြစ်ပါတယ်။

"ဟေ့ကောင် ပြန်ပေးစမ်း"

သူက မျက်ထောက်နီကြီးနဲ့ကြည့်ကာ လက်ဖြန့်တောင်းလိုက်ပါတယ်။

"ဘာလဲဗျ ကျုပ်ကို ဘာကောင်မှတ်လို့လဲ"

ကျွန်တော်က ခပ်တည်တည်နှင့် ပြောက်ပစ်လိုက်တယ်။ အဲသည်တုန်းမှာပဲ. . .

"ဖောင်း" ခနဲ အသံနှင့်အတူ. . .

ကျွန်တော့် မျက်လုံးအစုံ မီးဝင်းဝင်းတောက်သွားပါတယ်။ အဲဒီလူကြီးက မျက်နှာကို ဖြတ်ရိုက်လိုက်ခြင်းပါ။

"မလွတ်နဲ့၊ မလွတ်နဲ့ ဒီကောင် ခါးပိုက်နှိုက်"

တစ်ယောက်က အော်ဟစ်လိုက်တာနဲ့တစ်ပြိုင်နက် လက်သီးတွေ၊ လက်ဝါးစောင်းတွေ ကျွန်တော့်မျက်နှာကို ဖောဖောသီသီ ကျလာပါတယ်။ ပါးစပ်က စီးကျလာတဲ့ သွေးတွေကို သုတ်ပြီး ကျွန်တော်က တိုက်စစ်ပြောင်းလိုက်ပါတော့တယ်။

"ကြောက်ပါပြီဗျာ၊ ကြောက်ပါပြီ"

"ဟောဒီမှာ ပိုက်ဆံအိတ်ပြန်ယူပါ၊ ကျွန်တော် မှားပါတယ်။ နောက်မလုပ်တော့ပါဘူး"



ကျွန်တော်က ပိုက်ဆံအိတ်ကို ထုတ်ပေးပြီး တောင်းပန်လိုက်ပါတယ်။

ဒီအချိန်မှာ ကားကရပ်သွားပြီဖြစ်လို့ ကားဘေးမှာ လူတွေအုံလာပါတော့တယ်။

"ခွေးမသား ခါးပိုက်နှိုက်၊ သေစမ်းကွာ"

ဒီတစ်သံကို ကြားရပြီး ကျွန်တော် ကားအောက်ကို လွင့်စဉ်ကျသွားပါတယ်။ တစ်ယောက်ယောက် ကားပေါ်က ခုန်ချလိုက်ခြင်းပဲဖြစ်မှာပါ။

ဘာဖြစ်တာလဲဟေ့။

ခါးပိုက်နှိုက်လား။

အရှင်မထားနဲ့ အသေသတ်။

တစ်ယောက်တစ်ပေါက် အသံတွေနှင့်အတူ လက်သီးတွေ၊ သီးတွေ၊ ဖိနပ်တွေ စုပြုံကျလာပြန်ပါတယ်။

လမ်းပေါ် လဲကျပြီး ကျွန်တော် သတိလက်လွတ်ဖြစ်နေရပါပြီ။

"ဟေ့ ဟေ့ တော်ကြပါတော့ ရဲကို အပ်ကြပါ၊ ဒီလို တာဝန်မဲ့ မလုပ်ကြပါနဲ့"

တစ်ယောက်ရဲ့အသံ ထွက်ပေါ်လာပါတယ်။ ရိုက်နှက်မှုတွေ တလည်း ရပ်သွားပါတယ်။

"သနားပါတယ်ကွယ်၊ တော်ကြပါတော့၊ ငါ့ပိုက်ဆံအိတ်လည်း ပြန်ရပါပြီ၊ မရိုက်ကြပါနဲ့ ပြန်လွှတ်လိုက်ကြပါတော့"

အဒေါ်ကြီးတစ်ယောက်ရဲ့ အသံကို ကြားရပြန်ပါတယ်။

"ဟုတ်ပါတယ်။ ဒီလောက်ဆုံးမရမှ ကျေနပ်ပါတော့ ရဲ လက် မအပ်ပါနဲ့ သွားပါစေတော့"

ဘစ်ယောက်က ဝင်ပြောပြန်တယ်။ ကျွန်တော်က လဲနေရာ
အထောင်းလို့ ထလိုက်ပါတယ်။ မျက်လုံးတွေက သွေးတွေ ဖုံးနေတာ
နဲ့ မမြင်ဘူး ကြည်လင်တော့ပါဘူး။ ခေါင်းကလည်း မူးနော
သလို နေခဲ့ပါပြီ။

"တဲ ကိုယ့်လူ သွားပေတော့၊ ကောင်းရောင်းကောင်းဝယ်လု
တား ကြားလား၊ နောက်တစ်ခါ ဒီအလုပ်မျိုးတွေ့ရင်တော့ သေ
သာ မှတ်ပေတော့"

ကျွန်တော့်ကို ကောင်းကောင်းကြီး ပညာပေးပြီး ပြန်လွှတ်
လိုက်ပါတယ်။ ကျွန်တော့်မှာတော့ မသေရုံတမယ်ပါ။ အဲသည်နေ
မှာပဲ သည့်အလုပ်ကို နောက်မလုပ်တော့ပါဘူးလို့ ဆုံးဖြတ်ခဲ့မိ
တယ်။ ကျွန်တော် သိပ်ကြောက်သွားပါပြီ။

ကျွန်တော်တို့ ခါးပိုက်နှိုက်တွေဟာ ရဲလက်ရောက်မှာထ
သည့်လို့လူထုလက်ထဲရောက်မှာ ပိုကြောက်ကြပါတယ်။

အိမ်ကို အားတင်းပြီး ရောက်အောင် ပြန်ခဲ့ရပါတယ်။

အကျီတွေ စုတ်ပြတ်လို့ တစ်ကိုယ်လုံး ဖုန်တွေ၊ သဲတွေ သွေး
တွေနဲ့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတဲ့ ကျွန်တော့်ကို ကြည့်လို့ မမစ
ဟာ ထိတ်လန့်တုန်လှုပ်သွားခဲ့ပါတယ်။

"အောင်မယ်လေး မောင်ကျော်ရယ်၊ ဘယ်လိုဖြစ်တာလဲ
တစ်ကိုယ်လုံး သွေးတွေနဲ့ပါလား"

မမစန်းက ကြောက်လန့်တကြား ထအော်လိုက်ပါတယ်။

"စိတ်မပူပါနဲ့ မမစန်းရာ၊ ကိစ္စမရှိပါဘူး။ ကျွန်တော့်ကို သောက်
ရေတစ်ခွက်လောက် ပေးပါ"

ကျွန်တော်က ဒီလောက်ပဲ ပြောပြီး. . . .



ဖိနပ်ချွတ်မှာပဲ အရုပ်ကြိုးပြတ်သလို ထိုင်ချလိုက်မိပါတယ်။

တစ်ကိုယ်လုံးလည်း မလှုပ်နိုင်အောင် နာကျင် ကိုက်ခဲမှု
ဝေဒနာကို ခံစားနေရပါတယ်။

"ဟဲ့ ကလေးမ ဘာဖြစ်လို့လဲ. . . ဘာဖြစ်လို့လဲ အောင်မယ်
လေး သွေးတွေနဲ့ပါလား၊ လာကြပါဦးတော့"

မမစန်းရဲ့ အထိတ်တလန့်အော်သံကြောင့် တစ်ဘက်ခန်းက
အိမ်ရှင်အဒေါ်ကြီး အိမ်ပေါ် တက်လာပါတယ်။

ဖိနပ်ချွတ်မှာ သွေးသံရဲရဲနဲ့ ထိုင်နေတဲ့ ကျွန်တော့်ကိုလည်း
မြင်ရော အသံပြကြီးနဲ့ ထအော်ပါတော့တယ်။

"ဒီမှာ အဒေါ်ကြီး ခင်ဗျား ပါးစပ်ပြကြီးကို ပိတ်ထားစမ်းပါ
ဗျာ၊ ကျွန်တော် ရုပ်ရှင်ရုံမှာ ရန်ဖြစ်ပြီး ထိုးကြိတ်လာခဲ့တာ ဘာမှ
ဖြစ်တာ မဟုတ်ဘူး။ ခင်ဗျားအခန်း ခင်ဗျားပြန်ပါတော့"

ကျွန်တော်က စိတ်ပေါက်ပေါက်နဲ့ ထဟောက်ပစ်လိုက်မိပါ
တယ်။

"ကောင်းပါပြီးကွယ်၊ ကောင်းပါပြီ၊ ငါက အိမ်နီးချင်းပီပီ
ကူညီရအောင်လာတာ မလိုရင်လည်း ပြန်ရုံပေါ့"

အဒေါ်ကြီးက နှုတ်ခမ်းစူလို့ ဆောင့်ကြီးအောင့်ကြီးနဲ့ အိမ်ပေါ်
က ပြန်ဆင်းသွားပါတယ်။

တောင်းပါတယ်။

ဒီအဒေါ်ကြီးကို ကျွန်တော် ကြည့်လို့ကို မရဘူး။ စပ်စုတာက
လည်း အလွန်ပဲ အတင်းကလည်း လျှောက်ပြောသေးတယ်။ ဒါ
ကြောင့် မမစန်းကိုလည်း ဒီအဒေါ်ကြီးနဲ့ အရောမဝင်ဖို့ မှာထားရ

တယ်။ သူ့ကို ဘာမှ ရောနှောနေစရာ မလိုဘူး။ ကျွန်တော့် တာဝ
က. . . .

သူ့အိမ်လခ မှန်မှန်ပေးနိုင်ရင် ပြီးတာပဲ မဟုတ်လား။

* * *

## အခန်း (၄)

အိမ်လခတော့ မှန်မှန်ရပါတယ်။

ဒါပေမဲ့ သူတို့နေထိုင်ပုံ ကျုပ် မကြိုက်ဘူး။ ကျုပ်က အိမ်ရှ
ဆိုတော့ ကျုပ်အိမ်မှာ ငှားနေတဲ့ အိမ်ငှားနေတဲ့ အိမ်ငှားမကောင်
ရင် အိမ်ရှင်ကိုပါ လာထိနေမှာလည်း တွေးပူနေရသေးတယ်။

ပထမဆုံး မောင်ချစ်ထွေးဆိုတဲ့ သူငယ်ကို စပေါ် ၁၀၀၀ ယူ
ငှားလိုက်မိတယ်။ သူတစ်ယောက်တည်း နေမှာပါ။ နယ်ကလာ
ရန်ကုန်ကောလိပ် တက်နေတာပါလို့ ဆိုတယ်။

နောက် သူ့ညီ မောင်ကျော်ဆိုတာ ရောက်လာတယ်။ သူ့ည
ကလည်း ရုံးစာရေးလို့ ပြောပါတယ်။ လူကောင်းတွေပဲလို့ ကျု
ကြည့်နေခဲ့တယ်။

ဘာကြာလဲ မောင်ချစ်ထွေး မိန်းမယူပြီး အိမ်ပေါ်တင်လာပြ
ပြီလေ။ ဒီလို လူပိုတင်တဲ့အတွက်ဆိုပြီး မောင်ချစ်ထွေးက အိမ်လ
၅ ကျပ် ပိုပေးပါတယ်။ ဒီတော့လည်း ကျုပ်က မပြောဘူးပေါ့။ ဒီလ
နဲ့ ကောလိပ်ကျောင်းသားဆိုတဲ့ မောင်ချစ်ထွေး ထောင် (၇) နှ
ကျသွားပါရောလား။

လုယက်မှုနဲ့တဲ့။

ဒီတော့မှ သူတို့ရဲ့ ဇာတိဟာ ဖုံးမရဘဲ ပေါ်လာတော့တယ်။



ဘုရား. . . ဘုရား

ကျုပ်ကို လည်ပင်းညှစ်လုမှုဖြင့်ဆိုတဲ့ အတွေးကို တွေးမိတာ
နဲ့ ကျုပ် ညဆို အိပ်တောင်မပျော်ဘူး။ ကျုပ်ကလည်း ယောကျ်ား
မရှိတဲ့ မုဆိုးမ၊ သားထောက်သမီးခံမရှိဆိုတော့ စိတ်အားငယ်မိတာ
အမှန်ပါပဲ။

မောင်ချစ်ထွေး ထောင်ကျသွားပေမယ့် သူ့ဇနီး စန်းစန်းမူနဲ့
သူ့ညီ မောင်ကျော်ဆိုတဲ့ လူငယ်ကတော့ အိမ်လခမှန်မှန်ပေးပြီး
ဆက်နေခဲ့ကြတယ်။

မောင်ကျော်က ရုံးမှ စာရေးသို့ပြောပေမယ့် ကျုပ်တော့ မယုံ
ချင်ဘူး။

ကြည့်လေ ရုံးချိန်မှာ အိမ်မှာရှိနေတတ်ပေမယ့် ရုံးလွှတ်ချိန်
ကျတော့လည်း အိမ်မှာ ရှိချင်မှရှိပြန်တယ်။ သူများရုံးစာရေးတွေ
နဲ့ မတူပါဘူး။

နောက်ပြီး တစ်ခါတလေတော့လည်း ငွေကြေးအရံ ဖောဖော
သီသီ ဖြစ်နေတတ်ပြီး တစ်ခါတလေကျတော့လည်း ကလေးမလေး
နားကပ်တောင် ကျုပ်က အပေါင်ခံရတဲ့ထိ ဖြစ်လာတာ တွေ့ရပြန်
တယ်။

သိပ်တော့ မူမမှန်ပါဘူး။ တစ်ယောက်တည်း ကောလိပ်
ကျောင်းသားဆိုပြီး လုယက်မှုနှင့် ထောင်ကျသွားပြီ။ ဒီတစ်ယောက်
လည်း စာရေးဆိုပြီး ဘာမှုနဲ့ ထောင်ကျဦးမလဲပဲ။

ကြည့်ပါလား. . .

ဟိုတစ်လောက မောင်ကျော်ဆိုတဲ့သူငယ် သွေးရဲရဲ သံရဲရဲနဲ့
အိမ်ပြန်ရောက်လာတယ်။ ရုပ်ရှင်ရုံမှာ ရန်ဖြစ်လို့ပါ ပြောပေမယ့်
ကျုပ်မယုံပေါင်။

တစ်ခုခုတော့တစ်ခုခုပဲ ခိုးဝှက်လို့ အရိုက်ခံရတာ ဖြစ်ချင်ဖြစ်မှာပါ။

ဘာဖြစ်လို့လဲဆိုတော့ ရလာတဲ့ ဒဏ်ရာကို ဆေးရုံ မသွားဆေးခန်းမပြဘဲနဲ့ အိမ်မှာ ကြိတ်ကုနေတာ တွေ့ရတယ်လေ။

ဒီသူငယ်နဲ့ဒီကလေးမဟာ မရိုးနဲ့မတ် တော်တယ်ဆိုပေမယ့် သွေးသားစပ်တာ မဟုတ်ဘူး။ အမှတ်မထင် သူတို့နေပုံထိုင်ပုံ ပြောင်းလာတာ သတိထားမိတယ်။

ကျုပ်က သူများအကြောင်းကို စပ်စုတတ်တာ မဟုတ်ပေမယ့် ကိုယ့်မျက်စိရှေ့မှာ မြင်နေရတော့လည်း ဂရုစိုက်မိတာပေါ့။

ဟုတ်မှာပါ။ သူတို့နှစ်ယောက် ညားနေကြပါပြီ၊ ကျုပ်ကလည်း မျိုးရာက အိုလာတဲ့သူပဲ သူတို့အမူအရာကြည့်ရုံနဲ့ သိပါတယ်။

မောင်ချစ်ထွေးဆိုတဲ့သူငယ် ထောင်ကျတာမှ တစ်နှစ်မပြည့်သေးဘူး။ သူတို့က ညားနေကြပြီဆိုတော့ အင်းလေ. . . သွေးမတော် သားမစပ် ယောကျ်ားနှင့်မိန်းမ တစ်အိမ်တည်းနေနေတော့လည်း ဖြစ်ကြမှာပေါ့။

ကျုပ်တို့အရပ်ထဲမှာ ဒါမျိုးတွေ အများကြီးတွေ့ဖူးတယ်၊ ယောကျ်ားက ထောင်ကျ မိန်းမက နောက်ယောကျ်ားယူ၊ ပထမလင် ထောင်ကထွက်လာတော့ သတ်ကြ၊ ဖြတ်ကြနှင့်။

မဖြစ်ဘူး. . . မဖြစ်ဘူး ကျုပ်က ရှုပ်ရှုပ်ယှက်ယှက်တွေ မကြိုက်ပေါင်။ တော်ကြာ ကျုပ်လာပြီး အမှုပတ်နေဦးမယ်။

အိမ်ငှားသစ်ရှာရမယ် အိမ်ငှားသစ်ရရင် သူတို့ပေါ်ကို ပြန်အမ်းပြီး အိမ်အရှာခိုင်းရမှာပဲ။ ကလေးမလေးကိုတော့ သနားပါရဲ့ သူက ရည်ရည်မွန်မွန်လေး။



ဒီလိုအခြေအနေမရှိတဲ့ သူငယ်နဲ့ ဘယ်လိုများကြုံဆုံပြီး လာညားခဲ့ပါလိမ့်၊ နှမြောစရာကောင်းလိုက်တာ။

ဒီခေတ်ကာလ သားသမီးတွေကိုကလည်း ခက်ပါတယ်လေ။ ချမြင့်ချကြိုက် ဇစ်မြစ်မျိုးရိုးကို မစူးစမ်းကြဘူး။ ညားလို့မှ တစ်နှစ်မပြည့်ဘူး။ ကွဲကြ၊ ကွာကြ၊ ဒုက္ခရောက်ကြနဲ့ စိတ်ကုန်တယ်။

ကျုပ်တို့ခေတ်တုန်းကများ ဒီလိုမဟုတ်ပါ။ အိမ်ထောင်ပြုဖို့ကိစ္စဆို သေရေးရှင်ရေးလို သဘောထားကြတယ်။ အိမ်ထောင်မှုဘုရားတည်၊ ဆေးမှင်ရည်စုပ်ထိုး ဆိုတဲ့ စကားကို အလေးအနက်ပြုတယ်။

ကျုပ်တို့အပျိုတုန်းကများ သူတို့လို မဟုတ်ပေါင်။ ကိုသာမောင်ကြီး လူပျိုစကားပြောတာကို သုံးနှစ်သုံးမိုး စဉ်းစားပြီးမှ ဒါကြောင့်လည်း ရာသက်ပန် ရိုးမြေကျ အိမ်ထောင်ရေး တည်မြဲခဲ့တာပါ။

ကိုသာမောင် မဆုံးခင် ဒီအိမ်ကလေးကို ဝယ်ထားနိုင်ခဲ့တဲ့အတွက် ကျုပ် အခြေမပျက် နေနိုင်ခဲ့တာ။

သားထောက်သမီးခံမရှိတဲ့ ကျုပ်အဖို့ စားဖို့သောက်ဖို့ မပူရဘူး။ ကျုပ်က အေးအေးနေချင်တာ။ နေ့စဉ်ဘုရားရှိခိုး၊ ပုတီးစိပ်၊ ဒါဟာ ကျုပ်အလုပ်ပါ။

လောလောဆယ်တော့ အိမ်ငှားအသစ်ရှာရမယ်။ ရတာနဲ့ သူတို့ကို အပြောင်းခိုင်းရမှာပဲ။ ဟိုသူငယ်မောင်ချစ်ထွေးအဖို့လည်း တော်တော်နဲ့ လွတ်မှာ မဟုတ်ဘူး။

ထောင်ကျရက်ကလည်း မနည်းဘူး။

ခုနစ်နှစ်ကြီးများတောင်။

* * *

## အခန်း (၅)

ထောင်ကျရက်က (၇) နှစ်ဆိုပေမယ့် အပြည့်နေရတာ မဟုတ်ပါဘူး။ လျှော့ရက်တွေ ဆုမှတ်ရက်တွေ နှုတ်လိုက်ရင် အလွန်ဆုံး လေးနှစ်ခွဲငါးနှစ်လောက်ပဲ နေရမှာပါ။ ဒီကြားထဲ ကံကောင်းရင် နေ့ထူးနေ့မြတ်နဲ့ ကြုံပြီး လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ရင် လုံးဝ လွတ်မြောက်နိုင်ပါသေးတယ်။

ဟုတ်တယ်လေ. . .

ကျွန်တော်တို့ ထောင်ကျတွေအဖို့ကတော့ လွတ်မယ့်ရက်ကို လက်ချိုးရေတွက်ရင်းက ထောင်ပြင်သတင်းကို အမြဲ နားစွင့်နေကြပါတယ်။

“ဘယ်နေ့မှာ လွတ်ငြိမ်းခွင့်ပေးမယ်တဲ့ဟေ့”

“ဘယ်နေ့မှာ ထောင်ခါမယ်ဆိုပဲ”

အဲဒီလိုသတင်းတွေက ထောင်ထဲမှာ မကြာခဏ ထွက်ပေါ်လာတတ်ပါတယ်။

ဒီလိုထွက်ပေါ်လာပြီဆိုရင် ထောင်သားတော့ ပျော်ကြ၊ ဝမ်းသာကြ၊ ခုန်ကြ၊ အထုပ်အပိုးတွေ ပြင်ကြနဲ့ တစ်ထောင်လုံး လှုပ်လှုပ်ရွရွ ဖြစ်လေ့ရှိပါတယ်။ နောက်တော့လည်း ဘာမှ မဟုတ်ပါဘူး။



ဒီလိုနဲ့ ကျွန်တော့်ရဲ့ ထောင်ကျရက်က အသားတင် တစ်နှစ်နဲ့ နှစ်လ ရခဲ့ပါပြီ၊ နောက်သုံးနှစ်ခွဲဆိုရင် လွတ်ပြီပေါ့၊ သုံးနှစ်ခွဲဆိုတဲ့ ကာလဟာ ကျွန်တော့်အဖို့ ရှည်လျားလွန်းလှပါတယ်။

ဒီသုံးနှစ်ကျော်ကာလမှာ ကျွန်တော်ချစ်တဲ့ စန်းမူဟာ ဒုက္ခကို ရင်စည်းခံနိုင်ပါ့မလား။ စန်းမူနဲ့ပတ်သတ်လို့ တွေးမိတိုင်း ကျွန်တော့်ရင်တွေ ခုန်ခဲ့ရပါတယ်။ ကျွန်တော့်ကြောင့် ဒုက္ခရောက်နေရှာမယ့် စန်းမူကို တွေးပြီး သနားခဲ့ရပါတယ်။

ဒီတစ်ခါ ထောင်ကလွတ်ရင်တော့ ဒုစရိုက်မှုမှန်သမျှကို စွန့်လွှတ်ပြီး ကောင်းရောင်းကောင်းဝယ် လုပ်စားတော့မယ်လို့ ဆုံးဖြတ်မိပါတယ်။ ဒီတစ်ခေါက် ထောင်ကျခံရတာဟာ ကျွန်တော့်အဖို့ စိတ်သောက အရောက်ရဆုံး အချိန်ကာလလို့ ဆိုရမှာပါ။

ဒီကြားထဲ ပိုပြီး စိတ်ဆင်းရဲစရာ ကြုံလာရတာက ပြီးခဲ့တဲ့ အပတ်က မောင်ကျော်ရော စန်းမူပါ ထောင်ဝင်စာရောက်မလာတဲ့ ကိစ္စပါ။

သူတို့ ဘာဖြစ်နေကြပါလိမ့်။

စန်းမူကို သူ့မိဘတွေကပဲ ပြန်ခေါ် သွားလေပလား၊ ဒီလိုဆိုရင် မောင်ကျော်ကတော့ လာမှာပဲ ဒါမှမဟုတ် မောင်ကျော်တစ်ယောက် အဖမ်းခံရလို့လား။

ခေါင်းတွေ မူးနောက်အောင် စဉ်းစားပေမယ့် အဖြေမပေါ်ခဲ့ဘူး။ သက်ပြင်းသာ အကြိမ်ကြိမ် ချခဲ့ရပါတယ်။

“ဟေ့လူ ကိုချစ်ထွေး၊ မိန်းမထောင်ဝင်စာ မလာတာနဲ့ တွေးပြီး ဆွေးနေပြီလား”

ကျွန်တော် ထိုင်နေတဲ့ ရေကန်ဘေးကို ရမ်းကုဆိုတဲ့ ကောင် ရောက်လာပါတယ်။ သူ့နာမည်အရင်းက အောင်သိန်းပါ။ ဒါပေမဲ့ [illegible] အခုက နယ်ဘက်မှာ ဆရာဝန်ယောင်ဆောင်ပြီး ဆေးထိုးအပ်နဲ့ ဆေးကုဆေးထိုးလုပ်မှုပါ။ ဒါကြောင့် သူ့ကို ရမ်းကု လို့ ခေါ်ကြပါတယ်။

"အေးဗျာ စန်းမူတစ်ယောက် သူ့မိဘတွေ ပြန်ခေါ်သွားသလား၊ မောင်ကျော် အဖမ်းခံရလို့လားလို့ အမျိုးမျိုး စဉ်းစားနေမိတယ်။ ဒါပေမဲ့ အဖြေမရပါဘူးဗျာ၊ အရင်က အပတ်စဉ် မပျက်မကွက် ထောင်ဝင်စာ လာခဲ့ပြီး ခုမှ မလာတော့ စဉ်းစားမရအောင် ဖြစ်နေရတယ်"

ကျွန်တော့်ရင်ထဲမှာ မတင်မကျ အဖြေမပေါ်တဲ့ ပြဿနာတစ်ရပ်ကို ဖွင့်ဟလိုက်ရတဲ့အတွက် ရင်ထဲတွင် ရှင်းသွားသလို ဖြစ်သွားပါတယ်။

"စဉ်းစဉ်းစားစားလည်းလုပ်ပါ ကိုချစ်ထွေးရာ ခင်ဗျားလူ မောင်ကျော်ကရော ဘယ်လောက်များ စိတ်ချရလို့လဲ"

ရမ်းကုရဲ့စကားဟာ ကျွန်တော့်ကို တွန့်ခနဲ ဖြစ်သွားစေပါတယ်။

"ဟင် ဘာပြောတယ်၊ ခင်ဗျား ဘာကို ဆိုလိုတာလဲ"

ကျွန်တော် အသက်မရှူပဲ မေးလိုက်မိတယ်။

"ဗြော် အဲ့ပါဘိ ကိုချစ်ထွေးရာ ခင်ဗျားမရှိတုန်း မောင်ကျော်က ခင်ဗျားဇနီးကို သိမ်းပိုက်လိုက်ပြီလားမှ မသိတာ"

"ဘာကွ ဘာပြောတယ်"

မိုက်ရိုင်းစော်ကားတဲ့ သူ့စကားဟာ ကျွန်တော့်ရဲ့ ဒေါသမီးကို



ဟုန်းခနဲ တောက်လောင်သွားစေပါတယ်။

ရုတ်တရက် ဘာမှ မစဉ်းစားနိုင်ခင်မှာပဲ သူ့မျက်နှာကို အားပါးတရ ထိုးချလိုက်မိပါပြီ။

"စော်ကားဦးကွာ. . . စော်ကားဦး"

ပါးစပ်က ပြောရင်း လက်ကလည်း ဆက်တိုက် ထိုးကြိတ်လိုက်ပါတယ်။

ထောင်ဝါဒါတွေ ပြေးလာပြီး ကျွန်တော့်ကို ဖမ်းချုပ်တဲ့အချိန်မှာ ရမ်းကုတစ်ယောက် သွေးတရဲရဲနဲ့ မြေပြင်မှာ လဲကျပြီး သတိလစ်နေပြီလေ။

အဲဒီအကျဉ်းသားချင်း ရိုက်မှုအတွက် ကျွန်တော် တစ်လတိတိ ကိုက်ပိတ်ခံခဲ့ရပါတယ်။

ကျွန်တော် ဝမ်းမနည်းပါဘူး။ ကျွန်တော်ချစ်တဲ့ ကျွန်တော့်ဇနီးအပေါ် အထင်သေးစော်ကားတဲ့သူကို ဆုံးမရတဲ့အတွက် ဒီအပြစ်ကို နောက်မတွန့်ဘဲ ခံနိုင်ခဲ့ပါတယ်။

* * *

"မောင်ကျော်ကတော့ ဘယ်လောက်စိတ်ချရလို့လဲ မင်းမရှိတုန်း မင်းဇနီးကို သိမ်းပိုက်လိုက်ပြီလားမှ မသိတာ" ရမ်းကုရဲ့စကားသံဟာ ကျွန်တော့်နားထဲမှာ ပဲ့တင်ထပ်လို့ နေပါတယ်၊ တိုက်က ထွက်လာရတော့လည်း ဒီအသံဟာ ပျောက်မသွားခဲ့ပါဘူးလေ။

"ဘာဖြစ်လို့ပါလိမ့်"

ဆိုဟဲ့ဇမ်းခွန်းရဲ့အဖြေကို စဉ်းစားရင်း ခေါင်းတွေမူလို့ ဦးနှောက်တွေ အရည်ပျော်မတတ် ရှိခဲ့ပါတယ်၊ ဒါပေမဲ့ အဖြေမပေါ်ခဲ့ပါဘူး။

သည်တော့ အဆိုးရိမ်ဆုံး အတွေးဟာ မစဉ်းစားဘဲ ဝင်လာခဲ့ပြန်ပါတယ်။

ရှေးကပြောသလို ငါမရှိတုန်း စန်းမူနဲ့ မောင်ကျော်ဟာ. . .

အို. . .

မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး။

စန်းမူဟာ ဒီလောက်မမိုက်ဘူး၊ မောင်ကျော်လည်း ဒီလောက် သစ္စာမမဲ့ပါဘူး။

ကြောက်စရာသံသယတွေးကို မဆုံးခင် ဖြတ်တောက်ပစ်လိုက်ရပါသည်။

သည်လိုအဖြစ်မျိုးကို ကျွန်တော် မစဉ်းစားရဲဘူး၊ မရင်ဆိုင်ရဲဘူး၊ စန်းမူကို ကျွန်တော် ဘယ်လောက်ချစ်တယ်ဆိုတာ ခုတော့ အဖြေပေါ်ခဲ့ပါပြီ၊ စန်းမူမရှိရင် ကျွန်တော့်ဘဝဟာ အဓိပ္ပာယ်မရှိ တော့ဘူးထင်ပါရဲ့။

ကျွန်တော့်အလုပ်က လက်သမားရုံမှာ ကျပါတယ်။ ပူပန်သောကဝေဒနာကို ဖြေဖျောက်နိုင်မလားလို့ အလုပ်ကိုဖိပြီး လုပ်ခဲ့ပေမယ့် မပျောက်ပါဘူး၊ စိတ်ဝေဒနာဟာ သက်သာမှု မရခဲ့ပါဘူး။

"ဒီမှာ မိန်းမဆိုတာ ဘယ်တော့မှ စိတ်မချလေနဲ့ ငါ့လူတို့ သစ္စာတရားတို့၊ ကျေးဇူးတရားတို့ဆိုတာ သူတို့နဲ့မဆိုင်ဘူးကွ၊ ဝေးမကြည့်နဲ့ ငါ့ကိုကြည့်၊ ငါဟာ မိန်းမစားဖို့ဆိုပြီး သက်စွန့်ဆံဖျားစားပြ တိုက်ကျွေးခဲ့တယ်၊ ငါလည်းထောင်ကျရော မချောက နောက်လင်ယူလိုက်ရော၊ ဟား. . . ဟား ရယ်စရာကောင်းလိုက်တာကွာ၊ ငါတို့ ယောက်ျားတွေကသာ သူတို့လှုလှုပပ ဝတ်စားနိုင်ဖို့၊ ထောင်နှုတ်ခမ်းပေါ် လျှောက်ခဲ့ပေမယ့် သူတို့က ငါတို့ဒုက္ခရောက်တော့



စောင်းတောင် မကြည့်ကြဘူး၊ အေး ဒါကြောင့် မင်းတို့ထောင်က ထွက်သွားရင် ငါ့စကားကို မမေ့ကြနဲ့၊ မယားကျွေးမှု၊ သားကျွေးမှု အတွက်နဲ့ ဘယ်တော့မှ မမိုက်မိကြစေနဲ့၊ ထောင်ကျမခံကြနဲ့ဟေ့"

ဦးသူတော်ပြောလေ့ရှိတဲ့ လက်သုံးစကားကို ကျွန်တော် ပြန်သည် ကြားယောင်မိပြန်ပါတယ်။

ဦးသူတော်ဆိုတာ သာယာဝတီနယ်ဘက်ကပါ၊ ဓားပြမှု၊ လက်ကျော်မှုတွေနဲ့ ထောင်အနှစ် (၂၀) ကျနေသူပါ။

ကျွန်တော်က စိတ်မောမောနဲ့ သက်ပြင်းရှိုက်လိုက်ရတယ်။ ကျွန်တော့်ခေါင်းထဲက ဝင်ရောက်လာတဲ့ အကြောင်းအရာတွေဟာ စိတ်သက်သာစရာတစ်ခုမှ မရှိခဲ့ပါဘူး။ ချစ်ဇနီး စန်းမူနှင့် ပတ်သက်ပြီး စိတ်မချမ်းမြေ့ဖွယ်တွေဟာ မရှိတော့ဘူးထင်ပါရဲ့။

***

"ဟေ့ မောင်ချစ်ထွေး၊ မောင်ချစ်ထွေး" တစ်နေ့ ကျွန်တော် အလုပ်ဘက်ကအပြန်မှာ ခေါ်သံကြားလိုက်လို့ အသံလာရာဘက်ကို ကြည့်လိုက်တဲ့အခါ. . .

ဦးအောင်ဘကို အမှတ်မထင် တွေ့လိုက်ရပါတယ်။ ဦးအောင်ဘဟာ ကျွန်တော်တို့ရပ်ကွက်ထဲက ဝန်ထမ်းတစ်ဦးအဖြစ် ကျွန်တော်နဲ့ သိကျွမ်းခဲ့ဖူးသူ ဖြစ်ပါတယ်။

"ဟာ ဦးအောင်ဘ၊ ဘယ်လိုဖြစ်တာလဲ"

ကျွန်တော်က အံ့သြတကြီးမေးလိုက်မိပါတယ်။ လူရိုးလူအေးဖြစ်တဲ့ ဦးအောင်ဘလိုလူကို ဒီနေရာမှာ တွေ့လိုက်ရတော့ ကျွန်တော် တကယ်ပဲ အံ့သြခြင်း ဖြစ်ခဲ့ရပါတယ်။

"အလုပ်ထဲမှာ ငွေကွာလို့ပါကွာ"

သူက စိတ်မပါသလို ပြန်ပြောပါတယ်။

"ဟုတ်လား၊ ဘယ်လောက်ကျသလဲ"

"တစ်နှစ်နဲ့ခြောက်လလေ မများပါဘူးကွာ၊ ဟဲ. . .ဟဲ. . .
ဟဲ"

(၇) နှစ်သမား ကျွန်တော်နဲ့စာရင်တော့ သူရဲ့တစ်နှစ်ခွဲက များ
တယ်လို့ မဆိုသာပါဘူး။

ကျွန်တော် စန်းမူကို သတိရလိုက်တယ်၊ ဦးအောင်ဘက ကျွန်
တော်တို့နဲ့ တစ်လမ်းထဲနေသူမို့ စန်းမူအခြေအနေကို သိနိုင်မယ်
ဖြစ်ပါတယ်။

"ဒီမှာ ဦးအောင်ဘ၊ ကျွန်တော့်ဇနီးစန်းမူရော နေထိုင်ကောင်း
ရဲ့လား၊ သူတို့ထောင်ဝင်စာမလာတာ နှစ်ပတ်လောက်ရှိနေလို့
အဲဒါ. . .

"ဟာ"

ကျွန်တော့်စကားမဆုံးခင်မှာပဲ ဦးအောင်ဘနှုတ်က အာမေ
ဋိတ်သံ ထွက်လာပြီး ကျွန်တော့်ကို မျက်လုံးပြူးကြည့်နေပါတယ်။

"မင်း မသိသေးဘူးလား မောင်ချစ်ရေ"

"ဗျာ ဘာကိုလဲဟင်၊ ဘာကိုလဲ"

"မင်းဇနီးနဲ့ မင်းညီမောင်ကျော် ညားနေကြပြီလေ"

"ဗျာ"

ဦးအောင်ဘရဲ့စကားက ကျွန်တော့်ခေါင်းပေါ်ကို မိုးကြိုးပစ်ချ
လိုက်သလို ခံစားလိုက်ရပါတယ်။

"ငါက မင်းသိနေပြီထင်တာကွ၊ သူတို့ညားနေကြတာ (၃) လ



လောက်တောင်ရှိနေပြီ၊ တစ်ရပ်ကွက်လုံးက သိနေကြတယ်လေ၊
ဒေါ်စိန်ပုကတော့ ရှုပ်ရှုပ်ရှက်ရှက်တွေဖြစ်မှာစိုးလို့ အိမ်ငှားသစ်ရှာ
နေတယ်၊ အိမ်ငှားရရင် သူတို့ကို စပေါ်ပြန်ပေးပြီး အပြောင်းခိုင်း
မယ်လို့ ပြောနေတာပဲ"

ဒေါ်စိန်ပုဆိုသူက ကျွန်တော်တို့၏ အိမ်ရှင်အဒေါ်ကြီးပါ။

"စိတ်မကောင်းပါဘူးကွာ၊ ငါသွားမယ် မောင်ချစ်ထွေး"

ဦးအောင်ဘက ကျွန်တော် တုန်လှုပ်ချောက်ချားသွားတာကို
မိတယ် ထင်ပါတယ်၊ ကတိုက်ကရိုက်နှုတ်ဆက်လို့ ထွက်ခွာသွား
ပြီ။

"တောက်"

ကျွန်တော်က ပြင်းထန်စွာ တောက်ခေါက်လိုက်ပါတယ်။

"ရိုင်းလိုက်လေ မောင်ကျော်ရယ်၊ မင်းက ကျေးဇူးရှိလို့ ငါ့မိန်းမ
ကို သိမ်းပိုက်ပြီး ကျေးဇူးဆပ်လိုက်တာပေါ့၊ ဟုတ်လား"

"ငါချစ်ရတဲ့မိန်းမကလည်း ယောကျ်ားထောင်ကျနေတုန်း
နောက်ယောကျ်ားယူလိုက်သတဲ့၊ သစ္စာမဲ့လိုက်ကြတဲ့ ကျေးဇူးကန်း
လိုက်ကြတဲ့ဟာတွေ"

ကျွန်တော့်ရင်ထဲမှာ ဒေါသမုန်တိုင်းဟာ ပြင်းထန်စွာ ဝှေ့ရိုက်
ခတ်နေပါပြီ။

"သူတို့ ထောင်ဝင်စာမလာတာ ဒါကြောင့်ကိုး"

ဇွေဇွေပျော့တော့ ရေးရေးပေါ် ဆိုသလို ဖြစ်လာပါတယ်။

"ဟေ့ မိန်းမကို ဘယ်တော့မှ စိတ်မချနဲ့ကွ၊ တို့တတွေက သူတို့
အတွက် ထောင်ထဲရောက်နေချိန်မှာ သူတို့က နောက်လူရဲ့ ရင်ခွင်
မှာ ပျော်ရွှင်မြူးနေကြမှာပဲကွ"

ဓားပြကြီး ဦးသူတော်ရဲ့စကားက ကျွန်တော့်နားထဲကို တိုးဝင်လာခဲ့ပြန်ပါတယ်။

ကျွန်တော်လေ အံကိုတင်းတင်းကြိတ်လို့ နားနှစ်ဖက်ကို ပိတ်လိုက်မိတယ်။

ဝမ်းနည်းကြေကွဲမှုရဲ့နောက်ကွယ်မှာ ကပ်တွယ်ပြီး ပါလာတဲ့ နာကြည်းမှုဟာ ကျွန်တော့်ရင်ထဲမှာ တစ်ရိပ်ရိပ် တက်လာနေပါတယ်။

ကျွန်တော် ရှေ့က ထောင်အုတ်ရိုးမည်းမည်းကြီးကိုသာ ဖြိုဖျက်ဖောက်ထွက်လို့ရမယ်ဆိုရင် ချက်ချင်းပြေးထွက်လို့ သစ္စာဖောက်နှစ်ယောက်ကို အသေသတ်လိုက်မိမှာပါ။

သင်းတို့ လည်ချောင်းသွေးနဲ့ ကျွန်တော် ခံစားနေရတဲ့ ဝမ်းနည်းမှု၊ ကြေကွဲမှု၊ နာကြည်းမှုတွေကို ဆေးကြောလိုက်ချင်ပါရဲ့။

ဒါပေမဲ့ ကိစ္စမရှိပါဘူး။

ကျွန်တော်ဟာ လွတ်ရက်မရှိ ထောင်ကျတစ်ယောက်မှ မဟုတ်ဘဲ၊ ထောင်က ထွက်တာနဲ့ သင်းတို့ဆီကို အရောက်သွားလို့ လက်စားလှလှကြီးချေပြလိုက်မယ်။

သူတို့ကိုတွေ့အောင်ရှာလို့ ရောက်အောင်သွားဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါပြီ။

* * *

## အခန်း (၆)

"တွေ့အောင်ရှာဖို့ဆိုတာက မလွယ်ပါဘူးရှင်"

ရှိမယ်ထင်တဲ့နေရာတွေလည်း ရောက်ခဲ့ပါပြီ၊ နေတယ်ကြားတဲ့ ရပ်ကွက်တွေမှာလည်း စုံစမ်းခဲ့ပါပြီ။

ရန်ကုန်မြို့လို လူဦးရေ သန်းနဲ့ချီရှိတဲ့ မြို့ကြီးပေါ်မှာ နေရပ်လိပ်စာမသိဘဲနဲ့ လူတစ်ယောက်ကို ရှာဖွေရတာဟာ ကောက်ရိုးပုံထဲက အပ်တစ်စင်းကို ရှာဖွေရသလို တွေ့ဖို့ခက်လှပါတယ်။

မိုက်လိုက်တဲ့သမီး။

တော်ပါတယ်ဆိုမှ ယောင်းမမြင်းစီးထွက်ခဲ့တဲ့ သမီး၊ ခုတော့ ဒုက္ခလှလှကြီး တွေ့နေပြီထင်ပါတယ်။

ဟိုတလောက သမီးလေး စန်းမူရဲ့ ဆရာမအိမ်ကို မောကြီးမန်းကြီးနဲ့ ရောက်လာခဲ့ပါတယ်။

ခရီးရောက်မဆိုက် ဆရာမက ပြောပါတယ်။

"ဟင် ဟုတ်လား၊ ဘယ်မှာတွေ့ခဲ့တာလဲဟင် ဆရာမ နေထိုင်ရာ ကောင်းရဲ့လား၊ ခုဘယ်မှာ နေကြတယ်တဲ့လဲ"

သမီးနာခြည်ကြားတော့ ကျွန်မရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားပါတယ်၊ ဒါကြောင့် တတိုက်ကရိုက် မေးမိပါတယ်။

"နေတဲ့နေရာကိုမေးတော့ မပြောပါဘူးရှင့်၊ ဒါပေမဲ့ ဒုက္ခရောက်နေရှာပါတယ်"

"ရှင်"

"ကဲ ဒေါ်မြတ်မြတ်ထွေးရေ စိတ်အေးအေးသာ ထားပါတော့ ပြောရမှာကတော့ စိတ်မကောင်းစရာပဲ၊ ဟိုတလောက ကျွန်မရဲ့ မိတ်ဆွေ ဆရာမတစ်ယောက်ရဲ့ သားချင်း တစ်ဦး ဘိန်းဖြူမှုနဲ့ ထောင်ကျနေလို့ မိတ်ဆွေဆရာမနဲ့ အင်းစိန်ကို ထောင်ဝင်စာလိုက်သွားခဲ့တယ်။ အဲဒီမှာ စန်းစန်းမူနဲ့သွားတွေ့တယ်၊ သူ့ယောကျ်ားထောင် (၇) နှစ်ကျနေလို့ ထောင်ဝင်စာလာတွေ့တာတဲ့"

"ဟင်"

"ဘယ်မှာနေသလဲ ဘယ်သူနဲ့နေသလဲဆိုတော့၊ သူ့ယောကျ်ားရဲ့ညီနဲ့ အတူအိမ်ငှားနေတယ်တဲ့၊ နေတဲ့နေရာကို မပြောဘူး၊ သူနဲ့အတူ လူရွယ်တစ်ယောက်လည်း ပါလာတာ တွေ့ရတယ်"

"ဘုရား. . . ဘုရား"

ကျွန်မက မိဘတွေအိမ် ပြန်နေဖို့ပြောပေမယ့် ဖေဖေနဲ့မေမေကို ကြောက်တယ်တဲ့။ သူ့မှာ အပြစ်ရှိတော့ ပြန်လက်ခံမှာ မဟုတ်ဘူးလို့ဆိုပြီး ငြင်းပါတယ်။ တစ်ခါတည်းလိုက်ခဲ့ ဆရာမလိုက်ပို့ပေးမယ်ဆိုတော့ သူ့ယောကျ်ားနဲ့ တိုင်ပင်ပါရစေဦးတဲ့။

"ကလေးမ ကြည့်ရတာ တော်တော် နွမ်းပါးပုံရတယ်၊ အသားမည်းပြီး ပိန်သွားတာ ကျွန်မတောင် မမှတ်မိဘူး"

"ဒီတော့. . .



ဒီကလေးမကို ဒီအတိုင်းပစ်ထားရင် အဖြစ်ဆိုးလိမ့်မယ် ဒေါ်မြတ်မြတ်ထွေး၊ သူ့ယောကျ်ားက ထောင် (၇) နှစ်တောင်ကျတယ်ဆိုတော့ လူစိမ်းတစ်ယောက်နဲ့ ဒီလိုပဲ နှစ်ယောက်တည်း ကြာရှည်နေလို့ သင့်တော်ပါ့မလား"

ဆရာမ ပြန်သွားတဲ့နောက်ပိုင်းမှာ ကျွန်မဟာ သမီးလေးအတွက် မျက်ရည်မဆည်နိုင်အောင် ဖြစ်ခဲ့ရပါတယ်။

မိဘလက်ထဲမှာ ကလေးလို နေခဲ့တဲ့သမီးဟာ ခုတော့ ဒုက္ခပင်လယ်ဝေလို့ အပူမီးတောက်နေရှာပြီ ထင်ပါတယ်။

"ဒီလိုပဲ ငိုမနေလို့ မပြီးဘူးကွာ တို့ဘယ်လိုလုပ်ကြမလဲ စဉ်းစားကြရအောင်"

သူ့ဖေဖေက ပြောခဲ့ပါတယ်။

ဒီနောက်ပိုင်း ကျွန်မတို့သမီးလေးကို ရှာခဲ့ပါတယ်။ သတင်းစုံစမ်းခဲ့ပါတယ်။

သမီးလေး လာတတ်တဲ့ အင်းစိန်ထောင်ကိုလည်း အကြိမ်ကြိမ်ရှာခဲ့ပါတယ်၊ အမောသာ အဖတ်ကင်ပါတယ်။

နောက်ဆုံး. . .

"သမီးအပြစ်ကို ခွင့်လွှတ်သည်၊ အမြန်ပြန်လာပါ" ဆိုတဲ့ ကြော်ငြာကို သတင်းစာထဲက ထည့်ကြည့်ပါသေးတယ်။ အကြောင်းမထူးပါဘူးရှင်။

တောင်းစုတ်ပလုံးစုတ်သာ ပစ်ရိုးထုံးစံရှိသည် သားဆိုးသမီးဆိုးကို ပစ်ပယ်လို့ မရနိုင်ဆိုသလို. . .

သမီးကိုရှာလို့ မတွေ့လေ စိုးရိမ်ပူပန်မှုတွေဟာ ကျွန်မကို နှိပ်စက်လေ ဖြစ်နေပါပြီ။

"သမီးဟာ သူ့ယောကျ်ားရဲ့ညီနဲ့ တစ်အိမ်တည်း နေကြတ
တဲ့"

ဘုရား . . . ဘုရား ရှကြားလို့မှ ကောင်းပါ့မလား၊ ဘယ်
နေလို့ ဘယ်လိုစားနေကြသလဲ၊ ယောကျ်ားနဲ့ဆက်နွယ်လို့ သွေ
စပ်နိုင်ပေမယ့် တကယ်တော့ ဒါဟာ သွေးမတော်သားမစပ်
ယောကျ်ားတစ်ယောက်သာ ဖြစ်လေတော့ . . .

* * *

## အခန်း (၃)

သွေးသားမတော်စပ်ပေမယ့် မောင်ကျော်ဟာ ကျွန်မအ
မှာ အစ်မရင်းတစ်ယောက်လို ကောင်းရှာပါတယ်။ သူသာမရှိ
ကျွန်မဘဝဟာ ရေစုန်မျောခဲ့ပြီပေါ့။

ယောကျ်ားထောင်ကျလို့ မိဘဆွေမျိုးတွေရဲ့ ပစ်ပယ်ခြင်း
ခံနေရတဲ့ ကျွန်မအဖို့ မောင်ကျော်ကလွဲလို့ ကျွန်မအဖို့ အားကိုးစ
မရှိပါဘူးရှင်။

ဒါပေမဲ့ ပတ်ဝန်းကျင်ရဲ့အကြည့်ဟာ ကျွန်မတို့အပေါ်
သံသယ မကင်းသလိုပါပဲ။

ဒါပေါ့လေ၊ ယောကျ်ားထောင်ကျနေတဲ့ မိန်းမတစ်ယော
ဟာ တစ်စိမ်းယောကျ်ားတစ်ယောက်နဲ့ တစ်အိမ်တည်းမှာ နေ
တယ်ဆိုတော့လည်း အမျိုးမျိုး တွေးကြ၊ ထင်ကြ၊ မြင်ကြမှာပါ။

ကျွန်မ သိပါတယ်။ စဉ်းစားတတ်ပါတယ်။ ဘယ့်နှယ်လုပ်မ
ဒီလိုမှ မနေရင် ကျွန်မဟာ လမ်းဘေးရောက်သွားမှာပါ။



ကိုယ့်ဝမ်းနာ ကိုယ်သာ အသိဆုံးပါရှင်။

ဘယ်သူတွေဘာပြောပြော ထင်ချင်သလို ထင်ကြပါစေတော့၊ ကိုယ်ကောင်းရင် ခေါင်းမရွေ့ဘူးလို့ အားတင်းခဲ့ပါတယ်။

ဒီကြားထဲမှာ ထောင်ဝင်စာ အသွား ဆရာမနဲ့ တိုက်တိုက်ဆိုင်ဆိုင် တွေ့ခဲ့ရတယ်။ ဖေဖေတို့ဆီကို ပြန်ပို့ပေးမယ်လို့ ဆရာမက ပြောခဲ့ပါသေးတယ်။

အဲဒီမှာ ပြန်နေရင် အစ်ကိုနဲ့ အဆက်ပြတ်ရတော့မယ်။ အစ်ကို့ဆီကို ထောင်ဝင်စာလာလို့ မရနိုင်တော့ဘူး။

"စန်းမူရယ် အစ်ကိုထောင်ထဲမှာ ဆင်းရဲပင်ပန်းပေမယ့် တစ်လတစ်ခါ ထောင်ဝင်စာလာတဲ့ စန်းမူမျက်နှာကလေးကို မြင်ရရင် ပျော်မိတယ်၊ အားရှိခဲ့ပါတယ်၊ ဒါကြောင့် လစဉ် မပျက်အောင် လာပါစန်းမူရယ်၊ ငွေကြေး ခက်ခဲရင် ဘာပစ္စည်းမှ ယူမလာနဲ့၊ စန်းမူမျက်နှာ လှလှလေးကို မြင်ရရင် တော်ပါပြီကွယ်" လို့ ပြောခဲ့တဲ့ အစ်ကို့စကားကို ပြန်ကြားယောင်လာခဲ့ပါတယ်။

နောက်ဆုံးတော့ ကျွန်မဟာ မိဘအိမ်မှာ လိုက်နေဖို့ အကြံကို စွန့်လွှတ်ခဲ့ပါတယ်။

ဒုက္ခရောက်နေရှာတဲ့ အစ်ကို့ကို ကျွန်မ ပစ်မထားရက်ပါဘူးရှင်။

* * *

ကိုယ့်အမှားကို တောင်းပန်တိုးလျှိုးလို့ မေမေတို့ဆီ သွားရင် ရနိုင်ပါရက်နဲ့ ပြန်မသွားဘဲ ဆင်းရဲပင်ပန်းခံ ပတ်ဝန်းကျင်ရဲ့ အထင်အမြင်သေးခံပြီး မောင်ကျော်နဲ့ နေခဲ့တာဟာ အစ်ကို့ကို ထောင်ဝင်စာတွေ့နိုင်ဖို့အတွက်သာ ဖြစ်ပါတယ်။

ဒါပေမဲ့ . . . .

ကျွန်မ ညည်းညူမှုနဲ့ မပြည့်ခဲ့ပါဘူး။ အစ်ကိုကို မတွေ့နိုင်တော့ပါဘူး။

အစ်ကိုတစ်ယောက် ရဲဘက်စခန်းကို လိုက်ပါသွားခဲ့ရပါပြီရှင်။

ကျွန်မ စိတ်မကောင်းဖြစ်ရသလို ဝမ်းနည်းမဆုံးဖြစ်ရတာက ရဲဘက်စခန်းမသွားမီ အစ်ကိုနဲ့ မတွေ့လိုက်ရခြင်းပဲ ဖြစ်ပါတယ်။

အစ်ကိုဟာ မသွားခင် ကျွန်မကို တွေ့ချင်ရှာ မှာချင်ရှာမှာပါ။

ဒါပေမဲ့ ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာတဲ့အဖြစ်မျိုးနဲ့ ရင်ဆိုင်နေခဲ့တဲ့ ကျွန်မအဖို့ မျက်ရည်ကျရုံကလွဲလို့ ဘာမှ မလုပ်တတ်တော့ပါဘူး။

အစ်ကိုဆီကို ထောင်ဝင်စာမသွားခင် တစ်ရက်အလိုမှာ ထောင်ဝင်စာသွားဖို့အတွက် ငွေလိုလေတော့ မောင်ကျော်က သူ့မှာ ရစရာပိုက်ဆံရှိတယ်၊ သွားတောင်းလိုက်မယ်ဆိုပြီး မြို့ထဲ ထွက်သွားခဲ့ပါတယ်။

ည ကိုးနာရီလောက်မှာ မောင်ကျော်ဟာ သွေးသံရဲရဲနဲ့ ပြန်ရောက်လာခဲ့ပါတယ်။ ငွေတော့ မပါခဲ့ပါဘူး။

သူ့မျက်နှာတစ်ခုလုံးဟာ ဖူးယောင်လို့ မြင်ရက်ကြည့်ရက်စရာ မရှိအောင် ရုပ်ပျက်ဆင်းပျက် ဖြစ်ပါတယ်။

သူ့ရစရာရှိတဲ့ ပိုက်ဆံကို တောင်းရင်း စကားများပြီး ဝိုင်းရိုက်ကြတယ်လို့ ပြောပါတယ်။

လောလောဆယ် သူခံစားနေရတဲ့ ဝေဒနာကို သက်သာဖို့ ကျွန်မ တတ်သရွေ့၊ မှတ်သရွေ့ ပြုစုပါတယ်။ ဆေးရုံသွားဖို့ ပြောတော့လည်း မသွားပါရစေနဲ့လို့ တောင်းပန်နေပြန်တယ်။



အဲဒီညက မျက်နှာ ဒဏ်ရာတွေနဲ့ ရင်ဘတ်က အောင့်တဲ့ ဝေဒနာကို အပြင်းအထန် ခံစားခဲ့ရရှာပါတယ်၊ ကျွန်မဟာ သူ့ကို မောင်တစ်ယောက်လို တစ်ညလုံး ဂရုစိုက်ပြုစုခဲ့ပါတယ်။

ဒဏ်ရာအရှိန်ကြောင့် မောင်ကျော်ဟာ မိုးလင်းတာနဲ့ အပြင်းဖျားပါတော့တယ်။

ကျွန်မလည်း သူ့အနားကခွာလို့မရအောင် ရှိနေပါတယ်။ ဒီလိုနဲ့ အစ်ကို့ဆီ အဲဒီအပတ်က ထောင်ဝင်စာ မသွားနိုင်ခဲ့ပါဘူး။

မောင်ကျော်ဟာ အတော်ကြီး ခံလိုက်ရရှာတယ် ထင်ပါတယ်၊ သူဟာ ဒဏ်ရာတွေ သက်သာတာတောင် အဖျားက ကျန်နေတယ်၊ တော်တော်နဲ့ နာလံမထူနိုင်ခဲ့ဘူး။

ဒါကြောင့် နောက်အပတ်မှာ မောင်ကျော်ကို အိမ်မှာပဲ နေစေပြီး ကျွန်မတစ်ယောက်တည်း ထောင်ဝင်စာ သွားခဲ့ပါတယ်။

မိဘလက်ထဲမှာ နေရတုန်းက ကျောင်းနဲ့အိမ်သာသွားတတ်တဲ့ ကျွန်မဟာ ခုတော့ ဘဝအတွေ့အကြုံကြောင့် ရင့်ကျက်စပြုနေပြီ ဖြစ်ပါတယ်။ ကျောင်းသူဘဝတုန်းက အရှက်အကြောက်ကြီးခဲ့တဲ့ ကျွန်မဟာ အခုတော့ အရှက်အကြောက်တရားကို မျက်ကွယ်ပြုရပြီ ဖြစ်ပါတယ်။

အင်းစိန်ထောင်ကိုရောက်တော့ ထောင်ဘူးဝရှေ့ ကွမ်းယာဆိုင်မှာ လျှောက်လွှာတစ်ရွက်ဝယ်၊ ထောင်ဝင်စာပုံစံကြည့်ပြီးသားနဲ့ ရုံးခန်းဝက ပုံးထဲမှာ လျှောက်လွှာထည့်ထားလိုက်ပါတယ်။

လျှောက်လွှာကို သက်ဆိုင်ရာ ထောင်ဝါဒါတွေက စီစစ်မယ်။ ထောင်ထဲက အတွေ့ခံမယ့် အကျဉ်းသားကို ခေါ်သည်တွေ့တဲ့ အခန်းကလေးထဲ ခေါ်လာမယ်။

နောက် အပြင်ပြန်လာပြီး ထောင်ဝင်စာတွေ့မယ့် လူတွေကို အလှည့်ကျ နာမည်ခေါ်မယ်။

ကျွန်မ ကိုယ့်နာမည်အခေါ်ကို စောင့်ရုံပဲ ရှိပါတော့တယ်။

ထောင်ဝင်စာတွေ့တယ်ဆိုတာ အပြောလွယ်သလောက် လက်တွေ့ကျတော့ သိပ်ပင်ပန်းစိတ်မောရတဲ့ အလုပ်ပါ။ လူများတဲ့ အခါမှာဆိုရင် မနက်တည်းက လာစောင့်ပေမယ့် ညနေမှ တွေ့ခွင့် ရတတ်ပါတယ်။

ခုလည်း ထောင်ဝင်စာ တွေ့မယ့်လူတွေ နာမည်ခေါ်မယ့် ရုံ ခန်းလေးရှေ့မှာ စုရုံးတိုးဝှေ့နေကြပါတယ်။

ကလေးငိုသံ၊ ဆူသံပူသံ၊ စကားပြောသံတွေဟာလည်း ကြွက် ကြွက်ညံနေပါတယ်။

"တိတ်တိတ်နေကြ၊ တစ်ခါပဲ ခေါ်မယ်၊ နှစ်ခါမခေါ်ဘူး၊ ကိုယ့် နာမည် ကိုယ်နားထောင်ပါ"

အမည်ခေါ်တဲ့ ထောင်ဝါဒါ ထဟောက်လိုက်တော့လည်း ငြိမ် ကျသွားပါတယ်။

ကျွန်မက လူအုပ်ထဲ ဝင်မနေတော့ဘဲ နာမည်ခေါ်ရင် ကြား နိုင်မယ့် ရှေ့ဘက်က သစ်ပင်ရိပ်အောက်မှာ ဝင်ထိုင်ရင်း စီးကျလာ တဲ့ နဖူးက ချွေးတွေကို လက်ကိုင်ပုဝါနဲ့ သုတ်လိုက်မိပါတယ်။

"ယောကျ်ားထောင်ကျလို့ စားရသောက်ရမယ့် ဖြစ်နေရတဲ့ အချိန်အခါ သူတို့ဒုက္ခရောက်သလို အပြင်က မိန်းကလေးတွေအဖို့ လည်း မသက်သာလှပါဘူးဟယ်"

ကလေးချီထားတဲ့ မိန်းမကြီးတစ်ယောက်က ကျွန်မအနားလာ ထိုင်ရင်း ညည်းညူနေပါတယ်။



မကောင်းမှုဆိုတာ ပြုသူကိုသာ ဒုက္ခရောက်တတ်စေတာ မဟုတ်ပါဘူး၊ နှီးနွယ်ဆက်စပ်တဲ့သူတွေကိုလည်း ပင်ပန်းဆင်းရဲစေ တတ်ပါတယ်။

ခုလည်း ကြည့်ပါဦးရှင်။

လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ မာနဆိုတဲ့ မီးတွေကို မငြိမ်း သတ်နိုင်တဲ့ ယောကျ်ားသားတွေဟာ အုတ်ရိုးအနောက်ဘက်မှာ ပင် ပန်းဆင်းရဲခြင်းကြီးစွာနဲ့ နေရတဲ့အချိန်မှာ သူတို့ရဲ့ သားမယား၊ မိဘ ဆွေမျိုးညီအစ်ကို မောင်နှမတွေဟာလည်း အပြင်ဘက်မှာ စိတ်ဆင်း ရဲကိုယ်ဆင်းရဲနဲ့ သောကရောက်နေကြရပါတယ်။

ကျွန်မကိုယ်တိုင်တောင် ထောင်ဝင်စာလာနိုင်ဖို့အတွက် အစ်ကို့ရဲ့ အင်းလေးလုံချည်ကလေးကို အိမ်ရှင်အဒေါ်ကြီးဆီမှာ ပေါင်းပြီး လာခဲ့ရတာပါ။

ကျွန်မမှာပါတဲ့နားကပ်ရယ်၊ ဆွဲကြိုးရယ်၊ လက်စွပ်ရယ်ဟာ လည်း တတိတိနဲ့ ဆုံးခဲ့ပါပြီလေ။

ကျွန်မဟာ နေပူကျဲကျဲမှာ ချွေးတရွှဲရွှဲနဲ့ ကိုယ့်နာမည်ပါနိုးနဲ့ စောင့်နေတဲ့ လူအုပ်ကြီးကို ကြည့်နေရတာ စိတ်မောလွန်းလို့ အဲဒီ မြင်ကွင်းကို မျက်နှာလွှဲပြီးလမ်းမဘက်ကို မျက်နှာမူလိုက်ပါတယ်။

ကျွန်မရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားပါတယ်။

ဖေဖေနဲ့ မေမေပါလား။

ဟုတ်ပါတယ်၊ ဖေဖေနဲ့မေမေဟာ လမ်းဘေးမှာ ရပ်ထားတဲ့ ချစ်ကားတစ်စီးပေါ်ကနေပြီး ထောင်ဝင်စာစောင့်နေတဲ့ လူအုပ်ကြီး ဆီကို စူးစိုက်ကြည့်နေကြပါတယ်။

ကျွန်မက ရင်တုန်ပန်းတုန်နဲ့ ချက်ချင်း တစ်ဘက်ကို ပြန်လှည့်လိုက်ပါတယ်။

တို့အတက်တ ဒီမှာ ဆရာမနဲ့တွေ့တာ အမှတ်ရလိုက်တယ်။ ဆရာမပြောလို့ ဖေဖေတို့ ကျွန်မကို လာရှာတာပဲ ဖြစ်ရမယ်။

သူတို့ကျွန်မကို မမြင်ကြသေးဘူး။ လူအုပ်ဆီကိုပဲ အာရုံစိုက်နေကြပါတယ်။ ကျွန်မကိုတွေ့ရင် ခေါ်သွားမှာ သေချာပါတယ်။

ကျွန်မ လိုက်မသွားနိုင်ဘူး၊ အစ်ကိုကိုထားပြီး မသွားနိုင်ပါဘူး၊ သူတို့အတွေ့ခံလို့လည်း မဖြစ်ဘူး။

ချစ်ထွေး. . .

(အဖ ဦးလှကျော်)

တွေ့လိုသူ

စန်းစန်းမူ

(ဇနီး)

အဲဒီတုန်းမှာ ကျွန်မနာမည်ခေါ်သံ ထွက်လာပါတယ်။ ကျွန်မဟာ ထောင်ဝါဒါဆီက စာရွက်ကို သွားယူရမှာပါ။

ကျွန်မ မသွားရဲဘူးလေ၊ သွားတာနဲ့ဖေဖေတို့ ကျွန်မကို တွေ့သွားမှာ မုချပဲ၊ နာမည်ခေါ်သံကိုတော့ သူတို့ကြားနိုင်မှာ မဟုတ်ဘူး။

ကျွန်မနာမည်လွန်သွားပြီ၊ နောက်တစ်ယောက်ကို ခေါ်နေပြီ၊ သွားပြီ၊ အစ်ကိုကို သွားတွေ့ရမယ့် အခွင့်အရေးလွတ်သွားပါပြီ။

နောက်တစ်ခါပုံစံဖြည့်၊ ထပ်ပြီးတန်းစီဖို့ အချိန်မရှိတော့ပါဘူး။

နောက်ဆုံးတော့ ထောင်ဝင်စာရုံးခန်းကလေးနဲ့ နောက်ဘက်လမ်းကြားကို ပြေးဝင်ပြီး အဲဒီလမ်းကြားကနေ ဈေးဆိုင်တွေ အကာအကွယ်ယူလို့ အပြန်လမ်းကို ထွက်ခဲ့ပါတယ်။ တွေ့တဲ့ ဆိုက်ကားကို



တက်ပြီး အင်းစိန် အမှတ် (၈) ကားဂိတ်ကို အမြန်နှင်းခိုင်းရပါတယ်။

ဖေဖေနဲ့မေမေကတော့ သမီးမိုက်ကို တွေ့လိမ့်နိုးနိုးနဲ့ ထောင်ရှေ့မှာ စောင့်နေကြဆဲ ရှိပါသေးတယ်။

ဒီအပတ် ထောင်ဝင်စာသွားတော့ မောင်ကျော်ပါလိုက်လာခဲ့တယ်။ ဖေဖေတို့နဲ့ တွေ့မှာစိုးလို့ ကျွန်မ ထောင်ဝင်စာ ရုံးနားကို မသွားဘဲ ဈေးဆိုင်တစ်ဆိုင်ထဲမှာ ဝင်စောင့်နေတုန်း မောင်ကျော်က ထောင်ဝင်စာအခေါ်ကို စောင့်နေပါတယ်။

ဒီတစ်ပတ်လည်း ကျွန်မတို့ အစ်ကိုကို မတွေ့ရဘဲ စိတ်မောလူမောနဲ့ ပြန်ခဲ့ရပါတယ်။

အစ်ကိုထောင်ထဲမှာ ရန်ဖြစ်လို့ တိုက်ပိတ်ခံနေရတယ်တဲ့။

ကျွန်မစိတ်တွေဟာလေ လေးလံနောက်ကျိလို့နေပါပြီ၊ အစ်ကိုနဲ့ ထောင်ဝင်စာ မတွေ့တာ သုံးပတ်တောင်ရှိပြီလေ။

ထောင်ဝင်စာတွေ့ရမယ့်ရက်ကို ကျွန်မ လက်ချိုးရေတွက်နေခဲ့ရပါတယ်။

ဒီလိုနဲ့ နောက်တစ်ပတ် ထောင်ဝင်စာ သွားတွေ့တော့ ရင်ကျိုးရာသတင်းကို ကြားခဲ့ရပါတယ်။ အစ်ကိုနဲ့တော့ မတွေ့ခဲ့ရပါဘူး။

"အစ်ကိုရဲ့ဘက်အလုပ်စခန်းကို ရောက်သွားပြီတဲ့"

ဒီသတင်းဆိုးဟာ ကျွန်မကို အမောဆို့သွားစေခဲ့ပါတယ်။

ကျွန်မဟာ လူတွေကြားမှာတောင် ဟန်မဆောင်နိုင်တော့ပါဘူး။ မျက်ရည်စလည်ရွဲနဲ့ ငိုပွဲဆင်ခဲ့ရပါတယ်။

မောင်ကျော်ကတော့ အားပေးရှာပါတယ်။ ဘယ်စခန်းရောက်တယ်ဆိုတာ ကုံစမ်းပါ့မယ်တဲ့။

နောက်ပြီး ရဲဘက်စခန်းဟာ ထောင်ထဲမှာထက် လွတ်လပ်လို့

အနေအစားချောင်တဲ့အကြောင်း၊ ရဲဘက်စခန်းမှာ ခြောက်လတစ်နှစ် နေပြီးတာနဲ့ အိမ်ကို ခွင့်နဲ့ပြန်နိုင်တဲ့ အကြောင်း၊ ရဲဘက်ရဲ့ သက်ဆိုင်ရာ မိသားစုတွေ လိုက်သွားတွေ့ဆုံနိုင်တဲ့အကြောင်း မောင်ကျော်က ပြောပြခဲ့ပါတယ်။

ကျွန်မ အစ်ကို့ဆီကို လိုက်သွားဖို့ ကြိုးစားပါသေးတယ်။

စုံစမ်းကြည့်တော့မှ အသွားအလာ မလွယ်ကူကြောင်း သိခဲ့ရတော့တယ်။

အစ်ကိုတို့ ရဲဘက်စခန်းက ပဲခူးရိုးမရဲ့ တောင်ကြောပေါ် မှာရှိတဲ့ မန္တလေးရန်ကုန်လမ်း ဖောက်လုပ်ရေးအလုပ်စခန်း ဖြစ်ပါတယ်။

အဲဒီစခန်းကိုသွားမယ်ဆိုရင် ရန်ကုန်ကနေ လှည်းကူးအထိ ကားစီး၊ လှည်းကူးကနေ ဖောင်ကြီးအထိ ကားတစ်တန်ဆက်စီး၊ ဖောင်ကြီးကမှ မင်းကုန်းကို မြင်းလှည်းစီးရမှာပါ၊ မင်းကုန်းကနေ ရှေ့သို့ ခရီးဆက်ဖို့က ခြေကျင်လမ်းပဲ ရှိပါတော့တယ်။

အဲဒီလမ်းကို တကယ့်ခရီးကြမ်းလမ်းပါ။ တောကို ဖြတ်ရမယ်၊ တောင့်ကိုလည်းကျော်ရမယ်၊ ရှိမြောင်ချိုင့်ဝှမ်းတွေကိုလည်း ကူးရမယ်လို့ ဆိုပါတယ်။

ဘယ်လောက်ပဲ ခရီးလမ်းပန်း ခက်ထန်ကြမ်းတမ်းပါစေ အစ်ကို့ကို တွေ့ဖို့ဆိုရင် ကျွန်မ ဘာမှ မမှုပါဘူး၊ သွားနိုင်ပါတယ်၊ အပင်ပန်းခံနိုင်ပါတယ်။

ဒါပေမဲ့. . .

မောင်ကျော်က ဒီလမ်းဟာ မိန်းမသားတစ်ယောက်နဲ့ ကြမ်းတမ်းလွန်းပါတယ်၊ မသွားသင့်ပါဘူးလို့ အတန်တန်တားပါတယ်။

"ခရီးလမ်းပန်း အခြေအနေကို စုံစမ်းပြီးရင် ကျွန်တော် တစ်



ယောက်တည်း အရင်သွားပါ့မယ် မမစန်းရယ်၊ သွားရေး၊ လာရေး အဆင်ပြေတယ်ဆိုမှ နောက်တစ်ခေါက် မမစန်းလိုက်တာပေါ့"

မောင်ကျော်ရဲ့ အကြောင်းပြချက် ခိုင်လုံတာမို့ ကျွန်မ ဖွတ်မပြောသာပါဘူး။

ဒီရက်တွေထဲမှာလည်း မောင်ကျော်ဟာ ကီလီဈေးက ပွဲရုံတစ်ခုမှာ နေ့စားအလုပ်လုပ်ရတယ်လို့ ပြောပါတယ်။

တစ်ခါတစ်ခါတော့ ကျွန်မ မေမေတို့ဆီ ပြန်နေဖို့ စဉ်းစားမိတယ်။ ဒါပေမဲ့ အစ်ကို့ဆီ လိုက်သွားဖို့ စိတ်သန်နေတာမို့ မောင်ကျော်နဲ့ဆက်ပြီး နေဖြစ်ခဲ့ပါတယ်။ တကယ်လို့ အစ်ကိုနဲ့ တွေ့ရပြီးရင်လည်း အစ်ကို မလွတ်ခင်အချိန်မှာ မေမေတို့အိမ်မှာ ပြန်နေဖို့ တိုင်ပင်ခွင့်တောင်းဖို့တော့ စဉ်းစားထားပြီး ဖြစ်ပါတယ်။

အိမ်မှာလည်း လုပ်စရာအလုပ်က ထူးထူးထွေထွေ မရှိတာမို့ အစ်ကို့အကြောင်းကိုပဲ တွေးလို့ ငေးမောနေခဲ့ရပါတယ်။

ရဲဘက်အလုပ်စခန်းမှာ အစ်ကို့လိုလူနဲ့ မသင့်တော်ပါဘူး။ သူ့စိတ်ဟာ တစ်ခါတလေ ခက်ထန်ကြမ်းတမ်းပေမယ့် သူ့ရုပ်နဲ့သူ့ပုံပန်းဟာ မြို့ကြီးသား ကောလိပ်ကျောင်းသားတစ်ယောက်လို ရည်မွန်ပျော့ပျောင်းနေပါတယ်။ ဒါပေမဲ့ ခုတော့ အလုပ်ကြမ်းကို ပင်ပင်ပန်းပန်း လုပ်နေရပြီ ထင်ပါတယ်။

ကျွန်မဟာ တွေးရင်းနဲ့ စီးကျလာတဲ့ မျက်ရည်ကို သုတ်လို့ သက်ပြင်းအကြိမ်ကြိမ် ချခဲ့ရပါပြီ။

ဩော် အစ်ကိုတစ်ယောက် ပင်ပန်းနေပြီ ထင်ပါရဲ့။

* * *

## အခန်း (၈)

ပင်ပန်းတာကတော့ အထူးပြောစရာတောင် မလိုဘူး။

'ပြစ်မှုကြွေးကို ချွေးဖြင့်ဆပ်မည်' ဆိုတဲ့ ကျွန်တော်တို့ ရဲဘက်စခန်းရဲ့ ဆောင်ပုဒ်ကိုပဲ ကြည့်ပါတော့။

ကျွန်တော်တို့ဟာ ကိုယ့်ရဲ့မိုက်ကြွေးကို ချွေးနဲ့ဆေးကြောနေသူတွေပါ။

နောက်ပြီး ဒါဟာ အလုပ်စခန်းတစ်ခုဖြစ်ပါတယ်။ ဧည့်ရိပ်သာ မဟုတ်ပါဘူး။

ဒီတော့ ပင်ပန်းပေမပေါ့။

ရပါတယ်၊ ကျွန်တော်ဟာ ယောက်ျားတစ်ယောက်ပါ။ ကိုယ်ကာယပင်ပန်းတာကို မမှုပါဘူး။ သူများနည်းတူခံနိုင်ပါတယ်။ ဒါပေမဲ့ စိတ်ဆင်းရဲမှုဒဏ်ကိုတော့ မခံနိုင်ဘူးလေ။

ဝမ်းနည်း ကြေကွဲရခြင်းနဲ့ ဒေါသတရားဟာ ယှဉ်တွဲလို့ ကျွန်တော့်ကို နှိပ်စက်နေပါတယ်။ ဖင်းတို့အကြောင်းကို မစဉ်းစားမိဖို့ ကိုယ့်စိတ်ကို ကြိုးစားချုပ်တည်းခဲ့ပေမယ့် မရပါဘူး။



ကျွန်တော့်အပေါ် သစ္စာဖောက်ခဲ့တဲ့ စန်းမူနဲ့ မောင်ကျော်အကြောင်းကို စဉ်းစားမိတိုင်း ဒေါသတရားဟာ ရင်ထဲမှာ တစ်လိပ်လိပ် တက်လာခဲ့ရတယ်။ နောက်ဆုံးတော့ စိတ်ဆင်းရဲရခြင်းသာ ဖိုးမိုးလို့ ဝမ်းနည်းရခြင်းနဲ့ နိဂုံးချုပ်ခဲ့ရပါတယ်။

ကျွန်တော် စိတ်သောကရောက်နေချိန်မှာ သူတို့နှစ်ယောက်ကတော့ အပျော်ကြီးပျော်နေကြပြီ ထင်ပါတယ်။

စန်းမူနဲ့ မောင်ကျော်ကို စိတ်မချရဘူးလို့ ပြောလိုက်တဲ့ရမ်းကုဆိုတဲ့ကောင်ကို ကျွန်တော် ဒေါသတကြီး လက်လွန်ခြေလွန် လုပ်လိုက်မိလို့ တိုက်တစ်လ ပိတ်ခံလိုက်ရတယ်။

တိုက်ကလွတ်လို့ ရက်ပိုင်းအတွင်းမှာပဲ ကျွန်တော်ဟာ ရဲဘက်အလုပ်စခန်းကို သွားရမယ်ဆိုတာ သိခဲ့ရတယ်။

ကောင်းပါတယ်။

ဒင်းတို့နဲ့ ဝေးဝေးနေရတာ စိတ်သက်သာမှု ရှိပါလိမ့်မယ်။ နောက်ပြီး စိတ်ဆင်းရဲမှုဝေဒနာကို အလုပ်ကြိုးစားလုပ်ရင်း ဖြေဖျောက်မယ်လို့လည်း ကျွန်တော်ဆုံးဖြတ်လိုက်ပါတယ်။

ဒါကြောင့်လဲ ရဲဘက်စခန်းကို ဝမ်းသာအားရ လိုက်ခဲ့မိပါတယ်။

ကျွန်တော် ရောက်ရှိနေတဲ့ ရဲဘက်စခန်းက ပဲခူးရိုးမတောင်ကြောပေါ်မှာ ချထားပါတယ်။ ကျွန်တော်တို့ စခန်းမှာ ရဲဘက်ပေါင်း တစ်ထောင်လောက် ရှိပါတယ်။ ကျွန်တော်တို့ဟာ မန္တလေးရန်ကုန်လမ်းမကြီးဖောက်လုပ်ရေးမှာ လုပ်အားပေးကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရဲဘက်စခန်းကို ဖိုခနောက်ဆိုင် တည်ရှိတဲ့ တောင်ထိပ်ပေါ်မှာ တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။

ထောင်ပိုင်ကြီးရုံးခန်းကို တောင်ထိပ်တစ်ခုပေါ်မှာ တည်ဆောက်ထားပြီး မလှမ်းမကမ်းမှာ သက်သာချောင်ချိရေး လက်ဖက်ရည်ဆိုင်ရှိပါတယ်။ တစ်ဆက်တည်း တောင်ကြောပေါ်မှာ ရဲဘက်တွေနေတဲ့ အိပ်ဆောင်တွေက အစီအရီရှိပါတယ်။ လက်ဝဲဘက်တောင်ကြောပေါ်မှာတော့ ရိက္ခာဂိုဒေါင်ရယ်၊ ထောက်ပံ့ရေးဆိုင်ရယ် အဲဒီတောင်နဲ့ မျက်နှာချင်းဆိုင် တောင်ပေါ်မှာ 'မီးစက်' ရှိပါတယ်၊

စခန်းတစ်ခုလုံးကို ည (၆) နာရီက (၁၀) နာရီထိ အဲဒီမီးစက်က မီးပေးခြင်းပါ။

'ဖြစ်မှုကြွေးကို ချွေးဖြင့် ဆပ်မည်'

ဆိုတဲ့ စာတမ်းပါ ဆိုင်းဘုတ်ကြီးက စခန်းအဝင်ဝမှာ ခံ့ခံ့ထည်ထည်ကြီး ရှိနေပါတယ်။

အင်းစိန်ထောင်မှာတုန်းက ဘယ်ဘက်ကိုပဲကြည့်ကြည့် အုတ်ရိုးညေးမည်းကြီးတွေကိုပဲ မြင်နေရတဲ့ ကျွန်တော့်အဖို့ ခုလို တောတောင်လျှိုမြောင် ချောက်ကမ်းပါးတွေကြားကို ရောက်လာတော့ စိတ်တွေ ပေါ့ပါးလွတ်လပ်ခဲ့ရပါတယ်။

"အစ်ကို . . . ဟိုမှာ ကြည့်ပါဦး၊ တောင်တန်းကြီးတွေက လှလိုက်တာနော်၊ ဘာတောင်လို့ခေါ်လဲဟင်"

စန်းမူရဲ့ ကြည်လင်တဲ့အသံလေးကို ပြန်ပြီး ကြားယောင်ခဲ့ရပါတယ်၊ စန်းမူနဲ့ မော်လမြိုင်ကို သွားကြတုန်းက ရထားလမ်းဘေးမှာမြင်ရတဲ့ ဇင်းကျိုက်တောင်တန်းကြီးကို ကြည့်လို့ စန်းမူတစ်ယောက်ပျော်နေတာကို ဖျပ်ခနဲ သတိရလိုက်တယ်ဆိုရင်ပဲ ဒေါသစိတ်ကမြိုသိပ်လို့ မရတော့ပါဘူး။



"သစ္စာဖောက်မ . . . သစ္စာဖောက်မ၊ ကဲကွာ . . . သေဟာ"

ကျွန်တော်ဟာ အံတင်းတင်းကြိတ်လို့ လက်ထဲက ပေါက်ချွန်းနဲ့ရှေ့က သစ်မြစ်ကို တစ်အားကုန် ပေါက်ချလိုက်မိတော့တယ်။

ဒင်းတို့နှစ်ယောက်ဟာ ကျွန်တော့်လက်တစ်ကမ်းမှာ ရှိနေခဲ့ရင် မှုန့်မှုန့်ညက်ညက်ချေပစ်လိုက်မိမှာ မလွဲဘူး။

ရဲဘက်စခန်းမှာ အလုပ်ကိုဖိပြီး ကြိုးစားခဲ့ပေမယ့် ရင်ထဲကဝေဒနာကတော့ မသက်သာခဲ့ပါဘူး။

မနက် ၆ နာရီထောင်ပိုင်ကြီးရုံးခန်းက လူစုဖို့ အချက်ပေးသံထွက်ပေါ်လာတာနဲ့ ကျွန်တော်တို့ ရဲဘက်တွေဟာ ထောင်ပိုင်ကြီးရုံးခန်းရှေ့မှာ စုဝေးတန်းစီရပါတယ်။ လူစစ်ပြီးတာနဲ့ နိုင်ငံတော်အလံကို အလေးပြုပြီး သစ္စာအဓိဋ္ဌာန်ကို ဆိုရပါတယ်။ နောက်အလုပ်ဆိုင်းတွေ ခွဲပြီးတာနဲ့ ပေါက်တူး၊ ပေါက်ပြား၊ ပေါက်ချွန်း၊ လွှ၊ ဓား စတဲ့ လက်နက်ကိရိယာတွေ စွဲကိုင်လို့ ကိုယ့်အုပ်စုနဲ့ကိုယ်အလုပ်ခွင်ကို ထွက်ခွာခဲ့ရပါတယ်။ အုပ်စုတစ်စုမှာ ထောင်ဝါဒါတစ်ယောက်က အုပ်ချုပ်လိုက်ခဲ့ရပါတယ်။ မန္တလေး ရန်ကုန်လမ်းမကြီး ဖောက်လုပ်ရေးလုပ်ငန်းဟာ အလွန်ကြီးကျယ်ခမ်းနားတဲ့လုပ်ငန်းကြီးတစ်ခု ဖြစ်သလို အုတ်နံရံ လေးဘက်ကြားမှာ လုပ်အားတွေ ဖြုန်းတီးနေတဲ့ အကျဉ်းသားရဲဘက်တွေရဲ့ ချွေးနဲ့ ခွန်အားကိုစုစည်း အကောင်အထည်ဖော်တာမို့ ထူးခြားလှပါတယ်။

"ငါ့သားတို့ . . . မင်းတို့ ဖောက်လုပ်နေတဲ့ ဒီလမ်းမကြီးဟာ တစ်ချိန်မှာ တို့တိုင်းပြည်ရဲ့ လမ်းပန်းဆက်သွယ်ရေးအတွက် အရေးပါအရာရောက်မယ့် လမ်းမကြီးတစ်ခုဖြစ်ပါလိမ့်မယ်၊ မင်းတို့ ဒီလိုလုပ်အားပေးရတာဟာ အလွန်မွန်မြတ်ပါတယ်။ တစ်ချိန်က မိုက်

မှားခဲ့ပိတဲ့ မင်းတို့ရဲ့ အမှားတွေကို သွေးနဲ့ ဆေးကြောဖြေဖျောက်တယ်လို့ သိကြစေလိုတယ်"

ကျွန်တော်တို့ရဲဘက်စခန်းကို အုပ်ချုပ်ကွပ်ကဲတဲ့ ထောင်ပိုင်ကြီးရဲ့ စကားသံဟာ ကျွန်တော်တို့ကို အားတက်စေခဲ့ပါတယ်၊ ပင်ပန်းမှုကို ပြေပျောက်စေခဲ့ပါတယ်။

လူနှစ်ဖက်လောက်ရှိတဲ့ သစ်ပင်ကြီးတွေဟာ တစ်အုန်းအုန်းလဲကျနေပါတယ်။ တစ်ချိန်က သားကောင်တို့ရဲ့ ပျော်မြူးရာ ရိုးမတောင်ကျောဟာ ခုတော့ ရဲဘက်တွေ လှဲဖြတ်သံ၊ ရဲဒင်းခုတ်သံ၊ ဓားထစ်သံတွေနဲ့ သောသောညံနေပါပြီ။

ကျားဟိန်းသံ၊ သမင်တောက်သံ၊ ဂျီဟောက်သံတွေရဲ့ နေရာမှာ ရဲဘက်တို့ရဲ့ သီချင်းသံတွေဟာ အစားထိုးနေရာယူခဲ့ပါပြီ။

ဒီလုပ်ငန်းကို လုပ်ရတာဟာ ပင်ပန်းပေမယ့် ကျွန်တော် စိတ်ဝင်စားပါတယ်။

တကယ်လို့ . . .

ကျွန်တော်အပေါ်မှာ စန်းမူသာ သစ္စာမဖောက်ခဲ့ရင်၊ မောင်ကျော်သာ ကျေးမစွပ်ခဲ့ရင် ပျော်ပျော်ကြီးနေနိုင်၊ အလုပ်လုပ်နိုင်မယ့် နေရာဒေသတစ်ခုပါ။

ခုတော့ အလုပ်လုပ်နေရပေမယ့် ကျွန်တော့်စိတ်ဟာ ပျံ့လွင့်နေပါတယ်၊ လေးလံထိုင်းမှိုင်းလို့ နေပါတယ်၊ လုံးဝမပျော်ခဲ့ပါဘူး။

တစ်ခုပဲရှိပါတယ်၊ ဒင်းတို့ရဲ့သွေးနဲ့ ဆေးမှ ကျွန်တော့်ရဲ့ သောကဝေဒနာဟာ ပြေနိုင်ကြေနိုင်မယ်လို့ ယုံကြည်ထားပါတယ်။

ကျွန်တော်ဟာ ဆုံးဖြတ်ထားပြီး ဖြစ်ပါတယ်၊ ထောင်က လွတ်တာနဲ့ ဒင်းတို့ကို တွေ့အောင်ရှာလို့ သစ္စာဖောက်သူတို့ရဲ့ သွားရာ



လမ်းကို ညွှန်ပြရမယ်။

ဒါပေမဲ့ . . . ဒါပေမဲ့ . . .

ကျွန်တော်ဟာ စိတ်ထဲကနာကြည်းချက်ကို ထောင်ကလွတ်သည့်ထိ အောင့်အည်းနိုင်ပါ့မလား၊ စောင့်နိုင်ပါ့မလား။

စဉ်းစားရင်းနဲ့ ကျွန်တော့်တစ်ကိုယ်လုံးဟာ ဒေါသတွေနဲ့ ဆူဝေလာပြန်ပါတယ်။

ဟင်း . . .

"သစ္စာဖောက်တွေ . . သစ္စာဖောက်တွေ၊ သေဟ၊ သေကြစမ်း ဟ"

ကျွန်တော်ဟာ နှုတ်ကဟစ်ကြွေးလို့ ရှေ့ကသစ်ငုတ်ကြီးကို ဒေါသကြီး ပေါက်ချွန်းနဲ့ အဆက်မပြတ်ပေါက်နေမိပါတယ်။

"ကဲဟာ၊ ကဲဟာ"

ထွာတစ်ဘက်လောက်ရှိတဲ့ သစ်မြစ်ကြီးဟာ တစ်ဖွားဖွားပဲ့ကျနေပါတယ်။

"ဟေ့ . . . ချစ်ထွေး၊ ချစ်ထွေး၊ သတိထားလုပ်ဟ၊ မင်း ခြေထောက်ကို ထိဦးမယ်'

ကျွန်တော်တို့ အလုပ်ဆိုင်းကို အုပ်ချုပ်လာတဲ့ ထောင်ကြပ်ဆရာ သိန်းမြင့်ရဲ့ သတိပေးသံကို ကြားမှ ကျွန်တော်ဟာ အလုပ်ကို ရပ်လိုက်ပါတယ်။

မောပန်းမှုကြောင့် ကျွန်တော်ဟာ အသက်တောင် မှန်မှန် မရှူနိုင်အောင်ရှိခဲ့ပါပြီ။

မျက်နှာပေါ်က ချွေးသီးချွေးပေါက်တွေဟာ အဆက်မပြတ် စီးကျလာပါတယ်။

* * *

## အခန်း (၉)

စီးကျလာတဲ့ ချွေးသီးချွေးပေါက်တွေကို လုံချည်နဲ့ သုတ်လို့ ကျွန်တော်က သစ်ပင်ရိပ်တစ်ခုမှာ မောပန်းစွာ ထိုင်ချလိုက်မိပါတယ်။

ကြမ်းလိုက်တဲ့ခရီး၊ ဆိုးလိုက်တဲ့လမ်း။

မမစန်းကို ခေါ်မလာမိတာပဲ တော်သေးတော့၊ သူသာ ပါလာရင် ဒီလောက်ခရီးတွင်နိုင်မှာ မဟုတ်ကြောင်း ကျွန်တော် တွေးမိပါတယ်။

မနက်စောစောကတည်းက ကျွန်တော်ဟာ အစ်ကိုချစ်ထွေးအတွက် ဆေးလိပ်၊ စားစရာအဝတ်အထည်တို့ကို သယ်ဆောင်လို့ ကားအဆင့်ဆင့်၊ မြင်းလှည်းအတန်တန်နဲ့ ခရီးထွက်လာမိတာ မနေ့ခင်း (၁၂) နာရီလောက်မှာ မင်းကုန်းရွာကို ရောက်ပါတယ်။

သည်ရွာဟာ ရိုးမကောင်ကျောပေါ်က ရဲဘက်စခန်းတွေကို သွားဖို့အတွက် ပထမ စခန်းဖြစ်ပါတယ်။

လူအများသုံးတဲ့ ရိုးရိုးလမ်းဟာဝေးပေမယ့် လမ်းပြေ၊ လမ်းချောပါတယ်။ ဒါပေမယ့် ရဲဘက်စခန်းကို အမြန်ရောက်လိုတဲ့ ကျွန်တော်က ဖြတ်လမ်းရှိမရှိ မင်းကုန်းစခန်းက လူကြီးတစ်ယောက်ကို မေးမိပါတယ်။



"ဘာ . . . အနီးဆုံးဖြတ်လမ်း ဟုတ်လား၊ လွယ်ပါတယ်ကွာ ဟောဒီ တယ်လီဖုန်းကြိုးလိုင်းအတိုင်းသာ သွားပေတော့ တွေ့ရပါတယ်"

မင်းကုန်းနဲ့ ရေနက်ကြီးစခန်းကို ဖြတ်သန်းပြီး ဝါးလုံးတိုင်တွေစိုက်လို့ တယ်လီဖုန်းကြိုးသွယ်ထားတာ တွေ့ရပါတယ်။

တောတောင် ချောက်ကမ်းပါးနဲ့ လျှိုမြောင်အဆင့်ဆင့်ကို ဖြတ်သန်းသွားတဲ့ တယ်လီဖုန်းကြိုးအတိုင်း လိုက်ခဲ့ပါပြီ။

ကြမ်းလိုက်တဲ့လမ်း၊ ဆိုးလိုက်တဲ့ ခရီး၊ ပင်ပန်းလိုက်တာလည်း ပြောစရာ မရှိတော့ပါဘူး၊ အစွမ်းတုန် ပူလောင်နေတဲ့ နေအပူရှိန်ကလည်း ကျွန်တော့်တစ်ကိုယ်လုံးကို ချွေးတွေနဲ့ ရွှဲနစ်စေခဲ့ပါတယ်။

လမ်းမှာခဏနားလို့ ခရီးဆက်ခဲ့ပြန်တယ်၊ ခရီးတစ်လျှောက်မှာ ကြီးမားတဲ့ သစ်ပင်ကြီးတွေဟာ အတုံးအရုံးလဲကျနေတာကို တွေ့ခဲ့ရပါတယ်၊ သူတို့အထဲမှာ ကိုချစ်ထွေးတစ်ယောက်များ ပါလေမလားလို့ တွေနိုးနိုးနဲ့ ကျွန်တော်ကြည့်မိပါသေးတယ်။

တောတန်းတစ်ခုကိုဖြတ် တောင်စွယ်တစ်ခုကိုကျော် လျှိုမြောင်တစ်ခုကိုကူးမိတာနဲ့ ရဲဘက်စခန်းကို ဘွားခနဲတွေ့လိုက်ရပါပြီ။

မီးခိုးငွေ့တွေ တစ်လူလူတက်နေတဲ့ တောင်ထိပ်ပေါ်က တဲတန်းရှည်ကြီးတွေကို မြင်ရတာဟာ လွမ်းမောစရာမြင်ကွင်း တစ်ခုလိုပါပဲ။

မမစန်းကို ခေါ်မလာတာမို့ အစ်ကိုချစ်ထွေး အပြစ်တင်နေဦးမှာလားလို့လည်း တွေးမိပါသေးတယ်။

"ဒီစခန်းမှာ ကိုချစ်ထွေးဆိုတာသိသလားဗျာ"

စခန်းအဝမှာတွေ့တဲ့ ရဲဘက်တစ်ယောက်ကို မေးမိပါတယ်။

"ခင်ဗျား ဒီလိုမေးလို့မရနိုင်ဘူးဗျာ၊ ဒီစခန်းမှာ လူပေါင်း တစ်ထောင်လောက် ရှိတာဗျ၊ နောက်ပြီး ရဲဘက်တွေက အလုပ်ခွင်မှာ ရှိနေကြသေးတယ်၊ အကောင်းဆုံးကတော့ ဟိုထောင်ပိုင်ကြီး ရုံးခန်းကို သွားစုံစမ်းကြည့်ပါ"

ရဲဘက်ကြီးညွှန်ပြတဲ့ ထောင်ထဲမှာတော့ ပြည်ထောင်စုအလံဟာ တစ်ဖျတ်ဖျတ် လွင့်နေတယ်၊ အလံအောက်ဖက်မှာ ဝါးတွေနဲ့ ဆောက်ထားတဲ့ အဆောက်အဦတစ်ခုကို မြင်တွေ့ရတယ်၊ အဲဒါ ထောင်ပိုင်ကြီးရုံးခန်းပါ။

ကျွန်တော် ရုံးထဲဝင်သွားတော့ ထောင်ပိုင်ကြီးက ကျွန်တော့်ကို စူးစမ်းသလို ကြည့်လို့ ရှေ့ကဝါးခုံတစ်ခုမှာ အထိုင်ခိုင်းပါတယ်။

"ရဲဘက်တစ်ယောက်နဲ့ တွေ့ဖို့ ဟုတ်လား၊ ဘယ်သူလဲ"

ထောင်ပိုင်ကြီးက မေးရင်းရှေ့က အကျဉ်းသားစာရင်းလို့ ရေး ထားတဲ့ စာအုပ်ကြီးကို ဆွဲယူလိုက်ပါတယ်။

"ကိုချစ်ထွေးပါ"

"ဘယ်သူ"

ထောင်ပိုင်ကြီးက ဆတ်ခနဲ မော့ကြည့်လိုက်ပြီး ထပ်မေးလိုက်ပြန်ပါတယ်။

"ကိုချစ်ထွေး အင်းစိန်ထောင်က ပြောင်းလာတာပါ၊ ထောင် (၃) နှစ် ကျနေပါတယ်"

ကျွန်တော်က ပြည့်ပြည့်စုံစုံ ထပ်ပြောလိုက်ပါတယ်။

"ဩော် . . . ချစ်ထွေးနဲ့တွေ့မှာကိုး၊ မင်းနဲ့ဘာတော်သလဲ"

ထောင်ပိုင်ကြီးက ကျွန်တော့်ကို စူးစမ်းအကဲခတ်သလိုကြည့်ပြီး ထပ်မေးပြန်တယ်။



"ကျွန်တော့်အစ်ကိုပါခင်ဗျာ"

ထောင်ပိုင်ကြီး စကားမပြောဘဲ ခေါင်းကို မသိမသာ ခါရမ်းနေပါတယ်။

"ကျွန်တော် အစ်ကိုချစ်ထွေးကို တွေ့နိုင်မလားခင်ဗျာ"

"အေးကွာ၊ မင်းအစ်ကိုကို မတွေ့နိုင်တော့ပါဘူး"

"ဗျာ . . ဘာ . . ဘာဖြစ်လို့ပါလဲ"

ကျွန်တော်က အထိတ်တလန့် မေးမိပါတယ်။

ထောင်ပိုင်ကြီးရဲ့ ဖြေကြားချက်ကို ကြားရတော့ တုန်လှုပ်သွားရပါတော့တယ်ခင်ဗျာ။

ထောင်ပိုင်ကြီးရဲ့ ဖြေကြားမှုကတော့ . . .

"ချစ်ထွေး ရဲဘက်စခန်းက ထွက်ပြေးသွားပြီတဲ့"

* * *

## အခန်း (၁၀)

"ဘာ . . . ချစ်ထွေး၊ ရဲဘက်စခန်းက ထွက်ပြေးသွားပြီဟုတ်လား ဆရာအောင်ဘန်း"

ကျုပ်က လူဆိုးထိန်းရဲ့ကြပ်ကြီးကို ထပ်ပြီးမေးလိုက်မိပါတယ်။

"ဟုတ်တယ်ဦးချို . . ဒီကောင်ထွက်ပြေးသွားပြီ၊ သက်ဆိုင်ရာ ရဲဘက်စခန်းက ကျွန်တော်တို့ဆီကို အကြောင်းကြားစာ ပို့လိုက်တယ်လေ။ ခင်ဗျားက ဒီလမ်းမှာ လူကြီးတစ်ယောက်ဖြစ်သလို ချစ်ထွေးဟာလည်း ခင်ဗျားနဲ့ တစ်လမ်းထဲနေခဲ့တယ် မဟုတ်လား၊ ဒီတော့ ခင်ဗျားဆီမှာ အကူအညီတောင်းချင်လို့ပါ"

"ပြောပါ ဆရာအောင်ဘန်းရာ၊ ဘယ်လိုကူညီရမှာလည်း"

"ဪ . . . ဒါထက် ချစ်ထွေးမိန်းမက ဒီလမ်းထဲမှာနေသေးတယ်နော်"

"ဟုတ်ပါတယ်၊ မိန်းမရော သူ့ညီပါ အရင်အိမ်မှာပဲ ဆက်နေကြတယ်ဗျ"

"ဒီလိုဗျ ဦးချို့ရဲ့၊ ချစ်ထွေးဟာ ဘယ်နည်းနဲ့မဆို သူ့မိန်းမဆီကို ပြန်လာမှာပဲ၊ အတိအလင်းတော့ လာရဲမှာမဟုတ်ဘူး၊ ခိုးကြောင်ခိုးဝှက်လာမှာ၊ အဲဒါဦးချို့က သူ့အိမ်ကို အလစ်မပေးဘဲ စောင့်ကြည့်ပေးပါ၊ သူ့မိန်းမကို အပြင်ခေါ်တွေ့ချင်တွေ့မယ်၊ အဖြစ်နိုင်ဆုံးကတော့ ညဘက်ကို ဂရုစိုက်ကြည့်ပေးပါ၊ ညဘက်မှာ သူ့အိမ်ကိုဝင်လာနိုင်တယ်၊ သူ့ကို တွေ့တာနဲ့ ကျွန်တော့်ဆီကို ချက်ချင်းအကြောင်းကြားပေးပါ ဟုတ်လားဦးချို့"

"စိတ်ချပါဆရာအောင်ဘန်း၊ ဂရုတစိုက်ကြည့်ပေးပါမယ်"

ကျုပ်က ဒီလိုဝန်ခံလိုက်တော့ အရပ်ဝတ် အရပ်စားဝတ်ထားတဲ့ လူဆိုးထိန်းရဲကြပ်ကြီးဟာ ပြန်ထွက်သွားတယ်။

ရဲကြပ်ကြီး ပြန်ထွက်သွားတော့ ကျုပ်က ချစ်ထွေးအကြောင်း စဉ်းစားမိတယ်၊ ဒီသူငယ်လမ်းထဲကို ပြောင်းလာကာစတော့ လူကောင်းသူကောင်းလေးလို့ပဲ ထင်ခဲ့မိတယ်။

သူကလည်း နယ်က ကျောင်းလာတက်တဲ့ ကောလိပ်ကျောင်းသားလို့ ဆိုသကိုး။

ဒီလိုနဲ့ ချစ်ထွေးမိန်းမရပြီး ရက်ပိုင်းအတွင်းမှာပဲ သူဟာ တစ်ခါက ခါးပိုက်နှိုက်မှုနဲ့ ထောင်ကျဖူးတဲ့အပြင် သက်ဆိုင်ရာရဲစခန်းမှာလည်း လူဆိုးစာရင်း အဖွင့်ခံထားရတယ်ဆိုတာ သိခဲ့ရတယ်။



ကျုပ့်စိတ်ထဲမှာ အတော်အနှောင့်အယှက်ဖြစ်သွားတယ်၊ ကျုပ်တာဝန်ယူထားရတဲ့ ကျုပ့်လမ်းထဲမှာ ထောင်ကျဖူးတဲ့ ခါးပိုက်နှိုက်တစ်ယောက်ရှိနေတာတော့ မကောင်းဘူးပေါ့လေ။

ဒါကြောင့်လည်း ကျုပ် ချစ်ထွေးကို တစေ့တစောင်း အမြဲအကဲခတ်နေခဲ့တယ်၊ ခြေလှမ်းမှားတာနဲ့ ရဲလက်အပ်လိုက်ဖို့ပဲ။

ဒါပေမဲ့ ကျုပ်အမြင်မှာတော့ ချစ်ထွေးဟာ မသင်္ကာစရာမရှိသလို သူ့မိန်းမကလေးကလည်း ရည်ရည်မွန်မွန်နဲ့ ပေါင်းသင်းဆက်ဆံရေး ကောင်းလှပါတယ်။

နောက်ပြီး ချစ်ထွေးဟာ ရပ်ရေးရွာရေးကိစ္စ ကြုံလာရင်လဲ သူ့အားရော ငွေအားပါ တုံ့နှေးသူမဟုတ်လေတော့ ကျုပ်ကလည်း သံယောဇဉ် မကင်းလှပေဘူး။

ကိစ္စမရှိဘူးလေ၊ သူဟာသူ အပြင်မှာ ဘာပဲလုပ်လုပ်၊ ကိုယ့်လမ်း၊ ကိုယ့်အရပ်မှာ ကောင်းကောင်းနေရင်ပြီးတာပါပဲလို့ ဖြေသိမ့်ခဲ့ရတယ်။

မကြာပါဘူး၊ ချစ်ထွေးတစ်ယောက် ဓားထိုးမှု၊ လုယက်မှုတွေနဲ့ ထောင် (၇) နှစ် ကျသွားခဲ့ရတယ်။ ဒီရုပ်ဒီရည်မျိုးနဲ့ ဒီလို အမှုကြီး ကျူးလွန်လိုက်တော့ ကျုပ်တအံ့တသြ ဖြစ်ခဲ့ရတယ်။

ကဲ . . . လာပြန်ပြီတစ်မျိုး။

အံ့သြလို့မှမပြေသေးခင် ချစ်ထွေး ရဲဘက်စခန်းက ထွက်ပြေးပြန်ပြီတဲ့။

တကယ့်လူဆိုးလေးပါလား။

ဘာပဲဖြစ်ဖြစ်လေ၊ ကျုပ်ဟာ ရပ်ရေးရွာရေးအတွက် တာဝန်ယူရတဲ့ လမ်းလူကြီးတစ်ယောက်ဖြစ်တာမို့ သူ့အိမ်ကို ဂရုတစိုက်

စောင့်ကြည့်ရှောပဲ၊ ချစ်ထွေး အိမ်ပြန်လာတာတွေ့တာနဲ့ ဆရာအောင်ဘန်းဆီ အကြောင်းကြားရမယ်။

"မိုက်လိုက်တဲ့ ချစ်ထွေးရယ်"

* * *

## အခန်း (၁၁)

"မိုက်လိုက်တဲ့ကောင်"

"မင်းရဲ့မိုက်မဲမှုဟာ ငါ့ကိုပါလာပြီး ထိခိုက်နေပြီကော ချစ်ထွေး"

မင်းဟာ ရဲဘက်စခန်းက ထွက်ပြေးသွားခဲ့တယ်၊ မင်းဘယ်တိုပြေးမလဲ ချစ်ထွေး၊ မင်းအတွက် ပြေးစရာ မြေမရှိဘူး။

တို့စခန်းမှာ ခြေရောလက်ပါ သံကြိုးတွေခတ်လို့ မလွတ်မလပ်အလုပ်လုပ်နေရတဲ့ ရဲဘက်အချို့ကို မင်းမြင်မှာပါ၊ အဲဒီအကျဉ်းသားတွေဟာ မင်းလိုပဲ စခန်းက ထွက်ပြေးပြီး ပြန်မိတော့ ပိုပြီး ကျဉ်းကြပ်တဲ့ ဘဝကို ရောက်ခဲ့ရတယ်လေ။

ကျွန်တော်ဟာ ထောင်ကြပ်တစ်ယောက်ပါ။

မိခင်ဌာနက မိတ္ထီလာထောင်ပါ၊ ရဲဘက်စခန်းကို တာဝန်နဲ့ပြောင်းခဲ့တာ၊ တစ်နှစ်လောက်ပဲ ရှိပါသေးတယ်။ အဲဒီကာလမှာ ကျွန်တော်ကွပ်ကဲရတဲ့ အလုပ်ဖက်က ရဲဘက်တစ်ဦး ထွက်ပြေးသွားခဲ့တယ်လေ။

သူက ချစ်ထွေးပါ။

လူသတ်မှု၊ ဓားထိုးမှုနဲ့ ထောင် (၇) နှစ်ကျပြီး အင်းစိန်ထောင်က ပို့လိုက်သူ ဖြစ်ပါတယ်။



သူ့အမှုက ကြီးပေမယ့် သူ့ပုံစံကတော့ လူဆိုးလူမိုက်နဲ့ လုံးဝမတူပါဘူး၊ ရုပ်ရည်သန့်ပြန့်တယ်၊ အပြောအဆိုရည်မွန်ချိုသာတယ်၊ စည်းကမ်းလည်း လေးစားလိုက်နာပါတယ်။

ဒါပေမဲ့ သူဟာ ရဲဘက်စခန်းမှာ နေရတာ ပျော်ပုံမရပါဘူး၊ အခြားရဲဘက်တွေနဲ့လည်း မရောဘူး၊ သူတို့နဲ့ သီးခြားနေတယ်၊ တစ်ယောက်တည်း ထိုင်လို့ငေးချင်ငေးနေတယ်၊ တစ်ခါတစ်ရံကျတော့လည်း ဒေါသတကြီးနဲ့ ဖြစ်နေတာ သတိထားမိပြန်တယ်။

ရဲဘက်စခန်း ရောက်လာကြတဲ့ ရဲဘက်တွေမှာ ကိုယ်စီကိုယ်ငှ နောက်ကြောင်းရာဇဝင်ကလေးတွေ ရှိကြပါတယ်၊ ဒါကြောင့်လည်း သူတို့ဟာ ဥပဒေကို ကျူးလွန်မိပြီး အကျဉ်းသားဘဝ ရောက်ခဲ့ကြတာပါ။

ဒါပေမဲ့ သူတို့ဟာ နောက်ကြောင်းကိုမေ့ပြီး ကျရာနေရာမှာ ပျော်ပျော်နေနိုင်ဖို့ ကြိုးစားနေကြပါတယ်။

ချစ်ထွေးကတော့ ဒီလိုမနေနိုင်ဘူး။

သက်ပြင်းတစ်ချချ၊ အံတကြိတ်ကြိတ်နဲ့ ရှိနေတတ်ပါတယ်၊ သူဟာ တစ်ဦးတစ်ယောက်ကို နာကြည်းနေပုံပါပဲ၊ ဒီတော့ သူ့နောက်ကြောင်းကို ကျွန်တော် စိတ်ဝင်စားမိလာတယ်။

ဒီနေရာမှာ ကျွန်တော့်အကြောင်း အနည်းငယ်ပြောလိုပါတယ်။ ကျွန်တော်ဟာ တောကြိုတောင်ကြားမှာ တာဝန်ထမ်းဆောင်နေရပေမယ့် စာပေကို ဝါသနာပါသူ ဖြစ်ပါတယ်။ လူထုဦးလှ၊ ရန်အောင်မောင်မောင်၊ ကျော်မြသန်း စတဲ့ စာရေးဆရာတွေကို အားကျခဲ့ပါတယ်။

အားလပ်ချိန်ရတိုင်းစာတိုပေစတွေကို ရေးသားနေခဲ့ပါတယ်။

အကြောင်းအရာကတော့ ကျွန်တော်တို့ ရဲဘက်စခန်းက ရဲဘက်တွေရဲ့ စိတ်ဝင်စားစရာ ဇာတ်လမ်းတွေပဲ ဖြစ်ပါတယ်။

ဘယ်မှတ္တဇင်း၊ ဘယ်စာစောင်မှ ပို့ဖို့မဟုတ်ပါဘူး။

စိတ်ထဲမှာ ရေးသားချင်စိတ်ပေါ်လို့ စမ်းသပ်ရေးသားထားခြင်းပဲ ဖြစ်ပါတယ်။ အားရင် ကိုယ်ရေးထားတာလေး ကိုယ်ပြန်ဖတ်လို့ စိတ်အဆာကို ဖြေခဲ့ရပါတယ်။

တစ်နေ့မှာ . . .

ကျွန်တော်တို့စခန်းကို ရန်ကုန်က စာရေးဆရာနီလေးမောင်ဆိုတာ ရောက်လာပါတယ်။

ရဲဘက်အဖြစ် ရောက်လာတာမဟုတ်ပါဘူး၊ အလည်အပတ်လေ့လာရေးရောက်လာခြင်းပါ။

ဆရာနီလေးမောင်ကို ကျွန်တော်သိပါတယ်၊ လူချင်းသိတာမဟုတ်ပါဘူး၊ သူ့စာကို သိနေတာပါ။

သူ ဦးစီးထုတ်ဝေနေတဲ့ 'မှူခင်း' ဟာ ကျွန်တော့်ရဲ့အကြိုက်ဆုံးလက်စွဲစာအုပ် ဖြစ်ပါတယ်။

ဒါကြောင့် ဆရာနီလေးမောင် စခန်းကို ရောက်လာတယ် ကြားရတော့ ကျွန်တော် ဝမ်းသာသွားမိတယ်၊ သူနဲ့တွေ့ဆုံပြီး ကျွန်တော့်ရဲ့ ရေးပြီးသား စာမူတွေ ပြကြည့်ပါတယ်။

သူ့ရဲ့အကြံဉာဏ်နဲ့ ဝေဖန်ချက်၊ ညွှန်ပြချက်တွေကိုလည်း ရခဲ့ပါတယ်။

ခုတော့ . . .

'မြင့်သိန်းထိုက်' ဆိုတဲ့ ကလောင်နာမည်နဲ့ ကျွန်တော်ရေးတဲ့ဝတ္ထုတွေဟာ နီလေးမောင်ရဲ့ မှူခင်းစာအုပ်တွေမှာ ပုံနှိပ်စာလုံးနဲ့



ဖော်ပြခြင်း ခံနေရတဲ့ ကလောင်ရှင်စာရေးဆရာ ပေါက်စဖြစ်နေပါပြီ။

ဒီတော့ စာရေးနိုင်ဖို့အတွက် ရဲဘော်တွေကို ချဉ်းကပ်ဖို့ သူတို့ရဲ့စိတ်ဝင်စားစရာဇာတ်လမ်းတွေကို ကုန်ကြမ်းအဖြစ် ရှာဖွေနေရပါတယ်။

ဒီနေရာမှာ ကျွန်တော် ချစ်ထွေးကို သွားပြီး စိတ်ဝင်စားမိပါတယ်။

ပထမတော့ ချစ်ထွေးဟာ သူ့အကြောင်းကို ပြောပြဖို့ ခပ်အင်တင်တင် ဖြစ်နေပါသေးတယ်။

နောက်ပိုင်းမှာ သူဟာ ကျွန်တော့်ကွပ်ကဲရတဲ့ အလုပ်ဖက်ကိုရောက်လာပြီး ကျွန်တော်နဲ့ အတော်လေး ရင်းနှီးတော့မှ သူ့အကြောင်းကို ပြောပြပါတယ်။

ရဲဘက်စခန်းကို ရောက်တဲ့နေရာမှာ သူ့ဇာတ်လမ်းဟာပြီးဆုံးသွားပါတယ်၊ ဒါပေမယ့် ချစ်ထွေးက ဆက်ပြောပါသေးတယ်။

"ကျွန်တော့် ဇာတ်လမ်းဟာ မဆုံးသေးဘူး ဆရာမြင့်သိန်း"

"ဟေ့ . . . ဘယ်လိုကွ"

ကျွန်တော်တအံ့တဩ မေးလိုက်မိပါတယ်။

"ထောင်ကလွတ်တာနဲ့ ကျွန်တော့်ဇာတ်လမ်းဟာ ပြန်ပြီးဆက်ရဦးမှာပါ၊ ဒါပေမဲ့ ကျွန်တော်တစ်ယောက်ထဲ ဒီဇာတ်လမ်းကို ဆက်ကလို့တော့ မရတော့ဘူး၊ သစ္စာဖောက်နှစ်ကောင်ကို တွေ့အောင်ရှာပြီးမှ ဇာတ်သိမ်းလို့ရမှာဗျ"

ချစ်ထွေးဟာ ပြောရင်းနဲ့ အံကိုတင်းတင်းကြိတ်လို့ လက်သီးကိုဆုပ်ထားပါတယ်။

သူ့ရင်ထဲက ခံစားချက်ဟာ ပေါက်ကွဲလို့ အပြင်ကို ထွက်လာခြင်းသာဖြစ်ပါတယ်။

'တော်ပါပြီချစ်ထွေးရာ၊ မင်းအမိုက်ဇာတ်လမ်းကို မဆက်ချင်ပါနဲ့တော့၊ သစ္စာမရှိတဲ့မိန်းမတစ်ယောက်အတွက်နဲ့ မင်းဘဝကို အဆုံးမခံလိုက်ပါနဲ့ကွာ၊ မင်းအသက်ဟာ ငယ်ငယ်လေးရှိပါသေးတယ်၊ ဆောင်ကလွတ်ရင် မင်းဘဝကို ပြန်လည်ထူထောင်ဖို့ အချိန်ရပါသေးတယ်၊ မင်းနဲ့ဆိုးတူကောင်းဖက်နေနိုင်မယ့် မိန်းကလေးကို ရနိုင်ပါတယ်'

ကျွန်တော့် ဖျောင်းဖျနှစ်သိမ့်တော့ ချစ်ထွေးက ငြိမ်သွားပါတယ်။ ဘာမှဆက်မပြောပါဘူး၊ ဒါပေမဲ့ နာကြည်းမှုအရိပ်တွေဟာ သူ့မျက်နှာပေါ်က ပျောက်မသွားခဲ့ပါဘူး။

ချစ်ထွေးဟာ အချစ်ကြီးသလောက် အမျက်ကြီးသူတစ်ယောက်ဖြစ်ကြောင်း ကျွန်တော်အကဲခတ်မိပါတယ်၊ တဖြည်းဖြည်းနဲ့ သူ့ကိုနှစ်သိမ့်ဖျောင်းဖျရင် ရနိုင်ကောင်းတယ်လို့ ကျွန်တော်စဉ်းစားထားပါတယ်။

ဒါပေမယ့် . . .

ခုတော့ . . . ချစ်ထွေး ရဲဘက်[illegible] ထွက်ပြေးသွားပြီ
သူထွက်ပြေးသွားတာဟာ ရဲဘက်အလုပ်စခန်းမှာ ပင်ပန်းဆင်းရဲလို့မဟုတ်ဘူးဆိုတာ ကျွန်တော်သိပါတယ်။

သူ့ရင်ထဲကနာကြည်းချက်ကို ဆက်လက်ချုပ်တည်းနိုင်စွမ်းမရှိလို့သာ ဖြစ်မှာပါ။

မပြီးဆုံးသေးတဲ့ သူ့ဇာတ်လမ်းကို ချစ်ထွေးဟာ ဆက်လက်ကပြဖို့ လွှတ်ရက်ကိုမစောင့်ဘဲ ထွက်ပြေးသွားခြင်းပဲ ဖြစ်မှာပါ။



စန်းမူနဲ့ မောင်ကျော်ကို တွေ့အောင်ရှာလို့ သူဆက်မယ့်ဇာတ်သိမ်းဟာ သွေးရောင်လွှမ်းတဲ့ ဇာတ်လမ်းက လွဲလို့ ဘာမှမရှိနိုင်ပါဘူး။

ချစ်ထွေး ထွက်ပြေးသွားတဲ့အတွက် တာဝန်ရှိတဲ့ ကျွန်တော့်မှာ လာပြီး ပြဿနာတက်ခဲ့ရပါတယ်။

တော်တော် ဒုက္ခပေးတဲ့ ချစ်ထွေး။

မြွေအလမ္ပာယ်ဆရာဟာ တစ်ချက်လောက်သတိလစ်ရင် သူ့မြွေဆိုးတွေဟာ သူ့ကိုပြန်ပြီး ဒုက္ခပေးသလို အကျဉ်းသားတွေနဲ့ ဆက်ဆံရတဲ့ ကျွန်တော်တို့ ဝန်ထမ်းတွေအဖို့မှာ တစ်ချက်မှားရင် ဒုက္ခများနိုင်တယ်ဆိုတဲ့ သင်ခန်းစာကို ရခဲ့ပါပြီ၊

ကျွန်တော်သိပါတယ်။

ချစ်ထွေးဟာ ဥပဒေလက်တွင်းက ရှောင်ကွင်းထွက်ပြေးဖို့ မလွယ်ပါဘူး၊ တစ်နေ့မှာ ပြန်မိမှာပါ။ ကျွန်တော်တို့ လက်သုံးစကားတစ်ခုရှိပါတယ်။ 'အဲဒါကတော့ . . .

'ရာဇဝတ်ဘေး ပြေးမလွတ်တဲ့'

* * *

## အခန်း (၁၂)

'ရာဇဝတ်ဘေး ပြေးမလွတ်တဲ့'

'ဟား . . . ဟား . . . ဟား . . . . ရယ်စရာကောင်းလိုက်တာ၊ ရာဇဝတ်ဘေးပြေးမလွတ်တဲ့။

ဒါဟာ သူတို့ ဥပဒေအကျိုးသားတွေရဲ့ လက်သုံးစကားတွေပါ။

ဒီလိုသာ ပြောကြစတမ်းသာဆိုရင် . . .

'ရာဇဝတ်မှု စေပိုင်ပြေးနိုင်ရင်လွတ်စတမ်း' ဆိုတဲ့ စကားကို ဘယ်သွားထားမလဲ။

ကျွန်တော့်ကိုပဲ ကြည့်လေ၊ ခုပဲ ရာဇဝတ်ဘေးက အလွတ်ထွက်ပြေးလာနိုင်ခဲ့ပြီမဟုတ်လား။

ကျွန်တော် ရဲဘက်စခန်းက ထွက်ပြေးလာခဲ့တာ (၅) ရက်ရှိပြီ၊ ခုနေ ကျွန်တော့်ပုံကို ဆရာမြင့်သိန်းတို့မြင်စေချင်တယ်၊ သူတို့ လုံးဝမှတ်မိမယ်မဟုတ်တော့ဘူးလေ။

တက်ထရက်ဘောင်းဘီရှည်နဲ့ ဂျင်းဂျာကင်ကို အကျအနဝတ်လို့ အကောင်းစားရေဘင်မျက်မှန်လဲ တပ်ထားလိုက်သေးတယ်။

ကဲ . . . ရဲဘက်ပြေးတစ်ယောက်လို့ ဘယ်သူက ထင်နိုင်ဦးမှာလဲ။



လက်ထဲက ငါးသုံးလုံးစီးကရက်တိုကို ရထားပြင်ဘက်ကို လွှင့်ပစ်ယင်း လက်ပေါ်က တစ်တိုနီနာရီကို ဟန်ပါပါ ငုံ့ကြည့်လိုက်တယ်၊ ခုမှ 'ယင်းတိုက်ကုန်း'ဘူတာပဲ ရှိပါသေးတယ်၊ ရန်ကုန်ဘူတာကို ရထားဝင်ဖို့ လိုသေးတာပဲ'။

ငါးသုံးလုံး စီးကရက် အသစ်တစ်လိပ်ကို ထပ်ညှိလို့ အားပါးတရ ရှိုက်လိုက်ရင်း ထိုင်ခုံမှာ ကျောမှီလို့ သက်တောင့်သက်သာထိုင်ချလိုက်ပါတယ်။

ဆရာမြင့်သိန်းကို ပြန်ပြီး သတိရလိုက်ပါတယ်။ ကျွန်တော်ထွက်ပြေးတဲ့အတွက် တာဝန်ရှိတဲ့ သူ့အပေါ်မှာ အပြစ်များ ကျနေပြီလား။

ဆရာမြင့်သိန်းကို ကျွန်တော်ခင်မိပါတယ်။

သူဟာ တာဝန်ဝတ္တရားနဲ့ ပတ်သက်လာရင် တင်းမာပြင်းထန်သူဖြစ်ပေမယ့် အခြားအချိန်မှာတော့ သဘောကောင်းသူ၊ ညှာတာသူပါ။

ကျွန်တော့်အပေါ်မှာ ကောင်းခဲ့တဲ့ လူတစ်ယောက် ပြဿနာတက်အောင် လုပ်ခဲ့မိပါတယ်။ သူ့တာဝန်ချိန် သူ့ကွပ်ကဲမှု အလုပ်ဆိုင်းက ကျွန်တော်ထွက်ပြေးခဲ့တာဟာ သူ့ကို အရေးယူခံရနိုင်ပါတယ်။ မတတ်နိုင်ဘူးလေ ကိုယ်မချို အမိသော်လည်း သားတော်ခဲလို့ ဆိုစကားရှိတယ်မဟုတ်လား။

ကျွန်တော်လည်း ထောင်ကလွတ်တဲ့ အချိန်ရောက်အောင် မစောင့်နိုင်တော့ဘူး၊ စန်းမူနဲ့ ပတ်သက်လို့ ရင်ထဲမှာ ခံစားနေရတဲ့ နာကြည်းချက်တွေ မောင်ကျော်နဲ့ ပတ်သက်လို့ ပေါ်ပေါက်ခဲ့ရတဲ့ ဒေါသတရားတွေကို ကျွန်တော်မထိန်းချုပ်နိုင်တော့ဘူး။

စဉ်းစားလိုက်တိုင်း ရင်ထဲမှာ တနုံ့နုံ့နဲ့ ခံစားနေရပါတယ်၊ ကြာရင် စိတ်ဆင်းရဲမှု၊ မနာလိုမှု၊ နာကြည်းမှုတွေကြောင့် ကျွန်တော်မှာ ... ဆင်ပါတယ်။

... ခန်းက ထွက်ပြေးဖို့ အရင်က ကြံစည်ချက်မရှိခဲ့ပါဘူး ... ကြုံကြိုက်လာပုံက . . .

အဲဒီနေ့က ကျွန်တော်တို့ အလုပ်ဆိုင်းဟာ ရှေ့ဖက်က ရဲဘက်တွေ လှဲခဲ့တဲ့ သစ်ပင်ငုတ်တိုကြီးတွေကို မြေကြီးထဲကနေ ဖော်ထုတ်ပစ်ဖို့ တာဝန်ယူရပါတယ်။

သစ်ငုတ်ဖော်ဖို့ဆိုတာ တကယ်တော့ ပြောသလောက် မလွယ်လှပါဘူး။

နှစ်ပေါင်းရာနဲ့ချီပြီး ပင်သက်ရှိတဲ့ ဧရာမသစ်ပင်ကြီးတွေဟာ ကြီးမားမြင့်ခေါင်တဲ့ ပင်စည်အားကို ထိန်းနိုင်ဖို့အတွက် ရှည်လျားခိုင်မာတဲ့ အမြစ်ကြီးတွေဟာ မြေကြီးထဲမှာ နက်ရှိုင်းစွာ ကုတ်တွယ်နေပါတယ်။

အဲဒီလို ခိုင်မာတဲ့ သစ်ငုတ်ကြီးတွေကို ဖော်ထုတ်ဖို့က အမြင်လွယ်သ...က် အလုပ်ခက်လှပါတယ်။

သစ်မြစ်တစ်ခု ဖော်ဖို့အတွက် အလုပ်ဆိုင်းတစ်ခုဟာ တစ်ခါတစ်လေ တစ်နေ့လုံး လုပ်ရတာလဲရှိပါတယ်။

ဝါးရုံတောရဲ့ မြစ်ခြေကို ရှင်းလင်းဖော်ထုတ်ရတာဟာ ပိုပြီးခက်ခဲပင်ပန်းလှပါတယ်။ နောက်ဆုံး ကျွန်တော်တို့က သက်သာတဲ့နည်းကို ရှာဖွေတွေ့လာပါတယ်။ ဒါကတော့ ဝါးရုံငုတ်တိုတွေကို လောင်စာတွေအုံပြီး မီးရှို့ဖော်ထုတ်ခြင်းဖြစ်ပါတယ်။



ဒါကြောင့်လဲ ဝါးရုံငုတ်ဖော်တဲ့နေ့ဆိုရင် ရိုးမကျောတစ်ခွင်မှာ မီးခိုးတွေနဲ့ မှုန်မှိုင်းရီဝေနေတတ်ပါတယ်။

အဲဒီနေ့က . . .

ကျွန်တော်ဟာ ပေါက်ချွန်းနဲ့ သစ်မြစ်ကို တစ်ချက်ပြီးတစ်ချက် ပေါက်နေတုန်း ပေါက်ချွန်းက ပင်စည်နဲ့ထိပြီး ဘေးချော်ထွက်သွားတဲ့နေရာမှာ ပေါက်ချွန်းဟာ ကျွန်တော့ခြေစုံကို ရှပ်ထိသွားပါတယ်။

နေပူက ပြင်းလေတော့ သွေးတွေဟာ ဖျာခနဲ ကျဆင်းလာပါတယ်။

"ဟေ့ . . . မင်းတို့ခဏဖယ်ကြစမ်းကွာ၊ ငါ ကြည့်စမ်းမယ်"

တစ်ယောက်တစ်ပေါက်နဲ့ ပြောပြီး ဝိုင်းအုံနေတဲ့ ရဲဘက်တွေကို ဖယ်နိုင်းပြီး ဆရာမြင့်သိန်း ကျွန်တော့အနား ရောက်လာပါတယ်။

"ဘယ်နှယ်လဲ ချစ်ထွေး များသလား"

"သိပ်မများပါဘူး ဆရာမြင့်သိန်း သွေးတွေ သိပ်ထွက်နေတယ်၊ ခန်းပြန်ပြီး ဆေးမှုးကို ပြမှထင်တယ်"

"ကိစ္စမရှိမပါဘူး ဆရာမြင့်သိန်း၊ နေပူလို့ သွေးထွက်များတာပါ၊ ...တစ်ခုနဲ့ စည်းထားရင် သွေးတိတ်သွားမှာပါ"

ဆရာမြင့်သိန်းရဲ့ စိုးရိမ်မှုကို ကျွန်တော်က ဒီလိုပဲ ပြန်ပြောမိပါတယ်။

ဟုတ်ပါတယ်။

တကယ်လို့ ကျွန်တော့်ကို စခန်းပြန်ပို့မယ်ဆိုရင် ရဲဘက်နှစ်ယောက်လိုက်ပို့ရမှာပါ၊ စခန်းကလည်း တော်တော်ဝေးဝေးမှာ ကျန်ခဲ့ပါပြီ။

သည်လိုဆိုရင် ကျွန်တော်တို့ အလုပ်ဆိုင်းမှာ လူသုံးယောက် လျော့သွားမှာဖြစ်လို့ ကျန်တဲ့ ရဲဘက်တွေကို ငဲ့ညှာပြီး ကျွန်တော်က ခေါင်းမပြန်ဘဲ နေဖို့ ပြောလိုက်ခြင်းပါ။

"ဒီလိုဆိုရင် ဒီနေ့အတွက် မင်းနားပေတော့ကွာ၊ တို့အတွက် ရေနွေးအိုးတည်ထား၊ ဖြစ်ပါ့မလား ချစ်ထွေး"

"ဖြစ်ပါတယ် ဆရာမြင့်သိန်း"

ကျွန်တော်က ခြေထောက်ကို ပုဆိုးစုတ်တစ်ခုနဲ့ သွေးတိတ်အောင် စည်းပြီး ပစ္စည်းတွေ စုပုံထားတဲ့ ဝါးရုံပင်အောက်ကို ထွက်လာခဲ့ပါတယ်။

ကျွန်တော့်အလုပ်ဆိုင်းက ရဲဘက်တွေ အလုပ်လုပ်နေတဲ့ နေရာနဲ့ ကျွန်တော်ရောက်နေတဲ့ ဝါးရုံပင်နေရာဟာ မဝေးလှပေမယ့် သစ်မြစ်တွေ၊ ဝါးရုံတွေ ကွယ်နေလို့ လှမ်းကြည့်ရင် မမြင်နိုင်ပါဘူး။

ကျွန်တော်က ထင်းရှာပြီး-ရေနွေးအိုး တည်လိုက်ပါတယ်၊ ရေနွေးအိုးဆူတာနဲ့ မတ်ခွက်တွေနဲ့ ရေနွေးအိုးကို ယူပြီး သူတို့ဆီ သွားပို့ခဲ့ပါတယ်။ ခုတော့ တာဝန်ပြီးသွားပါပြီ၊ ဒီနေ့အတွက် အလုပ်သိမ်းသည်ထိ ကျွန်တော်အနားယူနိုင်ပြီဖြစ်ပါတယ်။

ဝါးရုံပင်ကိုမှီပြီး အိတ်ထဲက ဆေးပေါ့လိပ်တိုကလေးကို မီးညှိဖွာရှိုက်လိုက်ပါတယ်။ ညိုမှိုင်းနေတဲ့ ရိုးမရဲ့ ကိုယ်ထည်ကြီးဟာ ကျွန်တော်ရှေ့မှာ စင်းစင်းကြီး လဲလျောင်းနေပါတယ်။

'အစ်ကိုရယ် . . . ဟိုတောင်တန်းကြီးတွေက လှလိုက်တာနော်၊ စန်းမူလေ . . . အစ်ကိုနဲ့လက်တွဲပြီး အဲဒီတောင်တန်းကြီးတွေပေါ် ပြေးတက်ရရင် သိပ်ပျော်မှာပဲ'



တစ်ခါက ပြောခဲ့တဲ့ စန်းမူရဲ့ အသံသာသာလေးဟာ ကျွန်တော့်နားမှာ ပဲ့တင်ထပ်လာပါတယ်။

ဇင်းကျိုက်တောင်တန်းကြီးတွေကို ကြည့်ပြီးပြောခဲ့တဲ့ သူ့စကားဟာ ကျွန်တော့်ကို လှောင်ပြောင်ရယ်မောသလို ခံစားလိုက်ရပါတယ်။

သူကတော့ ရင်ခွင်သစ်မှာ ပျော်ရွှင်လို့ နေလေပြီ ဖြစ်ပေမယ့် ကျွန်တော့်ကတော့ အထီးကျန်ဘဝနဲ့ ရည်မှန်းချက်မဲ့တဲ့ လူတစ်ယောက် ဖြစ်ရပါပြီ။

"မင်း. . . မင်း ရက်စက်လိုက်တာ စန်းမူရယ်" ကျွန်တော်က တီးတိုးရေရွတ်မိပါတယ်။

မောင်ကျော်ဆိုတဲ့ကောင်ကရော ကျွန်တော်ကျေးမွေးပြုစုခဲ့တဲ့ကောင်က ကျွန်တော်ရဲ့မိန်းမကို သိမ်းပိုက်ခဲ့ပါပြီ။

"တောက်. . . ရိုင်းလိုက်လေကွာ"

အမုန်းတရားတွေဟာ ကျွန်တော့်ရင်ထဲမှာ တစ်လိပ်လိပ်တက်လာပါတယ်။

သူတို့နဲ့ပတ်သက်လို့ စဉ်းစားမိလေတိုင်းမှာ ကျွန်တော့်ရင်ထဲက နာကြည်းမှုဟာ တိုးလို့သာ ကြီးထွားလာပါတယ်။

အဲဒီ နာကြည်းမှုဝေဒနာကို ကုစား ဖြေဖျောက်ဖို့ တစ်နည်းပဲ ရှိပါတယ်။ အဲဒါကတော့ ဒင်းတို့ဆီ အရောက်သွားလို့ သွေးကြွေးဆပ်ဖို့ပဲ ဖြစ်ပါတယ်။

"ငါ ဘယ်လောက်ကြာအောင် စောင့်ရဦးမှာလဲ"

ကျွန်တော်က လွတ်ရက်ကို ရေတွက်နေမိတယ်။ နှစ်နှစ်တောင် နေရဦးမှပါလား။

ဒီလောက်ကြီးတောင် ကျွန်တော် မစောင့်နိုင်ဘူး။ ကြာရင် ဒီစိတ်နဲ့ ရူးပြီး သေရလိမ့်မယ် ထင်ပါတယ်။

မစောင့်နိုင်ရင် ဘာလုပ်မလဲ။

ကျွန်တော်ဟာ ရှေ့က တောင်တန်းညိုညိုကို ငေးကြည့်နေမိပါတယ်။

ရဲဘက်စခန်းက ထွက်ပြေးရင်ကော။

ဟုတ်ပြီ။ ကျွန်တော့်ခေါင်းထဲမှာ အလင်းရောင်တစ်ချက် ဝင်လာတယ်။

ဒီကနေ့ ထွက်ပြေးမယ်။ ဒင်းတို့ဆီ သွားမယ်။ ဒင်းတို့နဲ့ ရှင်းလင်းပြီးရင် ပြီးပြီ။ ကျွန်တော့်အလုပ်ပြီးပြီ။ ဖြစ်ချင်ရာ ဖြစ်ပစေတော့ပေါ့။

ထွက်ပြေးမယ်ဆိုရင် ဒါဟာ အချိန်ကောင်းပဲ။ ကျွန်တော့်စိတ်တွေဟာ တက်ကြွပေါ့ပါးလာပါတယ်။ ခြေထောက်က အနာကိုတောင် သတိမရတော့ဘူး။ သစ်မြစ်ကြီး တစ်ခုပေါ် တက်ပြီး ဆရာမြင့်သိန်းတို့ဘက်ကို ကြည့်လိုက်တယ်။ ဆရာမြင့်သိန်းဟာ ကျွန်တော့်ကို ယုံကြည်ပုံ ရပါတယ်။ နောက်ကိုတောင် ပြန်မကြည့်ဘဲ သူ့အလုပ်ဆင်းရဲဘက်တွေကို ကွပ်ကဲနေတာ တွေ့လိုက်ရပါတယ်။

ရဲဘက်စခန်းက ထောင်အမှုထမ်းတွေဟာ မသက်သာလှပါဘူး။ ရဲဘက်တွေလို အပင်ပန်းခံကြရပါတယ်။

ကျွန်တော်က ရဲဘက်တွေအတွက် ယူလာဟဲ့ ထမင်းတောင်းထဲက ထမင်းနဲ့ ငါးပိတစ်ကော် နှိုက်ယူပြီး ပုဆိုးနဲ့ ထုပ်လိုက်ပါတယ်။



ဒီနေ့ ဘဲဥချက်တဲ့နေ့ဖြစ်လို့ ဘဲဥတွေ ရှိပေမယ့် လျှော့နေရင် ရိပ်မိမှာစိုးလို့ ဘဲဥတော့ မယူရဲဘူးလေ။ နောက် ဝါးဆစ်ဘူးထဲကို ရေအပြည့် ထည့်လိုက်ပါတယ်။

ဆရာမြင့်သိန်းနဲ့ ရဲဘက်တွေဆီကို လှမ်းကြည့်တော့ သူတို့ဟာ အလုပ်ထဲမှာ စိတ်ဝင်စားနေတာ တွေ့ရတယ်။

ကျွန်တော်က ထမင်းထုပ်၊ ရေဘူးနဲ့ ဓားမတိုတစ်ချောင်းကို ယူပြီး တောထဲကို ပြေးဝင်လိုက်ပါတယ်။

သူတို့က ထမင်းစားချိန်ရောက်မှ ကျွန်တော် မရှိတာကို သိကြမယ်။ ဒါပေမဲ့ စခန်းပြန်သွားပြီလို့ ထင်မှာပဲ။ ညနေ အလုပ်သိမ်းလူစစ်လို့ ကျွန်တော် ပျောက်နေမှ ပြေးမှန်း သိကြမယ်။

မှတ်ချက်- (ထိုအချိန်က ရဲဘက်အလုပ်စခန်းများ စတင်ဖွင့်လှစ်ချိန် ဖြစ်သဖြင့် ရဲဘက်များကို ထောင်မှာကဲ့သို့ တင်းကျပ်စွာ မထားဘဲ လွတ်လပ်ခွင့် အတန်အသင့် ပေးထားသည်။ အလုပ်နားရက်တွင် တောတွင်းသို့ ဟင်းစားရှာထွက်ခွင့်၊ အနီးအနားရွာများသို့ သွားရောက်လည်ပတ်ခွင့် ပြုထားသည်။)

အကယ်၍ ထွက်ပြေးပါကလည်း ပြန်လည် ဖမ်းမိခဲ့လျှင် ပြစ်ဒဏ်တိုးခြင်း၊ ခြေချင်းခတ်ခြင်း စသည့် ပြစ်ဒဏ်များ အပြင် မူလ လွတ်လပ်ခွင့်ပါ ပိတ်ခံရသဖြင့် ထွက်ပြေးရန် ကြိုးစားသူနည်းပါးလှသည်။ ရဲဘက်များက အလုပ်ကို ကြိုးစား လုပ်သလို သက်ဆိုင်ရာ ဝန်ထမ်းများကလည်း ရဲဘက်များကို ယုံကြည်စိတ်ချလေ့ရှိသည်။

နောက်ပိုင်းတွင် ထွက်ပြေးသူများ ရှိလာသဖြင့် ယခင်ကကဲ့သို့ လွတ်လပ်ခွင့်မပေးတော့ဘဲ တင်းကြပ်စွာ အုပ်ချုပ်မှု ပြုလာ

တော့သည်။ ထွက်ပြေးပါကလည်း "ပြေးလေပြေး" စီမံချက်ကြောင့် ပြန်လည်အာမခံရ ဖြစ်ဒဏ်တိုးခံရမည်သာ ဖြစ်သည်။ ယခုအချိန်နှင့်အား သူ့ဘက်စခန်းမှ ထွက်ပြေးလွတ်မြောက်ရန်မှာ မဖြစ်သည့် အခြေအနေရှိပြီဖြစ်သည်။

(စာရေးသူ)

ကျွန်တော့်မှာ ပြေးချိန် (၇) နာရီလောက် ရပါတယ်။ သူတို့ သိတဲ့အချိန်မှာ ကျွန်တော်ဟာ စခန်းနဲ့ အတော်ဝေးတဲ့ နေရာကို ရောက်နေပြီမို့၊ ကျွန်တော့်ကို လိုက်ရှာဖို့က ညဘက်ဆိုတော့ လည်း မလွယ်လှဘူးလေ။

တောက နက်တယ် မဟုတ်လား။

တောက တစ်စထက်တစ်စ ပိုပြီး နက်ရှိုင်းလာပြီ၊ ခြေတစ်လှမ်းတိုးလေ တောနက်ဘက်ကို ရောက်လေပါပဲ၊ လူသွားလမ်းကို သုံးရင် အန္တရာယ်ရှိနိုင်တာမို့ တောလမ်းကိုသာ ကျွန်တော်က ရွေးသွားနေခြင်း ဖြစ်ပါတယ်။ တချို့နေရာတွေကျတော့ လမ်းလုံးဝ မရှိတာမို့ ကိုယ့်လမ်းကိုယ်ထွင် သွားနေရတော့ ခရီးက မတွင်လှဘူး။ ဒီနေရာမှာ ဓားမကို တစ်ချောင်းယူလာမိတာ သိပ်အဆင်ပြေသွားပါတယ်။

မြောက်ဘက်စူးစူးကို မှန်းပြီး ကျွန်တော်က မရပ်မနား သွားပါတယ်။

နေဝင်သွားပေပြီ၊ ဒါပေမဲ့ မနားရသေးပါဘူး။ ဇောကပ်နေတော့ မောရမှန်း၊ ပန်းရမှန်း မသိဘူးလေ။

အမှောင် တဖြည်းဖြည်းနဲ့ နက်ရှိုင်းလာပါတယ်။ တစ်ခါတစ်ခါ ထွက်ပေါ်လာတဲ့ သားကောင်တွေရဲ့ ပြေးလွှားသံ၊ ဟိန်းဟောက်



သံဟာ ခြောက်ခြားစရာကောင်းလှပါတယ်။

တောထဲမှာ ညဘက်ခရီးသွားရတာဟာ တောကောင်တွေရဲ့ ဘေးရန်ကို စိတ်မအေးရတာမို့ ဒီညအဖို့ အနားယူဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါနဲ့ သစ်ပင်ကြီးတစ်ပင်ပေါ် တက်ပြီး သစ်ပင်ခွကြားမှာ ထိုင်နေလိုက်ရပါတယ်။

မောပန်းလွန်းတော့ အိပ်ချင်စိတ်ပေါ်လာတယ်။ ဒါပေမဲ့ မအိပ်ရဲဘူးလေ၊ အိပ်ငိုက်တာနဲ့ သစ်ပင်ပေါ်က လိမ့်ကျသွားနိုင်တာကိုး၊ အောက်မှာ အိပ်ဖို့ဆိုတာကလည်း သားကောင်တွေရဲ့ ရန်က စိတ်မချရဘူး မဟုတ်လား။

သစ်ပင်ပေါ်က မျောက်တွေက သူတို့နေရာကို ကျူးကျော်လာတဲ့ ကျွန်တော့်ကို ဆန္ဒပြတဲ့အနေနဲ့ တစ်ညလုံး တကွီကွီ တကွကွ လုပ်နေကြလို့ တစ်ညလုံး မောင်းထုတ်နေရပါသေးတယ်။

ဒီလိုနဲ့ သစ်ပင်ခွကြားမှာ ကြက်အိပ်ကြက်နိုးအဖြစ်မျိုးနဲ့ မိုးလင်းသွားပါတယ်။ မိုးလင်းတာနဲ့ မြောက်ဘက်စူးစူးကို မှန်းပြီး တစ်နေကုန် ခရီးပြင်းနှင်ခဲ့ရပြန်ပါတယ်။

လမ်းမှာ ဖမ်းလို့ရတဲ့ ဖွတ်ကြီးတစ်ကောင်ကို အရေဆုတ်ပြီး မီးကင်ထားလိုက်ပါတယ်။ နှစ်ရက်စာအတွက် ရိက္ခာဖူလုံနေပါပြီ၊ သည်တောဟာ နက်ရှိုင်းလွန်းတော့ သားကောင်တွေ ပေါလှပါတယ်။

မျောက်တွေဟာ ကျွန်တော် အနားကပ်လာသည်အထိ ထွက်ပြေးကြပါဘူး။ ဓားတစ်ချက်ရမ်းရုံနဲ့ မျောက်တစ်ကောင် လွယ်လွယ်ရနိုင်ပါတယ်။ ဒီတောထဲက မထွက်သမျှ ရိက္ခာအတွက် ပူစရာ မလိုတော့ဘူးလေ။

ခက်တာက သောက်ရေအတွက်ပါ၊ ဒါကြောင့် ရေကိုတော့ ခြွေတာသုံးရပါတယ်။ သုံးရက်တိတိ မြောက်ဘက်စူးစူးကို သွားပြီးတာနဲ့ အနောက်ယွန်းယွန်းကို ဆက်လိုက်ခဲ့ရပါတယ်။

ကျွန်တော့်ရည်ရွယ်ချက်ကတော့ ကြားမြို့ရွာတွေကို ကွေ့ရှောင်ပြီး တောင်ငူဘက်ကို ဖောက်ထွက်ဖို့ ရည်ရွယ်ထားပါတယ်။ တောင်ငူကမှ ရန်ကုန်ကို ဆက်သွားလိုက်မယ်၊ ဒါမှ စိတ်ချရမှာ ဖြစ်ပါတယ်။

လှည်းကူးလမ်းကို ဖောက်ထွက်ရင် ခရီးနီးပေမယ့် စိတ်မချရဘူးလေ၊ ရဲဘက်စခန်းနဲ့ နီးတဲ့ ကားလမ်းတွေမှာက ကားတွေ လူတွေကို သက်ဆိုင်ရာ အစောင့်တွေက အထပ်ထပ် စစ်ဆေးလေ့ ရှိတယ်။

နောက်ပြီး အဲဒီဘက်က အစောင့်တွေက လျှင်ကြတယ်၊ ရဲဘက်ဟုတ်မဟုတ် ကြည့်ရုံနဲ့ သိနိုင်ကြတယ်။ နေပူထဲမှာ အလုပ်ကြမ်းလုပ်ခဲ့ကြတဲ့ ရဲဘက်တွေရဲ့ အသားအရေဟာသာမန်လူတွေနဲ့ မတူပါဘူး။ မည်းနက်ပြီး ပြောင်နေပါတယ်။ ရဲဘက်ပြေးနဲ့ အရပ်သား ခွဲခြားဖို့ လွယ်ပါတယ်။ ဒါကြောင့် အဲဒီဘက်ကို လိုက်ရင် ပြန်မိနိုင်မှာမို့ ခက်ခဲပေမယ့် စိတ်ချရတဲ့လမ်းကို ကျွန်တော် လိုက်ခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော်ဟာ တောလမ်းခရီးကို ဘွမ်းကျင်လို့ မဟုတ်ပါဘူး။ လှည်းကူးလမ်းက ထွက်ပြေးလာတဲ့ ရဲဘက်အချို့ ပြန်မိသွားတာကို သိတာနဲ့၊ ကိုယ့်စိတ်ကူးနဲ့ကိုယ် စွန့်စားလို့ အဲဒီလမ်းကို ရွေးချယ်ခြင်း ဖြစ်ပါတယ်။



သည်လမ်းဟာ ခက်ထန်ကြမ်းတမ်းလေတော့ သက်ဆိုင်ရာ အဏာပိုင်တွေနဲ့ လက်လှမ်းဝေးသလောက် သားကောင်တွေရဲ့ ဘေးရန်တော့ သိပ်နီးကပ်လှတယ်။

တစ်ခါတလေမှာ ရဲဘက်စခန်းက ထွက်ပြေးမိတာ မှားပြီလားလို့တောင် ထင်မိတယ်။

ဒါပေမဲ့ . . . .

ခုတော့ လွန်ခဲ့ပါပြီ၊ နောက်ကြောင်းပြန်ဖို့ မလွယ်ကူတော့ပါဘူး။ ရှေ့ကိုပဲ ဆက်လုပ်ရတော့မှာပါ။ ပေါက်တဲ့နဖူး မထူးတော့ပါဘူးလေ။

တစ်နေ့လုံး ခရီးပြင်းပြင်းနဲ့ နေဝင်ချိန်မှာ ချောင်းကျဉ်းတစ်ခုကို ရောက်ခဲ့ပါတယ်။ ချောင်းထဲမှာ ရေစိမ်ချိုးလိုက်တော့ အတော်လေး လန်းဆန်းသွားပါတယ်။ နောက်တော့ ချောင်းဘေးမှာပဲ မီးဖိုပြီး ဖွတ်သားကျန်ကို ပြန်ကင်ပြီး ညစာစားလိုက်ရပါတယ်။

သည်နေရာမှာ တောလည်း သိပ်နက်လေတော့ သားကောင်ရန်က စိုးရိမ်ရတာနဲ့ ချောင်းဘေးက သစ်ပင်အောက်မှာ အိပ်လိုက်ပါတယ်။

မိုးလင်းတာနဲ့ ချောင်းရေနဲ့ မျက်နှာသစ် ဖွတ်သားကင် လက်ကျန်ကို အကုန်စားပြီး ချောင်းရိုးအတိုင်း လိုက်ခဲ့ပါတယ်။

တစ်နာရီလောက် လျှောက်မိတော့ လှေတစ်စီး ဆိုက်ထားတာကို မြင်လိုက်ရပါတယ်။ လှေနားမှာတော့ အသက်ငါးဆယ်ခန့် လူကြီးတစ်ယောက်၊ ဆယ်နှစ်အရွယ်ကလေးတစ်ယောက်၊ အသက် ၃၀ အရွယ် လူရွယ်တစ်ယောက်ကို မြင်လိုက်ရပါတယ်။ ရဲဘက်စခန်းက ပြေးလာပြီး ပထမဆုံးလူတွေနဲ့ တွေ့မြင်ရခြင်းပါ။

သူတို့ဟာ ညက လှေဆိုက်ပြီး အိပ်ကြပုံရပါတယ်။ ခုတော့ လှေထွက်ဖို့ ပြင်ဆင်နေကြပါခြင်းပါ။

ကျွန်တော့်ကိုမြင်တော့ သူတို့ အံ့ဩသွားပုံရတယ်၊ ကျွန်တော့်ပုံကလည်း အဝတ်အစားတွေ စုတ်ပြတ်လို့ လက်ထဲကလည်း ဓား မတိုက ပါနေတယ် မဟုတ်လား။

အဘိုးကြီးနဲ့ လူရွယ်ဟာ တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါပါကြည့်ပြီး လူရွယ်ဟာ လှေပေါ် ပြေးတက်သွားပါတယ်။ မကြာပါဘူး ငှက်ကြီးတောင်ဓားကို ကိုင်ပြီး လှေပေါ်က ခုန်ချလိုက်ပါပြီ။

ကျွန်တော် တုန်လှုပ်သွားပါတယ်။ သူတို့ ကျွန်တော့်ကို အထင်မှားနေပြီလေ။

"ဒီမှာ ဒီမှာ ကျွန်တော် လူကောင်းပါ၊ အမဲလိုက်ရင်း အဖော်တွေနဲ့ ကွဲပြီး မျက်စိလည်နေလို့ပါ ခင်ဗျ"

ကျွန်တော်က လက်ထဲက ဓားကိုပစ်ချပြီး ပြောလိုက်ရပါတယ်။

ဒီတော့မှ အဘိုးကြီးက သက်ပြင်းချလိုက်ကာ သတိထားလိုက်မိပါတယ်။

"အေးကွာ၊ လူမှားတော့မလို့ပေါ့၊ မင်းကို ဓားပြထင်လို့ကွာ၊ ဒါထက် မင်းက ဘယ်ကလဲ"

အဘိုးကြီးက မေးလိုက်ပါသည်။

"ကျွန်တော် တောင်ငူကပါ၊ ပဲခွယ်ကုန်းက မိတ်ဆွေတွေဆီ အလည်လာရင်း အမဲလိုက်ထွက်ကြတာ လူချင်းကွဲပြီး ကျန်နေခဲ့လို့"

"ပဲခွယ်ကုန်းဆိုတော့ တော်တော်ဝေးသေးတာပဲ"



အဘိုးကြီးက မှတ်ချက်ချလိုက်ပါတယ်။

"ဦးကြီးတို့လှေ၊ ဘယ်ကိုရောက်မှာလဲခင်ဗျာ၊ ကျွန်တော် လိုက်လို့ ရနိုင်မလား"

ကျွန်တော်က စကားကမ်းလှမ်းလိုက်ပါတယ်။

"တို့က ပြွန်တန်ဆာအထိပဲ သွားမှာ မင်း ပြွန်တန်ဆာအထိ လိုက်ခဲ့နိုင်တယ်။ ပြွန်တန်ဆာကနေပြီး ပဲခွယ်ကုန်းကို ကားစောင့်စီးရင်လည်း ရပါတယ်"

အဘိုးကြီးက လိုက်ခွင့်ပြုလိုက်တာမို့ အဲဒီလှေနဲ့ လိုက်ခဲ့ပါတယ်။

ဒီချောင်းဟာ ရဲနွယ်ချောင်းလို့ အမည်တွင်ကြောင်း ပြောပြပါတယ်။ ဆေးရွက်ပိုတွေ တင်ထားတဲ့ ကျွန်တော်တို့ လှေဟာ ချောင်ရိုးအတိုင်း စုန်ဆင်းနေပါပြီ။

* * *

ပြွန်တန်ဆာကနေပြီး ကုန်ကားတစ်စီးကို တောင်းပန်ပြီး လိုက်ခဲ့ပါတယ်။ ကားက ပေါင်ငူအထိ သွားမှာ ဖြစ်ပါတယ်။ ကားနောက်ခန်းက ဆန်အိတ်တွေကြားမှာ အိပ်ပြီး လိုက်လာခဲ့တာ တရေးနိုးတော့ ကားရပ်နေတာ သတိပြုမိပါတယ်။ ညနေလည်း စောင်းနေပြီ ဒီကားက စက်ပြင်ရင်း နားမယ်၊ မနက် (၄) နာရီမှာ ဆက်ထွက်မယ်လို့ ကားဆရာက ပြောပါတယ်။

ကျွန်တော်က ကားပေါ်ဆင်းပြီး ကားဘေးမှာ ရပ်နေခဲ့ပါတယ်။

"[illegible]ရှိတယ်ကွ မင်းသွားကြည့်ချင် ကြည့်ပါလား [illegible] ခေါင်းခင်တော့ ကားကို ပြန်လာခဲ့ နောက်ကျရင် [illegible]"

[illegible]ဆရာက ကျွန်တော့်ကို ပြောပြီး ထွက်သွားပါတယ်။

ကျွန်တော်လည်း လူတွေ အုပ်စုလိုက် သွားနေတဲ့ ဘက်ကို [illegible]လာခဲ့မိတယ်။ ကွင်းပြင်ကျယ်မှာ ဇာတ်စင်ကြီးကို မီးထိန်[illegible]နဲ့ မြင်ရပါတယ်။ ပွဲခင်းပတ်လည်မှာ အဝေးက လာတဲ့ လှည်း[illegible]ဝိုင်းကြီးကလည်း မနည်းဘူး။ ပွဲဈေးတန်းက[illegible] လူတွေ ကျိတ်ကျိတ်တိုးနေပါပြီ၊ ဈေးဆိုင်တွေ မြင်ရတော့ ကျွန်တော် ဗိုက်ဆာလာပါတယ်၊ အိတ်ထဲက ကျပ်တန်လေး သုံးရွက်ကို စမ်းကြည့်လိုက်မိတယ်၊ လေ့ပိုင်ရှင် အဘိုးကြီး ပေးခဲ့တဲ့ ပိုက်ဆံပါ။

ကျွန်တော် ဘူးသီးကြော်ဆိုင်တစ်ဆိုင်ဝင်ပြီး မှောင်ရိပ်ကျကျမှာ ထိုင်လို့ ဘူးသီးကြော်တစ်ပွဲ မှာလိုက်ပါတယ်။ ဒါဟာ ကျွန်တော့်အတွက် ညစာပါပဲ။

ကျွန်တော့်ပုံပန်းက မီးရောင်အောက်ဝင်လို့လည်း မသင့်တော်ဘူးလေ၊ အကျီလုံချည်က စုတ်ပြတ်လို့ ဒီကြားထဲ ဖိနပ်က မပါဘူး မဟုတ်လား။

ဒါကြောင့် မှောင်ရိပ်ကျကျမှာ ထိုင်ပြီး ဘူးသီးကြော်စားလိုက် ရေနွေးကြမ်းသောက်လိုက်နဲ့ ပွဲလာတဲ့လူတွေကို ငေးကြည့်နေရင်းက ရယ်လိုက်၊ မောလိုက်နဲ့ စကားပြောလာတဲ့ မိန်းမပျိုတစ်သိုက်ကို သတိပြုမိပါတယ်။

အကျင့်ပါနေတဲ့ ကျွန်တော့်မျက်စိဟာ မိန်းမပျိုတစ်ဦးရဲ့ လည်ပင်းက ဆွဲကြိုးတုတ်တုတ်ကြီးပေါ် ရောက်သွားပါတယ်။ တစ်



ဆက်တည်းမှာပဲ ကျွန်တော့်မှာ လောလောဆယ် သန့်သန့်ပြန့်ပြန့် အဝတ်အစားတစ်စုံနဲ့ သုံးစွဲရန် ငွေကြေး အတော်အသင့် လိုအပ်နေတယ်ဆိုတာ သတိရလိုက်ပါတယ်။

ငွေလိုတယ်။

ရွှေရှိရင် ငွေရှိမှာပေါ့။

ကျွန်တော်က ဘူးသီးကြော်ဖိုး ပိုက်ဆံရှင်းပေးပြီး ချက်ချင်း ထလာခဲ့ပါတယ်။

မိန်းမပျိုအုပ်စုအနားက ကျွန်တော် ကပ်လိုက်လာခဲ့ပါတယ်၊ ပွဲခင်းနားနီးလေ လူတွေက ကြပ်လေပါပဲ၊ မင်းလမ်းကျဉ်းကျဉ်းမှာ အဝင်လူနဲ့ အထွက်လူ တိုးဝှေ့နောက်ခိုက်မှာ ဆွဲကြိုးဟာ ကျွန်တော့်လက်ထဲ ပါလာခဲ့ပါပြီ၊ ချက်ချင်းပဲ ပွဲဈေးတန်းကိုခွာပြီး ကားဆီကို သုတ်ခြေတင်ခဲ့ပါတယ်၊ ပွဲဈေးတန်းမှာ ဆက်နေရင် အန္တရာယ်ရှိနိုင်တယ် မဟုတ်လား။

ကားနောက်ခန်း ဆန်အိတ်တွေကြားမှာ ကျွန်တော် တက်အိပ်လိုက်ပါတယ်။ မိုးလင်းလို့ ကားထွက်တာတောင် မသိလိုက်ပါဘူး။

ဒီလိုနဲ့ တောင်ငူရောက်တော့ ရွှေပန်းတိမ်တစ်ခုမှာ ဝင်ပြီး ဆွဲကြိုးကို ထုခွဲလိုက်ပါတယ်။

ပန်းတိမ်ဆရာက ကျွန်တော့်ပုံပန်းကိုကြည့်ပြီး လူလယ်ကျလိုက်တာပါ၊ ဘာတတ်နိုင်မှာလဲ။

ရသလောက်နဲ့ ကျေနပ်ခဲ့ရတာပေါ့၊ ကျွန်တော်တို့ မတရားယူလာတဲ့ ပစ္စည်းကို ပြန်ထုခွဲတဲ့အခါ အဆမတန် ဈေးနှိမ်ခံရတာဟာ ကျွန်တော့်အဖို့ ရိုးနေပြီလေ။

တောင်ငူဈေးထဲက ထွက်လာတော့ ကျွန်တော်ဟာ စပို့ရှပ် တက်ထရက်ဘောင်းဘီ၊ ဂျင်းဂျာကင်း ရှူးဖိနပ်၊ တစ်တိုနီ လက်ပတ် နာရီ၊ နေကာမျက်မှန်နဲ့ တစ်သွေးတစ်မွေး ဖြစ်လာပါပြီ။

ကျွန်တော့်ကို ရဲဘက်ပြေးတစ်ယောက်ရယ်လို့ ဘယ်သူသိနိုင် တော့မှာလဲ။

လိုအပ်တာတွေ ဝယ်ပြီးတာတောင် ကျွန်တော့်အိတ်မှာ ငွေ တစ်ထောင်လောက် ကျန်နေပါသေးတယ်။

ခုတော့ တောင်ငူရထားကို အထူးတန်းက ႇးလို့ ရန်ကုန်ဘက် ကို လာနေပါပြီ၊ အမြန်ရထားကြီးဟာ လမ်းဘေးဝဲယာက အဆောက်အဦတွေ၊ သစ်ပင်တွေကို တစ်ရိပ်ရိပ် ဖြတ်သန်းနောက် ချန် နေရစ်ပါစေတယ်။

ကျွန်တော်က ငါးသုံးလုံးစီးကရက်တစ်လိပ်ကို ထပ်ညှိပြီး ရှိုက် လိုက်ပါတယ်။

"ကြည့်ပါဦး အစ်ကိုက စီးကရက် သိပ်သောက်တာပဲ၊ ခဏ လေးနဲ့ ဘယ်နှစ်လိပ်ရှိနေပြီလဲ၊ နောက်ဆိုရင် ဆေးလိပ်လျှော့ သောက်ရမယ်နော်"

တစ်ခါက ပြောခဲ့တဲ့ စန်းမူဟာ အသံဟာ ကျွန်တော့်နားထဲ ကို တိုးဝင်လာပါတယ်။

"ကဲဟာ. . . ကဲဟာ"

ကျွန်တော်က စီးကရက်ကို စိတ်ဆိုးမာန်ဆိုးနဲ့ ထိုးချေလိုက် မိပါတယ်။

ချက်ချင်းပဲ ဆေးလိပ်တစ်လိပ် ထပ်ညှိလိုက်မိပြန်ပါတယ်။

"ဘာဖြစ်လဲ သောက်တော့ ဘာဖြစ်လဲ၊ ဒင်းနဲ့ငါ ဘာဆိုင်



လို့လဲ၊ ငါ့အပေါ်မှာ သစ္စာဖောက်ခဲ့တဲ့ မိန်းမ၊ ဒင်းကြောင့် ငါ့ရည် မှန်းချက်တွေ ဆုံးရှုံးခဲ့ရတယ်၊ ငါ့ဘဝ ပျက်စီးရတော့မယ်"

ကျွန်တော်ဟာ နာနာကြည်းကြည်း ရေရွတ်ရင်း အံကို ကျိတ် လိုက်မိပါတယ်။

တောထဲတောင်ထဲမှာ ပုန်းအောင်း ပြေးလွှားနေရတုန်း ဒင်း တို့အကြောင်းကို သိပ်မစဉ်းစားခဲ့အားဘူး။ ခုလို အေးအေးဆေး ဆေး နေရတဲ့အခါကျတော့ ကြေကွဲစရာ၊ နာကြည်းစရာ၊ ဒေါသ ဖြစ်စရာတွေဟာ ကျွန်တော့်ထံပါးကို ဝန်းရံလို့ လာကြပြန်ပါပြီ။

ကျွန်တော့် အစီအစဉ်ဟာ တစ်ရိပ်ရိပ် ပြေးလွှားနေတဲ့ မီး ရထားကြီးရဲ့ ရှေ့ကို ကျော်လွှန် ဦးဆောင်နေပါတယ်။

ရထားရဲ့ အရှိန်ကို ကျွန်တော့်အဖို့ နှေးလွန်းနေပါတယ်။ ရန်ကုန်မြေကို အမြန်နင်းလို့ ရင်တွင်းက နာကြည်းချက်ကို ရှင်းချင် လှပါပြီ။

ဒီတုန်းမှာပဲ ရထားဟာ တုန့်ခနဲ ရပ်သွားပါတယ်။ ဈေးသည် လေးတွေရဲ့ အသံစာစာ ရထားဘေးတစ်လျှောက်မှာ စီစီညံညံ ထွက်ပေါ်လာပါတယ်။

ကျွန်တော်က တွဲအပြင်ဘက်ကို ခေါင်းပြူကြည့်လိုက်တယ်။ ပဲခူးဘူတာတောင် ရောက်ပြီပဲ။

ပလက်ဖောင်းပေါ်မှာ ဒုရဲအုပ်တစ်ယောက်ရဲ့ ရဲသားနှစ် ယောက် လျှောက်လာတာ မြင်လိုက်ရတော့ ကျွန်တော်က ထိတ်ခနဲ ဖြစ်သွားတယ်။

ကျွန်တော် သူနဲ့ ချက်ချင်း မျက်နှာလွှဲပစ်လိုက်ရတယ်။ သူ့ကို ကျွန်တော် သိပါတယ်။

ရန်ကုန်ဘူတာကြီး မီးရထားရဲ့စခန်းက အမှုစစ် ဒုရဲအုပ် ဦးကျော်ငြိမ်းပေါ့။ သူနဲ့ ကျွန်တော်က ကြုံကြိုက်ခဲ့ဖူးပါသေးတယ်။

သူက ကျွန်တော့်ကို ဇဝေဇဝါ ကြည့်ပြီး နောက်ဘက်တွဲကို ဆက်လျှောက်သွားပါတယ်။ အထက်တန်းတွဲမှာ ရှိုးအပြည့်နဲ့ ထိုင်နေတဲ့ ကျွန်တော့်ကို မမှတ်မိသလို ဖြစ်သွားပုံရပါတယ်။

ခုမှ ကျွန်တော် သက်ပြင်းချလိုက်မိပါတယ်။

သိပ်တော့ မလွယ်ဘူး။

ရန်ကုန်မြေကို နင်းမိရင်တော့ ရဲကို အမိကထားပြီး ရှောင်ရတော့မှာပဲ။ ကျွန်တော့်ရဲ့ ရည်မှန်းချက်ကိစ္စကြီး မပြီးခင်မှာတော့ ရဲလက် အရောက်မခံနိုင်ဘူးလေ။

ဒီတော့. . . .

ရဲကို ဝေးဝေးက ရှောင်ရတော့မှာပေါ့။

* * *

## အခန်း (၁၃)

"ဘယ်လောက်ကြာကြာ ရှောင်နိုင်မှာတဲ့လဲ"

တစ်နေ့ ရဲလက်မှာ ပြန်မိမှာ သေချာပါတယ်၊ သူ့ကိုမိရင် ကျုပ်ပါ ကြားက ပြဿနာတက်နိုင်တယ်တဲ့။

ကြည့်လေ။

ဟိုနေ့က လမ်းလူကြီး ဦးချို ကျုပ်ဆီ လာပြီး တိုးတိုးတိတ်တိတ် ပြောသွားလေရဲ့။ ပြန်လာရင်လည်း ခင်ဗျားက ချက်ချင်း ကျွန်တော့်ကို လာပြောပါ။ ဒါမှမဟုတ်လို့ ချစ်ထွေးကို လက်ခံလိုက်ရင် ခင်ဗျားပါ အရေးယူခံရလိမ့်မယ်။ ရဲက ချစ်ထွေးကို ပိုက်စိပ်တိုက်ရှာနေကြပြီ။ ဒီကိစ္စကို ဘယ်သူမှ မသိစေနဲ့နော်"

ဦးချိုရဲ့ စကားကို ကြားရတော့ ကျုပ် တော်တော် လန့်သွားတယ်။ ဘယ်နှယ့်တော် မဆီမဆိုင် ကျုပ်က ပြဿနာတက် မခံနိုင်ပါဘူး။

သူတို့ကို အိမ်ငှားတင်မိတာ ငါးပါးမှောက်ပါရောလား။ မဖြစ်ဘူး။ သူတို့ကို အမြန်အိမ်ရှာခိုင်းရတော့မယ်။

သူတို့စပေါ်ငွေ ပြန်ပေးရင် သူတို့ဆင်းမယ်လို့ ပြောတယ်။ မကူးတော့ဘူး။ လူသစ်မရသေးလည်း သူတို့ပိုက်ဆံ ရှာဖွေပြီး ပြန်ပေးလိုက်တော့မယ်။

ရာဇဝတ်အိုး တူတ်နဲ့ထိုး ဆိုသလို မရှိလို့ အိမ်ခန်းကလေး ငှားစားမိပါတယ်။ အမှုပတ်မယ့်ကိန်း ကြုံနေရပြီ။ သူတို့ငွေကို အမ်းပြီးတာနဲ့. . . . .

အိမ်ခန်းရှာခိုင်းရတော့မှာပဲ။

* * *

## အခန်း (၁၄)

အိမ်ခန်းရှာတယ်ဆိုတာ မလွယ်ပါဘူးရှင့်။

အထူးသဖြင့် ရန်ကုန်လို မြို့ကြီးမှာ ပိုပြီး ခက်လှပါတယ်။

ဒါပေမဲ့ ဘယ်နှယ့်လုပ်မလဲ။

အိမ်ရှင် ဒေါ်စိန်ပုက အိမ်ပြောင်းခိုင်းနေပြီလေ။

"အားတော့နာပါတယ် တူမရယ်၊ တစ်ရက်၊ နှစ်ရက်အတွင်းမှာ အဒေါ့်ညီမ မိသားစု ပြောင်းလာကြမှာမို့ပါ"

ဒေါ်စိန်ပု ဒီလို ပြောလာတဲ့ပြင် တင်ထားတဲ့ စပေါ်ကိုတောင် ချက်ချင်း ပြန်အမ်းနေပြီဆိုတော့ ကျွန်မ ဘာမှ မတတ်နိုင်တော့ပါဘူး။ ချက်ချင်း အိမ်ပြောင်းနိုင်ဖို့အတွက် မောင်ကျော်နဲ့ တိုင်ပင်ခဲ့ရပါတယ်။

"လွယ်တော့ မလွယ်ဘူး မမစန်း၊ ချက်ချင်း အိမ်ခန်းရဖို့ဆိုတာက ခက်ပါတယ်။ နောက်ပြီး စပေါ်တင်ပေးရဦးမယ်၊ ကျွန်တော်တို့မှာ ငွေကြေးဆိုလို့ ခု အိမ်ရှင် ဒေါ်စိန်ပု ပြန်ပေးတဲ့ ငွေပဲရှိတယ် မဟုတ်လား"



မောင်ကျော်ရဲ့ စကားဟာ ကျွန်မကို အဘက်ဘက်က အားငယ်စေခဲ့ပါတယ်။ ကျွန်မတို့မှာ ရှိနေတဲ့ ငွေကြေးဟာ ရန်ကုန်လို မြို့ပေါ်မှာ အခန်းကျဉ်းကျဉ်းကလေးတစ်ခုတောင် ရဖို့ မလွယ်ပါဘူးရှင်။

ကျွန်မဟာ စိတ်မောလွန်းလို့ သက်ပြင်း ချလိုက်မိပါတယ်။ ဖေဖေတို့ဆီ ပြန်နေရင် ကောင်းမလားဆိုတဲ့ အတွေးဟာ ရုတ်ချည်း ခေါင်းထဲ ဝင်လာပါတယ်။ တစ်ဆက်တည်းမှာပဲ "ညည်း ခလုတ်ထိမှ အမိမတလေနဲ့" ဆိုတဲ့ မေမေရဲ့ အသံကို ပြန်လို့ ကြားယောင်လာပါတယ်။

အို ကျွန်မ ဘာလုပ်ရမယ် ဆိုတာတောင် မဆုံးဖြတ်နိုင်အောင် ဖြစ်နေရပါပြီ။

အစ်ကိုတစ်ယောက် ရဲဘက်စခန်းက ထွက်ပြေးခဲ့တာဟာ ကျွန်မကို ချစ်လွန်းလို့၊ စိတ်မချနိုင်လွန်းလို့သာ ဖြစ်မှာပါ။ သူဟာ ဘယ်နည်းနဲ့မဆို ကျွန်မဆီကို ရောက်လာမှာပါ။ သူလာတဲ့ အချိန်မှာ ကျွန်မကို မတွေ့ရင် ရင်ကွဲရှာလိမ့်မယ်။

သည်လိုအတွေးဟာ ကျွန်မရဲ့ ဆုံးဖြတ်ချက်ကို တုန့်နှေးစေခဲ့ပါတယ်။ တွေဝေစေခဲ့ပါတယ်။

"မြောက်ဥက္ကလာပမှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရှိတယ်၊ သူ့အိမ်မှာ ခဏလောက်သွားပြီး နေပြီး အိမ်ခန်းရှာရင် မကောင်းဘူးလား။ အဲဒီဘက်မှာဆိုရင် ဈေးသက်သာမယ့် အိမ်ခန်းတစ်ခုလောက်တော့ ရနိုင်မှာပါ"

မောင်ကျော်က သူစဉ်းစားရတာကို ပြောလာပါတယ်။

ကျွန်မမှာ စဉ်းစားစရာ မရှိတာမို့ မောင်ကျော်ပေးတဲ့ အကြံ

ကိုပဲ သဘောတူလိုက်ရပါတယ်။

ချက်ချင်းပဲ မောင်ကျော်ဟာ မြောက်ဥက္ကလာက သူ့သူငယ်ချင်းဆီကို ထွက်သွားပါတယ်။ ခေတ္တတည်းခိုခွင့်ပြုဖို့ တိုင်ပင်ခြင်းပါ။

ညနေချမ်းမှ မောင်ကျော် ပြန်ရောက်လာပါတယ်။ မြောက်ဥက္ကလာပက သူ့သူငယ်ချင်းအိမ်မှာ ခဏတည်းခိုဖို့ အဆင်ပြေကြောင်း ပြောပါတယ်။

ညတွင်းချင်း ကျွန်မတို့ ပစ္စည်းတွေ ထုပ်ပိုးလို့ မနက်မလင်းမီမှာပဲ မြောက်ဥက္ကလာပကို သုံးဘီးစီးလုံးငှားပြီး ထွက်ခဲ့ပါတယ်။

ဒါပေမဲ့ရှင်၊ ၁၀ပေလောက်သာ ကျယ်ဝန်းတဲ့ အခန်းကျဉ်းကလေးထဲမှာ အိမ်ရှင်လင်မယားနှစ်ယောက်နဲ့ သူတို့ကလေး သုံးယောက်၊ သူတို့အဖေအိုကြီးတစ်ယောက် စုစုပေါင်း လူကြီးသုံးယောက်နဲ့ ကလေးသုံးယောက်တောင် အတော်ကြပ်ကြပ်တည်းတည်း ရှိနေပါတယ်။

ဒီကြားထဲ ကျွန်မတို့နှစ်ယောက်ကို လက်ခံရတော့ သူတို့ကို ကျွန်မ သိပ်အားနာသွားမိပါတယ်။ ညအိပ်တော့ မောင်ကျော်ရယ်၊ သူ့သူငယ်ချင်းရယ်၊ အဘိုးကြီးရယ်က အပြင်ခန်းမှာ အိပ်ပြီး ကျွန်မရယ်၊ အိမ်ရှင်မိန်းမရယ်၊ ကလေးသုံးယောက်ရယ် အိမ်အတွင်းခန်းလေးမှာ အိပ်ရပါတယ်။ မလှုပ်သာ မလွန့်သာနဲ့ မိုးလင်းခဲ့ရပါတယ်။

မောင်ကျော်လည်း အိမ်ရှင်တွေကို တော်တော် အားနာသွားပုံရပါတယ်။ မိုးလင်းတာနဲ့ အိမ်ရှာဦးမည်ဆိုပြီး ထွက်သွားပါတယ်။ ညနေကျ မောင်ကျော်ပြန်ရောက်လာတယ်၊ သူ့အမူအရာဟာ ရွှင်လန်းတက်ကြွနေပါတယ်။



“မမစန်းရေ အိမ်တော့ အဆင်မပြေသေးဘူး။ ငွေတော့ချေးလို့ရလာပါတယ်။ ဒီငွေနဲ့ဆိုရင် အိမ်ခန်းတစ်ခုလုံးငှားနိုင်ပါပြီ” လို့ ပြောပြောဆိုဆို ငွေတစ်ထပ်ကြီး ထုတ်ပေးပါတယ်။

ကျွန်မ ရေတွက်ကြည့်တော့ သုံးထောင်ကျော်လောက် ရှိပါတယ်၊ ကျွန်မ လက်တွေ တုန်ရီနေပါပြီ။

“မောင်ကျော် မင်း မင်း ဒီငွေတွေ ဘယ်က ရခဲ့တာလဲဟင်”

ကျွန်မက ရင်တုန်ပန်းတုန် မေးလိုက်မိပါတယ်။

“ကျွန်တော့်သူငယ်ချင်း တစ်ယောက် ဒီနေ့ ဂျင်သွားကစားတာမှာ ကျွန်တော် အဖော်လိုက်သွားမိတယ်၊ သူ ငွေတစ်သောင်းကျော်လောက် နိုင်သွားလို့ ကျွန်တော် ခဏလှည့်ခဲ့တာပါ၊ ရှိတော့မှ ပြန်ပေးရမှာပါ”

ကျွန်မရင်ထဲမှာတော့ ဝမ်းသာခြင်းနဲ့ သံသယစိတ်ဟာ ရောက်ယှက်ရှုပ်ထွေးနေလို့ အဲဒီညက အိပ်လို့တောင် မပျော်ခဲ့ရပါဘူးရှင်။

နောက်တစ်နေ့မှာတော့ မောင်ကျော်သူငယ်ချင်း အိမ်ရှင်ရဲ့ အဆက်အသွယ်နဲ့ မြောက်ဥက္ကလာ (၂) ရပ်ကွက်ထဲမှာ အိမ်ခန်းတစ်ခု ရပါတယ်၊ စပေါ်သုံးထောင်ပဲ ပေးရပါတယ်။ အိမ်ခန်းက ၁၅ ပေလောက် ကျယ်ပါတယ်။ အိမ်ရှင်က တစ်ဘက်ခန်းမှာ နေပါတယ်။

ချက်ချင်းပဲ ကျွန်တော်တို့ ပြောင်းရွှေ့ခဲ့ပါတယ်။ ကျွန်မ စိတ်ချမ်းသာသွားတာကြည့်ပြီး မောင်ကျော်လည်း ပျော်နေပါတယ်။

“ကဲ မမစန်း၊ ကျွန်တော်တို့ ဈေးထဲသွားပြီး လိုအပ်တာတွေ ဝယ်ကြရအောင်ဗျာ”

မောင်ကျော်က အကြံပေးလာပါတယ်။

ကျွန်မတို့ လက်ထဲမှာက အရင်အိမ်ရှင်က ပြန်အမ်းလိုက်တဲ့ ငွေအစ်အဆောင် ကျန်နေသေးတယ်လေ။

ဒါနဲ့ မောင်ကျော်နဲ့ ကျွန်မဟာ မြောက်ဥက္ကလာပဈေးကြီးထဲ သွားပြီး လိုအပ်သမျှ အိမ်အသုံးအဆောင်ကလေးတွေ ဝယ်ကြပါတယ်လေ။

မောင်ကျော်က ကျွန်မအတွက် အဝတ်အစားအချို့ပါ ဝယ်ပေးပါတယ်၊ ကျွန်မက ငြင်းခဲ့ပါတယ်။ အလှအပဟာ ကျွန်မအတွက် မလိုအပ်ဘူးလို့ ယူဆပြီး ထားခဲ့မိလို့ပါ။

"ဝယ်ပါ မှမစန်းရယ်၊ မမစန်း အဝတ်အစား မဝယ်ရတာ အစ်ကိုချစ်ထွေး ထောင်ကျစဉ်ထဲကမို့ ကြာလှပါပြီ၊ ခု ဝတ်နေတဲ့ မမစန်း အဝတ်အစားတွေဟာလည်း နွမ်းလှပါပြီ၊ ကျွန်တော် စိတ်မကောင်းအောင်တော့ မလုပ်ပါနဲ့ဗျာ"

"အလှအပက အရေးမကြီးပါဘူး မောင်ကျော်၊ တို့စားဖို့ သောက်ဖို့က အရေးကြီးတယ် မဟုတ်လား၊ လက်ထဲမှာ ငွေကလေး ချန်ထားဦးမှာပေါ့ အစ်ကို့ကိစ္စကလည်း ဘယ်လိုမှန်း မသိသေးဘူး တွေ့ယ်"

"အို မရဘူးဗျာ၊ ငွေကုန်ရင် ကျွန်တော် ရှာနိုင်တယ် ရအောင် ရှာမယ်၊ မမစန်းအတွက် လိုအပ်တဲ့ အဝတ်အထည်ကတော့ ဝယ်ရမှာပဲ၊ ရာသီဥတုက အေးလာပြီး မဝယ်ရင်တော့ ကျွန်တော် စိတ်ဆိုးရလိမ့်မယ်နော် ဒါပဲ"

မောင်ကျော်ဟာ ကလေးတစ်ယောက်လို ငွတ်တရွတ် ပြောနေရုံမကပဲ ကျွန်မကို အထည်ဆိုင်တစ်ဆိုင်ထဲ အတင်းဆွဲခေါ် သွား



ပြီး လုံချည်နှစ်ထည်၊ အင်္ကျီစနှစ်စနဲ့ ဆွယ်တာတစ်ထည်ကို အတင်းဝယ်စေခဲ့ပါတယ်။

"ကဲ ကျေနပ်ပြီလား ကိုယ်ကော်လေး"

အဝတ်အစားတွေ ပွေ့ပိုက်ထွက်လာတော့ ကျွန်မက ရယ်ရယ်မောမော ပြောလိုက်မိပါတယ် မောင်ကျော်ဟာ အဲဒီနေ့က တော်တော်လေး ပျော်နေပုံရပါတယ်။

သူ့ကိုကြည့်ပြီး ကျွန်မချက်ချင်း သတိရလိုက်တယ်၊ အဝတ်အစား လိုအပ်တာ ကျွန်မတင် မဟုတ်ပါဘူး။ သူလည်း လိုအပ်နေပါလား၊ သူ့ အဝတ်အစားသစ်ဝယ်တာ တစ်ခါမှ မတွေ့ရဘူး အစ်ကို ကျန်ခဲ့တဲ့ လုံချည်တွေကိုပဲ ဝတ်နေရရှာတာပါလား။

ခုလို ဆောင်းဝင်စပြုတဲ့ကာလမှာ သူဝတ်နေတဲ့ အစ်ကိုရဲ့ ဂျာကင်အဟောင်းလေးဟာ မလုံလောက်ဘူးလို့ ကျွန်မ စဉ်းစားလိုက်ပါတယ်။

"မောင်ကျော် မင်းလည်း အင်္ကျီလုံချည်နှစ်စုံလောက်တော့ ဝယ်ရမယ်နော်"

ကျွန်မက ပြောလိုက်မိပါတယ်။

"ဟာ နေပါစေ မမစန်းရယ်၊ နေပါစေ ကျွန်တော်က ယောကျ်ားလေးပါ အလှအပ မလိုပါဘူး"

သူ့ဘက်ကျတော့ အတင်းငြင်းပါတယ်။ ဒါပေမဲ့ ကျွန်မက သူ့ကို အတင်း အထည်ဆိုင်ထဲ ဆွဲခေါ်သွားပြီး လုံချည်နှစ်ထည်၊ ရှပ်အင်္ကျီနှစ်ထည်နဲ့ ဂျာကင်တစ်ထည် ဝယ်လိုက်ပါတယ်။ ဆိုင်ပြင်ရောက်တော့ ကျွန်မတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရယ်မောမိခဲ့ကြပါသေးတယ်။

"ဟဲ့ မမစန်း၊ ဒီနေ့ ညနေစာ အိမ်မှာ ချက်စားမနေပါနဲ့တော့ အချိန်လည်း မရှိသေးဘူး။ ကျွန်တော်တို့ ဆိုင်မှာပဲ သွားစားရအောင်နော်"

ကျွန်မ ခေါင်းညိတ်ပြလိုက်မိတယ်။ နောက်တော့ ဈေးနားက အရုတ်ဆိုင်ကြီးတစ်ဆိုင်မှာ ထမင်းဝင်စားဖြစ်ကြတယ်။

အဲဒီနေ့က ကျွန်မရင်ထဲ ပေါ့ပါးလို့ စိတ်ထဲမှာ ပျော်ရွှင်နေတယ်လို့ ထင်မိပါတယ်။

"အစ်ကိုသာရှိရင် သိပ်ပျော်စရာကောင်းမှာပဲလို့"

စဉ်းစားမိတော့ အစ်ကို့ကို ချက်ချင်းသတိရလာပါတယ်၊ ရဲဘက်စခန်းက ထွက်ပြေးပြီး အစ်ကိုဟာ ဘယ်ကိုများ ရောက်နေပြီလဲ၊ ပြန်ပြီး အဖမ်းခံနေရပြီလား၊ ရဲက သေနတ်နဲ့ ပစ်ဖမ်းလို့ ဘုရား. . . ဘုရား အစ်ကို ဘေးရန်ကင်းပါစေ။

စောစောက ပျော်စရာတွေဟာ ကျွန်မရင်ထဲက ဖယ်ခွာလို့သွားခဲ့ပါပြီ၊ ပူပန်စိတ်နဲ့ သောကဝေဒနာတွေဟာ ရုတ်ချည်းရောက်လာခဲ့ပါတယ်။

"ဟော မမစန်း ဘာဖြစ်သွားတာလဲဟင်၊ ဘာဖြစ်လို့လဲ"

ညှိုးသွားသော ကျွန်မမျက်နှာ အမူအရာကြောင့် ထင်ပါတယ်၊ မောင်ကျော်က ပြာပြာသလဲ မေးလာပါတယ်။

"အစ်ကို့အတွက် စိတ်ပူလို့ပါ မောင်ကျော်ရယ် ရဲဘက်စခန်းက ထွက်ပြေးပြီး ဘယ်လိုဒုက္ခများ ကြုံနေပြီလဲ မသိဘူးနော်"

"ဖြစ်လာမှတော့ ဘာတတ်နိုင်တော့မှာလဲ မမစန်းရယ်"

ကျွန်မတို့ နှစ်ယောက်စလုံးဟာ စကား မပြောနိုင်ဘဲ အတွေးကိုယ်စီနဲ့ ငြိမ်သက်နေမိပါတယ်။



"ဒီမှာ မောင်ကျော် အစ်ကိုဟာ မမစန်းကို သံယောဇဉ်ကြီးတာ မမစန်းဆီသို့ရောက်အောင် လာလိမ့်မယ်လို့ စိတ်ထဲမှာ ထင်နေတယ်။

"ဟုတ်တယ် မမစန်း၊ ကျွန်တော်လည်း အဲဒီလို စဉ်းစားမိပါတယ်"

"ဒါဖြင့် အစ်ကိုဟာ မမစန်းနဲ့ တွေ့ဖို့ အရင်က တို့နေခဲ့တဲ့ အိမ်ကို သွားရှာမှာပဲ အဲဒီအိမ်ကိုသွားပြီး အခုနေတဲ့ လိပ်စာပေးထားရင် မကောင်းဘူးလားဟင်"

"ဟာ ဒီလိုလုပ်ရင် အစ်ကို့ကို ဖမ်းပေးသလို ဖြစ်သွားမှာပေါ့"

"ဘယ်လူဆိုး ဓားမြပြေးဖြစ်စေ၊ ရဲဘက်က ပြေးပြီဆိုရင် ကိုယ့်ဇာတိရပ်ရွာ သွားနိုမယ်၊ ဆွေမျိုးသားချင်းတွေဆီ သွားပြီး ရှောင်မယ်၊ ဇနီးသားမယားအိမ်ကို အလစ်မှာ ပြန်ဝင်မယ်ဆိုတာ ရဲက မှန်းဆတွက်ချက်ပြီးသားပဲ"

"ဒါကြောင့် တရားခံပြေး ရှာပြီဆိုရင် အဲဒီနေရာတွေမှာ ရှာကြတယ်၊ စောင့်ကြတယ်"

"နောက်ဆုံး တရားခံပြေးကို ဖမ်းမိမယ်ဆိုရင် အဲဒီလို နေရာတွေမှာပဲ မိလေ့ရှိတာပဲလေ"

"ဒါကြောင့် ခုနေတဲ့အိမ်ကို အရင်အသိုင်းအဝိုင်း အသိအကျွမ်းတွေ မသိနိုင် ကောင်းမယ်၊ အထူးသဖြင့် ရဲတပ်ဖွဲ့ဝင်တွေကိုပေါ့"

"ဒါမှ အစ်ကိုချစ်ထွေးကို ရဲက မစောင့်နိုင် မဖမ်းနိုင်မှာ"

"သူပြန်လာမယ်ဆိုရင်လည်း တစ်နည်း တစ်လမ်းကတော့

ကျွန်တော်တို့နဲ့ ဆက်သွယ်မိမှာပါ။ ဒီကြားထဲ ကျွန်တော်လည်း စုံစမ်းပါဦးမယ် မစေန်းရယ်၊ စိတ်အေးအေးထားပါ"

အဲဒီနေ့က မိုးချုပ်မှ ကျွန်တော်တို့ ပြန်ရောက်ပါတယ်။

ကျွန်မ၏စိတ်ထဲမှာတော့ လေးလံထိုင်းမှိုင်းတာ ပြန်လည်ကြီးစိုးခဲ့ပါပြီ။

အစ်ကိုဟာ တာမွေက အိမ်ကို သွားရှာနေပြီလား၊ ရဲ့နဲ့ပဲ ရင်ဆိုင်တိုးနေပြီလား။

ကျွန်မတို့ ပြောင်းသွားတာသိရင် ဘယ်လိုနေမလဲ။

အစ်ကို့အကြောင်း စဉ်းစားမိပြန်တော့လည်း စိုးရိမ်ပူပန်စရာတွေဟာ တစ်ခုပြီးတစ်ခု အဆက်မပြတ် ပေါ်လာခဲ့ပြန်တယ်။

အထူးသဖြင့် အစ်ကိုဟာ မျှော်လင့်ချက်ကြီးစွာနဲ့ ကျွန်မဆီကို လိုက်လာပါရက်နဲ့ မတွေ့လိုက်မှာကိုပဲ တွေးတောပူပန်ရပါတယ် ရှင်။

* * *

## အခန်း (၁၅)

မတွေ့မှာကို မပူဘူး။

တွေ့ကိုတွေ့ရမယ်။

ဒင်းတို့ ပုန်းချင်တဲ့ နေရာမှာပုန်း ရှောင်ချင်တဲ့နေရာမှာ ရှောင်ကြပါစေ၊ တွေ့အောင်ရှာမယ်။

ကမ္ဘာမြေပေါ်မှာ အသက်ရှင်ရက်နဲ့ ရှိနေသရွေ့ ကာလပတ်လုံး သူတို့ဟာ ကျွန်တော် လက်က ပြေးမလွတ်ပါဘူး။

ခုတော့ ကျွန်တော့်ကို အတွေ့မခံရဲလို့ ပုန်းနေကြတယ်လေ၊ ကျွန်တော်က ဘောင်းဘီအိတ်ထဲက ဓားမြှောင်ရိုးကို မသိမသာ စမ်းရင် အံကြိတ်လိုက်မိပါတယ်။ ရန်ကုန်မြေကို နင်းမိတဲ့နေ့က စပြီး ဒီဓားမြှောင်ကို အသင့်ဆောင်ထားခဲ့ပါတယ်။ ဒီဓားဟာ သစ္စာဖောက်တဲ့ မိစန်းနဲ့ ကျေးဇူးကန်းတဲ့ မောင်ကျော်တို့အတွက် ရည်စူးထားတဲ့သူတို့ရဲ့ သေမင်းတမာန်ပါ။

ရဲက ကျွန်တော့်ကို စောင့်ကြည့်နေမှာဖြစ်တာမို့ အိမ်ကို ပြောင်ပြောင်တင်းတင်းဝင်လို့ မဖြစ်ဘူးလေ။ ဒီတော့ ည (၁၀) နာရီလောက်ကျမှ လမ်းထဲ ဝင်သွားခဲ့တယ်။ တွေ့ရင်တော့ ကိစ္စ တစ်ခါထဲ ပြီးပြီပေါ့။

ဒါပေမဲ့ ကျွန်တော့်အခန်းမှာ မျက်နှာစိမ်းတွေ ရောက်နေတာကို တွေ့လိုက်ရတယ်၊ မောင်ကျော်ရော စန်းမူပါ မရှိတော့ဘူးလေ။

ပြောင်းသွားကြပြီဖြစ်မှာပေါ့၊ ဘယ်ကို ပြောင်းသွားတယ်ဆိုတာ အိမ်ရှင် ဒေါ်စိန်ပုကို မေးရင်တော့ သိနိုင်မှာပဲလို့ စဉ်းစားမိတယ်။

ဒါကြောင့် ဒေါ်စိန်ပုအခန်းကို ကျွန်တော် တက်သွားတယ်၊ ကျွန်တော့်ကိုမြင်တော့ ဒေါ်စိန်ပုဟာ တစ္ဆေသရဲကို မြင်သလို မြူးပြာပြာ ဖြစ်သွားပါတယ်။

"ဟင် မင်း မင်း မောင်ချစ်ထွေး မဟုတ်လား"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော် ချစ်ထွေးပါ၊ မမှတ်မိဘူးလား၊ ခုတော့ ကျွန်တော် ထောင်က လွတ်လာပြီလေ"

ကျွန်တော်က ခပ်တည်တည်နဲ့ ဖြီးလိုက်ပါတယ်။

"ဩော် ဟုတ်လား၊ အခု ဘယ်သွားမလို့လဲ"

ဒေါ်စိန်ပုအသံဟာ ချောက်ကပ်ကပ် ဖြစ်နေပါတယ်၊ ကျွန်တော် ပြောတာကို မယုံသလိုပါပဲ၊ ကျွန်တော် ရဲဘက်စခန်းက ထွက်ပြေးလာခဲ့တာ သိနေပြီ ထင်ပါတယ်။

"ဒါထက် ဒေါ်ဒေါ် စန်းမူတို့ ဘယ်ပြောင်းသွားတယ်ဆိုတာများ သိပါသလား"

"လိပ်စာတော့ မသိဘူးကွယ်၊ မြောက်ဥက္ကလာပဆိုလား၊ သူတို့ ပြောသွားတာပဲ"

သည်မှာ စုံစမ်းလို့ သိဖို့မဖြင်တာနဲ့ ထိုင်ရာက ထလိုက်တယ်၊ ဒီနေရာမှာ သိပ်ပြီး စိတ်မလုံလှဘူးလေ။

"ဒီမှာ မောင်ချစ်ထွေး"



"ဗျာ ဒေါ်ဒေါ်"

"ဒေါ်ဒေါ်ဟာ မင်းကို တူလို့သားလို့ သဘောထားပါတယ်၊ မင်းကိစ္စကိုလည်း စိတ်မကောင်းပါဘူးကွယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"ခု မင်းမိန်းမကိစ္စမှာလည်း သူတို့မိုက်ခဲ့တာတော့ ရှိတာပေါ့ကွယ်၊ ဒါပေမဲ့ မင်းအနေနဲ့ ထပ်ပြီး အမှားတွေ မလုပ်ပါနဲ့လို့ ဒေါ်ဒေါ် တောင်းပန်ပါတယ်"

ဒေါ်စိန်ပုစကားဟာ ကျွန်တော့်ရင်ကို တင်းကြပ်ဆို့တက်သွားစေပါတယ်။

"ကျွန်တော် ရင်နာလွန်းလို့ပါ ဒေါ်ဒေါ်ရယ်"

"ကျွန်တော် ထောင်ထဲရောက်ရတာဟာ သူ လှလှပပဝတ်ဖို့စားဖို့အတွက်ပါ၊ ဒါကြောင့် ကျွန်တော့်အပေါ်မှာ ရက်စက်နိုင်လွန်းကြပါတယ်ဗျာ"

"ဒေါ်ဒေါ်လည်း ပျိုရာက အိုလာခဲ့တာပဲလေ၊ သူတို့နေပုံထိုင်ပုံကို အစထဲက သိပ်မကြိုက်လှပါဘူး၊ ဒါပေမဲ့ ဒီကိစ္စမျိုးက ပြောဆိုဆုံးမဖို့ အခက်သားပဲကွယ်"

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်ရယ်၊ ကျွန်တော် သွားလိုက်ပါဦးမယ်"

"မောင်ချစ်ထွေး မိန်းမဟာ မရှားပါဘူးကွယ်၊ မိုက်တဲ့ မိန်းမအတွက် ကိုယ်ပါလိုက်ပြီး မမိုက်မိစေနဲ့ပေါ့၊ ဖြစ်ရင် ကိုယ်သာဒုက္ခရောက်မှာကွဲ့ ကြားလား"

ဒေါ်စိန်ပုရဲ့ နောက်ဆုံးစကားကို ခေါင်းညိတ်ပြီး ကျွန်တော် ထွက်လာခဲ့တယ်။

"မြောက်ဥက္ကလာကို ပြောင်းသွားတယ်တဲ့"

မြောက်ဥက္ကလာဆိုတာ မသိရင် ရှာဖို့လွယ်တဲ့ နေရာ မဟုတ်ဘူးလေ၊ ဒါပေမဲ့. . . .

ရပါတယ်။

ကျွန်တော် တွေ့အောင် ရှာမယ်၊ မြေကိုလှန်လို့ ရှာရ၊ ရှာရ ကျွန်တော် လက်မလျှော့ဘူး။

ကျွန်တော် ရဲဘက်စခန်းက သက်စွန့်ဆံဖျား ထွက်ပြေးခဲ့တာကိုက သူတို့ကို ရှာဖို့ တွေ့ဖို့ပဲ မဟုတ်လား။

ကျွန်တော် ရှာပြီ။

မောင်ကျော်ကို တွေ့ရင် စန်းမူကိုပါ တွေ့ပြီပေါ့၊ ဒီတော့ မောင်ကျော်ရဲ့ ခြေရာကို စပြီး ကောက်ခဲ့တယ်။

မောင်ကျော်ဟာ ကျွန်တော့် တပည့်ပါ။

သူ့ခြေကို ကျွန်တော် သိပြီးသားပဲ၊ သူက ရန်ကုန်မြို့ထဲကို မလာလို့ မရပါဘူး။

သူကျက်စားတတ်တဲ့၊ စတွဲချတတ်တဲ့၊ သွားလာတတ်တဲ့ နေရာကို ကျွန်တော် စောင့်ကြည့်ခဲ့တယ်။ သူ့အသိုင်းအဝိုင်း၊ သူ့အပေါင်းအသင်းတွေကိုလည်း ရှာတယ်။ ဒီလောကမှာက တစ်ယောက်နဲ့တစ်ယောက် ဆက်စပ်မှု ရှိနေတတ်ကြတယ်လေ။

ခက်တာက. . .

ကျွန်တော်ဟာ ရဲဘက်ပြေးတစ်ယောက် ဖြစ်နေတာမို့ ရဲကိုလည်း ရှောင်ရသေးတယ်၊ ကျွန်တော်ဟာ မောင်ကျော်ကို သူ့စားကျက်မှာ ရှာသလို ရဲကလည်း ကျွန်တော့်ကို ကျွန်တော် စားကျက်မှာ စောင့်ကြည့်ကြမှာပဲ ဖြစ်ပါတယ်။



ဒါကြောင့် လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ မရဘူးလေ၊

မောင်ကျော်ကို ကျွန်တော်ရှာတာ (၁၀) ရက်လောက် ရှိပြီ၊ အစအနတောင် မတွေ့ဘူး။

မောင်ကျော်စားကျက်ပြောင်းသွားပြီလား။

ရဲလက်ပဲ ရောက်နေသလား။

ဒီအလုပ်ကိုပဲ စွန့်လွှတ်လိုက်လို့လား။

လွစ္စလမ်း (ဆိပ်ကမ်းသာလမ်း) က ၁၃-၁၄ ကားမှတ်တိုင်နားက လက်ဖက်ရည်ဆိုင်နားမှာ ထိုင်ရင်း ကျွန်တော် စဉ်းစားနေမိခဲ့တယ်။

အရင်တုန်းကဆိုရင် ဒီကားမှတ်တိုင်ဟာ ကျွန်တော့်နဲ့ မောင်ကျော် အမဲစောင့်လေ့ရှိတဲ့ နေရာပါ။

ခုတော့ မောင်ကျော် ပျောက်ချင်သား ကောင်းနေတယ်။

ကျွန်တော် ငါးသုံးလုံးစီးကရက်ကို မီးညှိဖွာရှိုက်နေတဲ့ အချိန်မှာ လူရွယ်နှစ်ယောက် လက်ဖက်ရည်ဆိုင်ထဲကို ဝင်လာတယ်။

တစ်ယောက်က တစ်ထရက် ဘောင်းဘီရှည်နဲ့ စပို့ရှပ်နဲ့ တစ်ယောက်က တိုက်ပုံအကျီနဲ့ အင်းလေးလုံချည်နဲ့ သူတို့ လက်ထဲမှာ အတာက်ချီကေ့စ်ကိုယ်စီကိုင်လို့။

ဆရာဝန်လိုလို၊ အရာရှိလိုလို ပုံစံမျိုးပေါ့၊ ကျွန်တော်က သူတို့ကို ဂရုစိုက်လိုက်တယ်၊ လူမြင်တိုင်း သတိထားကြည့်ရတာ ကျွန်တော့်အလုပ်ပါ၊ ရဲတွေမြင်နေရင်လည်း လစ်တန်လစ်ရမယ် မဟုတ်လား။

"ဟာ အောင်မြင့်"

ကျွန်တော်က နှုတ်က ဝမ်းသာအားရ ထွက်သွားပါတယ်

တိုက်ပုံအကျီနဲ့ တောင်ဟာ အောင်မြင့်ဆိုတဲ့ ကောင်ပါ၊ တစ်ယောက်ကိုတော့ မသိဘူး။

အောင်မြင့်ဟာ ကျွန်တော်တို့ လောကသားပါ၊ ဒါပေမဲ့ ကျွန်တော်တို့နဲ့ လိုင်းချင်း မတူပါဘူး။

သူက နာရီဖြုတ်ဂိုဏ်းကပါ။

သူနဲ့ မောင်ကျော်ဟာ သိကျွမ်းကြပါတယ်။ မောင်ကျော်အကြောင်း သူ့ဆီ စုံစမ်းလို့ ရနိုင်မယ်လို့လည်း စဉ်းစားမိတယ်။

သူက ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြည့်နေတယ်။ မှတ်မိပုံမရဘူး။ ကျွန်တော်က နေကာမျက်မှန် ဖြုတ်ပြလိုက်တော့မှ မှတ်မိသွားတယ်။

"ဟော့ ချစ်ထွေး၊ မင်းကို"

"အဲဒါတွေကို ထားလိုက်စမ်းပါကွာ"

ကျွန်တော် ရဲဘက်စခန်းက ထွက်ပြေးလာတဲ့ သတင်းဟာ သူတို့ဆီ ရောက်နေပုံရတယ်၊ ဒါကြောင့် ချက်ချင်း သူ့စကားကို ဖြတ်လိုက်ရတယ်၊ ဘေးပတ်ဝန်းကျင်မှာက ရဲဖက်က လူတွေ ရှိနိုင်တယ် မဟုတ်လား။

သူကလည်း သဘောပေါက်သွားပါတယ်၊ ခေါင်းညိတ်ပြတယ်။

"မင်း မောင်ကျော်ကို တွေ့မိသလား အောင်မြင့်"

ကျွန်တော် သိချင်တဲ့ကိစ္စကို တဲ့တိုး မေးချလိုက်ပါတယ်။

"တွေ့တယ်၊ မနေ့ကတောင် တွေ့လိုက်သေးတယ်၊ ဒီကောင် ထောနေပုံရတယ်ကွ"

အောင့်မြင့်စကားကြားတော့ ကျွန်တော် ဝမ်းသာသွားတယ်၊ ဒင်းတို့ကို ခြေရာခံမိပြီ မဟုတ်လား။



"မောင်ကျော် ခု ဘယ်မှာနေသလဲကွ"

"မြောက်ဥက္ကလာမှာ နေတယ်၊ တို့နဲ့ တစ်ရပ်ကွက်တည်းပဲ"

"ငါ သူနဲ့ တွေ့ချင်တယ်ကွာ၊ မင်းကူညီစမ်းပါ အောင်မြင့်ရာ၊ ကျေးဇူးမမေ့ပါဘူး"

"ဒါများကွာ ခက်တာမှတ်လို့၊ ငါလိုက်ပို့နိုင်ပါတယ်၊ ဘယ်တော့သွားမလဲ"

ကျွန်တော် ခဏလောက် စဉ်းစားပြီးမှ

"ငါ ညဘက်မှာသွားချင်တယ်ကွ၊ ရဲကိုလည်း ရှောင်ရဦးမယ် မဟုတ်လား၊ ည ကိုးနာရီလောက်ဆိုရင် ဘယ့်နှယ်လဲ"

"ဖြစ်ပါတယ် ချစ်ထွေးရာ၊ ဒီလိုလုပ်လေ ဒီည (၉)နာရီမှာ ငါ ဥက္ကလာဘူတာက စောင့်မယ်၊ မင်း အဲဒီကို လာခဲ့ ငါလိုက်ပို့ပေးမယ်"

"အေး ကောင်းတယ်၊ ကျေးဇူးပဲ အောင်မြင့်ရာ၊ ငါလာခဲ့မယ် မင်း ဆက်ဆက်စောင့်ကွာ"

ကျွန်တော်နဲ့သူ လူချင်းခွဲပြီး လက်ဖက်ရည်ဆိုင်က ထွက်လာခဲ့တယ်။

စိတ်ထဲမှာ ပေါ့ပါးနေသလို ဖြစ်နေတယ်။

ကိစ္စတစ်ရပ်က ဒီညမှာ ပြီးတော့မယ်လေ၊ ည (၉) နာရီမှာ တွေ့ရမယ်ဆိုတော့ သိပ်ကောင်းတဲ့အချိန်ပဲ။ ကျွန်တော်ပင်တာကို ဘေးလူမမြင်နိုင်ဘူး။ နောက်တစ်ချက်က ဒင်းတို့ကြည်နူးနေမယ့် အချိန်မှာ လမ်းဆုံးပို့ရမှာဆိုတော့။

ချက်ချင်းပဲ မုန်းတီးနာကြည်းမှုတွေဟာ ကျွန်တော့်ရင်ထဲမှာ တစ်လိပ်လိပ် တက်လာတယ်။ ဘောင်းဘီအိတ်ထဲက ဓားမြှောင်

ရိုးကို တင်းတင်းဆုပ်ထားပြီး အံကိုတင်းတင်းကျိတ်ထားလိုက်မိတယ်။

သူတို့နှစ်ယောက်ဟာ ကျွန်တော့်ကို အသည်းကွဲအောင် ဘဝပျက်အောင် လုပ်ခဲ့ကြတယ်၊ ရက်စက်ခဲ့ကြတယ်။

ခုတော့ ကျွန်တော့်အလှည့် ရောက်ပြီလေ။

* * *

## အခန်း (၁၆)

ဟုတ်ပါတယ်။ ဒါဟာ ကျွန်တော့်အလှည့်ပါ။

သူအလှည့်တုန်းက ကျွန်တော်ရေရေလည်လည် ခံခဲ့ရတယ်လေ။

'အတုံ့အလှည့်ဆိုတာ ရှိပါတယ် ချစ်ထွေး'

ကျွန်တော်က ကျေနပ်စွာရေရွတ်လိုက်မိသည်။

တိုက်တိုက်ဆိုင်ဆိုင် ၁၃၊ ၁၄ ကားဂိတ်နားက လက်ဖက်ရည်ဆိုင်မှာ ချစ်ထွေးကို မမျှော်လင့်ဘဲ တွေ့လိုက်ရတယ်။

'ဟော့ အောင်မြင့်'လို့ ကျွန်တော့်နာမည်ခေါ်ပြီး သူက ဗဟင်နှုတ်ဆက်လာပါတယ်။ ခုလို တွေ့ရလိမ့်မယ်လို့ လုံးဝမမျှော်လင့်ထားခဲ့မိလို့ သူ့ကို တွေ့ရတော့ ကျွန်တော် အံ့ဩသွားရတယ်။

သူ့ကိုတွေ့ရတာနဲ့ တစ်ခါက သူနဲ့ပတ်သက်လို့ ခံရဖူးတဲ့ ဒဏ်ရာဟောင်းဟာ အသစ်ပြန်ဖြစ်ခဲ့ပါတယ်။

ကြာတော့ ကြာပါပြီ။

အဲဒီတုန်းက မီးထွန်းပွဲတစ်ခုမှာ လူတွေတိုးနေတုန်း လူတစ်ယောက်ဆီက လက်ပတ်နာရီ ဖြုတ်ယူခဲ့မိတယ်။ အကုသိုလ်ဝင်



ချင်တော့ ကျွန်တော်ဖြုတ်ယူခဲ့တဲ့ နာရီပိုင်ရှင်ဟာ ကမ္ဘာလှည့်ခရီးသည် နိုင်ငံခြားသားတစ်ဦး ဖြစ်နေတယ်။

ဒီမှာတင် ရဲကအပြင်းအထန် လိုက်တော့တာပဲ။

ကျွန်တော်ကို မမိပါဘူး။ ကျွန်တော်က နယ်မြေကျော် လုပ်ခဲ့တာကိုး။

ဒါပေမယ့် ရဲကလည်း လျှင်ပါတယ်။ ကျွန်တော်တို့လိုလူတွေကိုဆွဲပြီး တရားခံရှာပါတော့တယ်။ ကျွန်တော်တို့ ဘဝတူအချင်းချင်းကတော့ ဒါဘယ်သူ့လက်ချက်၊ ဒါဟာ ဘယ်သူ့လက်ရာဆိုတာ သိနိုင်ကြတယ်လေ။ ရဲအဆွဲခံရတဲ့ အထဲမှာ ချစ်ထွေးလည်းပါသွားတယ်လေ။

တကယ်တော့ ရဲက ချစ်ထွေးလက်ချက် မဟုတ်မှန်း သိပါတယ်။

ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တဲ့ သဘောပါ။

ချစ်ထွေးက အချောင်မခံချင်ရင် တရားခံအစစ်ကို ရှာပေတော့ပဲ၊ ဖော်ပေတော့ပဲ။

ဖြစ်ချင်တော့လည်း ကျွန်တော်လုပ်တဲ့ ကိစ္စကို ချစ်ထွေးက သိနေတယ်လေ။ မိန်းမရကာစဖြစ်တဲ့ ချစ်ထွေးကို ရဲက နှစ်ရက်လောက်ပဲ စစ်လိုက်ရတယ်၊ ပေါ်ပါလေရော။

ဒါဟာ ဇာတ်တူသားချင်း စားခဲ့တာပဲ၊ သူ ဘဝတူချင်း စည်းမစောင့်တဲ့အတွက် ကျွန်တော် ထောင်တစ်နှစ် ကျခံလိုက်ရပါတယ်။

ဒီကိစ္စတွေကို တွေးမိတိုင်း နာကြည်းခဲ့ရတယ်။

ဒီနေ့ ချစ်ထွေးကို တွေ့လိုက်ရတော့ တစ်ချိန်က ဒဏ်ရာဟောင်းဟာ ပြန်ပေါ်လာခဲ့ပါတယ်။ သူကတော့ ဒီကိစ္စကို သတိရ

လာတော့မယ် မဟုတ်ပါဘူး။ ကျွန်တော်ကတော့ မမေ့နိုင်ဘူးလေ သူ့ကြောင့် လူ့လောကနဲ့ တစ်နှစ်လောက် အဆက်ပြတ်ခဲ့ရတယ် မဟုတ်လား။

တော. . .

ခုတော့ ကြုံပြီ၊ အလှည့်ကြုံပြီ။

ရဲဘက်ပြေးချစ်ထွေး. . .

ရဲက အလိုရှိနေတဲ့ ချစ်ထွေး။

သူဟာ ကျွန်တော့်လက်ထဲ ရောက်ပြီလေ၊ ကျွန်တော် ဘာ စဉ်းစားစရာ လိုတော့လဲ၊ ဘာကို ထောက်ညှာနေစရာ လိုတော့လဲ ရဲကို အကြောင်းကြားလိုက်ရုံပေါ့။

မြောက်ဥက္ကလာဘူတာမှာ ချစ်ထွေးနဲ့ ဒီညချိန်းထားတယ်။ ဘူတာမှာ ဖမ်းရင် မပိုင်ဘူး။ ချစ်ထွေးက လူလည်ဆိုတော့ လွတ် သွားနိုင်တယ်၊ သူသွားချင်တဲ့ နေရာ မောင်ကျော်ဆီ လိုက်ပို့ပြီး အိမ်ကို ရဲနဲ့ ဝိုင်းဖမ်းတာက ပိုပြီး သေချာတယ်လို့ ကျွန်တော် စဉ်းစားမိတယ်။

ချစ်ထွေးနဲ့ ချိန်းထားတဲ့ ဥက္ကလာဘူတာကို မသွားမီထဲက စီစဉ်စရာအားလုံး စီစဉ်ခဲ့ပြီးပြီ။

ဥက္ကလာဘူတာရောက်တော့ ည ကိုးနာရီထိုးနေပြီ၊ ဒါပေမဲ့ ချစ်ထွေးရောက်မလာသေးဘူး၊ သူဟာ မှောင်ရိပ်တစ်နေရာရာက ကျွန်တော့်ကို စောင့်ကြည့်ချင် ကြည့်နေမှာပါ၊ ကျွန်တော်နဲ့အတူ ရဲတွေ၊ ဘာတွေ ပါမပါကို လေ့လာမယ်၊ သူမသင်္ကာရင် လစ်သွား မယ်လေ။

ချစ်ထွေးအကြောင်းကို ကျွန်တော်က သိထားတော့ သူ



မသင်္ကာမဲ့ အပြုအမူမျိုး မလုပ်ပါဘူး၊ ဘူတာပလက်ဖောင်းမှာ ထိုင် ချပြီး အိတ်ထဲက ဒူးယားတစ်လိပ် ထုတ်ညှိလိုက်ပါတယ်။

လက်စားချေရမယ့် ကိစ္စတစ်ရပ်အတွက် ကျွန်တော် စိတ်ရှည် နိုင်ပါတယ်။

ကျွန်တော့် ပတ်ဝန်းကျင်မှာတော့. . .

အမှောင်ထုဟာ မင်းမူကြီးစိုးနေပါပြီ။

* * *

## အခန်း (၁၇)

အမှောင်ထုဟာ ကြောက်စရာ ကောင်းလောက်အောင် မင်း မူကြီးစိုးနေပါတယ်၊ အမှောင်ထုကို ကြည့်ရင်းက ကျွန်မ ကြောက် လာပါတယ်။ လေပြင်းကလည်း အဆက်မပြတ် တိုက်ခတ်လာမြန် ပါတယ်။

ဟို လမ်းမတန်းပေါ်က သစ်ပင်ကြီးတွေဟာ လေရှိန်ကြောင့် ယိမ်းထိုးလှုပ်ရှားနေတာကို ဝိုးတဝါး မြင်နေရပါတယ်။

သစ်ကိုင်းချင်း ပွတ်တိုက်ရာက တကျွီကျွီနဲ့ ထွက်ပေါ်လာတဲ့ အသံဟာ မကောင်းဆိုးဝါးကောင်တွေ အော်ဟစ်ညည်းငြူနေသလို ထင်ရပါတယ်။

အဲဒီအချိန်မှာ. . .

"ဝုန်း. . . ဝုန်း. . . ဂျိုင်း"

ဆိုတဲ့ ကြောက်စရာအသံကြီး ထွက်ပေါ်လာပြီး လမ်းမကြီး ပေါ်က လျှပ်စစ်မီးတွေဟာ ရုတ်တရက်ငြိမ်းလို့ ပတ်ဝန်းကျင်တစ်ခု လုံးကို မှောင်အတိကျသွားစေပါတယ်။

လေဒဏ်ကြောင့် ကျိုးကျသွားတဲ့ သစ်ကိုင်းကြီးဟာ အနားက လှုပ်စစ်မီးတိုင်တွေကို ကြေမွပျက်စီးသွားစေပါပြီ။

"ဝီး. . . ဝီး. . . ဂိုး"

ရုတ်တရက် အိမ်ခေါင်မိုးပေါ်က ထွက်ပေါ်လာတဲ့ ငှက်ဆိုး ထိုးသံကြောင့် ကျွန်မဟာ လိပ်ပြာလွင့်မတတ် တုန်လှုပ်သွားပါ တယ်။

"ဟယ် ဟင် ဟိုမှာ အစ်ကိုပါလား"

ဟုတ်ပါတယ်၊ အစ်ကိုဟာ အမှောင်ထုထဲကနေ တရွေ့ရွေ့ လာနေတာကို တွေ့လိုက်ရတယ်။ သူ့မျက်နှာကိုတော့ ပီပီသသ မမြင်ရဘူး၊ သူဟာ ကျွန်မဘက် လက်နှစ်ဖက် ဆန့်တန်းလို့ ခေါ် နေသလိုပါပဲ။

"အစ်ကိုရေ. . . အစ်ကို"

ကျွန်မက အော်ဟစ်ရင်း သူ့ဆီကို ပြေးသွားလိုက်ပါတယ်၊ အနားရောက်တော့ သူ့ရင်ခွင်ထဲကို တိုးဝင်ပြီး ဖက်ထားလိုက်ပါ တယ်၊ ကျွန်မ အထိတ်တလန့် ဖြစ်သွားရပါတယ်။

စိုထိုင်းစေးထန်းတဲ့အတွေ့ကို အစ်ကို့ကိုယ်ပေါ်မှာ စမ်းသပ် ထိတွေ့လိုက်ရပါတယ်။

"ဟင် သွေးတွေ၊ သွေးတွေ"

ကျွန်မ ငယ်သံပါအောင် အော်လိုက်ချိန်မှာ အစ်ကိုဟာ မြေ ပေါ်ကို ဒူးထောက်ကျသွားပါတယ်။

"အောင်မလေး"

အစ်ကို့ ရင်ဘတ်မှာ ကြောက်စရာ သေနတ်ဒဏ်ရာကြီးပါ လား။



"ဘုရား. . . ဘုရား. . .ဘုရား"

ကျွန်မဟာ ကြောက်လန့်တကြားအော်ရင်း သူ့ကိုယ်ကို ဆွဲပွေ့ ထားလိုက်မိပါတယ်။ သူ့တစ်ကိုယ်လုံးဟာ သွေးတွေနဲ့ ရွှဲနစ်လို့နေ ပါပြီ။

"အစ်ကိုလေ အစ်ကို စန်းမူကို တွေ့ချင်လွန်းလို့"

အားတင်းပြောနေတဲ့ သူ့အသံဟာ တစ်ပိုင်းတစ်စနဲ့ ရပ်သွား လို့ ကျွန်မ ရင်ခွင်ထဲမှာ ခေါင်းငိုက်စိုက် ကျသွားပါပြီရှင်။

"အစ်ကို. . . အစ်ကို"

ကျွန်မရဲ့ကိုယ်မှာ အစ်ကို့ရဲ့ သွေးတွေနဲ့ ကျွန်မ မျက်ရည် တွေ ပေါင်းစပ်လို့ ရွှဲနစ်နေပါပြီ။

"အစ်ကို မသေရဘူး၊ အစ်ကို မသေရဘူး"

အဲဒီအချိန်မှာ လေပြင်းဟာ ရုတ်တရက် ဆောင့်ထိုးလိုက်ပါ တယ်။

တစ်ဝီးဝီးအော်မြည်နေတဲ့ လေပြင်းမုန်တိုင်းဟာ အစ်ကို့ရဲ့ ကိုယ်ခန္ဓာကြီးကို ကျွန်မ ရင်ခွင်ထဲကနေပြီး ဆွဲထုတ်ယူလိုက်ပါ တယ်၊ ကျွန်မ တအံ့တသြနဲ့ ငေးကြည့်နေတုန်းမှာပဲ အစ်ကို့ရဲ့ ကိုယ် ကြီးဟာ ဖက်ရွက်ကလေးတစ်ခုလို လေနောက်ကို လွင့်ပါသွားပါ တယ်။

"အစ်ကိုရေ အစ်ကို"

ကျွန်မဟာ ဆောက်တည်ရာမရအောင် ခံစားလိုက်ရပါတယ်။

အရူးတစ်ယောက်လို အသံကုန်အော်လိုက်မိပါတယ်။

"အစ်ကိုရေ အစ်ကို"

"မမစန်း. . . မမစန်း ဘာဖြစ်လို့လဲဟင်"

တစ်စုံတစ်ယောက်က ခပ်ကြမ်းကြမ်း လှုပ်နှိုးနေတာကြောင့် ကျွန်မ အိပ်ရာက ရုတ်တရက် လန့်နိုးသွားပါတယ်။ ကျွန်မ တစ်ကိုယ်လုံးဟာ ချွေးတွေ ရွှဲနစ်နေပါတယ်။

ခုထိ ရင်ဟာ တဒိတ်ဒိတ်ခုန်နေတုန်းပါပဲ။

စိုးရိမ်တဲ့ မျက်နှာနဲ့ အိပ်ရာဘေးမှာ ရပ်နေတဲ့ မောင်ကျော်ကို တွေ့လိုက်ရပါတယ်။

"မမစန်း အိပ်မက်တောထင်တယ်၊ လန့်အော်သံကြားလို့ ကျွန်တော် ပြေးဝင်လာတော့ မမစန်း ဗလုံးဗထွေးနဲ့ အော်နေလို့ ကျွန်တော် နှိုးလိုက်ရတယ်"

"သိပ်ကြောက်စရာကောင်းတဲ့ အိပ်မက်တွေပဲကွယ်"

ကျွန်မကပြောရင်း အိပ်ရာက ထလို့ ခြင်ထောင်အပြင်ကို ထွက်လိုက်ပါတယ်။

"အို"

ကျွန်မက ရှက်ရွံ့စွာ ရေရွတ်ရင်း ဗလာကျင်းနေတဲ့ ကိုယ်အထက်ပိုင်းကို လက်နှစ်ဖက်နဲ့ ယှက်ကွယ်လိုက်ရပါတယ်။ ညတုန်းက ပူအိုက်လွန်းလို့ ကျွန်မ လုံချည်ရင်လျားနဲ့ အိပ်နေခဲ့တာပါ၊ အိပ်မက်ကြောင့် ကြောက်လန့်တကြား လူးလွန့်ရင်းက လုံချည်ဟာ ပြေလျော့သွားခဲ့တယ် ထင်ပါတယ်။

ကျွန်မ လုံချည်ကို ချက်ချင်း ပြန်ဝတ်ရင်း မောင်ကျော်ကို မသိမသာ ကြည့်လိုက်မိပါတယ်။

သူ ခေါင်းငုံ့ထားတာတွေ့လို့ ကျွန်မ အရှက်ပြေသွားရပါတယ်။

"ခုမှ ၁၀ နာရီပဲ ရှိသေးတယ် မမစန်းရဲ့၊ ဘာတွေများ အိပ်မက်နေလို့လဲ၊ ဘုရားရှိခိုး မအိပ်ဘူးထင်တယ်"



မောင်ကျော်က ရယ်ရယ်မောမော ပြောရင်း သောက်ရေတစ်ခွက် ခပ်လာပေးပါတယ်။

"အိပ်မက်ထဲမှာလေ အစ်ကို့ကို တွေ့တယ်၊ တစ်ကိုယ်လုံး သွေးတွေ ရွှဲလို့ သေနတ်ဒဏ်ရာကြီးနဲ့"

ခုထိ ကျွန်မက ရင်တုန်မပြယ်တတ်သေး။

"မမစန်း အစ်ကို ချစ်ထွေးအကြောင်း မအိပ်ခင် စဉ်းစားလို့ ဖြစ်မှာပါ"

"အေးကွယ် ဒီလိုအိပ်မက်မျိုး တစ်ခါမှ မမက်ဖူးဘူး၊ နိမိတ်ကောင်းလိုက်တာနော်"

"ကဲပါ မမစန်းရယ်၊ စိတ်မကောင်းစရာတွေ တွေးမနေပါနဲ့၊ အစ်ကိုချစ်ထွေးဟာ သူ့အန္တရာယ်ကို သူရှောင်နိုင်မှာပါ၊ ဘာမှဖြစ်စရာ မရှိပါဘူးဗျာ"

"ဒါပေါ့လေ၊ မမစန်းတို့အဖို့ကတော့ ဆုတောင်းရုံပဲ တတ်နိုင်မှာ မဟုတ်လားကွယ်"

* * *

## အခန်း (၁၈)

သိပ်ဟုတ်တာပေါ့။

ဒီလိုပဲ ဖြစ်ရမယ်လေ။

ကြည့်စမ်းပါဦးဗျာ၊ အကြည်ဆိုက်နေလိုက်ကြတာ။

ကျွန်တော် ဝင်သွားတော့ နှစ်ယောက်စလုံးကို အိပ်ခန်းထဲမှာ အဆင်သင့် တွေ့ရတယ်။ ခြင်ထောင်ချထားတဲ့ အိပ်ရာပေါ်မှာ စန်းမူက ထိုင်နေပြီး မောင်ကျော်က ရှေ့နားမှာထိုင်နေတယ်။

စန်းမူရဲ့ ကိုယ်ပေါ်မှာ အဝတ်အစားတောင် လုံလုံခြုံခြုံ မရှိဘူး လုံချည်ရင်လျှားနဲ့ ရှိနေတယ်။

ကျွန်တော်ကို မြင်တော့ နှစ်ယောက်စလုံး ကြက်သေသေ သွားတယ်၊ မကောင်းဆိုးဝါးတစ်ကောင်ကို မြင်လိုက်ရသလို မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေတယ်။

"ဟင်... အစ်ကို... အစ်ကို"

စန်းမူဟာ ကျွန်တော့်ဆီကို ပြေးဝင်လာတယ်။ အဲဒီအချိန်က ကျွန်တော့်မျက်လုံးအစုံဟာ မီးဝင်းဝင်းတောက်နေမှာပါ။ အံတစ်ချက်ကြိတ်လို့ သတ်ပြင်းတစ်ချက် ရိုက်လိုက်တယ်။



"သွားစမ်း မိန်းမယုတ်"

"ဖျောင်း"

"အောင်မယ်လေး အစ်ကိုရယ်"

ကျွန်တော်က စန်းမူရဲ့ မျက်နှာကို အညှိုးတကြီးနဲ့ လက်ပြန်ရိုက်ပစ်လိုက်တယ်၊ သူဟာ အခန်းဒေါင့်ကို လွင့်စဉ်ထွက်သွားတယ်။

"အစ်ကိုချစ်ထွေး... အစ်ကိုချစ်ထွေး.... မှားတုန်မယ်၊ ကျွန်တော် ပြောပါရစေဦး"

ကျွန်တော့်လက်ထဲက ဓားမြှောင်ဟာ မီးရောင်မှာ ဝင်းဝင်း တောက်နေပါပြီ။

မောင်ကျော်က နှုတ်ကအော်ရင်း ကျွန်တော်နဲ့ စန်းမူရဲ့ကြားကို ပြေးဝင်လာတယ်၊ ရင်ထဲက တလိပ်လိပ်တက်လာတဲ့ ဒေါသမီးဟာ မျက်လုံးအစုံကို ပြာဝေမှုန်မှိုင်းနေခဲ့ပါတယ်။

"ငကျော်... ကျေးဇူးကမ်းတဲ့ကောင်၊ ရှောင်ကွာ"

"ကျွန်တော်ပြောပါရစေဦး၊ အား..."

မောင်ကျော်ရဲ့စကားကို ဆုံးအောင် နားမထောင်ခဲ့ပါဘူး ဟုတ်ပါတယ်။ ကျွန်တော် ရဲဘက်စခန်းက ထွက်ပြေးပြီး သူတို့ကို မြေလှန်ရှာခဲ့တာဟာ သူတို့ရဲ့ရှင်းလင်းမှု၊ တောင်းပန်မှုကို နားထောင်ဖို့ မဟုတ်ဘူး။ ကျွန်တော့်ရဲ့ အသည်းနှလုံးကို ထုတ်ယူဖျက်စီးခဲ့တဲ့ကောင်ဟာ သွေးအိုင်ထဲမှာ ငြိမ်သက်နေပါပြီ။

ကျွန်တော်အရူးတစ်ယောက်လို တဟားဟားနဲ့ အော်ရယ်နေမိပါတယ်။

"အောင်မလေးအစ်ကိုရယ်၊ ဘယ်လိုလုပ်လိုက်တာလဲ၊ မှား

ကုန်ပြီ. . . မှားကုန်ပြီ၊ မောင်ကျော်. . . မောင်ကျော်”

စန်းမူဟာ လဲကျနေတဲ့ မောင့်ကျော်အနားကို ပြေးဝင်လာပါတယ်။

“အေး. . . နင့်လင်နောက်ကို နင်လည်း လိုက်ရမယ် မိစန်း”

ကျွန်တော့်ရင်ထဲက မုန်းတီးမှုဟာ အထွတ်အထိပ်ရောက်လာပါပြီ။

“မဟုတ်ဘူးအစ်ကို၊ မဟုတ်ဘူး”

“ငါ ဘာမှနားမထောင်ချင်ဘူး၊ အနာမှုကြီးရင် အမျက်ကြီးတယ် မိစန်း၊ ငါ့ အသည်းကို ခွဲခဲ့တဲ့၊ ငါ့ဘဝကို ဖျက်ဆီးခဲ့တဲ့ မိန်းမ”

ကျွန်တော်က နာနာကြည်းကြည်း အော်ဟစ်ယင်း အံကိုတင်းတင်းကြိတ်လိုက်ပါပြီ။

“မဟုတ်ဘူး. . . မဟုတ်ဘူး. . . အစ်ကိုရယ်၊ စန်းမူကို စကားပြောခွင့်ပေးပါဦး”

စန်းမူဟာ အခန်းထောင့်မှာရပ်ရင်း ကျွန်တော့်ကို တုန်လှုပ်တဲ့ မျက်လုံးအစုံနဲ့ ကြည့်လို့ အသနားခံနေသလိုပါပဲ။

ကျွန်တော်ဟာ ဓားရိုးကို တင်းတင်းဆုပ်လို့ သူ့အနားကို တရွေ့ရွေ့ တိုးကပ်သွားနေပါပြီ၊ ထိတ်လန့်မှုနဲ့ မိန်းမော တွေဝေနေတဲ့ စန်းမူဟာ အသံမထွက်တော့ပါဘူး၊ ရင်ခွင်မှာ လက်ယှက်ပြီး မျက်စိအစုံဟာ ဝိုင်းဝိုင်းလည်လို့ နေပါတယ်။

သူနဲ့ ကျွန်တော့်ဟာ လက်တစ်ကမ်းအကွာမှာ ရှိနေပါပြီ။

သူ့ရဲ့အသက်ဝိညာဉ်ကို ကျွန်တော်ထုတ်ယူရပါတော့မယ်။ အင်အားကုန်ခန်းနေသလိုပါပဲ။

“စန်းမူလေ. . . အစ်ကို့ ကို သိပ်ချစ်တာ၊ စန်းမူကို ဘယ်



တော့မှ မမုန်းရဘူးနော် အစ်ကို”

အစကပြောခဲ့တဲ့ သူ့အသံလေးတွေကို ပြန်လည်ကြားယောင်လာပါတယ်၊ ကျွန်တော် သက်ပြင်းချလိုက်မိပါပြီ။

သူ့ကို ကျွန်တော်သိပ်ချစ်ရပါတယ်။

ချစ်လွန်းလို့လည်း မုန်းခဲ့၊ နာကြည်းခဲ့ရတာပါ။ ဒါပေမဲ့ သူ့ကို ကျွန်တော် မသတ်ရက်နိုင်ပါဘူး။

တကယ်တမ်းကြုံလာတော့ သူ့ကို ကျွန်တော် မမုန်းနိုင်ပါလား၊ ဓားကိုကိုင်ရင်း သူ့မျက်နှာလှလှလေးကို ငေးငိုင်နေမိပါတယ်။

“ဟေ့ ချစ်ထွေး၊ မင်း လက်က ဓားကို ချလိုက်စမ်း”

ရုတ်တရက် ပေါ်ထွက်လာတဲ့ အသံကြောင့် ကျွန်တော်ဟာ အိပ်ရာက လန့်နိုးသလို လှုပ်လှုပ်ရှားရှား ဖြစ်သွားပါတယ်။ တင်းမာခက်ထန်တဲ့ အမိန့်ပေးသံနှင့်အတူ သေနတ်မောင်းတင်သံဟာ ကျွန်တော့်နောက်က ထွက်ပေါ်လာခြင်းပါ။

ကျွန်တော်ဟာ ဓားမြှောင်ကို ဆုတ်ကိုင်ရင်း ကျောက်ရုပ်တစ်ခုလို ငြိမ်သက်သွားမိပါတယ်။

“ဟေ့ကောင် ဓားမချဘူးလား၊ ပစ်လိုက်ရမလား”

ပို့ပြီး မာကျောတဲ့ အမိန့်ပေးသံဟာ ဆက်လို့ ထွက်လာပြန်ပါတယ်။

ကျွန်တော်က သွေးစွန်းနေတဲ့ ဓားမြှောင်ကို အခန်းထောင့်ကို ပွင့်ပစ်လိုက်ပြီး လက်မြှောက်ထားရင်း နောက်ဘက်ကို လှည့်ကြည့်လိုက်ပါတယ်။

အိမ်အဝင် အပြင်ဘက်မှာ

သေနတ်နဲ့ ချိန်းထားတဲ့ ရဲတွေကို မြင်လိုက်ရသည်။

"ချစ်ထွေး . . . မင်းအောက်ကို ဆင်းလာခဲ့"

ရဲကြပ်ကြီး တစ်ယောက်က အမိန့်ပေးပြီး သူတို့နောက်ဖ ကို လူခဲ့ပြီး ဆုတ်သွားပါတယ်။

"ဟင် . . . အောင်မြင့်"

ကျွန်တော့်ပါးစပ်က တအံ့တသြ ထွက်ပေါ်သွားသည်။ ရဲ နောက်မှာ အောင်မြင့်ကို တွေ့လိုက်ရတယ်လေ။

သူက ကျွန်တော့်ကို မခိုးမခန့် ကြည့်နေတယ်လေ။ ချက်ချင် သဘောပေါက်သွားသည်။

အောင်မြင့် သစ္စာဖောက်ပြီ။

ကျွန်တော့်ကို ထောင်ချောက်ဆင်လို့ ရဲလက်အပ်တာ ကောင်ကိုး။

ကျွန်တော် အံကို ကျိတ်လို့ ဘောင်းဘီအိတ်ထဲ လက်ရောက် သွားတယ်။ အိတ်ထဲက မောင်းပြန်ဓားကို ထိမိတာနဲ့ ဒေါသအိုးဟာ ဆူပွက်လာပါပြီ။

"ချစ်ထွေး အောက်ကို ဆင်းခဲ့"

ရဲက အမိန့်ပေးနေတယ်။ ကျွန်တော်က အိမ်ဝဘက်ကို လျှောက်လာရင်း အခြေအနေကို အကဲခတ် ကြည့်လိုက်တယ်။

အိမ်တံစက်မြိတ်အောက် ဘယ်ဘက်ခြမ်းမှာ အောင်မြင့် ရှိနေတယ်။

ဟုတ်တယ်။

ကျွန်တော့်ကို ရဲလက်အပ်တဲ့ သစ္စာဖောက် အောင်မြင့် ရှိနေတယ်လေ။

တစ်လှမ်း . . . နှစ်လှမ်း . . . သုံးလမ်း . . . တံခါးဝ ရောက်



တာနဲ့ ရုတ်တရက် အောင်မြင့်ဘေးကို ပြေးဝင်လိုက်ပြီး ဘောင်းဘီ အိတ်ထဲက လက်ကို ဆွဲထုတ်လိုက်တယ်။

ဖျောင်းခနဲ မောင်းပြန်ဓား ပြန်ဖွင့်သံနဲ့အတူ။

ကျွန်တော်က အိမ်အောက်ကို ခုန်ချလိုက်ပါတယ်။

ကျွန်တော့်ရဲ့ ပြေးလမ်းပွင့်ရေးအတွက် လက်ထဲက ဓားကို ဝှေ့ရမ်းလိုက်ပါတယ်။

"ဟော့ကောင် ရပ်လိုက် . . . ရပ်လိုက်"

ဘယ်သူ့အမိန့်ကိုမှ ကျွန်တော် မနာခံနိုင်တော့ဘူး။ ကျွန်တော့် ဘဝဟာ မထူးတော့ဘူး။ သန်းခေါင်ထက် ညဥ့်မနက်တော့ပါဘူး။

ဓားမြှောင်ကို ကိုင်းဝှေ့ရမ်းလို့ လူအုပ်ကြားကို ပြေးဝင်သွား လိုက်သည်။

"ဒိုင်း"

ဆိုတဲ့ ပြင်းထန်တဲ့ သေနတ်သံကို အနီးကပ် ကြားလိုက်ရ တာနဲ့ တစ်ပြိုင်နက် ကျွန်တော်ဟာ မြင်းအကန်ခံလိုက်ရသလို လွင့် င်လဲကျသွားတာကို သတိပြုလိုက်မိပါတယ်။

"လူမိုက် . . . အသေခံပြီး မိုက်တဲ့ကောင်"

တစ်စုံတစ်ယောက်ရဲ့ အသံကို ကြားလိုက်ရပါတယ်။ ကျွန် တော်ဟာ ထဖို့ ကြိုးစားပေမယ့် မရပါဘူး။ တစ်ကိုယ်လုံး လေးလံ ထိုင်းမှိုင်းလို့ မျက်စိအမြင်ဟာ မကြည်လင်တော့ပါဘူး။ မျက်စိရှေ့ မှာ ပိုးတဝါး လှုပ်ရှားနေတဲ့ လူရိပ်တွေလိုလို မြင်နေရပါတယ်။

"လူနာတွေ ဆေးရုံပို့ရအောင်ဟေ့၊ တစ်ယောက် အိမ်ပေါ် ဘက်ကြည့်စမ်း၊ ဒဏ်ရာရတဲ့လူ ရှိသလားဆိုတာ" တစ်စုံတစ် ယောက်ရဲ့ အသံကို မပီမသ ကြားလိုက်ရပါတယ်။

"အိမ်ပေါ်မှာ လူနှစ်ယောက်ရှိတယ် ဆရာ၊ မိန်းကလေး သတ်လစ်နေတယ်၊ ယောကျ်ားက ဓားဒဏ်ရာ ကြီးတယ်၊ စိုးရိမ် တဲ့ အခြေအနေပဲ"

"အေးကွာ. . . ဆေးရုံပို့ဖို့ လုပ်ကြပေတော့၊ ဒီအောက်မှာလည်း ဒဏ်ရာရတဲ့ လူနှစ်ယောက် ရှိနေတယ်"

ချစ်ထွေးကတော့၊ အေးလေ သူလည်း မလွယ်တော့ပါဘူး ကျွန်တော့်အနားမှာ အပြန်အလှန် ပြောနေတဲ့ အသံတွေကို မကြား တစ်ချက်၊ ကြားတစ်ချက် ဖြစ်နေပါတယ်။

ကျွန်တော့်ရင်ဟာ ဟင်းလင်းပွင့်နေသလို ခံစားနေရ တယ်။

နောက်တော့ ကျွန်တော့်ကို သယ်မ ချီပိုးနေကြလေသလား

မျက်စိထဲမှာတော့ ပိုးစာဝါးအရိပ်တွေတောင် မထင်နိုင်တော့ ပါဘူး။

သိပ်သည်းထူထဲတဲ့ အမှောင်ထုကြီးဟာ ကျွန်တော့်ကို ဝါး ထားလိုက်ပါပြီ။

"မီးထွန်းပေးပါ၊ မီးထွန်းပေးပါ၊ ကျွန်တော် ဘာကိုမှ မမြင် တော့ဘူး"

လို့ အော်ဟစ်နေမိတယ် ထင်ပါတယ်။

ဒါပေမယ့် ထွက်တော့အသံဟာ ရင်ထဲမှာပဲ ပျောက်သွားပါ တယ်။ လုံးဝ ထွက်မလာခဲ့ပါဘူး။

ဒါဟာ ကျွန်တော့်ရဲ့ နောက်ဆုံးအချိန်ပဲ ထင်ပါရဲ့။

ဒါဟာ. . . ဒါဟာ. . .

နောက်ဆုံးအချိန်ပဲ ထင်ပါရဲ့။

* * *

## အခန်း (၁၉)

နောက်ဆုံးအချိန်တိ။

အစ်ကိုဟာ အဖြစ်မှန်တွေကို သိမသွားရှာခဲ့ပါဘူး။

အစ်ကို့ရဲ့ ကြီးမားလှတဲ့ သံသယတရားကို မရှင်းပေးလိုက် နိုင်တာကိုတော့ ကျွန်မ ဝမ်းနည်းမဆုံး ဖြစ်ရပါတယ်။

ခုတော့. . .

ကျွန်မနဲ့ မောင်ကျော်ဟာ သူ့အပေါ်မှာ သစ္စာစောင့်သိခဲ့ ကြောင်းကို သူသိနိုင်အောင် ကျွန်မ မတတ်နိုင်တော့ပါဘူး။ အစ်ကို ဟာ မှန်းတီးနာကြည်းမှုကို သူနဲ့အတူ သယ်ဆောင်သွားခဲ့ပြီရှင်။

ကျွန်မနဲ့ မောင်ကျော်ဟာ ဆေးရုံတက်ခွင့်ရပေမယ့် အစ်ကို ကတော့ ဆေးရုံတောင် တင်ပြီး ဆေးကုခွင့် မကြုံခဲ့ပါဘူး။

သွေးဖျက်စရာ ကောင်းလှတဲ့ ကျွန်မတို့ရဲ့ အဖြစ်ဆိုးဟာ ဓာတ်ပုံတွေနဲ့ သတင်းစာ အစောင်စောင်မှာ ပါလို့ လာခဲ့တဲ့အတွက် ဖေဖေဟာ ချက်ချင်း ဆေးရုံကို လိုက်လာခဲ့ပါတယ်။

ကျွန်မအဖြစ်ကို မြင်တော့ မေမေဟာ မျက်ရည်ဖြိုင်ဖြိုင် ကျရှာတယ်။

ကျွန်မဟာ ဒဏ်ရာမရပေမယ့် ကြောက်စရာ အဖြစ်ဆိုး ကြောင့် စိတ်ချောက်ချားပြီး ဆေးရုံမှာ ၃ ရက်လောက် တက်ခဲ့ ပါတယ်။ ဆေးရုံဆင်းတာနဲ့ မေမေတို့အိမ်ကို ခေါ်သွားခဲ့ပါတယ်။

ကျွန်မ မေမေတို့ဆီ လိုက်သွားတဲ့အချိန်မှာ။

မောင်ကျော်တစ်ယောက်ကတော့ ဆေးရုံပေါ်မှာ ကျန်ရစ်ခဲ့ ပါတယ်။ ဆရာဝန်ကြီးတွေက သူ့အသက်ကို သေမင်းလက်က လုယူနေကြဆဲပဲ ရှိပါသေးတယ်။ သေမလား၊ ရှင်မလားလို့ မဆုံး ဖြတ်နိုင်သေးတဲ့ အချိန်ပဲ ဖြစ်ပါတယ်။

မိဘအိမ်၊ မိဘရဲ့ အရိပ်အာဝါသမှာ စိတ်အေးချမ်းသာ နားခို ခွင့်ရှိပေမယ့် ကျွန်မ စိတ်မအေးနိုင်ခဲ့ပါဘူး။ ဆေးရုံပေါ်က မောင်ကျော်ဆီကိုပဲ စိတ်ကရောက်နေခဲ့ပါတယ်။

ကျွန်မအတွက် သူဟာ ဓားစာခံ ဖြစ်ရတာပါ။ မဆီမဆိုင် ခံလိုက်ရတာပါ။ ဒါကြောင့် သူ့ကို သနားမဆုံး ဖြစ်ခဲ့ရသလို စိုးရိမ် ပူပန်ခဲ့ရပါတယ်။

ဆေးရုံသွားပြီး ကြည့်ခွင့်တောင်းပေမယ့် မေမေတို့က လုံးဝ ဝင်ခွင့်မပြုဘူး။

"မမှတ်သေးဘူးလား စန်းမူ၊ တစ်ခါသေဖူးရင် ပျဉ်ဖိုးတော့ နားလည်ဖို့ ကောင်းပါပြီ၊ ဒီလိုအသိုင်းအဝိုင်းနဲ့ လုံးဝမဆက်ဆံ မပတ်သက်ရဘူး" လို့ တားမြစ်နေပါတယ်။

နောက်ဆုံးတော့ ကျွန်မဟာ မေမေတို့အလစ်မှာ ဆေးရုံ အံရောက်သွားလို့ မောင်ကျော်ကို ကြည့်ခဲ့ပါတယ်။

ဆရာဝန်ကြီးတွေဟာ မောင်ကျော်ကို သေမင်းလက်က လုယူ နိုင်ခဲ့ပါပြီ၊ ကျွန်မရောက်သွားတဲ့အချိန်မှာ မောင်ကျော်ဟာ သတိ



ရကာစ ကျွန်မနာမည်ကို တဖွဖွတမ်းတနေချိန်ပဲ ဖြစ်ပါတယ်။

"မမစန်း. . . မမစန်း ဘာမှမဖြစ်ဘူးနော်၊ ကျွန်တော်စိုးရိမ် လိုက်ရတာဗျာ"

ကျွန်မရင်ထဲမှာ နင့်ခနဲဖြစ်သွားခဲ့ရပါတယ်။ သေမတတ် ခံလိုက်ရတဲ့ သူ့ဝေဒနာကို ဘေးဖယ်လို့ ကျွန်မအတွက် သူဟာ စိုးရိမ်နေရှာပါလား။

"အစ်ကို. . . အစ်ကိုချစ်ထွေးကော မမစန်း"

သူ့အမေးကို ဖြေဖို့အတွက် ကျွန်မနှုတ် ဆွံ့ခဲ့ရပါတယ်။

"အစ်ကိုတစ်ယောက် ဆုံးခဲ့ပါပြီကွယ်"

"ဟင်"

ကျွန်မအဖြေကိုကြားရတော့ သူဟာ အကြီးအကျယ် တုန်လှုပ် သွားပုံရပါတယ်။

"ဘာ. . . ဘာဖြစ်လို့လဲဟင်"

"အဲဒီညက ရဲတွေက ဖျောင်းဖျပြီး အဖမ်းခံဖို့ကြိုးစားတုန်း မှာ ရဲလက်ကသေနတ်ကို ဝင်လုရင်း သူဟာသူ ပြန်ထိပြီး"

"တော်ပါတော့ မမစန်းရယ်. . . တော်ပါတော့၊ ကျွန်တော် သိပါပြီ"

မောင်ကျော်ဟာ ဘာစကားမှမပြောနိုင်တော့ပဲ အဝေးကို ငေးမောနေခဲ့ပါတယ်။

"ပြီးတာကူ ပြီးခဲ့ပါပြီ၊ ဒါတွေတွေးပြီး စိတ်မကောင်းဖြစ်မနေ ပါနဲ့တော့၊ မင်းမြန်မြန်နေကောင်းဖို့သာ ကြိုးစားပါကွယ်"

နုနယ်ဖြူစင်တဲ့ သူ့မျက်နှာဟာ တစ်ခဏချင်းမှာပဲ ရင့်ရော် အိုမင်းသွားသလို ပြောင်းလဲသွားတာကို သတိထားလိုက်မိပါတယ်။

"ဒါဖြင့်. . . ဒါဖြင့်"

တုန်ရင်နေတဲ့သူ့အသံဟာ တစ်ပိုင်းတစ်စနဲ့ ရပ်သွားပါတယ်။

"ပြောလေ. . . မောင်ကျော်၊ ဘာပြောမလို့လဲ"

ကျွန်မဟာ သူ့လက်ကိုဆုပ်ကိုင်အားပေးရင်း မေးလိုက်မိပါတယ်။

"အစ်ကိုချစ်ထွေးမရှိတော့ဘူးဆိုတော့ မမပန်းဟာ မိဘတွေအိမ်ပြန်ရတော့မှာပေါ့နော်"

"ဟင်"

မထင်မှတ်တဲ့ သူ့မေးခွန်းအတွက် ကျွန်မရင်ထဲမှာ ဆို့နင့်လို့သွားခဲ့ပါတယ်။

ကျွန်မဟာ မေမေတို့အိမ်ပြန်ရောက်နေပြီဆိုတာ သူ မသိရှာသေးဘူးကိုး၊ ဘယ်လိုဖြေရမယ်ဆိုတာ မသိအောင် တွေဝေသွားခဲ့ရပါတယ်။

"အင်းပေါ့လေ၊ တကယ်တော့ မမစန်းဟာ သွေးသားမတော်စပ်တဲ့ ကျွန်တော်နဲ့နေခဲ့ရတာဟာ အစ်ကိုချစ်ထွေးကို စောင့်နေခဲ့တာပဲလေ၊ ခု. . ခု အစ်ကိုချစ်ထွေး မရှိတော့ဘူးဆိုတော့"

သူဟာပြောလက်စ စကားကို ဆုံးအောင်မပြောနိုင်ရှာဘူးထင်ပါတယ်၊ တစ်ပိုင်းတစ်စနဲ့ ရပ်လိုက်ပြီး သက်ပြင်းရှည်ကြီးကို ချလိုက်ပါတယ်။

ကျွန်မတို့ဟာ တစ်ယောက်နဲ့တစ်ယောက် နီးသားဖြူစင်တဲ့စိတ်ထားတွေ ရှိကြပေမယ့် အတူတကွရှည်မြင့်စွာနေကိုင်ပြီး အတူလက်တွဲလို့ ဘဝကြမ်းကို ဖြတ်သန်းခဲ့ရလေတော့ မြင်နိုင်စွမ်းမရှိတဲ့ သံယောဇဉ်ကြိုးတွေရဲ့ ငြိတွယ်ရစ်နှောင်ခြင်းကို ခံခဲ့ရပြီထင်ပါရဲ့။



မောင်ကျော်ဟာ ကျွန်မနဲ့ခွဲခွာရမှာကို စိုးရိမ်ပူပန်နေသလို ကျွန်မကိုယ်တိုင်ကလဲ သူတစ်ယောက်ထဲ အထီးကျန်ထားခဲ့ရမှာကို စဉ်းစားမိတိုင်း ရင်နာခဲ့ရပါတယ်။

ကျွန်မတို့ မြင်နိုင်စွမ်းမရှိတဲ့ မသိစိတ်ဟာ ကျွန်မတို့နှစ်ယောက်စလုံးကို ဖမ်းစားခဲ့ပါပြီရှင်။

ကျွန်မဟာ အကြြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားခဲ့ရပါတယ်။

မသိစိတ်ရဲ့ ရလာမယ့်အဖြေကို ကျွန်မရင်မဆိုင်ရဲဘူး။

ခုတော့ မောင်ကျော်ဟာ ကျွန်မတို့နှစ်ယောက်စလုံးရဲ့ နှလုံးသားမှာ ကွယ်ဝှက်ထားခဲ့တဲ့ အဖြေကို စတင်ထုတ်ဖော်ဖို့ ကြိုးစားနေပါပြီရှင်။

"မောင်ကျော်ရယ် မင်းနေထိုင်ကောင်းအောင်ကြိုးစားပါကွယ်၊ ခုချိန်မှာ ဘာကိုမှမစဉ်းစားပါနဲ့နော်. . . ဟုတ်လား"

ကျွန်မက မေါက်ကွဲလုဆဲဆဲ ဝေဒနာတစ်ရပ်ကို ကြိုးစားချုပ်တည်းခဲ့ပါတယ်။

မောင်ကျော်ဟာ မျက်စိနှစ်လုံးကို စုံမှိတ်လို့ မောပန်းစွာ အသက်ရှူနေခဲ့ပါတယ်၊ သူ့အခြေအနေဟာ မကောင်းသေးဘူး မဟုတ်လား။

"ဟယ်"

ကျွန်မဟာ သူ့နဖူးကို အသာစမ်းကြည့်လိုက်ပါတယ်။ ခြစ်ခြစ်တောက်ပူလောင်နေတဲ့ အထိအတွေ့ကြောင့် လက်ကို အထိတ်တလန့် ရုတ်လိုက်မိပါတယ်။

သူ. . . သူ. . အဖျားတက်နေပြီ။

"မောင်ကျော် မင်းသိပ်ဖျားနေပြီ၊ မမစန်း ဆရာဝန်ကို သွားပြောလိုက်မယ်နော်"

ကျွန်မက တုန်ရီတဲ့အသံကို အားယူပြောရင်း ကျွန်မလက်ကို ဆုပ်ကိုင်ထားပါတယ်။

"မ. . မ. . စန်း"

"ဘာလဲမောင်ကျော်၊ ပြောလေ. . . မမစန်းရှိတယ်"

"ကျွန်တော်လေ ဟိုတုန်းကတည်းက တစ်ခါတည်းသေသွားရင် ကောင်းမှာပဲနော်"

"အို"

ကျွန်မရင်ထဲမှာ ဆို့နင့်သွားရပါတယ်၊ ကြိုးစားစိတ်တင်းထားတဲ့ကြားက မျက်ရည်တွေဟာ ဖိတ်ယိုလာပါတယ်။

"ဘာတွေပြောနေတာလဲ မောင်ကျော်ရယ်"

"မမစန်း စိတ်မကောင်းအောင် မလုပ်ပါနဲ့ကွယ်"

"ဟုတ်ပါတယ်လေ၊ မမစန်း ကျွန်တော်ဆီက ထွက်ခွာသွားတော့မှ အထီးကျန်ဘဝနဲ့ ကျွန်တော် အသက်ရှင်လို့ မနေချင်တော့ပါဘူးဗျာ"

သူ့မျက်လုံးအိမ်မှာ မျက်ရည်စတွေရစ်ဝိုင်းလို့ နေတာကို ကြည့်ရင်း ကျွန်မရင်မှာ ဆို့သွားမိတယ်။

ကျွန်မဟာ ခုချိန်မှာ လွတ်လပ်သူတစ်ယောက်ပါပဲ။

မောင်ကျော်ဟာ ကျွန်မအပေါ်မှာ သံယောဇဉ်တွယ်ခဲ့ပြီမို့. . .

ကျွန်မရဲ့ နှလုံးသားမှာ ဖုံးကွယ်ထားတဲ့ မသိစိတ်ရဲ့ အဖြေကို ရှာခဲ့ရင်ကော. . .



ကျွန်မဟာ မောင်ကျော်ရဲ့ လက်ကို တင်းတင်းဆုပ်ကိုင်လို့ သက်ပြင်းရှည်ကြီးကို ချလိုက်မိပါတယ်။

"မောင်ကျော် နေကောင်းအောင်သာ နေပါကွယ်။ မမစန်းလေ မင်းကို ခွဲမသွားပါဘူးနော် ဟုတ်လား"

"ဟင်. . . မမစန်း တကယ်လားဟင်"

"တကယ်ပါကွယ်၊ မမစန်း မင်း စိတ်ဆင်းရဲမှာကို မကြည့်ရက်ပါဘူး"

"ဝမ်းသာလိုက်တာ မမစန်းရယ်"

ရုတ်ချည်းပဲ သူ့မျက်နှာဟာ ကြည်လင်လို့ သူ့အသံဟာ တက်ကြွမှုနဲ့ ပြည့်လျှံလာပါတယ်။ သူဟာ ဝမ်းသာအားရနဲ့ ကျွန်မ လက်အစုံကို သူ့ရင်ခွင်မှာ ပွေ့ထားပါတယ်။

သူ့ရဲ့ ဝမ်းသာမှုဟာ ကျွန်မကို ကူးစက်လို့ သူ့ရဲ့ ရွှင်လန်းမှုဟာ ကျွန်မရင်ကို နွေးစေခဲ့ပါတယ်။

ကျွန်မ နှုတ်ခမ်းအစုံကို စူလို့ အဖြစ်သဲလှတဲ့သူ့ကို မျက်စောင်းထိုးလိုက်မိပါတယ်။

"တကယ်ပါ မောင်ကျော်ရယ်၊ တကယ်ပြောတာပါ။ မမစန်းလေ မင်း စိတ်ဆင်းရဲနေမှာကို မကြည့်ရက်ပါဘူးကွယ်"

ကြည်ကြည်လင်လင် ရယ်မောလို့ သူ့နားနားကို ကပ်လို့ တီးတိုးပြောလိုက်ပါတယ်။

"အို. . ဝမ်းသာလိုက်တာ၊ ပျော်လိုက်တာ မမစန်းရယ်"

* * *

## အခန်း (၂၀)

ပျော်လိုက်တာ၊ ဝမ်းသာလိုက်ရတာလေ။

ခံစားနေရတဲ့ ဝေဒနာကိုတောင် မေ့လျော့ခဲ့ရပါတယ်။

မမစန်းက ကျွန်တော်နဲ့ ရာသက်ပန် နေသွားတော့မယ်တဲ့။

အဲဒီတုန်းကများ ဝမ်းသာလွန်းလို့ မျက်ရည်တောင် ကျခဲ့မိတယ်။

ကျွန်တော်လေ မမစန်းနဲ့ အနီးကပ်နေရလို့ သနားရာက နေ သံယောဇဉ်ကြီးခဲ့မိတယ်။ ခင်တွယ်မိတယ်။ အဲဒီတုန်းကထိ ကျွန်တော့်စိတ်ဟာ သန့်စင် ရိုးသားခဲ့ပါတယ်။

ဒါပေမဲ့ ကျွန်တော့်စိတ်ကို လှုပ်ရှားစေခဲ့တဲ့သူဟာ အစ်ကို ချစ်ထွေးပဲ ဖြစ်ပါတယ်။ ကျွန်တော့်ရင်ထဲက ဖုံးကွယ် လျှို့ဝှက်နေတဲ့ အတွင်းစိတ်ကို အစ်ကိုချစ်ထွေးက ဖော်ထုတ်ပေးလိုက်ခြင်းပါ။

ဒီကြားထဲ မမစန်းတစ်ယောက် မိဘတွေ အိမ်ပြန်လိုက်သွားမယ်ဆိုတော့ ကျွန်တော် ဆောက်တည်ရာ မရအောင် တုန်လှုပ်ခဲ့ရပါတယ်။



မမစန်းမရှိရင် ကျွန်တော့်ဘဝဟာ အဓိပ္ပာယ် မရှိတော့ဘူးလို့ ထင်မိပါတယ်။

ကာလကြာရှည်စွာ အတူနေလို့ ခရီးကြမ်းကို အတူလျှောက်ခဲ့တဲ့ မမစန်းကို ကျွန်တော် ခင်တွယ်မိပါပြီ။ သူ ထွက်ခွာသွားမယ်ဆိုရင် ကျွန်တော့်ဘဝဟာ သုသာန်တစ်စပြင်လို ခြောက်သွေ့သွားမှာ သေချာပါတယ်။ မမစန်းနဲ့ ခွဲရမှာကို ကျွန်တော် သိပ်ကြောက်မိပါတယ်။

ခုတော့ ကျွန်တော် သိပါပြီ၊ မမစန်းကို ကျွန်တော် တိတ်တခိုး ချစ်ခဲ့နေမိပါပြီကော။

အိမ်ထောင်ရေးမှာ ကံဆိုးတဲ့ မမစန်း။

စိတ်ဆင်းရဲမှု စိုးရိမ်ပူပန်မှုတွေကို ခါးစည်းခံခဲ့ရတဲ့ မမစန်းရဲ့ ခြောက်သွေ့နေတဲ့ ဘဝကို သာယာစိုပြည်အောင် ကျွန်တော်ကြိုးစားမယ်၊ ပျော်ရွှင်ချမ်းမြေ့အောင် ထားမယ်။

မြောက်ဥက္ကလာ အခန်းက စပေါ်ပြန်ယူပြီး တခြား တစ်နေရာမှာ အိမ်ခန်းရှာမယ်။ ကြောက်စရာ အဖြစ်ဆိုးတွေ စခဲ့တဲ့ အဲဒီအခန်းမှာဆိုရင် မမစန်းတစ်ယောက် စိတ်ဆင်းရဲမှာကို စိုးရိမ်မိတယ်။

ကျွန်တော်လည်း ဒုစရိုက်အလုပ်ကို စွန့်ပယ်လို့ ကောင်းရောင်းကောင်းဝယ် လုပ်စားပြီး မမစန်း စိတ်ချမ်းသာအောင် နေမယ်။

ကျွန်တော့်စိတ်တွေဟာ လန်းဆန်း တက်ကြွနေပါတယ်။ မမစန်းနဲ့ လက်တွဲလျှောက်ရမယ့် ရှေ့ရေးအတွက် အကွက်ချလို့ တည်ဆောက်နေမိပါတယ်။

ကျွန်တော် ဆေးရုံဆင်းချင်နေပြီ၊ မမစန်းနဲ့ တွေ့ချင်လှပြီ ဒါပေမဲ့ ဆရာဝန်ကြီးတွေက ဆင်းခွင့်မပြုကြသေးဘူး။ စနေနေ့ မမစန်း ဆေးရုံကို လာမယ်။ အဲဒီနေ့ကျရင် သူတို့ ခွင့်မပြုပေမယ့် လက်မှတ်ထိုးပြီး ဆင်းတော့မယ်။

ကျွန်တော့်ဘဝမှာ မမစန်းရှိနေသမျှ ဆေးရုံတွေ ဆရာဝန်တွေ မလိုပါဘူး။ မမစန်းရဲ့ မျက်နှာလေးကို ကြည့်နေရရင်၊ ချိုအေးတဲ့ အသံကလေးကို ကြားနေရရင် ကျွန်တော့်ဒဏ်ရာဟာ သက်သာလာမှာပါ။ မမစန်းနဲ့ ခွဲနေရခြင်းသာ ကျွန်တော့်အဖို့ ကြီးစွာသော ဒုက္ခတစ်ရပ်ပါ။

ဒါပေမဲ့ ဒီဒုက္ခတွေ စိတ်ဆင်းရဲစရာတွေဟာ ချုပ်ငြိမ်းရတော့မှာပါ။ ဒီနေ့ အင်္ဂါနေ့ဆိုတော့ စနေနေ့ရောက်ဖို့ သုံးရက်ပဲ လိုပါတော့တယ်။

"စနေနေ့မှာ မမစန်း လာမယ်တဲ့"

* * *



နီဂုံး

"စနေနေ့ကျရင် မမစန်းလာမယ်။ ဒီကြားထဲမှာ ဆေးမှန်မှန် သောက်နော်၊ နေကောင်းလို့ ဆေးရုံကဆင်းရမှာ မမစန်းနဲ့အတူ နေမှာသိလား"

အဲဒီလိုပြောခဲ့တဲ့ ကျွန်မဟာ မျှော်လင့်ခြင်းကြီးစွာနဲ့ စနေနေ့ကို စောင့်မျှော်နေရှာမယ့် သူ့ကို စွန့်ခွာလို့ ဝေးရာကို ထွက်ခဲ့ပါပြီရှင်။

မန္တလေး အမြန်ရထားကြီးဟာ အရှိန်ပြင်းစွာနဲ့ ပြေးလွှားနေပါတယ်။ မိနစ်တိုင်း၊ စက္ကန့်တိုင်း သူနဲ့ ကျွန်မဟာ တစ်စတစ်စ ဝေးကွာနေပါတယ်။

"စနေနေ့ကျရင် စောစောလာနော်၊ မမစန်း ကျွန်တော် ဆေးရုံအဝက ဆင်းကြိုနေမှာပဲ"

မျှော်လင့်တကြီးမှာ ကြားခဲ့တဲ့ သူ့အသံလေးဟာ ကျွန်မနားထဲကို ပဲ့တင်ထပ်လို့ ဝင်ရောက်လာပါတယ်။

"ဩော်"

သူက ကျွန်မအလာကို မျှော်လင့်စောင့်စားနေတဲ့ အချိန်မှာ ကျွန်မကတော့ သူနဲ့ ဝေးလှတဲ့နေရာကို ထွက်ခွာနေပါပြီ။

နှလုံးသားရေးရာကို ဦးစားပေးမိလို့ အမှားကြီး မှားခဲ့ရတဲ့ ကျွန်မဟာ ဒီတစ်ခါ နှလုံးသားအလိုကို မလိုက်ရဲတော့ပါဘူးရှင်။ ဒီအဖြစ်ဆိုးမျိုးနဲ့ ကြုံမှာကို။

ကျွန်မ. . . ကြောက်နေမိပါပြီ။

ကျွန်မဟာ အသက်ငယ်ပေမယ့် ဘဝအတွေ့အကြုံကတော့ ရင့်ကျက်ခဲ့ပါပြီ။ ကျွန်မ ကြောက်စရာ စိတ်မောစရာ ကောင်းတဲ့ ဘဝ ခရီးကြမ်းကိုလည်း လျှမ်းခဲ့ဖူးပြီ။ ဆင်းရဲ ပင်ပန်းမှုဒဏ်ကို ပြားပြားဝပ် ခံခဲ့ရပြီ။ သောကနဲ့ ပရိဒေဝမီးရဲ့ လောင်မြိုက်ခြင်းကို လည်း ရင်ဆိုင်ဖူးပြီ။

ဒုက္ခအမျိုးမျိုးကို ခါးစည်းခံခဲ့ရဖူးပြီ ဖြစ်တဲ့ ကျွန်မဟာ သည်လို ဒုက္ခတွေက ထပ်လို့ ရင်မဆိုင်ရဲတော့ဘူးလေ။

နှလုံးသားကို ဦးစားပေးမိလို့ အဆုံးအဖြတ်မှားခဲ့တဲ့ ကျွန်မ ဘဝမှာ ရလာတဲ့ သင်ခန်းစာတွေဟာ မေ့ရက်စရာ မရှိပါဘူး။

ခုတော့. . .

ဒုတိယအကြိမ် နှလုံးသားရေးရာ ပြဿနာကို ရင်ဆိုင်ဖို့ ကြုံလာတော့ ကျွန်မ အသေအချာ စဉ်းစားတတ်ပါပြီ။

ကျွန်မနဲ့ မောင်ကျော်အပေါ်မှာ အထင်လွဲမှားစိတ်ကြောင့် အစ်ကိုဟာ သူနဲ့ သူ့ပတ်ဝန်းကျင်ကို ကြောက်စရာ အဖြစ်ဆိုးကြီးထဲ ဆွဲခေါ်ခဲ့ပါတယ်။ ခုအချိန်မှာ မောင်ကျော်နဲ့ ကျွန်မ လက်ထပ်ကြရင် အစ်ကို့သံသယကို အမှန်ပြုလိုက်သလို ရှိပေတော့မယ်။

ဒီလိုဆိုရင် ကျွန်မနဲ့ မောင်ကျော်ရဲ့ ဆက်သွားရမယ့်လမ်းမှာ ကျွန်မဟာ စိတ်သန့်နိုင်မှာ မဟုတ်တော့ပါဘူး။

ကျွန်မ အတန်တန် စဉ်းစားပါတယ်။

ခဲမှန်ဖူးတဲ့ စာသူငယ်လို တစ်ခါက အိမ်ထောင်ရေး က်ဆိုးခဲ့ရတဲ့ ကျွန်မဟာ နောက်ထပ် အိမ်ထောင်ပြုဖို့ မစွန့်စားခဲ့တော့ပါဘူးရှင်။ နောက်ဆုံးတော့ ရင်ထဲက အချစ်တရားကို ရာသက်ပန် သိမ်းဆည်းထားဖို့ ဆုံးဖြတ်လိုက်မိပါတယ်။



ဒီကြားထဲမှာ ကျွန်မ ဆေးရုံသွားပြီး မောင်ကျော်ကို ကြည့်တဲ့ အကြောင်း ဖေဖေတို့ သိသွားတော့ နောက်တစ်ခါ ကျွန်မ အမှားကြုံမှာကို စိုးရိမ်သွားကြပုံ ရပါတယ်။ ကျွန်မကို ရန်ကုန်က ခွာစေဖို့ ကြိုးပမ်းလာပါတယ်။

အိမ်မှာ ဖေဖေ့ရဲ့အစ်မကြီး ရောက်နေပါတယ်။ အဲဒီ ကျွန်မရဲ့ ကြီးကြီးဟာ စစ်ကိုင်းတောင်ရိုးမှာ တရားအားထုတ်နေသူပါ။ ကျွန်မတို့ အဖြစ်အပျက်ကို သတင်းစာတွေမှာ တွေ့လို့ ခဏပြန်လာခြင်း ဖြစ်ပါတယ်။ ခု စစ်ကိုင်းတောင်က တရားရိပ်သာကို ပြန်မယ့်ဆဲဆဲမှာ ဖေဖေတို့က ကျွန်မကို စိတ်ပြေလက်ပျောက် လိုက်သွားဖို့ တိုက်တွန်းနေပါတယ်။ သူတို့က ကျွန်မကို မောင်ကျော်နဲ့ ဝေးရာကို ပို့လွှတ်နေခြင်းပါ။

ကျွန်မ ကိုယ်တိုင်ကလည်း ရန်ကုန်က ခွာချင်နေပါတယ်။ မောင်ကျော်နဲ့ ထပ်ပြီး ရင်မဆိုင်ရဲဘူး။ မတွေ့ရဲဘူး။ ဒီတစ်ခါ သူနဲ့ တွေ့မိရင် ကျွန်မ တင်းထားခဲ့တဲ့စိတ်၊ ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်တွေဟာ အရည်ပျော်ကုန်လိမ့်မယ် ထင်ပါတယ်။

ဒါကြောင့် စစ်ကိုင်းကို ကြီးကြီးတို့အပြန်မှာ ကျွန်မလိုက်သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

အမြန်ရထားကြီးဟာ မရပ်မနား ပြေးလွှားနေပါတယ်။ကျွန်မ ရထားပြူတင်းပေါက်ကနေပြီး အပြင်ဘက်ကို ငေးမောကြည့်နေ ရင်း မျက်ရည်စတွေဟာ ကျွန်မပါးပြင်မှာ တလိမ့်လိမ့် ကျဆင်းလာ ပါတယ်။

ဆုံးစမရှိတဲ့ လေဟာပြင်ထဲမှာ ကျွန်မ ခန္ဓာကိုယ်ဟာ လွင့်မျော ကျန်ရစ်နေသလို ခံစားနေရပါတယ်။

"မမစန်း စနေနေ့ကျရင် စောစောလာနော်"

"ကျွန်တော် ဆေးရုံက လာကြိုနေမယ်"

သူ့အသံလေးဟာ ကျွန်မအပါးကို ရစ်ဝဲလာပြန်ပါတယ်။ ကျွန်မဟာ သက်ပြင်းရှည်ကြီး ချလိုက်ရပြန်ပါပြီ။

ရထားလမ်းဘေးက သစ်ပင်ကြီးတွေဟာ ရိပ်ခနဲ၊ ရိပ်ခနဲ နောက်မှာ ကျန်နေရစ်ပါတယ်။ ရှေ့က သစ်ပင်ကြီးတွေက ရထားဆီ ပြေးဝင်လာပြန်ပါတယ်။ ကျွန်မခေါင်းတွေ တဖြည်းဖြည်း မူးနောက်ရီဝေလာပါတယ်။

ဟော. . . သစ်ပင်ကြီးတွေ. . . သစ်ပင်ကြီးတွေ။

ဟင်. မောင်ကျော်ပါလား။ သစ်ပင်ကြီးတွေဟာ မောင်ကျော် ဖြစ်နေပြီ။

"မမစန်းရေ. . . မမစန်း"

သူက ရထားကြီးနောက်ကို အမောတကောနဲ့ ပြေးလိုက်လာနေပါလား။

"မမစန်းရေ. . . ကျွန်တော့်ဆီကို လာမယ်ဆို ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲဟင်. . . ပြောပါဦး"

သူ့အသံဟာ ကျွန်မအပါးမှာ ပဲ့တင်ထပ်နေပါပြီ။

အို. . . မဟုတ်ဘူး. . . မဟုတ်ဘူး။

ကျွန်မဟာ မျက်နှာကို လက်ဝါးနဲ့အုပ်လို့ ရှိုက်ကြီးတငင်ငိုချလိုက်မိပါတယ်။

ခွင့်လွှတ်ပါ မောင်ကျော်ရယ်။

ချစ်ရက်နဲ့ ဝေးရာကို ပြေးခဲ့ရတဲ့ မမစန်းကို ခွင့်လွှတ်လိုက်ပါတော့. . . လို့။

<u>အပိုင်း (၂)</u>

ကျွန်တော်သည် "မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ရာဇဝတ်မှု လျော့နည်းပပျောက်ရေးသို့" ဟူသော ဦးတည်ချက်ဖြင့် ဖြစ်ရပ်မှန်မှုခင်း မဂ္ဂဇင်းကို စီစဉ် ထုတ်ဝေလျက်ရှိရာမှ ရံဖန်ရံခါ မှုခင်းဆောင်းပါးများနှင့် မှုခင်းရှည်လုံးချင်းများကို ရေးသားခဲ့ပါသည်။

ဤသို့ဖြင့် စာဖတ်သူများအား အကျိုးပြုစေနိုင်မည်ဖြစ်သော မှုခင်းဝတ္ထုများ ရေးသားနိုင်ရေးအတွက် အကျဉ်းထောင်၊ အချုပ်ခန်း၊ တရားရုံးနှင့် ရဲဘက်စခန်းများထိအောင် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ရပါသည်။ မှုခင်း၏ ဇာတ်ကောင်များနှင့်လည်း တွေ့ဆုံဆွေးနွေးခြင်း၊ လေ့လာခြင်းများ ပြုခဲ့ရသည်လည်း ရှိပါသည်။

မန္တလေး-ရန်ကုန် အမြန်လမ်းဖောက်လုပ်ရေး စခန်းတစ်ခုဖြစ်သည့် ရေနက်ကြီးအင်ပြင် အမှတ် (၆) ရဲဘက်စခန်းမှာ ကျွန်တော်မကြာခဏ လေ့လာရေးခရီးအဖြစ် ရောက်လေ့ရှိသော စခန်းတစ်ခုဖြစ်သည်။ ရန်ကုန်မှ သွားရေးလာရေးနီးသလို၊ စခန်း တာဝန်ခံ ထောင်ပိုင်ကြီး ဦးသက်ထွန်းနှင့် ခင်မင်ရင်းနှီးနေသဖြင့်လည်း အခုလိုရောက်နိုင်ခြင်း ဖြစ်နိုင်ပါသည်။ ရန်ကုန်မှ လှည်းကူးသို့

ကားစီး၊ လှည်းကူးမှ ဖောင်ကြီးသို့ တစ်ဆင့် ကားဆက်စီးကာ ဖောင်ကြီးမှ မင်းကုန်းသို့ မြင်းလှည်းစီးရပါသည်။ မင်းကုန်းမှ ရေနက်ကြီးအင်ပြင်ရဲဘက်စခန်းသို့ ခြေလျင်ခရီးစ်ရပါသည်။ တောတောင်လျှိုမြောင်၊ ချောက်ကမ္ဘားများကို ကွေ့ပတ်ကျော်လွှား ဖြတ်သန်းရသော ခြေလျင်လမ်းမှာ (၇) မိုင်ခန့် ရှိလေမည် ထင်သည်။

တောလမ်းတစ်လျှောက်မှ ကျေးလက်ငယ်တို့၏ သာယာသော တွန်ကျူးသံ၊ သစ်ပင်ထက်မှ မျောက်ကလေးများ၏ မြူးတူးဆော့ကစားနေဟန်တို့သည် ကြည်နူးစရာ မြင်ကွင်းများပင်။ ကားသံလှည်းသံတို့ဖြင့် သောသောညံကာ ဓာတ်ဆီနံ့၊ ညှော်နံ့တို့ဖြင့် မွန်းကြပ်ပိတ်လှောင်နေသော မြို့ကြီးပြကြီးပေါ်တွင် နေထိုင်ရသူတို့အဖို့ ထိတွေ့ခံစားရခဲလှသော သဘာဝပတ်ဝန်းကျင်၏ အလှများပါတည်း။

သည်လမ်း သည်စခန်းကို အကြိမ်ကြိမ်ရောက်ခဲ့ဖူးပြီဖြစ်၍ ထိုပတ်ဝန်းကျင်သည် ကျွန်တော့်အတွက် မစိမ်းတော့သလို ထိုရဲဘက်စခန်းရှိ ဝန်းထမ်းများမှအစ ရဲဘက်များအဆုံး ရင်နှီးခင်မင် ခဲ့ပြီ ဖြစ်သည်။

သို့သော်. . .

ထောင်ပိုင်ကြီးအိမ်မှာ တည်းခို၍ ဝန်ထမ်းများနှင့် ရောနှောနေသော ကျွန်တော့်ကို အချို့သော ရဲဘက်ကြီးများက အမြင်တစ်မျိုးပေါက်သည်ထင်၏။ ဆက်ဆံရေးကျဲချင်ချင် ဖြစ်နေသည်။ ဤသည်ပင်လျှင် ကျွန်တော့်အဖို့ ဆုံးရှုံးခြင်းဖြစ်ပါ၏။ သည်ခရီးကိုထွက်၍ သည်စခန်းကို လာခဲ့သည်မှာ ရဲဘက်များ၏ဘဝကို အနီးကပ် လေ့လာရန် သိလို၍ လာခဲ့ခြင်းမဟုတ်ပါလား။



သည်စခန်းတွင် နေသည့်ရက်များတွင် ရဲဘက်များနှင့် လက်ပွန်းတတည်း နေထိုင်စားသောက်ရန် ကျွန်တော်ဆုံးဖြတ်လိုက်သည်။ ထိုစခန်းတွင် ရဲဘက်များ၏ အိမ်ဆောင်ဖြစ်သော တန်းလျားရှည်ကြီးများ၊ ရိက္ခာဂိုဒေါင်၊ မီးစက်၊ သက်သာချောင်ချိရေး လက်ဖက်ရည်ဆိုင်၊ ထောင်ပိုင်ကြီးရုံးခန်းအပြင် ရဲဘက်များအား လာရောက်တွေ့ဆုံသော မိသားစုများတည်းခိုရန် တန်းလျားများ ရှိနေသည်။ ရဲဘက်များနှင့် အနီးကပ်ဆုံးဖြစ်အောင် ကျွန်တော် ဘယ်လိုနေရမည်နည်း။

ထိုကိစ္စကို ထောင်ပိုင်ကြီးအား ဖွင့်ဟတိုင်ပင်ကြည့်သည့်အခါ၊ ကျွန်တော့်ကို အထူးအဆန်း သတ္တဝါတစ်ကောင်အလား မျက်လုံးပြူးကြည့်သည်။ တားကြည့်သေးသည်၊ မရသည့်အဆုံးမှာတော့ မီးစက်မှာနေရာချပေးသည်။ အိပ်ဆောင်တန်းလျားရှည်ကြီးတွေမှာတော့ မသင့်ပါဘူး ဟုပြောသည်။

ထိုစခန်း၏မီးစက်ဆိုသည်မှာ စခန်းတစ်ခုလုံးကို မီးပေးသည့် မီးစက်ထားသည့် တဲကို ဆိုလိုခြင်းဖြစ်သည်။ တောင်ကုန်းငယ်တစ်ခုပေါ်တွင်ရှိကာ ရဲဘက်ကြီး (၄) ယောက်ကို ထိုတဲတွင် တာဝန်ချထားပေးပါသည်။

မီးစက်တာဝန်ခံမှာ ဦးဂနီဆိုသူ ရဲဘက်ကြီးဖြစ်၍ လူသတ်မှုဖြင့် ထောင်အနှစ် (၂၀) ကျခဲ့သူ ဖြစ်သည်။ ကိုမြအောင်၊ ကိုမြင့်၊ မောင်ဌွေးစသော ရဲဘက်သုံးဦးမှာ သူ၏အကူများဖြစ်၍ သူတို့ကလည်း ထောင်ဒဏ် (၁၀) နှစ်မှ (၇) နှစ်ထိ ကျခံခဲ့ရသူများ ဖြစ်သည်။

သူတို့အထဲတွင် အသက်အကြီးဆုံးမှာ ဦးဂနီဖြစ်ပြီး၊ မောင်ငွေးက အသက်အငယ်ဆုံးဖြစ်သည်။ မောင်ငွေးအစ်ကိုဖြစ်သူ ဘောက္ခမတ ကျောက်စိမ်းမှောင်ခို ကုန်သည်အကြီးစားဖြစ်သည်။ ကျောက်စိမ်းတုန်းများကို ဆပ်ပြာသေတ္တာများဖြင့်ထည့်၍ သံရိုက်အသေပိတ်ကာ ပုံဖျက်သည်။ ငွေရှင်ကြေးရှင် မှောင်ခိုသမားများ၏ ထုံးစံအတိုင်း ပစ္စည်းများကို ကိုယ်တိုင်မသယ်။

သူ့သမက်၏ညီဖြစ်သူ မောင်ငွေးကို မုန့်ဖိုးပေးကာ ဆပ်ပြာသေတ္တာတွေကို ကားဖြင့်သယ်ခဲ့ရန်ခိုင်း၍၊ သူက မီးရထား အထက်တန်းတွဲဖြင့် ငြိမ့်ငြိမ့်ကလေး လိုက်သွားသည်။ တကယ်ပင် ဆပ်ပြာသေတ္တာဟုထင်ကာ မောင်ငွေးက ကျောက်စိမ်းသေတ္တာတွေကို ပေါ့ပေါ့ဆဆဖြင့် ကားပေါ်တင်ယူလာသည်။ သူက ကားရှေ့ခန်းမှာ စီးကာရက်ခဲလို့။

လမ်းကြမ်းလို့ ကားမောင်းတော့ ကျောက်စိမ်းသေတ္တာ တွဲ ထွက်သွားသည်။ ကျောက်စိမ်းတုံးတွေ လမ်းပေါ်ပြန့်ကျဲသွားရာမှ၊ ရဲကလူရော ပစ္စည်းပါဖမ်း၍ ရုံးတင်သည်။

လူလယ်ကြီးသားသမီး မှောင်ခိုကြီးကတော့ အမှုမှရုန်းထွက်သွားသည်။ သည်လိုထွက်နိုင်အောင်လည်း ကြိုတင်စီမံချက် ချထားခဲ့သည် မဟုတ်လား၊ မအူမလည်မောင်ငွေး ထောင် (၇) နှစ် ကျခံလိုက်ရသည်။

မောင်ငွေး၏အမှုကို ပြော၍ တသောသော ရယ်မောနိုင်ကြသော်လည်း ကိုမြအောင်အမှုကို ကြားရသောအခါ ရယ်မောခြင်း မပြုနိုင်ကြတော့ပါ။

ကိုမြအောင်က ကာန့်ဘလူနယ်သားဖြစ်သည်။



လယ်ယာလုပ်ငန်းလုပ်၍ အလုပ်ကြိုးစားလုပ်သော်လည်း အသောက်အစားကတော့ မကင်း၊ တစ်နေ့ အပေါင်းအသင်းများနှင့် အရက်ဝိုင်းထောင်သည်။ ညနေပိုင်းကစသောဝိုင်းသည် ည (၉) နာရီခန့်တွင် အရက်လည်းပြောင် လူတွေလည်း မူးကြပြီ။

သို့သော် . . . ဝိုင်းမဖျက်သေး၊ နောက်ထပ် အကြီးတစ်လုံး ထပ်သောက်ရန် ဝိုင်း၍ ဆန္ဒပြုသည်။ ကိုမြအောင်ကို တာဝန်ယူခိုင်းသည်။ ကိုမြအောင်ကလည်း တာဝန်ယူသည်။ ယနေ့ဝိုင်းတွင် သူက သူများကို တိုက်သည်ကိုသာ သောက်နေရသည် မဟုတ်လား၊ အားနာလှသည်မို့ အရက်တစ်လုံးမှာပေးကာ သူက အိမ်ပြန်ပိုက်ဆံယူရန် ထွက်လာသည်။

မိန်းမထံတွင် ကျစ်ကျစ်ပါအောင် စုထားသော ငွေ (၂၅) ကျပ်ရှိနေသည်ကို သူကသိထားသည်။ ဒါကြောင့်ပင် ရဲရဲတင်းတင်း တာဝန်ယူခဲ့ခြင်းဖြစ်သည်။

"မိန်းမရေ ငါ့ကို ပိုက်ဆံတစ်ဆယ်ပေးစမ်းပါဟာ၊ ဟိုကောင်တွေဝိုင်းမှာ ငါတာဝန်ယူခဲ့လို့ကွာ"

အိမ်ရှေ့တွင် စပါးလုံးကောက်နေသော ဇနီးသည်ကို ပြောရင်း၊ သူမဘေးတွင် ဝင်ထိုင်လိုက်သည်။

"ဩော်. . . ကိုမြအောင်ရယ် ကျွန်မမှာ အပိုမရှိပါဘူး၊ ရှင်လဲ သိသားနဲ့၊ ဒီပိုက်ဆံ (၂၅) ကျပ်က ရိုးရာတင်ဖို့ စုထားတာပါ"

ကိုမြအောင်ဘာကိုမှ မသိပါ၊ သူသိသည်က ငွေ (၁၀)ကျပ်ယူ၍ အပေါင်းအသင်းများ အရက်ဝိုင်းကို ပြန်သွားရန်သာဖြစ်သည်၊ အရှက်ကွဲချေတော့မည်။ သည်တော့ အတင်းတောင်းသည်။ ပိုက်ဆံထားသော အခန်းထဲမှဖျာကို အတင်းဆွဲလှန်၍ရှာသည်။

ဖနီးသည်က တောင်းပန်သည်။ ဒီပိုက်ဆံကို ပေးလို့မဖြစ်ကြောင်း ဖြင်းဆန်သည်။

ကိုမြအောင် ဒေါသပေါက်ကွဲလေပြီ။ အရက်ရှိန်နှင့် ဒေါသ ထွဋ်တွဲမိသောအခါ အမှားအမှန်ကို အဆင်ခြင်နိုင်တော့. . .

"နင့်ကို ငါတစ်သက်လုံး လုပ်ကျွေးလာတာကွ၊ နင့်လင်ငယ် နတ်တွေကို နင်တဒီလောက်တောင် ချစ်နေရသလား၊ ဟင်. . . သိကြရောပေါ့ကွာ"

ကိုမြအောင် နတ်စင်ထက်တွင် ချိတ်ဆွဲကာ နှပ်ဆက်ထား သောမားရှည်ကို ဆွဲယူကာ နတ်အုန်းသီးများကို စိတ်တိုင်းကျ ခုတ်ထစ်သည်၊ လမ်းပေါ်သို့ ဆွဲလွှင့်ပစ်သည်။

"ကဲဟာ. . ကဲဟာ၊ ငါ့အိမ်ပေါ်မှလာပြီး ဗိုလ်ကျဦး၊ ဘာတတ် နိုင်သေးလဲကွ၊ ဟား. . . ဟား. . ဟား"

လူစိတ်ပျောက်နေသော ကိုမြအောင် တစ်ကိုယ်လုံး ဆတ်ဆတ် တုန်နေသည်။ အသံနက်ကြီးဖြင့် ရယ်မောလိုက်သံက ပတ်ဝန်းကျင် ကို လွှမ်းခြုံသွားသည်။

"ကျွန်တော့်မိန်းမကို သိတ်ချစ်တယ်ဗျာ၊ အဲဒီညကတော့ နတ်ဆက်တဲ့မားကို ကိုင်လိုက်မိတာနဲ့ စိတ်တွေဟာ ဖောက်ပြန်သွား သလိုပါပဲ၊ ဘာလုပ်လို့ လုပ်လိုက်မှန်းတောင် မသိလိုက်ပါဘူး။ ကျွန် တော်ချစ်တဲ့ မိန်းမဟာ ကျွန်တော့်လက်ချက်နဲ့ သေခဲ့ရတယ်၊ ကျွန် တော်က ထောင် (၁၀) နှစ်ကျခဲ့ပါတယ်၊ ကျွန်တော်ဟာ လူမိုက် ပါ၊ တစ်ခါတည်း သေဒဏ်ပေးလိုက်ဖို့ကောင်းတဲ့ လူမိုက်ပါ"

နောက်ပိုင်းမှာ သိလာတာက ကျွန်တော်ဟာ ယယ်ထဲမှာ ပိုးထိလိမ့်မယ်လို့ ဗေဒင်ဆရာတစ်ယောက်က မိန်းမကို ဟောတာယ်



ဘဲ၊ ဒီအန္တရာယ်က ကင်းချင်ရင် ဒီဝါမဝင်ခင် ရှိုးရာတင်ပါဆိုလို့ မိန်းမက ကျွန်တော့်အတွက် စိုးရိမ်ပြီး ရိုးရာတင်ဖို့ ငွေစုခဲ့တာပါတဲ့။

ကဲ. . . ဗျာ ကောင်းနိုင်သေးရဲ့လား။

အဟောင်းတို့သည် အသစ်ဖြစ်လေသည် ထင်၏။ သူ့အဖြစ် ကို ပြန်လည်ပြောရင်း မျက်ရည်များ စီးကျလာသော ရဲဘက်ကြီး ကိုမြအောင်ကိုကြည့်ရင်း ကျွန်တော်တို့ သက်ပြင်းချလိုက်မိပြန် သည်။

ရဲဘက်ကြီးများနှင့် အတူနေ အတူစားဖြစ်သောအခါ၊ လူတို့ ၏ ကြေကွဲစရာဘဝများကို သိလာရသည်၊ သူတို့ဘဝကို ကျွန်တော် တနာမိသလို၊ သူတို့ကလည်း ကျွန်တော့်ကို ခင်တွယ်လာသည်။

ကျွန်တော် သူတို့မီးစက်ကို ရောက်သည့်နေ့က ကျွန်တော့်ကို ဖွတ်သားဟင်းဖြင့် ဧည့်ခံသည်။ အလုပ်စခန်းထွက်သောရဲဘက် များ ရလာသည့် ဖွတ်သားကို သူတို့က မျှလာခဲ့ခြင်းဟု ဆိုသည်။ တစ်ခါတစ်ရံ ယုန်သား၊ မျောက်သားများပင် ရတတ်သည်ဟု ပြော ကြသည်။

ထမင်းပေးသည့်နေရာမှ သူတို့က ထမင်းသွားဆွဲလာသည်။ ဟင်းကိုတော့ သူတို့ထဲမှာပင် ချက်ကြသည်။ ရှားရှားပါးပါး ဖွတ် သားဟင်းနှင့် ရဲဘက်ကြီးများ အားပါးတရ စားနိုင်ကြသော်လည်း၊ ကျွန်တော်ကတော့ ထမင်းပွဲထဲတွင် ရဲရဲနီအောင် ရောနှောနေသော စပါးလုံးများကို ကောက်နေရသည်နှင့် ထိုနေ့က ထမင်းမစားနိုင် ခဲ့ပါ၊ နောက်တော့လည်း အဆင်ပြေသွားပါသည်။ သူတို့လိုအိပ်၍ သူတို့လိုစားနိုင်လာခဲ့သည်။

ထိုအချိန်တွင် ချစ်ထွေးနှင့် ဆုံတွေ့မိခြင်းဖြစ်သည်။ ရေနံ ကြီးစခန်းတွင် ရှိနေစဉ် ထောင်ကြပ်ကြီးမြင့်သိန်းဆိုသူ ကျွန်တော် နှင့် လာတွေ့သည်။ သူက မိတ္ထီလာထောင်မှ ဤစခန်းသို့ ပြောင်း တာဝန်ကျလာခြင်း ဖြစ်သည်။

ကိုမြင့်သိန်းက စာရေးစာဖတ် ဝါဒနာပါသည်။ ကျွန်တော် ထုတ်ဝေသော မှုခင်းစာအုပ်များကို အမြဲဖတ်သည်ဟု ဆိုသည် သူရေးထားသော ဝတ္ထုတိုလေးများကို ကျွန်တော်အားပြကာ ဝေဖန် ခိုင်းသည်၊ အကြံတောင်းသည်။ နောက်ပိုင်းတွင် ကျွန်တော်၏ မှုခင်းများတွင် သူ၏ဝတ္ထုတိုကလေးများ ရံဖန်ရံခါ ပါဝင်လာသည် အဆင့်သို့ ရောက်သည်ထိ သူက ကြိုးစားခဲ့သည်။ သူ၏ကလောင် နာမည်က မြင့်သိန်းထိုက်။

ချစ်ထွေးက မြင့်သိန်းထိုက် (ခေါ်) ထောင်ကြပ်ကြီး မြင့်သိန်း အုပ်ချုပ်ကွပ်ကဲရသည့် အလုပ်ဆိုင်းပါဝင်သည့် ရဲဘက်တစ်ဦး ဖြစ်သည်။

"ကျွန်တော်ချစ်ထွေးအကြောင်းရေးမလို့ပဲ၊ ဒါပေမဲ့ သူ့ ဇာတ်အိမ်က သိပ်ကျယ်တော့ ကျွန်တော်နိုင်မှာမဟုတ်ဘူး၊ ဆရာပဲ ရေးပါလား"

ကျွန်တော်မှုခင်းဝတ္ထု ရေးသားသည်ဆိုသော်လည်း မှုခင်း တိုင်းကိုတော့ မရေးဖြစ်ပါ၊ စာဖတ်သူတို့အတွက် အကျိုးတစ်စုံ တစ်ရာဖြစ်ထွန်းနိုင်မည်ဟု ယူဆသော ဇာတ်လမ်းများကိုသာ ရေး သားခဲ့ပါသည်။

ထို့ကြောင့်ပင်. . .

ရဲဘက်ကြီးများကိုယ်တိုင် လိုလိုချင်ချင် လာ၍ပြောပြသော



ဇာတ်လမ်းများသည် ကျွန်တော့်အတွက် ဝတ္ထုတစ်ပုဒ်ဖြစ်မလာ သော်လည်း တစ်စိတ်တစ်ဒေသ၊ တချို့တစ်ဝက်သာ သိရသည့် ဇာတ်လမ်းများသည်ပင် ဝတ္ထုကြီးတစ်ပုဒ် ဖြစ်ချင်ဖြစ်နေတတ် သည်။

ပထမတော့ ကျွန်တော်ချစ်ထွေးကို သိပ်စိတ်မဝင်စားခဲ့ပါ၊ ခါးပိုက်နှိုက်ဖြစ်သည်၊ လုယက်မှု၊ စားထိုးမှုနှင့် ထောင်ကျသည်။ သူထောင်ထဲတွင် ရှိနေစဉ် အပြင်မှ သူ့မိန်းမက နောက်ယောက်ျား ယူသွားသည်။

ဒါက ထောင်ကြပ်ကြီးမြင့်သိန်း ပြောပြသည့် ချစ်ထွေး၏ ဇာတ်လမ်းအကျဉ်း ဖြစ်သည်။

ချစ်ထွေးဇာတ်လမ်းသည် မဆန်းပါ၊ ယောက်ျားထောင်ကျနေ စဉ် ပြင်ပ၌ နောက်ယောက်ျားယူသော ဖြစ်ရပ်များကလည်း မထူး ခြားလှပါ၊ ကြားနေမြင်နေကျအဖြစ်များပင် မဟုတ်လား။

ချစ်ထွေးအသက်က (၂၅) နှစ် ပတ်ဝန်းကျင်လောက်ပဲ ရှိမည်။ ရုပ်ရည်က သန့်ပြန့်သည်၊ မျက်နှာက တည်ငြိမ်သည်၊ အရယ် အပြုံးနည်းသည်၊ ရဲဘက်အများစုသည် ရောက်ရာဘဝ၊ ရောက်ရာ နေရာတွင် ပျော်ပျော်နေနိုင်အောင် ကြိုးစားနေကြသော်လည်း၊ ချစ်ထွေးကတော့ အထီးကျန်ဆန်သည်၊ အခြားသူများနှင့် ရောရော ထွေးထွေးနေလေ့ မရှိ။

ကျွန်တော်နှင့် ရင်းနှီးသောအခါ သူ့ရင်ထဲမှ ခံစားချက်များ ကိုသိလာသည်။ နာကြည်းချက်များ၊ အမှန်တရားများသည် ရင် ထဲတွင် မသိဝှက်နိုင်သည့်အလား ပေါက်ကွဲစွာ ဖွင့်ဟလာသည်။

ချစ်ထွေး၊ မောင်ကျော်နှင့် စန်းမူ၏ သုံးပွင့်ဆိုင်ဇာတ်လမ်းတွင် ကျွန်တော်သည်ပင် ချစ်ထွေး၏အပြောတွင် နစ်မျောခဲ့ရသည်။ သူနှင့်အတူ နာကြည်းခဲ့ရသည်၊ ဒေါသဖြစ်ခဲ့ရသည်၊ စာရေးသူတစ်ယောက် မကျူးလွန်သင့်သော အပြစ်ကို ကျူးလွန်ခဲ့မိသည်။ ကျွန်တော်ချစ်ထွေး၏ ဘက်တော်သား ဖြစ်မှန်းမသိ ဖြစ်ခဲ့ရသည်တည်း။

သည်လိုနှင့် ကျွန်တော်သည် ချစ်ထွေး၏ နာကြည်းကြေကွဲစရာဇာတ်လမ်းကို စတင်ရေးသားမိသည်။ သို့သော် ကျွန်တော်လစဉ်ထွက်နေသော မှုခင်းမဂ္ဂဇင်း၏ တာဝန်များကြောင့် ဝတ္ထုကမပြီးဆုံးနိုင် ဖြစ်နေသည်။ ဤသည်ပင်လျှင် ရေးဆဲဝတ္ထု၏ အနေအထားပြောင်းဖို့ ကြုံလာခဲ့ခြင်း ဖြစ်သည်။

တစ်နေ့ ရဲဘက်စခန်းမှ ကောင်ကြွပ်ကြီးမြင့်သိန်း ကျွန်တော့်အိမ်ရောက်လာသည်။ ရန်ကုန်သို့ တာဝန်တစ်ခုဖြင့်လာရင်း ဝင်လာခြင်း ဖြစ်သည်။

ချစ်ထွေးတစ်ယောက် ရဲဘက်စခန်းမှ ထွက်ပြေးသောသတင်းကို သူ့ထံမှ ကြားလိုက်ရသည်။ သူ၏ ကြီးကြပ်မှုအောက်မှ ထွက်ပြေးခြင်း ဖြစ်၍ သူပင် အတော်ဖြေရှင်းခဲ့ရသည်ဟု ဆိုသည်။

သည်နောက်တွင်တော့် ချစ်ထွေး၊ မောင်ကျော်နဲ့ စန်းမူတို့၏ သွေးပျက်စရာ ဖြစ်ရပ်များသည် ဆက်တိုက်ဖြစ်ပွားခဲ့ရသည်။

အတော်ပင် တုန်လှုပ်ခဲ့ရသည်။

"ကျွန်တော်အပေါ်မှာ သစ္စာဖောက်ခဲ့တဲ့ မောင်ကျော်နဲ့ စန်းမူကို တွေ့အောင်ရှာမယ်၊ ဆုံးမမယ်" ဟု နာနာကြည်းကြည်း ပြောပြသော ချစ်ထွေး၏စကားများကို ကျွန်တော် ပြန်၍ ကြားယောင်လာ



သည်။ ထိုအချိန်က ဒေါသကြောင့်ပြောခြင်းဟု ယူဆမိသည်။ သူလိုပင် ဒေါသအလျှောက်ကြိမ်မောင်းသူ အတော်များများကို တွေ့ခဲ့ဖူးပါသည်။ နောက်ဆုံး သွေးအေးသွားတော့ ခွင့်လွှတ်မြဲဖြစ်ပါသည်။ ကိုယ့်လမ်းကိုယ်လျှောက်ကြသည်၊ ထောင်ဆိုသည့် လောကငရဲကို နောက်တစ်ခါပြန်၍ မလျှောက်လိုတော့၊ မလျှောက်ဝံ့တော့၊ သတိသံဝေဂရအောင် ထောင်ကသင်ပေးလိုက်ပြီ ဖြစ်သည်။

ယခု ချစ်ထွေးကတော့ ပြောသည့်အတိုင်း ရင်ထဲမှနာကြည်းမှုကို မိုက်မိုက်မဲမဲ အကောင်အထည်ဖော်လိုက်လေပြီတကား။

၁၉၈၀-၈၁ ခုနှစ်လောက်တွင် ကျွန်တော်နှင့် ဆရာ ကျော်မြသန်းတို့ လုံးချင်းဝတ္ထုတစ်အုပ်ကို နှစ်ယောက်တွဲ၍ ထုတ်ရန် စီစဉ်ဖြစ်သည်။ ထိုအချိန်က ဆရာကျော်မြသန်းကား ထောင်ဝတ္ထုများဖြင့် လုံးချင်းလောကတွင် နာမည်ကြီးနေပြီ၊ စုပါတန်းဝင်နေပြီ၊ ကျွန်တော်တို့ နှစ်ယောက်တွဲဝတ္ထုတွင် ဆရာကျော်မြသန်းက ရွှေသုဒ္ဓေတာရဲဘက်စခန်းမှ ရဲဘက်ကြီးတစ်ယောက်၏ ဘဝဇာတ်လမ်းကို ရေးမည်ဆိုသော်အခါ ကျွန်တော်ကလည်း ရေနက်ကြီးရဲဘက်စခန်းမှ ချစ်ထွေး၏ဇာတ်လမ်းကို ပြန်သတိရသည်။ သည်တော့ ရေးလက်စ စာမူကို ပြန်လည်စီစစ်သည် တွေ့သင့်သူများကို တွေ့ဆုံသည်၊ လေ့လာမှုပြုသည်၊ သည်လိုနှင့် ဝတ္ထုတစ်ပုဒ်လုံး ရေးပြီးသွားသည်။

ဇာတ်သိမ်းပိုင်းတွင်. . .

- ချစ်ထွေးသေဆုံးသွားခြင်း။
- မောင်ကျော်ဆေးရုံတက်ရခြင်း။
- စန်းစန်းမူတစ်ယောက် ရန်ကုန်မြေကို ခွဲခွာထွက်သွားခြင်း ဖြင့် နိဂုံးချုပ်ခဲ့သည်။

ချစ်ထွေး၊ မောင်ကျော်၊ စန်းစန်းမူတို့၏ ဇာတ်လမ်းသည် သည်နေရာတွင် ပြီးဆုံးပြီဟု ကျွန်တော်ကလည်း ယုံကြည်ခဲ့ပါသည်။

သို့သော်လည်း ကျွန်တော်နှင့် ဆရာကျော်မြသန်းတို့ ပူးတွဲ ရေးသော "သွေးလမ်းပေါ်မှ တူသောအကျိုး" အမည်ရှိ လုံးချင်း ဝတ္ထု ထွက်ခဲ့ပြီးသည့်နောက်ပိုင်းတွင် သူတို့ဇာတ်လမ်းသည် ပြန် လည်နိုးလာသည်ကို အံ့ဩစရာ တွေ့မြင်လာရသည်။

ပို၍ အံ့ဩစရာကောင်းနေသည်မှာ ဤသို့ပြန်လည် အသက် ၀င်လာသောဇာတ်လမ်းတွင် ကျွန်တော်ကိုယ်တိုင် တစ်ခန်းတစ် ကဏ္ဍမှ ပါဝင်ပတ်သက်လာခဲ့ရခြင်းပါတည်း။

* * *

## အခန်း (၁)

စနေနေ့ကျရင် မမစန်းလာမယ်တဲ့။

ကျွန်တော့်ရင်တွေဟာ ဆတ်ဆတ်ခုန်နေပါတယ်၊ ညကလည်း တစ်ညလုံးအိပ်လို့ မပျော်ခဲ့ပါဘူး၊ ကျွန်တော်မျှော်လင့်စောင့်စား ခဲ့တဲ့ အချိန်ကိုရောက်ပါပြီ။ ဒီနေ့ညနေ မမစန်း ဆေးရုံလာမယ် လေ။ မနက် အစောကြီးထဲက ကျွန်တော်ဟာ ဆေးရုံကဆင်းဖို့ အဆင်သင့် ဖြစ်နေပါပြီ။

အထီးကျန်ဘဝနဲ့ လေလွင့်ခြောက်သွေ့နေတဲ့ ကျွန်တော့် ဘဝ ဟာ တည်ငြိမ်ဖို့ အချိန်ရောက်လာပြီ ထင်ပါရဲ့။ ငယ်စဉ်ထဲက မိဘတွေ မရှိခဲ့တဲ့ကျွန်တော်၊ မေတ္တာငတ်နေတဲ့ကျွန်တော်ဟာ မမ စန်းရဲ့ အေးမြတဲ့မေတ္တာရိပ်နဲ့ လန်းဆန်းတော့မှာပါ။

နောက်ပြီးတော့ ခက်ခဲပင်ပန်းတဲ့ ဘဝခရီးကြမ်းကို လျှောက် လှမ်းခဲ့ရတဲ့ မမစန်းကို ကျွန်တော်သနားလှပါတယ်။ မမစန်း ဒီဘဝ ရောက်ခဲ့တာဟာ ဒုစရိုက်သမားတွေနဲ့ ဆက်နွယ်ပတ်သက်ခဲ့မိလို့ ပါ။

ဒီဘဝမျိုး ပြန်မရောက်ဖို့ဆိုရင် ကျွန်တော်ဟာ ဒုစရိုက်မှုကို ရှောင်လွှတ်ရမှာပါ။ ကောင်းရောင်းကောင်းဝယ် လုပ်စားပြီး မမစန်းကို စိတ်ချမ်းချမ်းသာသာ ဖြစ်စေဖို့ ကျွန်တော်ကြိုးစားရတော့မှာပေါ့။

မနက်ပိုင်း ဆေးရုံကကျွေးတဲ့ထမင်းကို ကောင်းကောင်း မစားနိုင်ပါဘူး။ တမြော်မြော် ဖင်တကြွကြွ ဖြစ်နေတဲ့ ကျွန်တော့် အဖြစ်ကိုကြည့်လို့ ဘေးကုတင်က လူနာတွေက ပြုံးကြပါတယ်။

ညနေ (၃) နာရီလောက်ကျတော့ ကျွန်တော်ဆေးရုံပေါ်က ဆင်းလို့ ဆင်းရုံအဝင်ဝမှာ မမစန်းအလာကို ထိုင်စောင့်နေမိပါတယ်။

ဟော . . . မှောင်ရီတောင် သန်းခဲ့ပါပြီ။ ဆေးရုံဧည့်ဝင်ချိန် ပိတ်လိုက်တော့ ကျွန်တော့်ရင်တွေ ပူလောင်လာပါတယ်။

ဒီနေ့ သေသေချာချာလာမယ်လို့ ပြောခဲ့တဲ့မမစန်း ဘာဖြစ်လို့ မလာပါလိမ့်။ မမစန်းလာမယ့် လမ်းဘက်ကို စူးစိုက်လို့ မျှော်နေမိတဲ့ ကျွန်တော့်အဖို့ မျက်လုံးတွေတောင် ကျိန်းစပ်နေခဲ့ပါပြီ။

ည (၁၀) နာရီထိုးတော့ ကျွန်တော် စိတ်လျှော့လိုက်ပါတယ်။ ဒီညတော့ လာနိုင်မယ် မဟုတ်ဘူး။ မနက်ဖြန်တော့ မမစန်း လာမှာပေါ့လေ။ ကျွန်တော်စိတ်ဖြေလို့ ဆေးရုံအပေါက်က အုတ်နံရံကို မှီပြီး ထိုင်ချလိုက်ပါတယ်။

ခုမှပဲ ဗိုက်ထဲက ဆာလောင်မှုကို သတိပြုလိုက်မိတယ်။ မနက်စာရော ညစာပါ ကျွန်တော် အစားရသေးပါကလား။ စောစောကတော့ ဆာရမှန်း မသိခဲ့ဘူး။



ကျွန်တော့်မှာ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပါ။ တစ်ခုခု ဝယ်စားဖို့ဆိုတာလည်း ပိုက်ဆံမရှိပါဘူး။ နောက်ပြီး ဘယ်သွားရမှာလဲ၊ ဘယ်မှာ ညအိပ်ရမှာလဲ။

စောစောပိုင်းက ဒါတွေကို မစဉ်းစားမိဘူး။ ကျွန်တော့်စိတ်ထဲမှာ မမစန်းပဲ ရှိနေပါတယ်။ ကျွန်တော့်အဖို့ မမစန်းပဲလိုပါတယ်။ တစ်ခြား ဘာမှမလိုပါဘူး။ အဲဒီညက ရေကိုအဝသောက်လို့ ဆေးရုံဝမှာ ငုတ်တုတ်မိုးလင်းခဲ့ပါတယ်။ ဒီနေ့တော့ မမစန်းမုချ လာမှာပါ။ ကျွန်တော်ဆေးရုံဝက မခွာရဲဘူး။ မမစန်းနဲ့ လွဲမှာစိုးလို့လေ။

မနေ့ထဲက ထမင်းမစားခဲ့ရတော့ ဆာလိုက်တာလဲ ဘယ်ပြောကောင်းမလဲ။ ဗိုက်ထဲက တရှိန်ရှိန်မြည်လို့ ဆန္ဒပြနေတယ်။ ရေတွေပဲ ဖိသောက်နေရတော့ ဗိုက်လဲ ကယ်နေပါပြီ။

ဒီနေ့လည်း မမစန်းမလာခဲ့ပြန်ပါဘူး။ ကျွန်တော် မစဉ်းစားတတ်တော့ပါဘူး။ ရင်ထဲမှာလည်း ပူလောင်နေပါပြီ။ မမစန်းဟာ ကျွန်တော့်ကို မညာတန်ကောင်းပါဘူး။ သူတစ်ခုခုဖြစ်နေလို့ ဖြစ်မှာပါ။ သူ့မိဘတွေက ပြန်ခေါ်ပြီး ထွက်ခွင့်မပြုလို့လေလား။

ကျွန်တော့်အခြေအနေကို ရိပ်မိတဲ့ ဆေးရုံဂိတ်က ညစောင့်က သူ့ထမင်းချိုင့်ထဲ ထမင်းတစ်ဝက် ခွဲကျွေးပါတယ်။ ကျွန်တော်ကလဲ ဆာလွန်းလို့ ဟန်လုပ်မနေတော့ပဲ ယူစားလိုက်ပါတယ်။ မမစန်းနဲ့ လွဲမှာစိုးလို့ ကျွန်တော်ဆေးရုံဝက မခွဲရဲဖြစ်တာ နှစ်ရက်ရှိပါပြီ။ ဒီနေ့တော့ အစောင့်ကို မမစန်းရဲ့ပုံသဏ္ဍာန်ပြောပြပြီး ရောက်လာခဲ့လျှင် ခဏစောင့်ခိုင်းဖို့ တောင်းပန် အကူအညီတောင်းပြီး သိမ်ကြီးဈေးဘက် ထွက်ခဲ့ပါတယ်။

အဲဒီနယ်မြေမှာ ကျက်စားတဲ့ အသိတစ်ယောက်ယောက်ရှာပြီး ငွေအနည်းအပါး ချေးမလို့ပါ။ သိမ်ကြီးဈေးကားဂိတ်မှာ တစ်ယောက်မှ မတွေ့တော့ လျှောက်သွားရင်း (၂၈) လမ်းထိပ်ရောက်တော့ ကျိုးကန်းဆိုတဲ့ ငနဲနဲ့ သွားတိုးပါတယ်။

ကျိုးကန်းဆိုတဲ့ကောင်က ကျွန်တော်တို့လို ခါးပိုက်နှိုက်တွေအပေါ်မှာ မိုက်ကြေးခွဲနေတဲ့ လူမိုက်ပါ။

"ဟေ့ . . မောင်ကျော် ဆေးရုံက ဆင်းပြီလား၊ ခု အလုပ်ပြန်စနေပြီလား" လို့ စမေးပါတယ်။ ကျွန်တော် ဘာ ပြန်မဖြေနိုင်ပါဘူး။

"လာကွာ . . လက်ဖက်ရည်သောက်ပါဦး၊ မင်းတို့အကြောင်းကြားရတာ စိတ်မကောင်းပါဘူး၊ ချစ်ထွေးမရှိလဲ ငါ့ကို အားကိုးနိုင်ပါတယ်ကွာ"

ကျိုးကန်းက ကျွန်တော့်လက်ကို ဆွဲပြီး အနီးကဆိုင်ထဲ ခေါ်သွားပါတယ်။

ဆာလောင်မွတ်သိပ်နေတဲ့ ကျွန်တော်ဟာ ဟန်လုပ်မနေနိုင်ပါဘူး။ လက်ဖက်ရည်တစ်ခွက်နဲ့ မုန့် (၃) ခုလောက် စားပစ်လိုက်ပါတယ်။ နောက်ပြီး ငွေတစ်ရာလောက် ခဏချေးဖို့နဲ့ အလုပ်ဖြစ်ရင် ပြန်ပေးပါ့မယ်ဆိုတော့ ကျိုးကန်းက လွယ်လွယ်ကူကူပဲ ငွေတစ်ရာထုတ်ပေးခဲ့ပါတယ်။

နောက်ပိုင်းမှာ သူနဲ့ ဆက်သွယ်ဖို့နဲ့ ထုခွဲစရာရှိရင် သူ့ဆီလာဖို့ ပြောပါတယ်။ ကျွန်တော့်ကို တပည့်မွေးပြီဆိုတာ ရိပ်မိပါတယ်။ ဒါပေမဲ့ သူ့ဆီကငွေယူထားပြီဆိုတော့ ကျွန်တော့်အဖို့ ခေါင်းညိတ်ရုံကလွဲလို့ ဘာများ တတ်နိုင်မှာလဲ။



ကျွန်တော်ဟာ ဆုံးဖြတ်ပြီးပါပြီ။ ဒုစရိုက်လောကကိုတော့ ဘယ်တော့မှ ပြန်မလှည့်တော့ပါဘူး။ ဇာတ်တူသားစားတဲ့ ကျိုးကန်းလို အပေါစားလူမိုက်တစ်ယောက်ရဲ့ တပည့်လည်း အဖြစ်မခံနိုင်ပါဘူး။ တစ်နေ့ သူ့ပိုက်ဆံ ပြန်ပေးပြီးရင် သူနဲ့ ဆက်ဆံစရာလဲ မလိုတော့ဘူးလို့ စိတ်ထဲမှာ တေးထားခဲ့ပါတယ်။

ကျွန်တော် ဆေးရုံပြန်ရောက်တော့ မမစန်း အလာကို အကြည့်ခိုင်းခဲ့တဲ့ ဆေးရုံစောင့်က ခေါင်းခါပြပါတယ်။ စိတ်ဓာတ်တော့ အကြီးအကျယ်ကျမိပါတယ်။ ဒါပေမယ့် အားမလျှော့ပါဘူး။ မမစန်းဟာ မညာပါဘူး။ လာကို လာမှာပါ။ အခွင့်သာတာနဲ့ ပြေးလာမှာပါ။

ဒီလို ကျွန်တော်ဟာ လမ်းဘေးထမင်းဆိုင်မှာ စားပြီး ဆေးရုံရှေ့ ပလက်ဖောင်းမှာအိပ်လို့ မမစန်းအလာကို စောင့်ခဲ့တာ (၅) ရက်ရှိပါပြီ။ ဒီနေ့လဲ လက်ထဲမှာ ပိုက်ဆံပြတ်သွားလို့ ကျိုးကန်းကို ရှာပြီး ငွေတစ်ရာ ထပ်ချေးခဲ့ရပြန်ပါသည်။

တရားဥပဒေနဲ့ မကင်းတဲ့ အလုပ်မှန်သမျှကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ထားခဲ့တဲ့ ကျွန်တော်ဟာ ခုတော့ ကျိုးကန်းဆိုတဲ့ ရာဇဝတ်ကောင်နဲ့ ဆက်စပ်မိပြန်ပါပြီ။ ဒုစရိုက်လောကနဲ့ ပတ်သက်ခဲ့ရပြန်ပါပြီ။

* * *

## အခန်း (၂)

ဒုစရိုက်လောကနဲ့ ဆက်နွယ်မိလို့ ကျွန်မဘဝဟာ မှောင်အတိကျခဲ့ရတာပါ။ ခက်ထန်ကြမ်းတမ်းလှတဲ့ ဘဝခရီးလမ်းကို ဖြတ်သန်းခဲ့ရတာပါ။ ကြောက်စရာအဖြစ်ဆိုးပြီးတွေနဲ့ ကြုံခဲ့ရတာပါ။

ဒါကြောင့်လဲ ဒီအဖြစ်ဆိုးတွေကို မေ့ပြစ်နိုင်ဖို့ အဲဒီပတ်ဝန်းကျင်နဲ့ ဝေးရာကို ပြေးခဲ့ရတာပါ။ ကျွန်မရဲ့ ရုပ်ခန္ဓာဟာ တရိပ်ရိပ်ပြေးလွှားနေတဲ့ မီးရထားရဲ့ ခေါ်ဆောင်ရာကို လိုက်ပါသွားရပေမယ့် စိတ်အစဉ်ကတော့ ပျံ့လွင့်လို့ ကျန်ရစ်ခဲ့ပါတယ်။

"မမစန်း စနေနေ့ကျရင် စောစောလာခဲ့နော်၊ ကျွန်တော်ဆေးရုံဝက စောင့်ကြိုနေမှာ" မောင်ကျော်ရဲ့ အသံကလေးဟာ ကျွန်မနားထဲမှာ ပဲ့တင်ထပ်နေသလို တောင်းပန်တိုးလျှိုးစွာနဲ့ ကျွန်မကို အားကိုးတကြီး မော့ကြည့်နေတဲ့ သူ့မျက်နှာလေးဟာလဲ ကျွန်မ မျက်လုံးထဲမှာ ဖျောက်လို့မရအောင် ရှိနေခဲ့ပါတယ်။

သူခမျာ ဆေးရုံပေါ်ကနေ ကျွန်မကို မျှော်နေရှာတော့မယ်၊ ကျွန်မ ရောက်မလာရင် ရင်ကွဲပက်လက် ဖြစ်ရှာတော့မယ်။ ကျွန်မဟာ ခါးသီးလှတဲ့ အဖြစ်ဆိုးတွေကို မမေ့ပစ်နိုင်လို့ ရန်ကုန်ကနေ ခွာခဲ့တာပါ။ အတိတ်က ဖြစ်ရပ်တွေဟာ ပစ္စုပ္ပန်ကာလမှာ အရိပ်ထင်နေမှာစိုးလို့ မောင်ကျော့်ကို ထားရစ်ခဲ့တာပါ။



ခုတော့ . . . ကျွန်မရဲ့ ဆုံးဖြတ်ချက်တွေဟာ မှန်သလား၊ မှားသလားဆိုတာတောင် ဝေခွဲလို့ မရတဲ့အဖြစ်တွေကို ရောက်ခဲ့ရပါပြီ။ တကယ်တော့ မောင်ကျော်ဟာ အပြစ်မဲ့သူတစ်ယောက်ပါ။ ကျွန်မအပေါ်မှာ သစ္စာစောင့်သိလို့ မဲ့တစ်ပေါက် မစွန်းအောင် စောင့်ရှောက်ခဲ့သူပါ။ ဒုက္ခပင်လယ်ဝေနေတဲ့ ကျွန်မကို အားပေး အနွံအတာခံခဲ့သူပါ။ သက်စွန့်ဆံဖျား လုပ်ကိုင်ကျွေးခဲ့သူပါ။ နောက်ဆုံး သံသယသားကောင်ဘဝမှာ တန်ဆာခံအဖြစ်နဲ့ သေခြင်းတရားကိုတောင် မျက်နှာမူခဲ့ရသူပါ။

ဒီလိုလူတစ်ယောက်ကို တစ်ယောက်တည်း ထားရစ်ခဲ့တာဟာ မှန်ပါရဲ့လား၊ တရားပါရဲ့လား။ မောင်ကျော်နှင့် နှိုးနွယ်လို့ ပေါ်ပေါက်လာတဲ့အတွေးဟာ ကျွန်မရဲ့ ဆုံးဖြတ်ချက်ကို တစ်စီ ခုချေနေလေပြီလားရယ်လို့ အလန့်တကြား တွေးလိုက်မိပြန်ပါတယ်။

"အင်းပေါ့လေ . . . တကယ်တော့ မမစန်း ကျွန်တော်နဲ့ နေခဲ့တာဟာ အစ်ကိုချစ်ထွေးကို စောင့်နေတာပဲလေ။ ခု . . . ခု အစ်ကိုချစ်ထွေး မရှိတော့ဘူးဆိုတော့"

ဆေးရုံပေါ်မှာ ပြောခဲ့တဲ့ မောင်ကျော်ရဲ့ အသံလေးဟာ ကျွန်မထံပါးကို ဝန်းရံလာပြန်ပါတယ်။

"ကျွန်တော်လေ ဟိုကုန်းကတည်းက တစ်ခါတည်း သေသွားရင် ကောင်းမှာပဲနော်"

ရိုးရိုးလေး မပြောလိုက်တဲ့ သူ့စကားဟာ ကျွန်မရင်ကို ဆုတ်ဆုတ်တုန်သွားစေခဲ့ပါတယ်။ သူ့ရင်ထဲက ပွင့်အန်လာတဲ့ စကားစုလေးတွေဟာ ကျွန်မတို့ရဲ့ မသိစိတ်ကို လှုပ်နှိုးနေခဲ့တာပါ။

ခွဲခွာရတော့မယ်ဆိုကာမှ ကျွန်မတို့ နှစ်ယောက်ကြားမှာ ...င်မာနေပြီဖြစ်တဲ့ သံယောဇဉ်ကြိုးကို သတိပြုမိကြပါတယ်။

"စနေနေ့ကျရင် စောစောလာနော် မမစန်း၊ ကျွန်တော် ...ဆေးရုံက စောင့်နေမှာ"

အို. . . .

"မဟုတ်ဘူး. . . မဟုတ်ဘူး. .

တော်ပါတော့၊ သွားကြပါတော့၊ ဘာမှ မကြားပါရစေနဲ့တော့"

ကျွန်မဟာ နားနှစ်ဘက်ကို တင်းတင်းပိတ်လို့ အရူးတစ်ယောက်လို အသံကုန် အော်ဟစ်လိုက်မိပါတယ်။ ပတ်ဝန်းကျင်က လူတွေဟာ ကျွန်မကို တအံ့တဩ ဝိုင်းကြည့်နေကြလေရဲ့။

ကျွန်မ ဘာလုပ်ရမှာလဲ. . .

ဆေးရုံပေါ်ကနေ ကျွန်မအလာကို မျှော်နေရှာမယ့် မောင်ကျော်ဆီကို ပြန်သွားရမှာလား။ လူသစ်စိတ်သစ်နဲ့ ဘဝသစ်ကိုပဲ ဆက်လျှောက်ရမှာလား။

အို. . . ကျွန်မ ခေါင်းတွေဟာ မူးနောက် ရီဝေနေပါပြီ။ အတွေးတွေဟာလည်း ဝေဝါးထွေပြားလို့ နေပါပြီ။

ကျွန်မဟာ ခဲမှန်ဖူးတဲ့ စာသူငယ်ပါ၊ ဆုံးဖြတ်ချက် မှားခဲ့လို့ ဘဝနာခဲ့ရသူပါ။

မောင်ကျော်ဟာ မိဘမရှိ၊ ညီအစ်ကို မောင်နှမ မရှိတဲ့ အထီးကျန်ဘဝမှာ လေလွင့်လို့ မေတ္တာရိပ်ကို မျှော်လင့်စောင့်စားနေသူပါ။ ကျွန်မရဲ့ စွန့်ပစ်မှုကို ခံနေရတဲ့အခါမှာ ဆောက်တည်ရာမရအောင် ကြေကွဲဝမ်းနည်းရှာလိမ့်မယ်ဆိုတာ ကျွန်မ သိပါတယ်။

အဲဒီအသိဟာ ကျွန်မရဲ့ ဆုံးဖြတ်ချက်ကို ယိမ်းယိုင်စေခဲ့တယ်



သင်ပါတယ်။ ကျွန်မကြောင့် သူဟာ လူကောင်းဖြစ်လာနိုင်သလို ကျွန်မကြောင့်ပဲ လူဆိုးဖြစ်သွားနိုင်ပါတယ်။

ကျွန်မ မရှိတဲ့နောက်ပိုင်းမှာ မထူးတော့ပြီရယ်လို့ သူ့ဘဝကို ရေစုံမျောလိုက်ပြီလား၊ စိတ်ညစ်ညစ်နဲ့ ဒုစရိုက်လမ်းကိုပဲ ပြန်လျှောက်သွားနေပြီလား၊ ရာဇဝတ်ကောင်တွေနဲ့ပဲ ပြန်လည် ပေါင်းသင်းနေပြီလား။

* * *

## အခန်း (၃)

ရာဇဝတ်ကောင်နဲ့ ပေါင်းနေတယ်ဆိုတဲ့ ဒီကောင်ဟာလည်း ဒီလောကထဲကပဲ ရှိမှာပေါ့။ ကြည့်လေ ကျီးကန်းဆိုတဲ့ ကောင်နဲ့ လာပြီး ရောနေထဲက သည်ကောင်ဟာ လူကောင်းတော့ မဖြစ်နိုင်ပါဘူး။ ကျီးကန်းဆိုတဲ့ကောင်က တကယ့်ဒုစရိုက်ကောင်၊ လူလည်၊ လူရှုပ်၊ ကျွန်တော်တာဝန်ကျတဲ့ နယ်မြေ၊ ကျွန်တော် စောင့်ကြည့်နေရတဲ့ ဒုစရိုက်သားကောင်တွေကြားမှာ ကျီးကန်းဟာ မျက်ခြေပြတ်ခံလို့ မရတဲ့ကောင်မျိုးပါ။ ဒီကောင်က အတော်လျင်တယ်၊ ပါးနပ်မှုလည်း ရှိတော့ ကိုင်လို့ မရသေးဘူးပေါ့။

သူက နယ်မြေလူမိုက်၊ အသေးအဖွဲ့ ဒုစရိုက်ကောင်တွေက သူ့ကို ဆက်ကြေးပေးရတယ်။ ခါးပိုက်နှိုက်တွေပေါ်မှာ မိုက်ကြေးခွဲတယ်။ ရုပ်ရှင်လက်မှတ် မှောင်ခိုလိုင်းကို ချုပ်ကိုင်ထားတယ်။ သူ့ကို အာခံတဲ့ကောင်ဆိုရင် တပည့်တွေနဲ့ ဝိုင်းရိုက်ပြီး ရဲကို လာအပ်တယ်၊ သတင်းပေးတယ်၊ တာဝန်သိတဲ့ လူတစ်ယောက်ပေါ့လေ၊ ရဲနဲ့ပတ်သက်ရင် သူက အဲဒီလို နာမည်ကောင်းယူလေ့ရှိတယ်။ သူ့ဆီကပဲ တန်ဖိုးရှိလှတဲ့ သတင်းတွေ ရတာလည်း ရှိတတ်ပါတယ်။

ဒါကြောင့်လဲ ဒီကောင်မျိုးဟာ ကျွန်တော်တို့လို လူဆိုးထိန်းတွေအဖို့ မပေါင်းရခက် ပေါင်းရခက်ဆိုတဲ့ အထဲမှာ ထည့်ထားရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်လေ ဒီကောင်ဘာစ်ကွက်မှားလို့ကတော့ ကားခနဲနေအောင် ထောင်ထဲ နှစ်ရှည်ထည့်ထားလိုက်မှာပါ။ ကျွန်တော် လူဆိုးထိန်း သက်တမ်းမှာ ဒီလိုလူသည် လူရှုပ်မျိုးတွေကို ထောင်ထဲပို့ခဲ့တာ များလှပါပြီ။

ခုလည်းကြည့်လေ၊ ကျိုးကန်းဆိုကို ငနဲတစ်ကောင် ဝင်ချီထွက်ချီ လုပ်နေပြန်ပြီ။ ဒီငနဲကိုတော့ ကျွန်တော်တာဝန်ကျတဲ့ နယ်မြေမှာ မတွေ့ဖူးသေးဘူး။ လူသစ်လား၊ နယ်ပြောင်းတာလား အသက်က နှစ်ဆယ်ကျော်လောက်ပဲ ရှိနိုင်မယ်၊ ရုပ်ကတော့ ခပ်သန့်သန့်ပဲ၊ မသိတဲ့လူဆိုရင် တက္ကသိုလ်ကျောင်းသားပါလို့တောင် ဖိန့်နိုင်တဲ့ ဥပမိရုပ်မျိုးပဲ။

ဒါပေမဲ့ အတွေ့အကြုံရင့်ကျက်နေပြီဖြစ်တဲ့ ကျွန်တော်တို့လို လူဆိုးထိန်းကိုကော လှည့်စားလို့ မရဘူး။ အဲဒီလို မင်းသားလို၊ မိန်းမရှာလို ရုပ်ကလေးတွေနဲ့ တကာယ့်ရာဇဝတ်ကောင်တွေ ဖြစ်နေခဲ့တာလဲ တွေ့ဖူးပေါင်း များလှပြီ။

နောက်ပြီး ကျိုးကန်းလို တကာယ့်ဒုစရိုက်ကောင်နဲ့ ပေါင်းပြီဆိုကတည်းက သတိထားကြည့်ရတော့မှာပါ။

သူတို့နှစ်ယောက်က လက်ဖက်ရည်ဆိုင်ထဲ ဝင်သွားတာ မြင်လိုက်ရတယ်။ နာရီဝက်လောက်ကြာတော့ ပြန်ထွက်လာပြီး လူချင်းခွဲသွားတယ်။ ဘာတွေ တိုင်ပင်ကြတယ်ဆိုတာ မသိပေမယ့် ထူးခြားမှုကတော့ ရှိနေပါတယ်။

ဟော လာပြန်ပြီ တစ်ခါ. . .



သုံးလေးရက်ကြာတော့ ဒီငနဲလေး ကျိုးကန်းဆီ ရောက်လာပြန်တယ်။ ဒီတစ်ခါလည်း ခါတိုင်းလိုပဲ လက်ဖက်ရည်ဆိုင်ထဲ တီးတိုးတိုင်ပင် မကြာခင် လူချင်း ခွဲသွားကြတယ်။ ဒီတစ်ခါတော့ ဒီငနဲကို မျက်နှာသေသေချာချာ မြင်လိုက်တယ်။ မြင်ဖူးသလိုလို တွေ့ဖူးသလိုလိုပဲ၊ ဘယ်မှာ မြင်ဖူးတွေ့ဖူးသလဲ စဉ်းစားတယ်၊ ပေါ်မလာဘူး။ ကျွန်တော်က အနားက ကွမ်းယာဆိုင်မှာ "ကွမ်းယာဝယ်ရင်း ကျိုးကန်းရဲ့ လှုပ်ရှားမှုကို လှမ်းကြည့်နေလိုက်တယ်။ ကျိုးကန်းက ခပ်အေးအေးပဲ ကျွန်တော့် ရှေ့ကနေ ဖြတ်လျှောက်သွားတယ်။

ကျွန်တော်က ဖြုန်းခနဲ ကွမ်းယာဆိုင်က ထွက်ပြီး သူ့ပခုံးကို ပုတ်လိုက်သည်။

"ဟေ့ ကျိုးကန်း၊ ဘာတွေ အလုပ်များနေသလဲကွ"

ပထမတော့ ကျိုးကန်းဟာ လန့်သွားပုံရတယ်။ နောက် ကျွန်တော့်ကို မြင်တော့မှ ပြုံးလိုက်ပါတယ်။

"ဟာ ဆရာထွန်းထွန်းပါလား၊ ဘယ်သွားမလို့လဲ အတော်ပဲ ကျွန်တော် ကြုံတုန်း ပြုစုပါရစေ၊ ကျိုးကန်းက ကျွန်တော့်ကို ရင်းရင်းနှီးနှီး နှုတ်ဆက်လို့ ရှေ့နားက စားသောက်ဆိုင်ကို ခေါ်နေပါတယ်။ သူ့ပုံသဏ္ဌာန်က ရိုးရိုးသားသား ရင်းရင်းနှီးနှီးပုံနဲ့ပါ၊ ဒါပေမဲ့ သူ့အကြောင်း ကျွန်တော် သိပါတယ်။

သူဟာ ကျွန်တော့်ကို ဖြားယောင်းသိမ်းသွင်းပြီး သူ့ ခါးပိုက်ထဲ ထည့်နိုင်အောင် ကြိုးစားနေတာပါ။ သူကျွေးတာ စား၊ သူပေးတာ ယူမိရင် တစ်နေ့ ကျွန်တော်ဟာ သူ့ကို အားနာငဲ့ကွက်မှုတွေ ရှိလာရတော့မယ် မဟုတ်လား၊ ကျွန်တော်တို့လို လူဆိုးထိန်းတွေအဖို့ ကြောက်စရာ အကောင်းဆုံးဟာ ဒုစရိုက်ကောင်တွေရဲ့ လက်နက်

မဟုတ်ပါဘူး။ သူတို့ရဲ့ ဖြားယောင်းသိမ်းသွင်းမှုပါ။ လူဆိုးတွေနဲ့ ဒွေးရောယှက်တင် နေရတဲ့ ကျွန်တော်တို့အဖို့ အဘက်ဘက်က လစ်ဟာမှုမရှိအောင် သတိထားရပါတယ်။

တကယ်တော့ . . .

ကျီးကန်းဟာ ကျွန်တော့်အကြောင်း မသိလို့၊ ကျွန်တော့်ကို စည်းရုံးဖို့ ကြိုးစားနေတာပါ။ ကျွန်တော်ဟာ လူဆိုးထိန်းဘဝနဲ့ မော်ဘီ၊ ထန်းတပင်၊ သက်နိုးကျွန်း၊ ကျောက်တံတား၊ မြောက်ဥက္ကလာ စတဲ့ ရဲစခန်းတွေမှာ လူဆိုးထိန်းအဖြစ် တာဝန်ထမ်းဆောင်ဖူးသလို ဒုစရိုက်ကောင် အတော်များများကိုလည်း ထောင်ထဲ ထည့်ခဲ့တဲ့ကောင်ပါ။ ကျွန်တော့်ရဲ့ ရာဇဝင်မှာ ဘယ်လူဆိုး၊ သူခိုးရဲ့ လက်ကိုင်တုတ် အဖြစ်မခံပါဘူး။

ကျွန်တော့်ကို ပြုစုပါရစေဆိုပြီး စားသောက်ဆိုင်ကို ခေါ်နေတဲ့ ကျီးကန်းရဲ့ ဖိတ်ခေါ်ချက်ကို ကျွန်တော်က ငြင်းလိုက်ပါတယ်။

"ဒါထက် စောစောက ထွက်သွားတဲ့ ငနဲက ဘယ်သူလဲကွ"

ကျွန်တော်က ဖျတ်ခနဲ မေးချလိုက်တယ်။ ကျီးကန်းက အူကြောင်ကြောင် လုပ်နေတယ်။

"လွန်ခဲ့တဲ့ တနင်္လာနေ့ကလည်း မင်းဆီ လာခဲ့တယ်လေကွာ၊ မင်းနဲ့ လက်ဖက်ရည်ဆိုင်ထဲ ဝင်သွားပြီး နာရီဝက်လောက် နေခဲ့သေးတယ်လေ၊ ကျွန်တော်က အတိအကျ ပြောနေတော့ ကျီးကန်းဟာ ဝေ့လည်ကြောင်ပတ် လုပ်မနေတော့ပါဘူး၊ သူက သူလည်လေ။

"ဩော် ဆရာထွန်းထွန်းကလည်း အဲဒါ မောင်ကျော်လေ၊ မမှတ်မိတော့ဘူးလား။ ဆေးရုံကဆင်းတော့ ပိုက်ဆံပြတ်နေလို့



ကျွန်တော့်ဆီ ငွေလာချေးတာပါ"

ကျီးကန်းစကားကြောင့် ကျွန်တော့်မှတ်ဉာဏ်ဟာ ပြန်လည်နိုးထလာတယ်။

ဩော် မောင်ကျော်ဆိုပါလား။ ဒါကြောင့် ဒီငနဲလေးကို မြင်ဖူးသလိုရှိတယ်လို့ ထင်နေတာကိုး။ သတင်းစာတွေမှာ ဟိုးလေးတကျော် ဖြစ်တဲ့ မောင်ကျော်၊ ချစ်ထွေး၊ စန်းစန်းမူတို့ရဲ့ ဇာတ်လမ်းက ပူပူနွေးနွေးပဲ ရှိလေသေးတာ မဟုတ်လား။ "ဆရာထွန်းထွန်းကလည်း လူဆိုးထိန်း ပီသပါပေတယ်။ မြင်တဲ့လူတိုင်းကို လူဆိုးပဲ ထင်နေတာကိုး။ ကျွန်တော်ဟာ ရဲကို အများကြီး ကူညီခဲ့တဲ့လူပါ၊ တာဝန်သိတဲ့ လူတစ်ယောက်ပါ"

ကျီးကန်းဟာ စကားနာထိုးသလို ပြောပြီး နှုတ်ဆက်ထွက်သွားပေမယ့် ကျွန်တော့် အတွေးကတော့ မပြတ်ခဲ့ပါဘူး။

မောင်ကျော်တဲ့။

ဒင်းက ဘာကြောင့် ကျီးကန်းနဲ့ လာပူးပေါင်းတာလဲ။ မောင်ကျော်ဟာ အသေးအဖွဲ့ ဒုစရိုက်သမားပါ။ ချစ်ထွေးမရှိတော့ ကျီးကန်းက မောင်ကျော်ကို တပည့်မွေးဖို့ ကြံစည်နေတာလား။ ကျီးကန်းလိုကောင်နဲ့ ပေါင်းမိရင်တော့ မောင်ကျော်ဟာ အသေးအဖွဲ့ မဟုတ်တော့ဘူး။ အန္တရာယ်ရှိလာတော့မှာ သေချာတယ်။

မီးဆိုတာ မလောင်မီ တားနိုင်မှ တော်ကာကျတာ မဟုတ်လား။ ဒီအကြောင်းကို ကျွန်တော့်ဆရာ လူဆိုးထိန်းတာဝန်ခံကို ပြန်လည်တင်ပြဖို့ ဆုံးဖြတ်လိုက်တယ်။ ဘာဆက်လုပ်ရမယ်ဆိုတာ ညွှန်ကြားချက်ရယူရမယ်။ လောလောဆယ်တော့ ကျွန်တော် စောင့်ကြည့်ရမယ့် လူတစ်ယောက် တိုးလာခြင်းပါပဲ။

* * *

## အခန်း (၄)

ဟုတ်ပါသည်။ ကျွန်တော် ကြည့်နေတာ ၆ ရက်ရှိပါပြီ။ မမစန်း ရောက်မလာခဲ့ပါဘူး။ သူ့မိဘတွေက တားဆီးချုပ်ချယ်ထားလို့လား။ နေထိုင်မကောင်းလို့လား။ အကြောင်းတစ်ခုခုကြောင့်သာ မမစန်းဟာ ကျွန်တော့်ဆီကို ရောက်မလာခဲ့ခြင်း ဖြစ်မှာပါ။

ကျွန်တော်ဟာ ဆေးရုံရှေ့ ခုံတန်းလျားမှာအိပ်၊ လမ်းဘေးမှာစားပြီး မမစန်းကို စောင့်ခဲ့တာ ၆ ရက်တောင် ရှိပါပြီ။ အအိပ်ပျက်၊ အစားပျက်၊ အနေအထိုင်က ဖြစ်သလို နေခဲ့ရတော့ လူဟာ နဂိုရုပ်တောင် မပေါ်တော့ပါဘူး။ ရေတော့ ချိုးရပါတယ်။ ဆေးရုံဝင်းထဲက အလုပ်သမားတန်းလျားရှေ့က ဘုံဘိုင်မှာ ချိုးလို့ရပေမယ့် အဝတ်အစားကတော့ ဟောင်းနွမ်းညစ်ပတ်နေပြီ။

ကျွန်တော်ဟာ ဒီလိုဆက်နေလို့ မဖြစ်တော့ဘူးဆိုတာ သိလာပါပြီ။ ကြာရင် ပတ္တရောင်ရဲနဲ့ စကားပြောရတော့မယ်။ အဆင်မသင့်ရင် စခန်းခေါ်ပြီး စစ်ဆေးခံရနိုင်ပါတယ်။ ခုတော့ ရဲတွေကင်းလှည့်လာတဲ့အချိန်မှာ ညစောင့်ရဲ့ အခန်းထဲမှာ ဝင်နေလို့ သက်သာတာပါ။ ဒဏ်ရာကတော့ ပျောက်သလောက် ဖြစ်နေပြီ။



နှစ်ပတ်ကြာရင် ဆေးရုံပြန်လာပြဖို့ မှာထားပေမယ့် ကျွန်တော် သွားမပြတော့ပါဘူး။ မမစန်းတစ်ယောက် ဆေးရုံကို ရောက်မလာနိုင်တော့ဘူးလို့ သဘောပေါက်လာတဲ့ နောက်မှာ ကျွန်တော်ဟာ ဆေးရုံက ခွာဖို့ စဉ်းစားရပါပြီ။

"ဘာလုပ်မလဲ"

"ဘယ်သွားမလဲ"

"ဘယ်မှာနေမလဲ"

ဒုစရိုက်လောကကို စွန့်ခွာဖို့ ဆုံးဖြတ်ထားတဲ့ ကျွန်တော့်အတွက် လုပ်စရာ အလုပ်လည်း မရှိ၊ သွားစရာနေရာလည်း မရှိ၊ နေစရာအိမ်လည်း မရှိပါဘူး။ ကျွန်တော်ဟာ တစ်ကောင်ကြွက်ပါ။ ကျွန်တော့်ဇာတိက ငါးသိုင်းချောင်းမြို့ရဲ့ အနောက်ဘက် ၇ မိုင်လောက်ဝေးတဲ့ ကညင်ငူဆိုတဲ့ ရွာပါ။ ကျွန်တော် အသက် ၈ နှစ်အရွယ်မှာ မိဘနှစ်ပါးဟာ မြည်တွင်းစစ်ရဲ့ သားကောင်ဘဝရောက်ခဲ့ရတယ်။ တိုက်ပွဲပြီးတော့ မိဘနှစ်ပါးရဲ့ အလောင်းဘေးမှာ ငိုနေတဲ့ ကျွန်တော့်ကို ရွာလူကြီးတွေက ကောက်ယူပြီး ရွာဦးကျောင်း ဘုန်းတော်ကြီးဆီကို ပို့လိုက်ပါတယ်။

ဆွေမျိုးရင်းချာ မရှိတဲ့ ကျွန်တော်ဟာ ရွာဦးဘုန်းတော်ကြီးနဲ့ မွေးစားသားဘဝနဲ့ ကြီးပြင်းခဲ့ရပါတယ်။ ဘုန်းကြီးကျောင်းသားဘဝမှာ ဘုန်းတော်ကြီးရဲ့ ဝေယျာဝစ္စလုပ်၊ ဆွမ်းခံလိုက်ရင်းနဲ့ စာရေးဘဖတ် တတ်ခဲ့ပါတယ်။

တစ်နေ့မှာ မြစ်ကြီးနားဘက်မှာ နေတဲ့ ဘုန်းတော်ကြီးရဲ့ သီမဖြစ်တဲ့ ဒကာမကြီးနဲ့ သူ့ယောကျ်ား ကျောင်းကို ရောက်လာပါတယ်။ ကျွန်တော့်အကြောင်းကို သိတော့ ကျွန်တော့်ကို သနားလို့

မွေးစားချင်တယ်လို့ ပြောတယ်။ လိုက်ရင် တစ်ခါထဲ ခေါ်သွားမယ်တဲ့။ ဘုန်းတော်ကြီးက ကျွန်တော့်သဘောကို မေးပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့် အသက်က ၁၂ နှစ်လောက်ရှိနေပါပြီ။ ကျွန်တော်ကလည်း ဘုန်းကြီးကျောင်းသားဘဝကို ညည်းငွေ့နေပြီဖြစ်တာမို့ အဲဒီဒကာမကြီးနဲ့ လိုက်နေဖို့ သဘောတူလိုက်ပါတယ်။ ဒကာမကြီးနာမည်က ဒေါ်အေးသာတဲ့။ ကျွန်တော်ကတော့ ဒေါ်ကြီးလို့ပဲ ခေါ်ပါတယ်။ ဒေါ်အေးသာတို့ လင်မယားနဲ့ ကျွန်တော်ဟာ ဆားမှော်ကို လိုက်လာခဲ့ပါတယ်။ ဘုန်းကြီးကျောင်းသား ဘဝမှာ ငါးသိုင်းချောင်းနဲ့ ရေကြည်ဆိုတဲ့ မြို့တွေလောက်သာ ရောက်ဖူးတဲ့ ကျွန်တော်ဟာ ခုလို မရောက်ဘူးတဲ့ ဒေသကိုရောက်တော့ ပျော်သလိုဖြစ်လာပါတယ်။ ဒေါ်အေးသာက ဆားမှော်မှာ နေပေမယ့် မိုးကောင်ဘူတာမှာ ထမင်းဆိုင်လာဖွင့်ထားပါတယ်။ သားသမီး မရှိပါဘူး၊ သူတို့လင်မယားက ကျွန်တော့်ကို ဂရုစိုက်ကြပါတယ်။ ချစ်လည်းချစ်ပါတယ်။ ဘူတာထမင်းဆိုင်မှာ ကျွန်တော်လည်း ကူညီလုပ်ရပါတယ်။ ပင်ပန်းပေမယ့် ကျွန်တော် ပျော်ပါတယ်။

တဖြည်းဖြည်းနဲ့ ကျွန်တော်ဟာ လုပ်ငန်းကျွမ်းကျင်လာပါတယ်။ လက်လွှဲရတဲ့အဆင့်ထိ ရောက်လာပါတယ်။ ကျွန်တော်ရဲ့ ကြိုးစားမှု၊ အလုပ်ရှိသေမှုတွေကြောင့် ဒေါ်ကြီးတို့ လင်မယားက ကျွန်တော့်ကို အားကိုးကြပါတယ်။ သားအရင်းလိုလည်း သဘောထားခဲ့ပါတယ်။

ဒါပေမဲ့ တည်ငြိမ်နေတဲ့ ကျွန်တော့်ဘဝဟာ လှုပ်ရှားယိမ်းယိုင်ဖို့ ဖြစ်လာပါပြီ။



တစ်နေ့မှာ ဒေါ်ကြီးတို့လင်မယားဟာ ကျွန်တော့်ကို ဆိုင်မှာထားပြီး ဆားမှော်က အိမ်ကို ပြန်သွားကြရပါတယ်။ အရင်ကလည်း ဒီလိုပဲ သွားနေကြပါ။ တစ်ရက်နှစ်ရက်လောက်နေပြီးမှ ပြန်လာတတ်ပါတယ်။

တစ်ညမှာ ဆိုင်ပိတ်ကာနီး ညှော့သည်နှစ်ယောက်ရောက်လာပါတယ်။ ကိုသောင်းထွန်းဆိုတဲ့လူပါ။ သူနဲ့ပါတဲ့ အဖော်ကိုတော့ မသိပါဘူး။ ရထားမမီလို့ ဒီည ဆိုင်မှာ တည်းပါရစေလို့ ခွင့်တောင်းလာပါတယ်။ ကိုသောင်းထွန်းဆိုတာက မြစ်ကြီးနားမန္တလေးမှာနေတယ်လို့ ပြောပါတယ်။ ခင်မင်ရင်းနှီးနေတော့ အိပ်ခွင့်ပြုလိုက်ပါတယ်။

ဆိုင်မှာက ကျွန်တော်တစ်ယောက်တည်း ရှိတာပါ၊ ချက်ပြုတ်ဖို့ ခေါ်ထားတဲ့ မိန်းမကြီးနဲ့ သူ့ သမီးက အိမ်ပြန်အိပ်ပါတယ်။ မနက်ကျမှ ဈေးဝယ်ပြီး ပြန်လာကြမှာပါ။

အဲဒီညက ကျွန်တော်လည်း ပင်ပင်ပန်းပန်းနဲ့ အိပ်လိုက်ပါတယ်။ မိုးလင်းမှ တစ်ရေးနိုးပါတယ်။ ကျွန်တော်နိုးတော့ ညှော့သည်နှစ်ယောက်စလုံး မရှိတော့ပါဘူး။ ရထားနဲ့ လိုက်သွားကြပြီ ဖြစ်မှာပါ။ သူတို့မရှိတော့သလို ကျွန်တော့်ဆိုင်မှာ နှစ်ရက်ရောင်းထားတဲ့ ငွေတွေရော၊ ကက်ဆက်ရော၊ ထမင်းစားပန်းကန်ပြားတွေရော မရှိတော့ပါဘူး။ အဖိုးတန်ပစ္စည်းဆိုလို့ ဘာမှ မကျန်ပါဘူး။ အားလုံး မချသွားကြပါပြီ။

ကဲ ကျွန်တော် ဘာလုပ်ရမလဲ။

အဲဒီအချိန်မှာ ကျွန်တော် အသက် ၁၆ နှစ်ပဲ ရှိပါသေးတယ်။ ကျွန်တော့်ကို သားအရင်းလို ယုံကြည်စိတ်ချနေတဲ့ ကြီးဒေါ်တို့

လင်မယားတို ကျွန်တော် ဘယ်လိုရင်ဆိုင်ရမလဲ။ တစ်ဆိုင်လုံးလည်း ပြောင်နေပြီ။ အိတ်ထဲမှာ ထည့်ထားတဲ့ ပိုက်ဆံ နည်းနည်းပါးပါး တော့ ရှိနေသေးတယ်။ နောက်ဆုံးတော့ ဘာမှ စဉ်းစားမနေတော့ ဘူး။ ဆိုင်ကို တံခါးပိတ်ပြီး မြစ်ကြီးနားရထားနဲ့ မန္တလေးဘက်ကို တက်လိုက်ခဲ့တယ်။ မန္တလေးမှာ နှစ်ညအိပ်ပြီး ညရထားနဲ့ ရန်ကုန် လိုက်ခဲ့တယ်။ မရောက်ဖူးတဲ့ ရန်ကုန်မြို့ကြီးပေါ်မှာ နေစရာ မရှိ စားစရာ မရှိနဲ့ ဒုက္ခလှလှကြီး ရောက်ခဲ့ပါပြီ။ မှားပြီဆိုတာ သိပေ မယ့် ခုမှတော့ ကြီးဒေါ်ဆီကို မပြန်ရဲတော့ဘူး ပါတဲ့ ပိုက်ဆံလေး လည်း ကုန်ပြီ။ မနက်က ထမင်းမစားရတော့ ရေကို အဝသောက် ပြီး ရန်ကုန်ဘူတာကြီးရှေ့က ပလက်ဖောင်းမှာ ပုဆိုးခြုံပြီး ကွေး နေတုန်း ရဲတွေ ရောက်လာပြီး ဖမ်းဆီးရုံးတင်ပါတယ်။ တရားသူ ကြီးက ထောင်(၇)ရက်ကျခံစေတဲ့။ ဘဝတူတွေ တော်တော်များများ ဟာ ငိုတဲ့လူကငို၊ ရယ်တဲ့လူကရယ်နဲ့ ကျွန်တော်ကတော့ ဝမ်းမနည်း ပါဘူး။ အပြင်မှာနေလည်း စားစရာ မရှိပဲလား။ ထောင်ထဲမှာ နေရတာ ထမင်းတော့ နပ်မှန်ကောင်းပါရဲ့။

ကျွန်တော့်ဘဝမှာ ပထမဆုံးထောင်ထဲရောက်ခဲ့ခြင်းပါ။ တစ် နည်းပြောရရင်တော့ ဒုစရိုက်လောကကို ---- ခြေချမိခြင်းလို့ ခေါ် ရလေမလားပဲ။ ထောင် (၇) ရက်ဆိုတာ (ကလည်း ဘာမှ မကြာပါ ပဲလား။ ထောင်က လွတ်မှာကိုတောင် စိုးရိမ်နေမိတယ်။ အပြင် ရောက်ရင် စားဖို့နေဖို့က ခက်ဦးမှာ မဟုတ်လား။ ကံကောင်းချင် လို့လား၊ ကံဆိုးချင်လို့လားတော့ မသိဘူး။ ထောင်ထဲမှာ ဖျံဘဦး ဆိုတဲ့ လူနဲ့ သိကျွမ်းခဲ့တယ်။ သူနဲ့ ကျွန်တော်က တစ်နေ့ထဲ လွတ် ကြတော့ ကျွန်တော့်မှာ နေစရာ၊ သွားစရာ မရှိမှန်း သိတော့



ဖျံဘဦးက ကျွန်တော်ကို သူနဲ့ လိုက်နေမလားတဲ့။ ကျွန်တော်က ဝမ်းသာအားရ ခေါင်းညိတ်လို့ သူနဲ့ လိုက်သွားခဲ့တယ်။ ဖျံဘဦး ဟာ ကျွန်တော့်ကို သူ့အိမ်ကို တင်ခေါ်တာ မဟုတ်ဘူး။ ဒုစရိုက် လောကကိုပါ ခေါ်သွားခဲ့တယ်။ ဖျံဘဦးဆိုတာက ခါးပိုက်နှိုက်လေ။ ခါးပိုက်နှိုက်နဲ့ ပေါင်းမိတဲ့ ကျွန်တော်ဟာ ခါးပိုက်နှိုက်ဖြစ်ရပြီ။ ဖျံ ဘဦးရဲ့ တပည့်ဘဝနဲ့ ထောင်တစ်နှစ်ကျခဲ့ရတယ်။ ကျွန်တော် ထောင်က ထွက်တော့ ဖျံဘဦးက ထောင်ထဲဝင်သွားပြီ။ ဖျံဘဦး မရှိပေမယ့် ဒီလောကက ကျွန်တော် မထွက်နိုင်တော့ပါဘူး။ တစ် ကိုယ်တော် လူပ်ရှားရင်းနဲ့ အစ်ကိုချစ်ထွေးနဲ့တွေ့။ နောက် မမစန်း။ နောက် သွေးပျက်စရာ ဖြစ်ရပ်တွေ။

ခုတော့ ဒုစရိုက်လောကကို စွန့်ခွာဖို့ဆုံးဖြတ်ထားတဲ့ ကျွန် တော်ဟာ ဘယ်သွားမလဲ။ ဘာလုပ်မလဲ။ အဖေါင်းအသင်းတွေ တော့ ရှိပါရဲ့။ ဒုစရိုက်လောကသားတွေ ဖြစ်နေတော့ သွားလို့ မဖြစ်ပြန်ဘူး။

ဆားမှော်က ကြီးဒေါ်ဆီ ပြန်သွားဖို့ တစ်ခါတစ်ခါ စဉ်းစား မိတယ်။ ဒါပေမဲ့ ကျွန်တော် ရန်ကုန်မြေက မခွာနိုင်ဘူးလေ။ မမ စန်းကို ရှာရဦးမယ်။ မမစန်းဟာ ကျွန်တော့်ဘဝကို စိုးမိုးနေပါပြီ။

မမစန်းဟာ ကြည့်မြင့်တိုင်ဘက်မှာ နေတယ်ဆိုတာ သိတယ်။ သူ့အိမ်ကို စုံစမ်းပြီး အိမ်ကို သွားကြည့်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ မမစန်းအိမ်ကို ရှာဖို့က မခက်ပါဘူး။ ကျွန်တော်တို့ ဖြစ်ရပ်က လူသိရှင်ကြား ဖြစ်သွားတော့ မမစန်းအိမ်ဟာ ရှာလို့ လွယ်မှာပါ။ ကျွန်တော် စိတ်တွေဟာ ပေါ့ပါးသွားပါတယ်။

ဒါပေမဲ့ လောလောဆယ် ငွေလိုနေပြန်တယ်။ ဒါကြောင့် ကျိုး ကန်းရှိမယ့် နေရာကို ရောက်ပြန်တယ်။

ကျီးကန်းက ငွေတော့ ထုတ်ပေးပါတယ်။ နောက်တစ်ခါဆိုရင် သူ့ဆီကို ကိုယ်တိုင် မလာဖို့နဲ့ တွေ့ချင်ရင် သူ့တပည့် တစ်ယောက်က တစ်ဆင့် ဆက်သွယ်ဖို့ ပြောပြီး၊ သူ့တပည့်လိပ်စာကို ပေးတယ်။ လောလောဆယ် နေထိုင်စရာ မရှိရင် သူ့တပည့်နဲ့ နေနိုင်ကြောင်း ပြောလာတော့ ကျွန်တော် လက်ခံလိုက်တယ်။ ကျွန်တော့်မှာ လောလောဆယ် နေဖို့ မရှိဘူး မဟုတ်လား။ နောက်ပြီး မမစန်းကို ရှာဖို့က ရှိနေတယ်လေ။

ကျီးကန်းတပည့် တောက်ထွန်းက ၂၆ လမ်းမှာ နေတယ်။ ကျီးကန်း တပည့်ဆိုကတည်းက ဒုစရိုက်လောကသားဆိုတာ သိပါတယ်။ ဒါပေမဲ့ အခိုက်အတန့် နေနေလို့ ဘာမှ မဖြစ်နိုင်ဘူးလို့ အားတင်းပြီး တောက်ထွန်းနဲ့ သွားနေဖြစ်ပါတယ်။ ရထားတဲ့ ဒဏ်ရာကြောင့် ကျန်းမာရေး သိပ်မကောင်းသေးလို့ ဆိုတာကို အကြောင်းပြုပြီး ဒုစရိုက်အလုပ်ကို လုံးဝ ဝင်မလုပ်ပါဘူး။

မမစန်းနေတဲ့ ကြည့်မြင်တိုင်ဘက်မှာ ၃ ရက်လောက် စုံစမ်းလိုက်၊ ရှာလိုက်ရတယ်။ မမစန်းအိမ်ကို တွေ့ပါတယ်။ မယောင်မလည်နဲ့ အိမ်ကို စောင့်ကြည့်တယ်။ မမစန်းရဲ့ အရိပ်အယောင်မှ မတွေ့ပါလား။ မမစန်း နေမှကောင်းရဲ့လား။ လူသိရှင်ကြားဖြစ်ရပ်ကြောင့် ရှက်ပြီး အိမ်ပြင် မထွက်တာလား။ နောက်ဆုံးတော့ သူတို့အိမ်နဲ့ မလှမ်းမကမ်း လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး စားပွဲထိုး ချာတိတ်ကလေးတွေကို မသိမသာ တီးခေါက်ကြည့်လိုက်တော့ ကျွန်တော် ရင်မောခဲ့ရပါပြီ။ ခဲလေသမျှ သဲရေကျ ဖြစ်ရပါပြီ။

"ဒီအိမ်က လူတွေ ပြောင်းသွားပြီ" တဲ့။

* * *

## အခန်း (၅)

မေမေတို့ အိမ်ပြောင်းသွားပြီဆိုတဲ့ သတင်း ကျွန်မဆီကို ရောက်လာတယ်။ ခု သုဝဏ္ဏမှာ ရောက်နေတယ်ဆိုတာနဲ့ ကျန်းကျန်းမာမာ ရှိကြောင်းလည်း သိရတယ်။ ကျွန်မကိုလည်း စစ်ကိုင်းက ကြီးကြီးဆီမှာ ပျော်သလောက်နေပါတဲ့။ ဪ ပျော်သလောက်နေပါဆိုပေမယ့် ကျွန်မ ပျော်ပါဘူးရှင်။ လုံးဝ မပျော်ခဲ့ပါဘူး။ တရားဓမ္မသံတွေ စည်ပျံ့လွှင့်နေတဲ့ သူတော်ကောင်းတို့ ပျော်မွေ့ရာ စစ်ကိုင်းချောင်ဟာ ကျွန်မရဲ့ ပူပန်သောကနဲ့ ထိတ်လန့်စရာဖြစ်ရပ်တွေကို ဖြေဖျောက်လို့ မပေးနိုင်ခဲ့ဘူး။ အတိတ်က ဖြစ်ရပ်ဆိုးတွေဟာ ကျွန်မသွားရာနောက်ကို ကောက်ကောက်ပါအောင် လိုက်လို့ ခြောက်လှန့်ဆဲပါလား။ ပိုပြီးဆိုးတာက ရင်ထဲမှာ နင့်နေအောင် ခံစားရတဲ့ ဝေဒနာပါ။ သနားစရာကောင်းတဲ့ မောင်ကျော့်ကို ကျွန်မဟာ မေ့ပျောက်လို့ မရနိုင်အောင် ဖြစ်နေပါတယ်။ သူတော်စင်တွေ တရားကျင့်ကြံနေတဲ့ ဒေသ ဖြစ်နေပါတယ်။ သူတော်စင်တွေ တရားကျင့်ကြံနေတဲ့ ဒေသမှာ ကျွန်မကတော့ သောကဝေဒနာ ရင်မှာပိုက်လို့ ပူဆွေးတမ်းတနေရပါပြီ။ တစ်ခါတစ်ခါတော့ လူဝတ်ကြောင်နဲ့ ဆံကေသာပါ ပယ်ဖြတ်လို့ သာသနာ့ဘောင်ကို ဝင်ဖို့တောင် ကြံစည်ခဲ့မိတယ်။ စိတ်အေးငြိမ်းရာဘဝကို ရဖို့အတွက် ကျွန်မဟာ ဘာပဲလုပ်ရလုပ်ရ လုပ်နိုင်မှာပါ။ ဆွမ်း

ဦးပုညရှင်စေတီတော်ကို ဦးခိုက်ဖူးမြော်လို့ အေးချမ်းသော ဘဝကို
ရရှိပါစေလို့ အကြိမ်ကြိမ် ဆုတောင်းခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မဟာ
ကိုယ့်စိတ်ကိုယ် မနိုင်ဘူး။ လွင့်ပျံနေတဲ့ စိတ်အာရုံကို မထိန်းချုပ်
နိုင်ခဲ့ပါဘူး။

မီးရောင်ကို ရွှေတောင်ထင်တဲ့ ပိုးဖလံလို ကျွန်မဟာလည်း
ပူပြင်းလောင်မြိုက်နေတဲ့ ဘဝလေးကို မက်မောတွယ်တာနေတုန်း
ပါပဲလား။ ကျွန်မဟာ ကိုယ်နဲ့ထိတွေ့ ဆက်စပ်နေသူတွေကို ဒုက္ခ
ပေးဖို့ မွေးလာခဲ့သူပေလား။

ကျွန်မရဲ့ မိဘနှစ်ပါးဟာ သမီးမိုက် ကျွန်မကြောင့် စိတ်သော
ကရောက်ရရှာတယ်။ မျက်နှာ မပြဝံ့အောင် ရှက်ခဲ့ရရှာတယ်။ အစ်
ကို ချစ်ထွေးကတော့ အသက်ပါ စွန့်လွှတ်ခဲ့ရသလို မောင်ကျော်
ကလည်း သေလုမတတ် ဓားဒဏ်ရာနဲ့ နှလုံးသားဝေဒနာကို ပူးတွဲ
ခံစားနေရပြီ မဟုတ်လား။ ကျွန်မ ကိုယ်တိုင်ကလည်း ထိတ်လန့်
စိတ်၊ ရှက်စိတ်၊ သောကစိတ်တွေ ဖိစီးလို့ အရူးမီးဝိုင်း ဖြစ်နေရပါ
တယ်။ ဒီသောကတွေ ချုပ်ငြိမ်းချင်လှပါပြီ။ စိတ်အေးချမ်းမှုကို
ပိုင်ဆိုင်လိုလှပါပြီ။ စိတ်အေးချမ်းမှုအတွက် ကျွန်မ တစ်ခုခုတော့
ဆုံးဖြတ်ရတော့မယ်။

ကျွန်မနဲ့ မောင်ကျော်ရဲ့ ဆက်ဆံရေးဟာ ဖြူစင်သန့်ရှင်းခဲ့
ပါတယ်။ ဒါပေမဲ့ အစ်ကိုချစ်ထွေးဟာ သံသယဝင်ရာမှအစ
အသက်ပါ စွန့်ခဲ့ရတယ်။ မောင်ကျော်နဲ့ ဆက်စပ်ပတ်သက်ခဲ့ရင်
ကျွန်မတို့ သစ္စာတရားဟာ ပျက်ပြားရတော့မယ်။ ပတ်ဝန်းကျင်
ရဲ့ မေးငေါ့မှုကို ခံရတော့မယ်။ ဒါတွေကို ကြောက်လို့ မောင်ကျော်
ကို ဥပေက္ခာခဲ့ရတာပါ။ ခုတော့ ကျွန်မရဲ့ ဆုံးဖြတ်ချက်ဟာ မှန်ပါရဲ့



လားလို့ သံသယ ဝင်ရပြန်ပြီလေ၊ နောက်ပြီး ကျွန်မဟာ အသက်နဲ့
အရွယ်ဟာ ငယ်ရွယ်နုပျိုဆဲပဲ ရှိပါသေးတယ်။ တစ်နေ့မှာ ကိုယ့်
ဘဝကိုယ်ထူထောင်လို့ ကိုယ်လမ်းကိုယ် လျှောက်ရမယ့်ကာလကို
ရောက်ရဦးမှာပါ။ မိဘတွေ တိမ်းပါးသွားခဲ့ရင်တော့ . . .

ဒီအချိန်မှာ ပျောက်ကွယ်နေတဲ့ ကျွန်မရင်ထဲက ချစ်ခြင်း
မေတ္တာတရားဟာ ပြန်လည်နိုးထမလာဘူးလို့လည်း မပြောနိုင်ပါ
ဘူး။ တကယ်လို့ အိမ်ထောင်ပြုဖို့ ကြုံလာခဲ့ရင်ကော ကျွန်မရဲ့
အကျည်းတန် အရှုပ်ဆိုးခဲ့ရတဲ့ ဘဝကို ဘယ်လိုယောက်ျားဟာ ကြည်
ဖြူနိုင်မှာလဲ။ ခွင့်လွှတ်နိုင်မှာလဲ။ ယခုအချိန်မှာ ကျွန်မရဲ့ နုပျိုတဲ့
အရွယ်နဲ့ လှပတဲ့ ရုပ်ရည်ကြောင့် ဘယ်လိုပဲ ခွင့်လွှတ်ပါတယ်ဆို
ပေမယ့် တစ်ချိန်ကျရင် ကျွန်မရဲ့ အားနည်းချက်ကို ဖော်ထုတ်
အနိုင်ယူခဲ့ရင်ကော ဒီလို ဒီလိုတွေ ဖြစ်မလာဘူးရယ်လို့ ကျွန်မ
ဘယ်လိုမှ မယုံကြည်ခဲ့ရပါဘူး။

ကျွန်မဟာ ဘဝရဲ့အဆုံးအထိ တွေးမျှော်ကြည့်တတ်လာပါ
ပြီ။ ပေါ့ပေါ့တွေး၊ လွယ်လွယ်ဆုံးဖြတ်ပြီး နှလုံးသားအလိုလိုက်ခဲ့မိ
တဲ့အတွက် ဘဝအစမှာ အကြီးအကျယ် အထိနာခဲ့ရတဲ့ ကျွန်မဟာ
နောက်တော့ အမှားမခံနိုင်တော့ပါဘူးရှင်။

ကျွန်မဟာ ဆွမ်းဦးပုညရှင်စေတီတော်ရဲ့ အေးမြတဲ့ အရိပ်
မှာ နေ့ပေါင်းများစွာ နားခိုလို့ ငေးငိုင်လွမ်းမောနေခဲ့မိပါတယ်။
ဘဝရဲ့ အစကနေ အဆုံးထိအောင်လည်း မမောနိုင်၊ မပမ်းနိုင်
လျှောက်လှမ်းနေရတာဟာလည်း အကြိမ်ပေါင်း မရေတွက်နိုင်
တော့ပါဘူး။

ကြာတော့ ယောက်ယက်ခတ် လှုပ်ရှားနေတဲ့ ကျွန်မရဲ့ စိတ်

အစဉ်ဟာ တဖြည်းဖြည်း တည်ငြိမ်စပြုလာပါပြီ။ ကျွန်မအနေနဲ့ ပတ်ဝန်းကျင်ကို အဆက်ဖြတ်လို့ စစ်ကိုင်းချောင်မှာ တစ်သက်လုံး ပုန်းခိုနေနိုင်မှာလား။

ခက်ထန်ကြမ်းတမ်းလှတဲ့ ဘဝပုန်တိုင်းကြားမှာ ဖြတ်သန်းခဲ့ဖူးပြီးဖြစ်တဲ့ ကျွန်မစိတ်ဓာတ်နဲ့ အတွေးအခေါ်ဟာ ရင့်ကျက်နေပါပြီ။

မောင်ကျော်ဟာ ကျွန်မရဲ့ဘဝကို အသိဆုံး၊ နားလည်ဆုံးပါ။ ကျွန်မအပေါ်မှာ သံယောဇဉ်လည်း ကြီးမားခဲ့သူပါ။ ရှေ့ဆက်လျှောက်ရမယ့် ဘဝခရီးမှာ အဖော်တစ်ယောက် ရွေးရမယ်ဆိုရင်တော့ မောင်ကျော်က လွဲလို့ ဘယ်သူမှ မရှိနိုင်ပါဘူး။

နောက်ပြီး ကျွန်မရဲ့ ရည်ရွယ်ချက်တစ်ခုက ဒုစရိုက်လောကထဲကို ရောက်နေတဲ့ မောင်ကျော်ကို လူကောင်းဘဝ ရောက်အောင် ပြုပြင်ပေးလိုခြင်းပဲ ဖြစ်ပါတယ်။ ကျွန်မဟာ မောင်ကျော်နဲ့ တစ်အိမ်တည်းအတူနေခဲ့ဖူးတာကြောင့် သူ့ရဲ့စိတ်ဓာတ်ကို သိပါတယ်။ မလွှဲကင်းသာလို့ ဒုစရိုက်သမား ဖြစ်ရပေမယ့် ပင်ကိုစိတ်ထားက ရိုးသားတယ်၊ ကြိုးစားတယ်၊ သစ္စာရှိတယ်၊ သူ့ရဲ့ လွဲမှားတဲ့လမ်းကို တည့်မတ်ပေးနိုင်ရင် သူဟာ မုချလူကောင်းသူကောင်း ဖြစ်လာနိုင်ပါတယ်။ အဲဒီလို မောင်ကျော်ကို ဒုစရိုက်လောကက ဆွဲထုတ်ကယ်တင်ဖို့ဆိုတာ ကျွန်မက လွဲလို့ ဘယ်သူမှ မဖြစ်နိုင်ပါဘူးရှင့်။ မိဘစကား နားမထောင်မိလို့ ဘဝပျက်ခဲ့ရတဲ့ ကျွန်မဟာ ကိုယ့်ဘဝအတွက် ဖြေသိမ့်စရာ ကောင်းကွက်ကလေးတစ်ကွက်တော့ ရှိသင့်ဘယ်လို့လည်း တွေးမိပြန်ပါတယ်။ အဲဒါကတော့ လမ်းမှားလိုက်နေတဲ့ သူကို လမ်းမှန်ရောက်အောင် ပြုပြင်ပေးဖို့ပဲ ဖြစ်ပါတယ်။



ခုတော့ မောင်ကျော်ဟာ ကျွန်မအတွက် စိတ်ဆင်းရဲနေရရှာသလို ကျွန်မမှာလည်း သောကပရိဒေဝမီးရဲ့ လောင်မြိုက်မှုကို တစိမ့်စိမ့် ခံစားနေရရှာပါတယ်။ ပူလောင်လှတဲ့ ဘဝက လွတ်မြောက်လို့လှပါပြီ၊ စိတ်အေးချမ်းသာနေလိုလှပါပြီ။ ပတ်ဝန်းကျင်ရဲ့ တုံ့ပြန်ချက်ကို စိုးရွံ့မိတဲ့အတွက် ကျွန်မတို့နှစ်ယောက်လုံး ရင့်နင့်အောင် ခံစားနေရပါတယ်။ ဒီမီးကို ငြိမ်းသတ်နိုင်တာ ကျွန်မကိုယ်တိုင်ပါ။ ခုတော့ ကျွန်မဟာ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ချနိုင်ပြီ။ ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့ရှုံ့ချမှုကိုလည်း ကျွန်မ ရင်ဆိုင်ပါတော့မယ်။ ကိုယ်ကောင်းရင် ခေါင်းမရွှေ့ပါဘူးရှင်၊

* * *

ကိုယ်ကောင်းရင် ခေါင်းမရွှေ့ဘူးဆိုပေမယ့် ကျုပ်ကိုယ်တိုင်က မကောင်းတော့ အတော် သတိထားနေရတယ်၊ တစ်ကွက်မှားရင် ကားခနဲ အချုပ်ထဲရောက်သွားနိုင်တယ် မဟုတ်လား၊

ကြည့်လေ ခုတလော လူဆိုးထိန်း ထွန်းထွန်းဆိုတဲ့ ငနဲက ကျုပ်ကို ပြစ်မှတ်ထားလာတာ သတိပြုမိတယ်၊ ဒါကြောင့်လည်း အရင်ကထက် သိုသိုသိပ်သိပ် နေပြရတယ်။ ဒီကြားထဲ မောင်ကျော်ဆိုတဲ့ ကောင်လေးက အသေးအဖွဲ့လေးပါ။ ဒါပေမဲ့ သူတို့ဖြစ်ရပ်က တိုင်းသိပြည်သိ ဖြစ်သွားတော့ မောင်ကျော်ဟာ ရဲတွေအတွက် လူဆိုး ဖြစ်သွားတာပေါ့။ ဒါကြောင့် မောင်ကျော်ကို ကျုပ်ဆီ အဝင်အထွက် မလုပ်စေဘဲ ကျုပ်တပည့် တောက်ထွန်းဆီကို ပို့ထားလိုက်ရတယ်။ ခုတလော ကျုပ်ကလည်း လုပ်ငန်းတိုးချဲ့ဖို့ စီစဉ်နေတော့ မောင်ကျော်လိုကောင်လေးတွေကို စုစည်းနေရတယ်။

အရင်ကတော့ ကျုပ်ဟာ ရုပ်ရှင်ရဲ့ မှောင်ခိုလုပ်ငန်းနဲ့ ကျုပ်အပိုင်နယ်မြေထဲက ဒုစရိုက်သမားတွေဆီက ဆက်ကြေးလောက်နဲ့ပဲ ကျေနပ်ခဲ့တယ်။ ခုတော့ ကျုပ်နေပုံ၊ ထိုင်ပုံ၊ သုံးပုံ၊ စားပုံနဲ့ ဒီဝင်ငွေက မလုံလောက်တော့ဘူးလေ။ ကျားကြီးတော့ ခြေရာကြီးတယ်လို့ ဆို မဟုတ်လား။

ကျုပ် ဘယ်လိုနေတယ်ဆိုတာလည်း ကြည့်လေ။ ရဲကသာ ကျုပ်ကို ဒုစရိုက်ကောင်လို့ သတ်မှတ်ထားပေမယ့် ကျုပ်နေတဲ့ အရပ်ထဲမှာတော့ လူကြီးလူကောင်း၊ ရပ်ကွက်မျက်နှာဖုံးပါ။ ရပ်ကွက်သာရေးနာရေး၊ ဘာကြေး၊ ညာကြေးမဆို ကျုပ်က ရက်ရက်ရောရော ထည့်ဝင်ခဲ့တာကိုး။ ဟိုအသင်း၊ ဒီအသင်းတွေမှာ ဥက္ကဋ္ဌတင်ကြလို့ မနည်းတောင်းပန်ယူရတယ်။ မအားလို့ တာဝန်တော့ မပေးကြပါနဲ့။ အလှူငွေကိုတော့ လိုသလောက် ထည့်ပါ့မယ်ပေါ့။

သင်္ကြန်လို အခါမျိုးဆိုရင် အရပ်ထဲမှာ ဆုပေးမဏ္ဍပ်လုပ်ကြတယ်။ ကျုပ်ဆီရောက်လာတာပဲ။ ဖြစ်တယ်လေ ကျုပ်ကလည်း မတည်ငွေအတော်များများ ထည့်ပေးလိုက်ပါတယ်။ အဲဒီ ဆုပေးမဏ္ဍပ်မှာ ကျုပ်က နာယကပါတဲ့၊ သင်္ကြန်နောက်ဆုံးရက်မှာ ဆုရတဲ့ အသင်းတွေကို ဆုပေးတဲ့အခါမှာ ကျုပ်က နာယကကြီးအနေနဲ့ မိန့်ခွန်းတွေချွေ၊ ဆုတံဆိပ်တွေပေးလို့လေ ဟား. . . ဟား. . . ဟားရယ်တော့ရယ်ရသား၊ ငွေလေဗျာ. . . ငွေပေါ့. . .

အဲဒီလို သုံးနိုင်ဖြုန်းနိုင်ဖို့ ရပ်ကွက်ထဲမှာ လူကြီးလူကောင်းမျက်နှာဖုံးတပ်နိုင်ဖို့ ငွေကို ပိုရှာရတော့တာပေါ့။

တစ်ကိုယ်တော် လူငယ်တွေကို မွေးမယ်၊ အလုပ်လုပ်နိုင်းမယ်ဒါဟာ ကျုပ်စီမံချက်ပါ။ ဒါကြောင့် ချစ်ထွေးသေတော့ အားကိုး



မရှိတဲ့မောင်ကျော်ကို ကျုပ်က သိမ်းသွင်းနေတာပါ။

လုပ်ငန်းတိုးချဲ့ပါ့မယ်ဆိုမှ ထွန်းထွန်းဆိုတဲ့ ငနဲက ဝင်ရှုပ်လာပြန်တယ်။ ကျုပ်က အပြတ်သိမ်းသွင်းကြည့်တယ်။

ငွေလား၊ အရက်လား၊ မိန်းမလား ကြိုက်တာပြော။ ကဲ ဘယ်သူရှောင်နိုင်မလဲ။ ဒီငနဲကတော့ သာမန်လူမရှောင်နိုင်တဲ့ အရာတွေကို ရှောင်သွားပါလေရောလား။ ကျုပ် စိတ်မလျှော့ပါဘူး။ လူတစ်ကိုယ်အကြိုက်တစ်မျိုးတော့ ရှိစမြဲပါ။ ဒီငနဲဟာ ဒါတွေမကြိုက်ရင် အခြားစိတ်ဝင်စားတာတော့ ရှိရမှာပေါ့။ ဒီငနဲကို သိမ်းသွင်းနိုင်ဖို့ ကျုပ်ရဲ့ အဆက်အသွယ်တွေနဲ့ သူ့အကြောင်း စုံစမ်းကြည့်မိတယ်။

ဒီငနဲက တစ်ကောင်ကြွက်၊ သံယောဇဉ် မရှိ၊ သူ့ရဲ့ဘဝ၊ သူ့ရဲ့ကမ္ဘာမှာ ရဲလုပ်ငန်းဟာ အဓိကပဲတဲ့။

မှန်တယ်ထင်ရင် တစ်ဇောက်ကန်းလုပ်တတ်တဲ့ အကျင့်ကရှိတော့၊ အထက်လူကြီးတွေနဲ့ ရင်ဆိုင်ရတဲ့အခါတွေတောင် ရှိတတ်တယ်။ ကဲ ဒါကြောင့်လဲ သူ့လက်မောင်းအရစ်တွေဟာ တက်လာလိုက်၊ ပြုတ်သွားလိုက် ဖြစ်နေတာနေမှာပေါ့။ ခုအချိန်မှာ တစ်ရစ်မှ မရှိပြန်တော့ဘူးလေ။ ကဲ အရေးကြီးတာက ဒီငနဲဘာကို နှစ်သက်သလဲ စုံစမ်းရတယ်။ သူကြိုက်တာနဲ့ ဝင်ရမယ်လေ။ အလိုလေး ဒီငနဲ နှစ်သက်တာ သိလိုက်ရတော့ ကျုပ်တောင် တော်တော်ဖြုံသွားမိတယ်။

သူနှစ်သက်တာက "ဒုစရိုက်ကောင်တွေကို ထောင်ထဲ ထည့်ဖို့" ဆိုပါလား။

* * *

## အခန်း (၆)

ဒုစရိုက်ကောင်တွေကို ထောင်ထဲထည့်ထားနိုင်မှ ပြည်သူလူထုတစ်ရပ်လုံး စိတ်အေးချမ်းသာစွာ နေထိုင်စားသောက်နိုင်ကြမှာပါ။

တရားသူကြီး ခင်ဗျား. . . .

ရုံးတော်ရှေ့က တရားခံကိုကြည့်ပါ။ သူဟာဆိုရင် တစ်ချိန်က ပြည်သူလူထုထိတ်လန့်ချောက်ချားစေခဲ့တဲ့ တိုင်းပြည်ရဲ့ ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေခဲ့တဲ့ လူနှစ်ယောက် သေဆုံးရသည်ထိ ကြီးကျယ်တဲ့ ပြစ်မှုကြီးတစ်ရပ်မှာ ပါဝင်ပတ်သက်ခဲ့သူ ဖြစ်ပါတယ်။ အဲဒီအမှုမှာ အဓိက တရားခံသေဆုံးသွားတဲ့အတွက် အမှုပိတ်လိုက်တဲ့အချိန်မှာ သူ့ကို သက်သေအနေနဲ့ပဲ စစ်ဆေးပြီး လွှတ်ပေးခဲ့ပါတယ်။

တရားသူကြီးမင်းခင်ဗျား. . . .

ခွေးမြီးကောက်ကျည်ထောက်စွပ်ဆိုတဲ့ စကားလုံးကို ဒုစရိုက်လောကသားတွေထဲက လာတဲ့ တရားခံဟာ ယခုတစ်ဖန် ဒုစရိုက်လောကကို ခြေချလာပြန်ပါပြီ။ ပြည်သူလူထုရဲ့ လုံခြုံရေးကို ခြိမ်းခြောက်နေပြန်ပါပြီ။



ဆွဲချလိုက်ခေါ်တဲ့ ရုံးအမှုလိုက် အရာရှိကြီးရဲ့ အသံဟာ တိတ်ဆိတ်ငြိမ်သက်နေတဲ့ တရားခွင်ကို လွှမ်းမိုးမင်းမူနေပါတယ်။ တရားရုံးထဲမှာ ရှိနေတဲ့ လူတွေရဲ့ မျက်လုံးပေါင်းများစွာဟာ ကျွန်တော့်အပေါ် စုပြုံကျရောက်နေမယ်ဆိုတာ ကျွန်တော် သိပါတယ်။ ကျွန်တော့်စိတ်တွေဟာ ထွေပြားပြီး မျက်လုံးတွေဟာလည်း ဝေဝါးလို့နေပါပြီ။ ကျွန်တော့်အပေါ်မှာ စွဲချက်တင်နေတဲ့ ဆွဲချကြီးရဲ့ အောင်မြင်လှတဲ့ အသံဟာ နားထဲမှာ မကြားတစ်ချက်ကြားတစ်ချက် ဖြစ်နေပါပြီ. . . .

ဒုစရိုက်လောကကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ခဲ့တဲ့ ကျွန်တော်ဟာ တရားခံအဖြစ်နဲ့ တရားခွင်ကို ရောက်ခဲ့ရပြန်ပါပြီလေ။

ကျွန်တော်ဟာ ဘာပြစ်မှုမှ မကျူးလွန်ခဲ့သေးပါဘူး။ ကျူးလွန်ဖို့လည်း မရည်ရွယ်ခဲ့ပါဘူး။ ဒါပေမဲ့ ရာဇဝတ်မှုကို မကျူးလွန်ပေမယ့် ရာဇဝတ်ကောင်တွေနဲ့တော့ ပတ်သက်ခဲ့မိပါတယ်။ မမစန်းကို တွေ့အောင် ရှာမယ်လို့ ဆုံးဖြတ်ထားတဲ့ ကျွန်တော်ဟာ လောလောဆယ် ငွေကြေးနဲ့ ခေတ္တတည်းခိုဖို့နေရာ လိုအပ်နေပါတယ်။ လူကောင်းသူကောင်း အသိမိတ်ဆွေ မရှိတဲ့ ကျွန်တော်ဟာ ကျီးကန်းလို လူဆီက ငွေကြေးအကူအညီယူလို့ သူ့တပည့် တောက်ထွန်းအိမ်မှာ သွားနေခဲ့ပါတယ်။

အဲဒါဟာ ကျွန်တော့်အတွက် အမှားတစ်ရပ် ဖြစ်ခဲ့ရကြောင်းကို တရားခွင်ရောက်မှ စဉ်းစားမိပါတယ်။ ဒါပေမဲ့ လွန်ခဲ့ပါပြီလေ။ ကျွန်တော်ဟာ တောက်ထွန်းအိမ်မှာ နေရင်း မမစန်းကို ရှာပုံတော်ဖွင့်ခဲ့ပါတယ်။

မြောက်ဥက္ကလာပက ကျွန်တော်တို့ ပြဿနာဖြစ်တဲ့အိမ်ကို

လည်းရောက်ပါတယ်။ တာမွေဗလီကြီးရပ်ကွက်က အိမ်ကိုလည်း သွားရှာပါတယ်။

နောက်ဆုံးတော့ ကျီးကန်းကို အကူအညီတောင်းရပါတယ်။ ကျီးကန်းက ကြည့်မြင်တိုင်မှာနေတဲ့ သူ့အဆက်အသွယ်တွေက နေပြီး စုံစမ်းပေးပါတယ်။ မမစန်းမိဘတွေက ဒီရပ်ကွက်၊ ဒီပတ်ဝန်းကျင်မှာ နေရတာရှက်လို့ ဆိုပြီး သုဝဏ္ဏဘက် ပြောင်းသွားတယ် ဆိုတာ သိလိုက်ရပါတယ်။

ကျွန်တော် အရမ်းဝမ်းသာသွားတယ်။ မမစန်း ဒါကြောင့် ကျွန်တော့်ဆီကို ရောက်မလာနိုင်တာ ဖြစ်မှာပါ၊ သုဝဏ္ဏကို ချက်ချင်းလိုက်ခဲ့ပါတယ်။ ခက်တာက လမ်းနဲ့အိမ်နံပါတ် မသိရင် ဘယ်လိုရှာမလဲ။ သုဝဏ္ဏဆိုတာက အကျယ်ကြီး မဟုတ်လား။ ကျွန်တော်ဟာ မိုးလင်းကမိုးချုပ် သုဝဏ္ဏမှာပဲ အချိန်ဖြုန်းခဲ့ပါတယ်။ တစ်လမ်းဝင်တစ်လမ်းထွက် အရူးလိုပဲ လျှောက်သွားနေမိပါတယ်။

တစ်နေ့ . . .

သုဝဏ္ဏက မောမောပန်းပန်းနဲ့ မိုးချုပ်မှ မြို့ထဲကို ပြန်ရောက်လာတယ်။ တောက်ထွန်း အိမ်ရှေ့လည်းရောက်ရောတော့ အရပ်လူကြီးတွေနဲ့ ရှုပ်ယှက်ခတ်နေတာ တွေ့ရတော့ အခြေအနေ မဟန်တာနဲ့ အိမ်ပေါ် မတက်ဘဲ အသာရှုပြီး ပြန်အထွက်မှာ မှောင်ရိပ်မှာ အသင့်စောင့်နေတဲ့ ရဲက ကုတ်ဆွဲပြီး အိမ်ပေါ် ခေါ်သွားပါတယ်။ အိမ်ပေါ်မှာ ရဲတွေ အရပ်လူကြီးတွေ ရှိနေပါတယ်။ လက်ထိပ်ကန်းလန်းနဲ့ ကုတ်ကုတ်ကလေး ထိုင်နေတဲ့ တောက်ထွန်းကို တွေ့လိုက်ရတော့ ကျွန်တော် တော်တော် လန့်သွားတယ်။ "ဟုတ်ပါတယ်၊ အဲဒါမောင်ကျော်ပါ" တဲ့။ တောက်ထွန်းက ဒီလောက်ပဲ



ပြောရတယ်။ ကျွန်တော့် လက်ကောက်ဝတ်မှာ လက်ထိပ် တစ်စုံ ရောက်လာပါတယ်။

ဘုသမိ ဘမသိနဲ့ ကျွန်တော် အဖမ်းခံလိုက်ရပါပြီ၊ အဖမ်းခံရတဲ့ အထဲမှာ ကျီးကန်းနဲ့ သူ့တပည့်လေးယောက်လည်း ပါသတဲ့။ တပျော်တပါးကြီး အချုပ်ထဲ ရောက်နေလေရဲ့။

ဖြစ်ရပုံက ကျီးကန်းရဲ့ တပည့်တစ်ယောက်ဟာ ဘတ်စ်ကားပေါ်မှာ အိပ်ငိုက်နေတဲ့ မိန်းမကြီးတစ်ယောက် လည်ပင်းက ဆွဲကြိုးတုတ်တုတ်ကြီးကို ဖြတ်ယူလိုက်တယ်၊ ဒီမိန်းမကြီးဟာ ရဲချထားတဲ့ ငါးဖြစ်တယ်ဆိုတာ အသင့်စောင့်နေတဲ့ ရဲက ကုတ်ဆွဲမှ သိလိုက်ရတယ်ဆိုပဲ။

ဆွဲကြိုးဖြတ်တဲ့ကောင်ကို ရဲက စစ်လိုက်တော့ ဟိုကောင်က အကုန်လုံး ဖော်ထုတ်လိုက်တာနဲ့ ရဲက သူတို့တစ်ဖွဲ့လုံးကို ဖမ်းလိုက်နိုင်တယ်။ ကန့်လန့်ကာနောက်ကွယ်က ဆရာကြီး ကျီးကန်းကိုလည်း မထုခွဲရသေးတဲ့ ပစ္စည်းတွေနဲ့ လက်ပူးလက်ကြပ် ဖမ်းမိတယ်။

အမှုတွေ တသီတတန်းကြီးနဲ့ ရုံးတင်ခဲ့ရတဲ့ ကျီးကန်းတို့အုပ်စု လွတ်လမ်းမရှိတော့ပါဘူး။ ကျီးကန်းအသိုက် ပျက်ပြီလေ၊ ခက်နေတာက ကျွန်တော်ပါ။

သူတို့အုပ်စုနဲ့ ကြားညှပ်ပြီး "အမှုတွဲ" အဖြစ် ကန့်လန့်ကန့်လန့် ပါနေခြင်းပါပဲ။

ဒါပေမဲ့ သူတို့အားလုံးက ကျွန်တော်ဟာ သူတို့အုပ်စုနဲ့ မပတ်သက်ခဲ့ပါဘူးလို့ အစစ်ခံတဲ့အတွက် ကံကောင်းသွားတယ်လို့ ဆိုရမှာပါ။ ဒါပေမဲ့ မလွတ်ပါဘူး။

ခုတရားခွင်မှာ ဆွဲချကြိုးက အာပေါင်အာရင်းသန်သန်နဲ့ ကျွန်တော့်အပေါ်မှာ စွဲချက်တင်နေပြီ။

ဖျံ့လွှင့်နေတဲ့ ကျွန်တော့်ရဲ့ စိတ်အစဉ်ဟာ ပြန်လည် စုစည်းမိလာပြန်ပါတယ်။ ဣန္ဒြေကြီးလှတဲ့ တရားသူကြီးရဲ့ မျက်နှာ၊ အမှုကို တက်ရောက်နားထောင်နေတဲ့ လူတွေရဲ့ မျက်လုံးပေါင်းများစွာနောက် ဆွဲချကြိုးရဲ့ အသံ။

တရားသူကြီးမင်း ခင်ဗျာ. . .

ကျွန်တော် နောက်ဆုံး နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာက ရုံးတော်ရှေ့မှာ ရောက်နေတဲ့ တရားခံဟာ. . .

* **အလုပ်အကိုင် ထင်ရှားစွာ မပြနိုင်ခြင်း။**
* **နေထိုင်စရာ အတည်တကျ မရှိခြင်း။**
* **ဒုစရိုက်ကောင်တွေနဲ့ ပူးပေါင်းနေခြင်း။**

စတဲ့ အချက်များကိုတော့ ဘယ်လိုမှ မငြင်းနိုင်ပါဘူး။ ဒီလိုလူမျိုးကို လွတ်လပ်စွာ လှုပ်ရှားခွင့်ပြုထားမယ်ဆိုရင် ပြည်သူလူထုအတွက် အန္တရာယ်ရှိနေနိုင်ပါတယ်။ ပြစ်မှုကျူးလွန်ခဲ့ပြီးတဲ့ တရားခံကို ထိုက်သင့်တဲ့ ပြစ်ဒဏ် စီရင်ရမြဖြစ်သလို ပြစ်မှုကျူးလွန်မယ်လို့ ယုံကြည်ရင်လည်း ကြိုတင်တာကွယ်ရမှာ ဖြစ်ပါတယ်။

ဥပဒေအရ လိုက်နာရမယ့် ပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ကို **ချိုးဖောက်**ထဲ့အခါမှာ ဖြစ်စေ၊ ဥပဒေနဲ့အညီ လိုက်နာကျင့်ဆောင်ဖို့ ညွှန်ကြားထားတဲ့ ဥပဒေတစ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းဟာလည်း ရာဇဝတ်ဥပဒေအရ ရာဇဝတ်မှု ကျူးလွန်ခြင်းပဲ ဖြစ်ပါတယ်။



တရားသူကြီးမင်းခင်ဗျာ. . .

ပြည်သူလူထုဟာ နိုင်ငံတော်အစိုးရပြဋ္ဌာန်းထားတဲ့ တရားဥပဒေကို လေးစားလိုက်နာကျင့်သုံးရန် တစ်ဘက်က တာဝန်ရှိသလို ကျန်တစ်ဘက်ကလည်း တရားဥပဒေရဲ့ စောင့်ရှောက်ကူညီမှုနဲ့ ဥပဒေက ပြဋ္ဌာန်းပေးထားတဲ့ ရပိုင်ခွင့်တွေကို ခံစားရမှာ ဖြစ်ပါတယ်။

ကျွန်တော် နားမလည်တဲ့ ဥပဒေစကားတွေမို့ လျှာရှည်နေတဲ့ ဆွဲချကြိုးကို အမြင်ကပ်စွာနဲ့ပဲ စူးစိုက်ကြည့်လိုက်မိပါတယ်။

တရားသူကြီးကတော့ စိတ်ဝင်စားစွာနှင့် နားထောင်နေပုံရပါတယ်။

ပြောစရာစကား ကုန်သွားပြီထင်ပါရဲ့၊ တရားသူကြီးကို ဦးညွှတ်အရိုအသေပြုပြီး ဆွဲချကြိုး ထိုင်ချလိုက်ပါတယ်။

တရားခွင်တက်ပြီး နားထောင်နေတဲ့ လူအချို့ဆီက သက်ပြင်းရှိုက်သံသဲ့သဲ့ ထွက်ပေါ်လာပါတယ်။

နောက်တစ်ပတ်မှာ စီရင်ချက်ချမယ်။ တရားသူကြီးက မိန့်ကြားလို့ တရားခွင်က ဆင်းသွားပါပြီ။

* * *

## အခန်း (၇)

ဆေးရုံက ဆင်းသွားတာကြာပါပြီကောတဲ့။ ကျွန်မဟာ ရန်ကုန်မြေကို နင်းမိတာနဲ့ ဆေးရုံကို အပြေးအလွှားသွားလို့ မောင်ကျော်ကို ရှာခဲ့ပါတယ်။ ကျွန်မ အမှော့ဆို့ခဲ့ရပါတယ်။ ဟုတ်တာပေါ့လေ။ ဒီလောက်အကြာကြီး ဆေးရုံမှာ ဆက်နေစရာ အကြောင်းမှ မရှိတာ။ ဆင်းသွားပြီပေါ့။ စိတ်တွေ ထွေပြားနေတဲ့ ကျွန်မဟာ အမှန်ကို မမြင်မိတာပါ။

ဆေးရုံဝမှာ ယောင်လည်လည်ဖြစ်နေတဲ့ ကျွန်မကို ဆေးရုံပေါက်ဝက အစောင့်ဦးလေးကြီးက မှုန်ကုပ်ကုပ် အကဲခတ်နေပါတယ်။ နောက် စကားလာပြောပါတယ်။

"ငါ့တူမက စန်းစန်းမူ ဆိုတာလားဟဲ့"

ကျွန်မ တအံ့တဩ ခေါင်းညိတ်ပြလိုက်တဲ့ နောက်မှာတော့ ဆေးရုံစောင့်ကြီးရဲ့ စကားတွေဟာ ကျွန်မ အသည်းနှလုံးတွေကို ဆုတ်ချေလိုက်သလို ခံစားလိုက်ရပါတယ်။



ပြောက် သနားစရာကောင်းတဲ့ မောင်ကျော်ရယ်၊ သူ့ခမျာ ကျွန်မကို ၇ ရက်တိတိ ဆေးရုံရှေ့ ပလက်ဖောင်းမှာ အိပ်ပြီး စောင့်နေခဲ့ပါလား။ ကျွန်မရင်ထဲမှာ ဆို့နင့်သွားခဲ့ရတယ်။ ကျွန်မက သူ့ကို လှည့်စားစွန့်ခွာသွားချိန်မှာ သူ့ခမျာ ကျွန်မအလာကို အားကိုးတကြီး မျှော်နေခဲ့တာပါလား။ ခု ဘယ်ကိုများ ထွက်သွားပြီလဲ။ ကျွန်မကို စိတ်နာသွားလေပြီလား။ ဘယ်လိုမှ ခန့်မှန်းတွေးဆလို့ မရတဲ့ အတွေးတွေ ခေါင်းထဲ ဝင်လာပါတယ်။

ရည်ရွယ်ချက်မရှိဘဲ ဆေးရုံရှေ့ ပလက်ဖောင်းအတိုင်း အရှေ့ဘက်ကို လျှောက်လာခဲ့တယ်။ ပိတ်စောင့်ဦးလေးကြီးကိုတော့ ကျွန်မရဲ့ လိပ်စာ ပေးခဲ့တယ်။ မောင်ကျော်လာရင် ပေးလိုက်ဖို့ တောင်းပန်ခဲ့ပါတယ်။

စစ်ကိုင်းက ကြိုးကြိုး တားမြစ်တဲ့ကြားက ကျွန်မဟာ ရန်ကုန်ကို ဇွတ်အတင်း ပြန်လာခဲ့တာပါ။ သုဝဏ္ဏအိမ်ရောက်တော့ မေမေဟာ ကျွန်မကို အတင်းဖက်ပြီး ငိုရှာတယ်။ ဖေဖေခမျာလည်း တော်တော် ပိန်သွားတယ်။ ကျွန်မစိတ်ကြောင့်ပဲ ဖြစ်မှာပါ။ ကျွန်မကို အဆူမပူပါဘူး။ ပျော်အောင်ထားပါတယ်။ လွတ်လပ်မှုကိုပဲ ပေးပါတယ်။

စိတ်ပြေလက်ပျောက် သူငယ်ချင်းတွေထံ သွားလည်ချင်တယ်ဆိုတော့ ခွင့်ပြုတယ်။ ကျွန်မအဖြင့်ကို ထွက်ခဲ့တာဟာ မောင်ကျော်ကို ရှာဖို့ပါ။ ဘယ်သူငယ်ချင်းဆီမှ မသွားခဲ့ဘူး။ ကျွန်မဟာ သနားစရာကောင်းတဲ့ မိဘတွေကို ညာမိပြန်ပြီ။ ဒုတိယအကြိမ်မြောက် အမှားတစ်ရပ်ကို ကျူးလွန်ခဲ့ပြန်တာလား။

အို ကျွန်မဟာ ဘာမှ မစဉ်းစားချင်တော့ပါဘူး။ ကျွန်မ

ခေါင်းထဲမှာ သနားစရာကောင်းတဲ့ မောင်ကျော်ဟာ နေရာယူနေပြီ ထင်ပါရဲ့။ ဆေးရုံမှာ မောင်ကျော်ကို မတွေ့တော့ တာမွေ ဗလီကြီးရပ်ကွက်က ကျွန်မတို့နေတဲ့ အိမ်ရှင် အဘွားကြီးဆီ သွားမေးပါတယ်။

မောင်ကျော် ကျွန်မကို လာရှာသွားတယ်တဲ့။ တော်တော်တော့ ကြာပြီတဲ့။ အိမ်ရှင်အဘွားကြီးဟာ ကျွန်မကို တစ္ဆေသရဲတစ်ကောင် မြင်ရသလို ဆက်ဆံနေတော့ ချက်ချင်း ပြန်လှည့်ထွက်ခဲ့ပါတယ်။ နောက် မြောက်ဥက္ကလာကို သွားကာ ကျွန်မတို့ ပြဿနာဖြစ်ခဲ့တဲ့ အိမ်ကိုလည်း သွားမေးခဲ့တယ်။ အဲဒီကြောက်စရာ ဖြစ်ရပ်ကြီး ပေါ်ခဲ့တဲ့ အိမ်ကို သွားဖို့အတွက် ကျွန်မဟာ အတော် အားတင်းခဲ့ရတယ်။ အိမ်နားရောက်မှ သုံးခါလောက် ပြန်လှည့်ခဲ့မိတယ်။ ဒီအိမ် မဝင်ရဲဘူး။ မဝင်ဝံ့ဘူး ဖြစ်နေတယ်။ နောက်ဆုံးတော့ သတ္တိမွေးပြီး ဇွတ်ပဲ ဝင်ခဲ့ရတယ်။ မောင်ကျော်ကို ရှာဖို့ကလည်း ဒီတစ်အိမ်ပဲ ရှိတော့တာကိုး။ ဒီအိမ်ကလည်း ကျွန်မကို သိပ်လိုလိုချင်ချင် မရှိကြဘူး။ စကားပြောတာကိုက မဟာတဟာနဲ့ပါ။

ကျွန်မတို့ အိမ်စပေါ်တင်ထားတဲ့ ငွေက သူတို့ဆီက ပြန်ရဖို့ ရှိနေတယ်။ အဲဒါကို ပြန်ပေးရမှာ စိုးလို့နေမှာပါ။

တကယ်တော့ ကျွန်မဟာ ဒီငွေကိုလည်း သတိမရပါဘူး။ စိတ်လည်း မဝင်စားပါဘူး။

အဲဒီအိမ်ကို မောင်ကျော် လာခဲ့တယ်။ ကျွန်မ လာမလာ စုံစမ်းသွားတယ်ဆိုတာတော့ သိခဲ့ရတယ်။ ကျွန်မ စိတ်မကောင်းဖြစ်ရပြန်တယ်။ သူ့ခမျာ ကျွန်မ မလာတော့၊ သူက နေရာအနှံ့ လိုက်ရှာနေခဲ့တာပါလား။



ကျွန်မ ကျင်လည်ခဲ့တဲ့နေရာ မောင်ကျော်နဲ့ ဆက်စပ်ခဲ့တဲ့ နေရာတွေ ကုန်ပါပြီ။ ကျွန်မ ရှာစရာ နေရာ မရှိတော့ပါဘူး။ မောင်ကျော် ဘယ်မှာရှိတယ်ဆိုတာ မသိနိုင်တော့ပါဘူးရှင်။

မောင်ကျော်ကို တွေ့ဖို့ ရန်ကုန်ကို အပြေးပြန်လာခဲ့တဲ့ ကျွန်မဟာ ဘာဆက်လုပ်ရမယ်ဆိုတာ မသိနိုင်အောင် ဖြစ်ခဲ့ရပါပြီ။

* * *

ကြည့်မြင်တိုင်မှာတုန်းက ကျွန်မအကြောင်းကို သိတဲ့လူတွေကြားမှာ နေရတာ စိတ်ကျဉ်းကြပ်လှပေမယ့် သုဝဏ္ဏမှာတော့ ကိုယ့်ကို မသိကြလို့ စိတ်လွတ်လပ်မှု ရပါတယ်။ ကဲ့ရဲ့ခနစ်ရက်၊ ချီးမွမ်းခုနစ်ရက် ဆိုတဲ့ လူ့သဘာဝအတိုင်းပါပဲ၊ ကြာခဲ့ပြီဖြစ်တဲ့ ကျွန်မရဲ့ဖြစ်ရပ်ကို ပတ်ဝန်းကျင်ဟာ မေ့သလောက် ဖြစ်နေပါပြီ။

တကယ်ပဲ မမေ့နိုင်တာက ကာယကံရှင် ကျွန်မကိုယ်တိုင်ပါပဲရှင်။ တစ်နေ့တော့ ကျွန်မ ခေါင်းထဲကို အတွေးတစ်ခု ဝင်လာပါတယ်။ မောင်ကျော်ကို တွေ့နိုင်ဖို့နဲ့ ပတ်သက်လို့ပါ။

ကျွန်မတို့ရဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းကို စာရေးဆရာတစ်ယောက်က မှုခင်းဝတ္ထုအနေနဲ့ ရေးသားထုတ်ဝေခဲ့ဖူးပါတယ်။

ဝတ္ထုအမည်က သွေးလမ်းပေါ်မှာ. . . တဲ့။ ရေးသူက စာရေးဆရာ နီလေးမောင်တဲ့။ ကျွန်မဟာ ဝတ္ထုဖတ်လေ့မရှိပေမယ့် ကိုယ်နဲ့ ပတ်သက်နေတော့ ဖတ်လိုက်မိတယ်။ ကျွန်မတို့ရဲ့ ဇာတ်လမ်းကို အနီးစပ်ဆုံး ရေးသားထားပြီး ခံစားချက်တွေကလည်း ထပ်တူထပ်မျှနီးပါး တူနေတော့ ကျွန်မ အံ့သြခဲ့ရပါတယ်။

ခုမှ စဉ်းစားရင်း ပေါ်လာတာက ခုလို အနီးကပ်ဆုံး ရေးနိုင်

ဖို့အတွက် စာရေးဆရာဟာ ကာယကံရှင်နဲ့တွေ့မှ ဖြစ်မှာပါ။ ကျွန်မနဲ့တော့ မတွေ့ခဲ့ဖူးပါဘူး။ အစ်ကိုချစ်ထွေးနဲ့ မောင်ကျော်တစ်ယောက်ယောက်နဲ့ တွေ့ဆုံဖူးရမှာပါ။ ဒါမှမဟုတ် နှစ်ယောက်လုံးနဲ့လည်း တွေ့ဖူး၊ သိဖူးနိုင်မှာပါ။ စာရေးဆရာ နီလေးမောင်ကိုတွေ့ပြီး စုံစမ်းကြည့်ရင်ကော ယခုတိုင် မောင်ကျော်နဲ့ အဆက်အသွယ်ရှိနေမယ်ဆိုရင် ဒါမှမဟုတ် ဘယ်မှာနေတယ်ဆိုတာ သိခဲ့ရင်. . .။

စိတ်ကူးယဉ်တယ်လို့ပဲ ဆိုချင်ဆို၊ ရူးတယ်လို့ပဲ ပြောရင်ပြော၊ ကျွန်မကတော့ စာရေးဆရာ နီလေးမောင်ကို တွေ့ပြီး စုံစမ်းဖို့ ဆုံးဖြတ်လိုက်မိပြန်တယ်။ တကယ်တမ်း ဒီအကြံအစည်ကို အကောင်အထည်ဖော်မယ်ဆိုတော့ မလွယ်ပြန်ပါဘူး။ စာရေးဆရာ နီလေးမောင်ကို ဘယ်လိုရှာရမှာလဲ။ ဘယ်မှာ တွေ့ရမှာလဲ။ ဘယ်သူ့မေးရမှာလဲ။

ကျွန်မကလည်း ဟိုတုန်းထဲက ကျောင်းနဲ့အိမ်မှာပဲ ကျင်လည်ခဲ့ပြီး ကျောင်းစာထဲမှာပဲ နစ်မြုပ်နေတော့ ပြင်ပဗဟုသုတ အားနည်းခဲ့ပါတယ်။ ဘယ်စာရေးဆရာကိုမှ မသိဘူး၊ မမြင်ဘူးခဲ့ပါဘူး။ စာပေလောကနဲ့ ဆက်နွှယ်တဲ့ အသိအကျွမ်းလည်း မရှိပါဘူး။ ကုန်ကုန်ပြောရရင် ဝတ္ထုမဂ္ဂဇင်းတောင် မဖတ်ဖြစ်ခဲ့ပါဘူး။ ကျောင်းနေတုန်း ဝတ္ထုဖတ်ဖို့ ဖေဖေတို့က အားမပေးခဲ့တာလည်း ပါမှာပါ။

မှတ်မှတ်ရရ စာရေးဆရာဆိုလို့ တစ်ယောက်ပဲ သိခဲ့ဖူးပါတယ်။ ဖေဖေ့ဆီကို လာလည်တာပါ။ ဟိုတုန်းက ဖေဖေက လေတပ်မှာ အရပ်သားစာရင်းကိုင် လုပ်ခဲ့ဖူးပါတယ်။ တစ်ချက်က လေတပ်က ဖေဖေ့ရဲ့ မိတ်ဆွေအချို့ လာလည်တတ်တယ်။ လေတပ်က



အုပ်ခွဲတပ်ကြပ်ကြီး ကိုသက်ဝေဆိုတာ မကြာမကြာ ရောက်လာတတ်တယ်။ ကျွန်မတို့က ကြည့်မြင်တိုင်နယ်မြေ၊ အဲသည်တုန်းက သူနေတာက စမ်းချောင်းနယ်မြေဆိုပေမယ့် တကယ်တော့ မီးရထားလမ်းသာ ခြားတော့ အိမ်ချင်းက မဝေးလှဘူး။ သူလာတဲ့အခါမှာ တစ်ခါတလေ မဂ္ဂဇင်းစာအုပ်တွေ ယူလာပြီး ဖေဖေ့ကို လက်ဆောင်ပေးလေ့ ရှိတယ်။ လှိုင်းဝက်သဲဖိုမဂ္ဂဇင်းနဲ့ ပြစ်မှုမဂ္ဂဇင်းတွေလို့ ထင်ပါတယ်။ သူရေးတဲ့ ဝတ္ထုတွေ ပါတယ်လို့လည်း ပြောပါတယ်။

သူ့ကလောင်အမည်က ဆွေလှိုင်ဦး. . .တဲ့။ စာရေးဆရာဆိုလို့ အဲသည်တစ်ယောက်ပဲ တွေ့ခဲ့ဖူးပါတယ်။ မြင်ဖူးရုံပါပဲ စကားတောင် မပြောခဲ့ဖူးပါဘူး။

နှစ်စဉ် နိုဝင်ဘာလမှာ စာပေဟောပြောပွဲတွေ၊ ကျွန်မတို့ အရပ်ထဲမှာ လုပ်လေ့ရှိပါတယ်။ စာရေးဆရာကြီးတွေလာပြီး ဟောပြောကြတယ်။ ကျွန်မက သိပ်စိတ်မဝင်စားလို့ မရောက်ဖြစ်ခဲ့ပါဘူး။ အဲဒီလို စာပေလောကနဲ့ ဝေးလွန်းလှတဲ့ ကျွန်မဟာ စာရေးဆရာ နီလေးမောင်ကို ဘယ်လိုရှာရမှာလဲရှင်။ နောက်ဆုံးတော့ ဖေဖေရှာတဲ့ သည်အကြံကို စွန့်လွှတ်ခဲ့ရပြန်ပါတယ်။

* * *

သည်လိုနဲ့ အိမ်ထဲက အိမ်ပြင်မထွက်ဘဲ ငေးငိုင်မှိုင်တွေနေတဲ့ ကျွန်မရဲ့အဖြစ်ကို ကြည့်ပြီး ဖေဖေရောမေမေပါ စိတ်ဆင်းရဲနေပုံရပါတယ်။

တစ်နေ့တော့ ဖေဖေက ကျွန်မကို ဆယ်တန်းစာမေးပွဲပြန်ဖြေဖို့ တိုက်တွန်းပါတယ်။ သမီးရဲ့ ဉာဏ်နဲ့ဆိုရင် နှစ်ချင်းပေါက်အောင်နိုင်မှာလို့လည်း အားပေးပါတယ်။ ဟုတ်ပါတယ်။ ကျောင်းမှာထဲက ကျွန်မဟာ ပညာရည်ထူးချွန်တဲ့သူပါ။ ဆရာ၊ ဆရာမတွေ အားထားခဲ့ရသူပါ။

ဖေဖေပြောတော့ ကျွန်မလည်း စာမေးပွဲဖြေဖို့ စိတ်ဝင်စားလာပါတယ်။ ပညာရေးဘက်ကို စိတ်ရောက်သွားရင် ရင်ထဲက ခံစားနေရတဲ့ ဝေဒနာတွေ သက်သာတန်ကောင်းရဲ့လို့လည်း စဉ်းစားမိပါတယ်။ ဒါပေမဲ့ ကျောင်းပြန်တက်လို့ကတော့ မဖြစ်တော့ဘူး။ တက်လည်းမတက်ရဲတော့ပါဘူး။ နောက်ဆုံးတော့ ဖေဖေက ၃၃ လမ်းထဲက ကျူရှင်တစ်ခုမှာ အပ်ပေးပါတယ်။

ကျွန်မဟာ ကျောင်းစာထဲမှာ စိတ်ရောကိုယ်ပါ နှစ်မြှုပ်လိုက်ပါတယ်။ ဟိုတုန်းကနဲ့စာရင်တော့ ရင်ထဲက ဝေဒနာဟာ သက်သာသလိုရှိပါရဲ့။ ဒါပေမဲ့ လုံးဝ မေ့ပျောက်နိုင်ဖို့ဆိုတာကတော့ မလွယ်ပါဘူးရှင်။

## အခန်း (၈)

လုံးဝမေ့ပျောက်နိုင်ဖို့ကို အသာထား တစ်နေ့တစ်ရက်လောက် မမစန်းကို သတိမရတဲ့အခါတောင် မရှိခဲ့ပါဘူး။ အလုပ်ကို ကြိုးစားပြီး လုပ်ပါတယ်။ စိတ်ကတော့ မမစန်းဆီမှာပဲ ရောက်နေမြဲပါ။

ကျီးကန်းဆိုး ဒုစရိုက်ကောင်တွေနဲ့ ပတ်သက်မိလို့ ရှုံးရောက်၊ ဂတ်ရောက်ဖြစ်ပေမယ့် ထောင်တော့ မကျခဲ့ပါဘူး။ ဒါပေမဲ့ ခြေချုပ်နဲ့ တစ်နှစ် နယ်နှင်ခံလိုက်ရပါတယ်။

ရန်ကုန်မြေကို ခွာရတော့မယ်၊ ဘယ်ကိုသွားရမလဲ။ မွေးဇာတိဖြစ်တဲ့ ကညင်ရွာကို စဉ်းစားမိပါရဲ့. . . .

မွေးစားဖခင် ရွာဦးကျောင်းဆရာတော်ဟာလည်း ပျံလွန်ခဲ့ပြီ ဖြစ်ပါတယ်။ ငယ်စဉ်ထဲက ခွဲခွာလာခဲ့ရတဲ့ အရပ်ဖြစ်လို့ ကျွန်တော့်ကို ဘယ်သူကကော သိဦးမှာလဲ၊ နောက်ဆုံးတော့ ဆားမှော်က ဒေါ်ကြီးဆီ ပြန်သွားဖို့ ဆုံးဖြတ်ပါတယ်။ ကျွန်တော့်အမှားကို ဝန်ချတောင်းပန်ရင် ကျေနပ်ကောင်းပါရဲ့။

ဆားမှော်ကိုရောက်တော့ ဒေါ်ကြီးဟာ ကျွန်တော့်ကို ဖက်ပြီး ငိုရှာတယ်။ ဒေါ်ကြီးယောကျ်ားဟာ မနှစ်က ဆုံးသွားလို့ ပိုးကောင်းဘုတာက ထမင်းဆိုင်ကို လူငှားတွေနဲ့ လွှဲထားရတဲ့အကြောင်း၊ ဒေါ်ကြီးတစ်ယောက်တည်း ကိုယ်ခွဲမရှိလို့ ဆားမှော်အိမ်နဲ့ မိုးကောင်းကင်ထမင်းဆိုင် တစ်လှည့်စီ သွားနေရကြောင်း၊ ကျွန်တော် ပြန်လာလို့ ဝမ်းသာကြောင်း ပြောရှာတယ်။

ဒုစရိုက်လောကကို ပြန်မရောက်လိုတဲ့ ကျွန်တော်ဟာ ဒေါ်ကြီးရဲ့ ထမင်းဆိုင်ကို ဦးစီးပြီး ကိုယ်ဖိရင်ဖိ ကြိုးစားပြီး လုပ်ခဲ့ပါတယ်။ ရန်ကုန်မှာ အနေကြာလို့ အကြားအမြင် ဗဟုသုတ ရလာတဲ့ ကျွန်တော်ဟာ ဆိုင်ကို ဘယ်လိုတိုးချဲ့ပြုပြင်ရမယ်ဆိုတာ သိလာပါတယ်။ အလှအပ ဘယ်လိုဆင်လို့ ခမ်းနားအောင် ဘယ်လိုပြုပြင်ရမယ်ဆိုတာလည်း ကျွန်တော် နားလည်နေပါပြီ။ ကျွန်တော့်ရဲ့ ကြိုးစားမှုကြောင့် ထမင်းဆိုင်ဟာ ဖွံ့ဖြိုးတိုးတက်လာပါတယ်။ အလုပ်သမားတွေတိုးလို့ ဆိုင်ကို ချဲ့ရတဲ့အထိ ဖြစ်လာပါတယ်။

ဒေါ်ကြီးကလည်း ကျွန်တော့်ကို သားအရင်းလို သဘောထားပြီး ငွေကြေးကအစ အားလုံး လွှဲထားပါတယ်။ ဆိုင်ကို ကျွန်တော် နိုင်နိုင်နင်းနင်း ကွပ်ကဲနိုင်ပြီမို့လည်း ဒေါ်ကြီးဟာ ဆားမှော်အိမ်မှာပဲ နေတာ များလာပါတယ်။

ထမင်းဆိုင်လုပ်ငန်းနဲ့ ကျွန်တော့်ဘဝဟာ အဆင်ပြေချောမွေ့နေပေမယ့် စိတ်ကသိကအောက် ဖြစ်ရတာ တစ်ခုက ရဲစခန်းမှာ ၁၅ ရက်တစ်ခါ သွားလက်မှတ်ထိုးနေရခြင်းပါပဲ။ ဒုစရိုက်လောကကို ကျောခိုင်းခဲ့ပြီဆိုတာတောင် တစ်ခါက စွန်းထင်းခဲ့ရတဲ့ အမည်းစက်ဟာ ယခုတိုင် မပျက်နိုင်သေးပါလား။



ရန်ကုန်မြေက ထွက်ခဲ့တာကို ကိုယ့်အပြစ်နဲ့ကိုယ်မို့ ဝမ်းမနည်းပေမယ့် မမစန်းကို ထားခဲ့ရတဲ့အတွက်တော့ ရင်ထဲမှာ နာကျင်ခဲ့ရပါတယ်။ မမစန်းကို မတွေ့တွေ့အောင် မြေလှန်ရှာမယ်လို့ ဆုံးဖြတ်ခဲ့တဲ့ ကျွန်တော်ဟာ မမစန်းကို မတွေ့ခင် ရည်ရွယ်ချက် ပျက်ခဲ့ရတယ်။ သုဝဏ္ဏမှာ နေတာသိပြီးမှ ဆက်ပြီး ရှာဖွေခွင့် မကြုံတာကို ရင်နာလို့ မဆုံးဘူး။ နို့မဟုတ်ရင် မမစန်းကို ရှာလို့ တွေ့ကောင်းတွေ့နေပြီလေ။ ဆိုင်အလုပ်နဲ့ မနားအောင် အလုပ်ရှုပ်နေပေမယ့် မမစန်းရှာဖို့တော့ စိတ်မလျှော့ခဲ့ပါဘူး။

ဒီလိုနဲ့ ထမင်းဆိုင်ဟာ တဖြည်းဖြည်း တိုးတက်လာသလို အသားလည်း ကျစပြုလာပါပြီ။ ကျွန်တော်ဟာ တောင်တာမှာ ထိုင်ပြီး စီမံလို့ရတဲ့ အဆင့် ရောက်လာပါတယ်။

တစ်နေ့တော့ ကျွန်တော်ဟာ အကြံတစ်ခု ရလာပါတယ်။ ဆိုင်အတွက် လိုအပ်တဲ့ ပစ္စည်းတွေကို ရန်ကုန်ဆင်းဝယ်ဖို့ပဲ ဖြစ်ပါတယ်။ ဆားမှော်ကို သွားပြီး ဒေါ်ကြီးကို တိုင်ပင်ပါတယ်။ နောက် ဆိုင်အတွက် လိုအပ်သမျှ စီစဉ်ပြီး ရန်ကုန် ထွက်ခဲ့ပါတယ်။ ဒေါ်ကြီးကတော့ ရန်ကုန်ထိ ဆင်းစရာ လိုလို့လား၊ မန္တလေးမှာတင် လိုတဲ့ပစ္စည်း ရနိုင်တယ် မဟုတ်လားလို့ ပြောပါတယ်။

ဟုတ်ပါတယ်၊ ကျွန်တော်လိုတဲ့ ဆိုင်အတွက် ပစ္စည်းတွေက မန္တလေးမှာတင် ရနိုင်တာကို ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ပစ္စည်းဝယ်ဖို့ ကိစ္စရှိသလို မမစန်းကို ရှာဖို့ကလည်း ရှိတယ် မဟုတ်လား။ မမစန်းက ရန်ကုန်မှာလေ၊ နောက်ဆုံး ဒေါ်ကြီးက ဘာမှ မပြောပါဘူး။ ဒီတစ်ခါ မမစန်းကို မုချတွေ့ရမှာပါ။ ရှာတွေ့ရမှာပါ။

* * *

## အခန်း (၉)

တွေ့မှတွေ့ကြရဲ့လား၊ ဆုံမှဆုံမိပါရဲ့လား၊ သူတို့အတွက် ကျွန်ုပ်က ကြားက စိတ်ပူနေမိတယ်။ ဟုတ်တယ်လေ ကျွန်ုပ်က ဒီသူငယ်ကတော့ သံယောဇဉ်ရှိနေသလိုပဲ သနားတာလည်း ပါတာပေါ့လေ။ သူ့ခမြာ ဆေးရုံရှေ့ ပလက်ဖောင်းမှာ အိပ်ပြီး ခုနစ်ရက် ခုနစ်လီ သူ့မမကို စောင့်နေရှာတာကလား။ ဆရာမလေးတွေဆီက တစ်ဆင့် ကြားရတဲ့ သူတို့အဖြစ်ကလည်း ကြောက်စရာ၊ လန့်စရာ၊ မသေကောင်း၊ မပျောက်ကောင်း။ ဒီသူငယ်ဟာ ကြားကကက တန်ဆာခံလိုက်ရတာဆိုပဲ။ အင်းလေ မနဲ့ ပတ်သက်လာရင် စိတ်ရိုင်းဝင်တတ်ကြစမြဲပဲ မဟုတ်လား။ ကျွန်ုပ်ဟာ ဒီဆေးရုံကြီးမှာ ဒလဝမ် လုပ်ခဲ့တာ ဆယ့်လေးနှစ်ရှိပြီ။ ကျွန်ုပ် လုပ်သက်အတွင်းမှာ အဲဒီလို မနဲ့ ပတ်သက်ပြီး ထိတ်လန့်တုန်လှုပ်စရာ အဖြစ်မျိုးတွေ မြင်ဖူးပေါင်း များလှပြီပဲ။ ဆန်းတယ်လို့တော့ မဆိုနိုင်ပါဘူးလေ။

ဒါပေမဲ့ ဒီသူငယ်ကိုတော့ ကျွန်ုပ်က သနားမိတာ အမှန်ပဲ။



ဆေးရုံကဆင်းလာကာစ တစ်ရက်၊ နှစ်ရက်က ရေပဲ သောက်နေတာကြည့်ပြီး စားစရာ ပိုက်ဆံ မပါဘူးဆိုတာ သတိပြုမိလို့ သနားပြီး ကျွန်ုပ် ထမင်းချိုင့်ထဲက ခွဲပြီး ကျွေးခဲ့သေးတယ်။ နောက်ပိုင်းမှာ ပိုက်ဆံတွေ၊ ဘာတွေ ရလာတယ်ထင်ပါရဲ့။ ဆေးရုံရှေ့က လမ်းဘေးထမင်းဆိုင်လေးမှာ သွားစားတာ တွေ့ရသလို ကျွန်ုပ်အတွက်လည်း လက်ဖက်ရည်တို့ ခေါက်ဆွဲကြော်တို့ ဝယ်ဝယ်လာလေ့ရှိပါတယ်။ သည်လို သိတတ်မှုကြောင့်ပဲ ကျွန်ုပ်က ပိုပြီး သံယောဇဉ်ရှိမိတာ ထင်ပါရဲ့။ တစ်ခါတရံ ရဲပတ္တယောင်တွေလာရင် ကျွန်ုပ်အစောင့်ခန်းလေးထဲမှာ ခေါ်ထားရတာ ရှိခဲ့တယ်။

လမ်းပေါ်မှာ အိပ်နေတာတွေ့ရင် ဆွဲခံထိမှာ မဟုတ်လား။ ကျွန်ုပ်အပေါ် သူကလည်း ယုံကြည်အားကိုးရှာပါတယ်။ ဒါကြောင့်လဲ သူ့ဘဝဖြစ်စဉ်ကို ဖွင့်ပြောခဲ့တာ ဖြစ်မှာပါ။ ကျွန်ုပ်ကလည်း သူ့ကို ဥပဒေနဲ့ မလွတ်ကင်းတဲ့ အလုပ်တွေ မလုပ်ဖို့ ကောင်းရောင်းကောင်းဝယ် လုပ်စားဖို့ ဆုံးမဖြစ်ပါတယ်။ သူကလည်း သူ့မမကို ဒုစရိုက်လောကနဲ့ ကင်းဝေးရာ ခေါ်သွားပြီး စိတ်ချမ်းသာအောင် ကြိုးစားမယ့် အကြောင်း ရှေ့ရည်မှန်းချက်တွေ အကြောင်း အားကြိုးမာန်တက် ပြောနေတာကြည့်ရင်း ကျွန်ုပ်ရင်ထဲမှာ ဆို့လာမိတယ်။ ခက်နေတာက သူမျှော်လင့်စောင့်စားနေတဲ့ သူ့မမစန်းပါ။ မိန်းကလေးက ခုအချိန်ထိ ပေါ်မလာခဲ့ပါလား။ ဘယ်လိုပြဿနာအခက်အခဲ ရှိပါစေ လာလိုလျှင် ရောက်သင့်နေပါပြီ။ ကျွန်ုပ်ကတော့ သိပ်မထင်ပါဘူး။ ဒီအချိန်လောက်မှ ရောက်မလာတာထောက်ရင် စိတ်ပြောင်းသွားလို့ ဖြစ်မှာပါ။ မိန်းမဆိုတာ အခက်သားကလား။ ကျွန်ုပ် အများကြီး ဆက်စဉ်းစားနေမိတယ်။ ဒါပေမဲ့ ကျွန်ုပ်အတွေး

အထင်ကို ဖွင့်မပြောရက်ပါဘူး။ သူ့မျှော်လင့်ချက်ကလေးနဲ့ သူ့ဟာသူ တွေးပြီး ပျော်နေတာကို ကျုပ် မဖျက်စီးချင်ပါဘူးလေ။

ဒီလိုနဲ့ တစ်ပတ်လောက်ကြာတော့ ဒီသူငယ် ကျုပ်ကို နှုတ်ဆက်ပြီး ဆေးရုံကြီးကနေ ခွာသွားပါတယ်။ စိတ်ပျက်သွားပြီ ထင်ပါတယ်၊ မျက်နှာလည်း သိပ်မကောင်းဘူး။ အင်းလေ လမ်းပေါ်အိပ် လမ်းပေါ်စားဘဝနဲ့ သူလည်း ဒီလောက်ပဲ စောင့်နေနိုင်မှာပေါ့၊ မကြာခဏ ဝင်လာမယ့် ပြောသွားပေမယ့် တစ်ခါမှ ရောက်မလာပါဘူး။ ကြာတော့ ကျုပ်လည်း ဒီကိစ္စကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားတယ်။

တစ်မနက်မှာ ဆေးရုံဂိတ်ဝနားမှာ လက်ဆွဲအိတ်ကလေး ဆွဲထားတဲ့ မိန်းကလေးတစ်ယောက် ယောင်လည်လည် ဖြစ်နေတာကို တွေ့လို့ ကျုပ် သတိထားကြည့်လိုက်မိတော့ ဟာ ဒါ. . . ဒါဟို သူငယ်စောင့်မျှော်နေတဲ့ မိန်းကလေးပါလား၊ သူပြောသွားတဲ့ ပုံသဏ္ဌာန်နဲ့ ကွက်တိဖြစ်နေတယ်။ ပိုပြီးသေချာအောင် ကျုပ်ကတိုက်ကရိုက် အပြင်ထွက်သွားပြီး နာမည်မေးတော့ ဟုတ်ပါတယ်။ ကျွန်မ စန်းစန်းမူပါရှင်တဲ့။ ထိုသူငယ်တော့ မသိဘူး။ ကျုပ်ဖြင့် ဝမ်းသာလိုက်ရတာ ထခုန်မတတ်ပါပဲ။

လမ်းပေါ်အိပ်၊ လမ်းပေါ်စားလို့ ဟိုသူငယ် ဘယ်လို ဒုက္ခကောင်းကောင်း စောင့်နေခဲ့ကြောင်း ပြောပြတော့ မိန်းကလေးခမျာ မျက်ရည်တွေတွေကျလို့ အတော့်ကို ဝမ်းနည်းပက်လက် ဖြစ်သွားပုံရပါတယ်။

ဒီသူငယ်ကို တွေ့နိုင်ဖို့အတွက် ကျုပ်ကို ရှိခိုးဦးချနဲ့ တောင်းပန်တိုးလျှိုးနေတော့ ကျုပ်တောင် အတော် စိတ်မကောင်းဖြစ်သွား



ရပါတယ်။ ကျုပ်တလည်း ဘယ်လိုကူညီနိုင်မှာတဲ့လေ။ ဒီသူငယ်ကလည်း ပြန်လာခဲ့မယ်ပြောပြီး လုံးဝပေါ်မလာတော့တာပါပဲ။ စိတ်ပျက်သွားပြီလားမှ မသိတာ။

ဒါဟာ ကျွန်မအပြစ်ပါရှင် ကျွန်မ အပြစ်ပါလို့ တဖွဖွ ပြောနေတဲ့ မိန်းကလေးကို ကျုပ်က စိတ်မချမ်းမသာနဲ့ ကြည့်နေမိပါတယ်။

နောက်ဆုံးတော့ မိန်းကလေးဟာ ကျုပ်ကို ကူညီဖို့ တဖွဖွ တောင်းပန်ရင်း လိပ်စာတစ်ခု ရေးပေးပါတယ်။ သူဝတ္ထုမြို့က သူတို့နေတဲ့ အိမ်လိပ်စာပါတဲ့ ဟိုသူငယ်လာရင် ပေးလိုက်ပါတဲ့။

ခေါင်းငိုက်စိုက်ချလို့ ထွက်ခွာသွားပြီးဖြစ်တဲ့ မိန်းကလေးကို ကျုပ်က မျက်စိတစ်ဆုံး ငေးကြည့်နေမိပါတယ်။

ဟိုက်ကြည့်စမ်း၊ ကျုပ်က အပြင်ဘက်မှာရပ်ပြီး ငေးနေတုန်း ကျုပ်အလစ်မှာ ဧည့်သည်တွေက ဆေးရုံထဲကို တစ်ယောက်ပြီး တစ်ယောက် ပင်သွားကြပါရောလား။ မနည်းပါလား။ သွားပါပြီ။ အိမ်က အတွားကြီးရဲ့ ဆဲဆိုဆူပူမှုကို တွေ့ရဖို့က သေချာနေပါပြီ။

"တွေ့ကို တွေ့ရမယ်"

မမစန်းကို တွေ့အောင် ရှာမယ်ဆိုတဲ့ စိတ်ကူးနဲ့ ကျွန်တော်ဟာ ရန်ကုန်မြေကို ခြေချလာခဲ့တာပါ၊ ရန်ကုန်ရောက်တာနဲ့ ဆိပ်ကမ်းသာလမ်းထဲက တည်းခိုခန်းတစ်ခုမှာ တည်းခိုဖို့ စီစဉ်၊ ရေချိုး အဝတ်အစား လဲပြီးတော့ ပြန်ထွက်ခဲ့ပါတယ်။ သုဝဏ္ဏဘက်ကို သွားမယ်။ မမစန်းကို ရှာမယ်။ အဲဒါ ကျွန်တော့်ရဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်ပါ။ ဟုတ်ပါတယ်။ မမစန်းကို သုဝဏ္ဏဘက် ပြောင်းသွားတယ်လို့ သတင်းရလို့ အဲဒီဘက်မှာ ရှာဖွေနေတုန်း ကိုးကာန်းတို့ ဒုစရိုက်ကောင်အုပ်စုနဲ့ ရောယှက်ပတ်သက်မိရာက

အစ ပြဿနာတွေ တွေ့ပြီး ရန်ကုန်မြေက လွင့်ခဲ့ရတယ်။ မမစန်းကို ရှာဖွေဖို့ ကိစ္စဟာလည်း ရေစုန်မျောခဲ့ရတယ် မဟုတ်လား။

ဒီတစ်ခါတော့ တွေ့အောင်ရှာမယ်။ အဲဒီလို ယုံကြည်ချက်တွေ၊ အားမာန်တွေ ရင်မှာပိုက်လို့ မိုးလင်းက မိုးချုပ်ထိ သုဝဏ္ဏမြို့တစ်ခွင်လုံးကို မွှေနှောက် မြေလှန်လို့ ရှာပုံတော် ဖွင့်ခဲ့ပါပြီ။ တစ်လမ်းဝင်တစ်လမ်းထွက် တစ်ရပ်ကွက်ကျော် တစ်ရပ်ကွက်ကူးလို့ နယ်မြေအနှံ့ လျှောက်ခဲ့တာလည်း ခြေရာချင်း ထပ်လုပါပြီ။

လမ်းလျှောက်ရလွန်းလို့ မောလာရင် လက်ဖက်ရည်ဆိုင်မှာ ခဏနားတယ်။ ပင်ပန်းရင် အအေးဆိုင်မှာ ထိုင်တယ်။ ဆာလောင်ရင် ထမင်းဆိုင်ဝင်စားတယ်။ ဈေးရုံတွေမှာလည်း ဈေးတန်းတွေကိုလည်း လျှောက်ကြည့်တယ်။ သုဝဏ္ဏရဲ့ လူစည်ကားရာ နေရာမှန်သမျှ ကျွန်တော် မရောက်တာ မရှိတော့ပါဘူး။ မိန်းကလေးမြင်တိုင်း မမစန်းများလားလို့ ကြည့်ရတာလည်း မျက်စိတွေတောင် ကျိန်းစပ်စပြုပါပြီ။ စန်းစန်းမူဆိုတာ သိပါသလားလို့ စုံစမ်းရတာကလည်း အာခေါင်တောင် ခြောက်မတတ်ပါ။ လူဦးရေ ဒီလောက်များတဲ့ သုဝဏ္ဏလိုနေရာမှာ အိမ်နံပါတ်မသိ၊ လမ်းမသိ၊ လူကြီးတွေအမည်မသိ၊ အလုပ်အကိုင် မသိနဲ့ ဘယ်လိုရှာမှာလဲတဲ့။

တချို့က ခေါင်းခါတယ်။

တချို့က ပြုံးတယ်။

တချို့က အရူးတစ်ယောက်လို ကြည့်တယ်။

ကျွန်တော် ပြောနိုင်တာက ကြည့်မြင်တိုင်က ပြောင်းလာတဲ့ စန်းစန်းမူဆိုတာလောက်ပါ။

ကဲ. . . မခက်ဘူးလား။



မောင်ရင့်အဖြစ်က ရန်ကုန်က အဘကို ပေးရန် ဆိုပြီး စာထည့်လိုက်တဲ့လူလို ဖြစ်နေပါရော့လားဆိုပြီး ဟားသူက ဟား၊ ရယ်သူကရယ်နဲ့။

ဒီမှာနေတာ သိမှတော့ ရှာလို့တွေ့နိုင်တယ်လို့ လွယ်လွယ်လေး တွေးခဲ့မိတဲ့ ကျွန်တော့်အဖြစ်ဟာ ခုတော့ လူရယ်စရာ ဖြစ်နေပါပေါ့လား။

စိတ်ပျက်လက်ပျက်နဲ့ လမ်းဘေး လက်ဖက်ရည်ဆိုင်မှာ ထိုင်ချလိုက်မိပါတယ်။

မျက်နှာငယ်က စီးကျလာတဲ့ ချွေးသီးချွေးပေါက်တွေကို သုတ်ရင်း မရေရာ မသေချာလှတဲ့ ကိုယ့်လုပ်ရပ်ကို ပြန်ပြီး စဉ်းစားရပါပြီ။

ကျွန်တော် ရန်ကုန်ရောက်တာ ငါးရက်ရှိပါပြီ။ ဆိုင်အတွက်လိုအပ်တဲ့ ပစ္စည်းတွေ ဝယ်ဖို့လို့ မစဉ်းစားနိုင်သေးဘဲ ငါးရက်လုံးလုံး သုဝဏ္ဏတစ်ခွင်ကို ပြပြစင်အောင် မွှေနှောက်မိပါတယ်။ ဒါပေမဲ့ မမစန်းရဲ့ သတင်းအစအန အရိပ်အယောင်တောင် မတွေ့ခဲ့ရသေးပါကလား။

စိတ်ပျက်အားငယ်မှုဟာ ကျွန်တော့်ရဲ့ အားမာန်နဲ့ မျှော်လင့်ချက်တွေကို တစ်စစီ ချေဖျက်နေပြီ ထင်ပါရဲ့။ သူတို့ပြောသလို ဒီလိုနေရာမှာ လိပ်စာမသိရင် ရှာလို့ မရနိုင်ဘူးဆိုတဲ့ စကားကို လက်ခံရတော့မှာလား။

ဒီလိုဆိုရင် ကျွန်တော် ဘာဆက်လုပ်ရမှာလဲ။ မမစန်းကို ဘယ်လိုရှာရမှာလဲ။

ခေါင်းတွေ နောက်ကျိလို့ ဦးနှောက်တွေ ဆူဝေလာပါတယ်။

ဘာဆက်လုပ်ရမယ်ဆိုတာ ကျွန်တော်ကိုယ်တိုင်တောင် မသိနိုင်တော့ပါကလား။ အားကြိုးမာန်တက် မမော်နိုင်၊ မပမ်းနိုင် လှုပ်ရှားခဲ့တဲ့ ကျွန်တော့်အဖို့ မျှော်လင့်ချက်ရောင်ခြည်လေး မှေးမှိန်သွားတာနဲ့ အားပြတ်သလို ဖြစ်သွားခဲ့ပါတယ်။ ငါးရက်လုံးလုံး မနားမနေ သွားလာခဲ့တဲ့ ပင်ပန်းမှုဒဏ်တွေဟာ စုပြီး ဖိစီးလာသလို ခံစားလိုက်ရပါတယ်။ တစ်ကိုယ်လုံး လှုပ်ရှားလို့ မရအောင် အားအင်ကုန်ခန်းနေသလိုပါပဲ။ ဒီနေ့အဖို့ ကျွန်တော်ဟာ ဘယ်လိုမှ လှုပ်ရှားနိုင်မှာ မဟုတ်တော့ပါဘူး။

ဒါကြောင့် တည်းခိုခန်းပြန်ပြီး နားဖို့ ဆုံးဖြတ်လိုက်တယ်။ ရည်မှန်းချက်ကိုတော့ ဖျက်ဖို့ မရည်ရွယ်ပါဘူး။ တည်းခိုခမ်းမှာ အေးအေးဆေးဆေး နားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ စဉ်းစားမယ်၊ အကြံထုတ်မယ်၊ ရုတ်တရက် ဆေးရုံက ဒလဝမ် ဦးလေးကြီးကို သတိရလိုက်တယ်။ ဒီကပြန်ရင် ဆေးရုံဝင်ကြည့်ဦးမှပဲ။

ကျွန်တော်က လက်ဖက်ရည်ဖိုး ရှင်းပေးပြီးတော့ မှတ်တိုင်ဘက်ကို လျှောက်လာခဲ့တယ်။ အချိန်က စောသေးတော့ ကားဆိပ်မှာ ခရီးသည်တွေ စုပုံမနေသေးဘူး။ ရှိလှမှ ၁၀ ယောက်လောက်ပါ။ ခရီးသည်တွေထဲမှာ မရမ်းစေ့ရောင် ...သက်နဲ့ မိန်းကလေးတစ်ယောက်က ပေါ်ပေါ်ထင်ထင် ဖြ...နေတယ်။ လက်ထဲမှာ စာအုပ်တွေ ပိုက်ထားတာ လှမ်းမြင်လိုက်ရပါတယ်။ မမစန်းနဲ့ တူသလိုရှိလို့ ကျွန်တော်က သတိထားကြည့်လိုက်ခြင်းပါ။ ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားတယ်။ မမစန်းနဲ့ အတော့်ကို တူနေပါလား။ မိန်းကလေးမြင်တိုင်း သတိထားကြည့်ရတာဟာ ကျွန်တော့်အဖို့ မဆန်းတော့ပါဘူး။ ဟုတ်များဟုတ်နေရော့သလား။ ကျွန်တော်က ခြေလှမ်းသွက်



သွက်နဲ့ ကားမှတ်တိုင်ကို သွားနေမိပါပြီ။ အဲဒီအချိန်မှာပဲ ကားတစ်စီး ထိုးဆိုက်လာလို့ မိန်းကလေးက ကားပေါ်ကို လှမ်းတက်လိုက်ပါတယ်။

"ဟင် မမစန်း"

ကျွန်တော့် နှုတ်က ဝမ်းသာအားရ ထွက်သွားတယ်။ သူ့ မျက်နှာကို သေသေချာချာ မြင်လိုက်ရပြီ၊ မမစန်းအစစ်ပါ၊ ဟုတ်ပါတယ်။ သုဝဏ္ဏတစ်ခွင် ပြုပြုစင်အောင် ကျွန်တော် မြေလှန်ရှာနေတဲ့ မမစန်းပါ။ ကျွန်တော် ကားဆီကို အပြေးသွားနေတုန်းမှာပဲ ကားက ထွက်သွားပါပြီး ရင်ထဲမှာ တာခနဲ ဖြစ်သွားတယ်။ ရုတ်တရက် ဘာလုပ်ရမှန်း မသိဖြစ်ပြီး ကျွန်တော် ကားနောက်ကို ပြေးလိုက်သွားမိတယ်။ ပါးစပ်ကလည်း ကားကို အော်ပြီး ရပ်ခိုင်းနေမိတယ် ထင်ပါရဲ့။

ကားက ရပ်မပေးဘူး။ စပယ်ယာက ကျွန်တော့် နောက်ဘက်ကို လက်ညှိုးထိုးပြနေတယ်။ နောက်ကားကို အစီးခိုင်းတာပါ။ ဟုတ်ပါတယ်။ နောက်ကားတစ်စီးက မှတ်တိုင်မှာ ရပ်နေပါပြီ။

ကျွန်တော်က ကားမှတ်တိုင်ကို ပြန်ပြေးရင်း နောက်က ကားကို လက်ပြပြီး တားနေမိပါတယ်။

ကိုယ့်ဇောနဲ့ကိုယ် ဖြစ်နေလို့ ပတ်ဝန်းကျင်ကို သတိမထားမိပေမယ့် ကားမှတ်တိုင်မှာ အပြေးအလွှား ရုတ်ရုတ်သဲသဲ ဖြစ်နေတဲ့ ကျွန်တော့်ကို ဘေးကလူတွေက ဝိုင်းကြည့်နေကြတယ်လို့ ထင်ပါတယ်။

ကျွန်တော်က ဘာကိုမှ ဂရုမပြုနိုင်တော့ပါဘူး။ မှတ်တိုင်မှာ ရပ်နေတဲ့ ကားကို မီအောင် စီးနိုင်ဖို့ပဲ စိတ်ထဲမှာ ရှိနေတယ်။

ဒါမှ မစန်း ပါသွားတဲ့ကားကို မီမှာ မဟုတ်လား။ ကားကလည်း ကျွန်တော့်ကို ရပ်စောင့်နေတယ်။ ကျွန်တော် ကားဆီကို အပြေးလေး သွားနေတုန်း ရုတ်တရက် လူနှစ်ယောက်က ကျွန်တော့်ရှေ့က ဝိတ်ရပ်လိုက်တယ်။ ဒီလောက် အရေးကြီးတဲ့အချိန်မှာ နှောင့်ယှက်ခံရလို့ ကျွန်တော် ဒေါသထွက်သွားမိတယ်။ ကားက ဘီးလိမ့်စ ပြုနေပြီး ကျွန်တော့်က သူတို့ကြားကနေ ကားဆီကို ပြေးလိုက်ဖို့ ကြိုးစားပေမယ့် အရာမထင်တော့ဘူး။ သန်မာတဲ့ လက်အစုံက ကျွန်တော့်ကို မလှုပ်သာအောင် ချုပ်ကိုင်ထားလိုက်ပါပြီ။

"ဟေ့ လူတွေ ဘာလုပ်တာလဲ၊ လွှတ်ပါဗျ၊ ကျွန်တော် ဒီကားနဲ့ လိုက်မှဖြစ်မယ်၊ အရေးကြီးလို့ပါ" ကျွန်တော့် ဖါးစပ်က အော်ဟစ်ရုန်းကန်နေဆဲမှာပဲ ကားက ထွက်သွားခဲ့ပါပြီ။

"ဖြည်းဖြည်းပေါ့ ကိုယ့်လူရာ ငါတို့က လူဆိုးထိန်းဘွေလေ၊ ဒီကားဆိပ်မှာ ကျက်စားနေတဲ့ မင်းတို့လို 'ခါး' တွေကို စောင့်ကြည့်နေတာကွ၊ မင်းတို့ ဘယ်နှစ်ယောက်လဲ၊ မင်းအပေါင်းအသင်းတွေ ဘယ်မှာလဲ ပြောစမ်းကွာ. . ." တဲ့။

ကျွန်တော် ထူပူသွားပါတယ် မထင်မှတ်ဘဲ ဝင်လာတဲ့ ပြဿနာအတွက်လည်း အတော် စိတ်ညစ်သွားမိပါတယ်။ ကြောက်တော့ မကြောက်ပါဘူး။ ကျွန်တော်က သူတို့ ထင်သလို ခါးပိုက်နှိုက်မှ မဟုတ်ဘဲ၊ မမစန်းနဲ့ လွဲသွားခဲ့ရတဲ့ အတွက်သာ ကြိတ်မနိုင်ခဲမရ ဖြစ်နေမိတာပါ။

"ကဲ ဥက္ကကြီး ဒီကောင်ကို ရှာချင်တယ်၊ သက်သေအနေနဲ့ ကြည့်လုပ်ပေးပါဗျာ၊ ဒီကောင့် ကျွန်တော့်တို့ စောင့်ကြည့်နေတာ ဒီကောင်ဒီနယ်မြေမှာ ခြေရှုပ်နေတာ တော်တော်ကြာပြီလေ"



လူဆိုးထိန်းက အသင့်ပါလာဟန်တူတဲ့ လူကြီးနှစ်ယောက်ကို လှမ်းပြောလိုက်ပါတယ်။

ဩော် ဖြစ်မှဖြစ်ရလေလို့ ကျွန်တော် မြည်းတမ်းလိုက်မိပါတယ်။ ဒီနယ်မြေတစ်ဝိုက်မှာ ခြေရာချင်း ထပ်အောင် လှုပ်ရှားနေမိတဲ့အတွက် ကျွန်တော့်ကို လူဆိုးထိန်းတွေ ခါးပိုက်နှိုက်ဆိုပြီး မသင်္ကာ ဖြစ်နေပါရောလား။

"ဟောဒီမှာတွေ့ပြီ၊ ပိုက်ဆံတွေ တော်တော်များတယ်"

ကျွန်တော့်ကိုယ်မှာ စလွယ်သိုင်း လွယ်ထားတဲ့ လွယ်အိတ်ထဲမှာ ပိုက်ဆံတွေ တွေ့သွားတယ်လေ။ အဲဒါ ဘာဖြစ်သလဲ၊ ကျွန်တော့် ပိုက်ဆံတွေပဲ ပစ္စည်းဝယ်ဖို့ ယူလာတဲ့ ငွေ ငါးထောင်လေ၊ တည်းခိုခန်းမှာ ထားခဲ့ရမှာ စိတ်မချလို့ အပြင်ထွက်တိုင်း ကိုယ်နှင့်မကွာ ယူလာခဲ့တာပါ။ ဒါဟာ ကျွန်တော့်အပြစ်လားဗျာ။

ကျွန်တော် အယ်လိုမှ ရှင်းပြလို့ မရတော့ပါကလား။ သူတို့ ထုံးစံအတိုင်း စခန်းကျမှ ရှင်းတဲ့စခန်းကို လိုက်ရတော့မှာပေါ့၊ ဖြစ်ပါတယ်။ ကိစ္စမရှိပါဘူး။ အခြေအနေမှန်ကို ရှင်းပြလိုက်ရင် ပြီးသွားမှာပါဆိုတဲ့ ကျွန်တော့်ရဲ့ အထင်ဟာ တက်တက်စင်အောင် လွဲခဲ့ရကြောင်း ရဲစခန်းရောက်တော့မှ သိလိုက်ရပါတော့တယ်။

"ဆရာ ကျွန်တော်တို့အပိုင်မှာ ခြေရှုပ်နေတာ ဒီငနဲပေါ့၊ ကားမှတ်တိုင်မှာ မသင်္ကာလို့ ဖမ်းစစ်တော့ ငွေတွေ အများကြီးနဲ့ တွေ့လို့ မသင်္ကာတာနဲ့ ဆွဲလာခဲ့တယ်"

ရဲစခန်းရောက်တော့ စားပွဲတစ်လုံးမှာ စာထိုင်ရေးနေတဲ့ အသားမည်းမည်း၊ ပုပုညှက်ညှက် လူတစ်ယောက်ဆီ ခေါ်သွားပြီး အစီရင်ခံနေကြတယ်လေ။

သူတို့ဆရာဆိုတဲ့ အသားမည်းမည်း၊ ပုပုညက်ညက်လူက ခေါင်းကြီးတညိတ်ညိတ်နဲ့ ကျွန်တော့်ကို အထိုင်ခိုင်းတယ်။ နောက် ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြည့်ပြီးတော့ ဟာ မောင်ကျော်ပါ လားကွဲ။

"ငါ့ကို မမှတ်မိဘူးလားကွ၊ မင်းဆရာ ကျိုးကန်းတို့အုပ်စုကို ထောင်ထဲထည့်လိုက်တဲ့ လူဆိုးထိန်း ထွန်းထွန်းလေကွာ၊ တိုက်တိုက် ဆိုင်ဆိုင် ငါရောယူးတက်ပြီး ဒီစခန်း ပြောင်းလာတာ ဘာကြာသေး လဲကွ။ မင်းနဲ့ငါ ရေစက်မကုန်သေးဘူးထင်ပါရဲ့ကွာ" ဆိုပြီး တဟား ဟား ရယ်လိုက်သံဟာ ကျွန်တော့်အဖို့ လိပ်ပြာလွင့်စင်မတက် တုန် လှုပ်သွားခဲ့ရပါတယ်။ စောစောက တည်တည်ငြိမ်ငြိမ် ရှိနေတဲ့ ကျွန် တော့် အမူအရာဟာ ခုတော့ မတည်ငြိမ်နိုင်တော့ပါဘူး။ ဟန် မဆောင်နိုင်တော့ပါဘူး။ ပြသနာတော့ ပေါ်ပြီထင်ပါရဲ့။

"နေစမ်းပါဦး မောင်ကျော်ရ၊ မင်းကို ခြေချုပ်နဲ့ မြစ်ကြီးနား ဘက် နယ်နှင်ထားတယ် မဟုတ်လားကွ၊ ဘယ်နှယ့် ဒီပြန်ရောက် နေရတာလဲဟ။ တော်တော်ခက်တဲ့ ကောင်ပါလားကွာ။ ငါတော့ အလုပ်ရှုပ်ဦးတော့မှာပဲ" ဆိုပြီး တဖျစ်တောက်တောက် ပြောနေ ညည်းညူနေတဲ့ လူဆိုးထိန်းကြီးကို ပါးစပ်အဟောင်းလောင်းနဲ့ ငေး ကြည့်နေမိပါတယ်။ ဘာမှ မပြောနိုင်တော့ဘူး။ ကျွန်တော့်အဖြစ် က ကျားရှေ့မှောက်ရက်လဲရသလိုပါလား။

ခုအခြေရောက်ပြော့ ကြမ္မာဆိုးကို ရိုးမယ်ဖွဲ့ရုံကလွဲလို့ ဘာမှ မတတ်နိုင်တော့ပါဘူးလေ၊ မမစန်းအတွက် ကြိုးစားခဲ့ရသမျှဟာ သဲရေကျဖြစ်ရပြီ ထင်ပါရဲ့။

* * *

## အခန်း (၁၀)

ကျွန်မဟာ စာကို အပြင်းအထန် ကြိုးစားခဲ့ပါတယ်။ စားချိန်၊ အိပ်ချိန်ကလွဲလို့ စာအုပ်တွေကြားမှာ အချိန်ကုန်နေတဲ့အတွက် လူတောင် ပိန်ကျသွားပါတယ်။ ကျွန်မအဖြစ်က ရယ်စရာတော့ အကောင်းသား၊ တခြားကျောင်းသားတွေ စာကြိုးစားတာ ၁၀ တန်း အောင်ချင်တာဟာ တက္ကသိုလ်သွားချင်လို့ ဘဝတက်လမ်း ပွင့်ဖို့ ဆိုတာတွေ မပါပါဘူး။ ရင်ထဲက ခံစားချက်တွေ ဝေဒနာ သက်သာ စေဖို့ ကျောင်းစာတွေ ကြားမှာ ဘဝကို မြှုပ်နှံလိုက်ခြင်းသာ ဖြစ် ပါတယ်။

ပတ်ဝန်းကျင်ကို ကြောက်သန့်လို့ ကိုယ့်စိတ်ကိုယ်မလုံဖြစ်နေ တဲ့ ကျွန်မဟာ ကျူရှင်မှာလည်း တခြားကျောင်းသူတွေနဲ့ မရောဘဲ အေးအေးနေခဲ့မိပါတယ်။ ဒီကျူရှင်မှာ အပေါင်းအသင်းဆိုလို့ ကျွန်မ နဲ့ ခေါ်ခုံကညီးထိုင်တဲ့ စောစောဦးဆိုတဲ့ ကောင်မလေးတစ် ယောက်ပဲ ရှိပါတယ်။ သူက ဒီနှစ်မှ ၁၀ တန်း စဖြေတာပါ။ သူ့ ဖေဖေက ကုန်သွယ်ရေး (၁) ရုံးမှာ လုပ်တယ်ဆိုတာ သိရတော့ ပိုပြီး ရင်းနှီးသွားသလိုပါပဲ၊ ကျွန်မ ဖေဖေနဲ့ တစ်ရုံးတည်းလေ။ သူက ကျောင်းပြောင်းကနေပြီး ကျူရှင်လာတက်တာပါ။ ကျွန်မလို ပဲ စာကို သဲသဲမဲမဲ ကြိုးစားတော့ အသွင်တူဖြိုး ပေါင်းမိခြင်း ဖြစ်မှာ ပါ။

တစ်နေ့. . . .

ကျွန်မနဲ့ စောစောဦးဟာ မနက်ပိုင်း အတန်းမလွှတ်သေးလို့ အတန်းတွင်း ဝင်မရသေးတာနဲ့ ကျူရှင်ရှေ့က တိုက်ရိပ်မှာ ရပ်စောင့်ရင်း စကားပြောနေပါတယ်။

အဲသည်တုန်းက စောစောဦးက ကျွန်မကို မသိမသာ လက်ကုတ်ပြီး ရှေ့ဘက်က လက်ဖက်ရည်ဆိုင်ကို မေးငေါ့ပြပါတယ်။

တိုက်လှေကားမှာ ဖွင့်ထားတဲ့ လက်ဖက်ရည်ဆိုင်ပါ။ ခုံပုကလေးတွေကို ပလက်ဖောင်းမှာ ချထားပါတယ်။ လက်ဖက်ရည်သောက်နေသူတွေ စည်စည်ကားကားနဲ့ပါ။ နေ့စဉ် တွေ့မြင်နေရတဲ့ မြင်ကွင်းတစ်ခုမို့ ကျွန်မ အနေနဲ့ မထူးခြားလှပါဘူး။

"ရှေ့ဆုံးကစားပွဲမှာ ထိုင်နေတဲ့ လူကြီးလေးယောက်က စာရေးဆရာတွေလေ၊ မျက်မှန်နဲ့ အသားညိုညိုက စာရေးဆရာ ဒေါက်တာ အုန်းမောင်တဲ့။ သူ့သမီးက ကိုယ်တို့ကျူရှင်မှာ တက်နေတာကွ၊ သူ့ရှေ့ တစ်ခုံကျော်က ကောင်ပလေးပေါ့၊ မျက်မှန်ထူထူ အသက်ငယ်ငယ်နဲ့ဟာက စာရေးဆရာ ညီညီနိုင်တဲ့၊ သူ့ဘေးက ထောင်ထောင်မောင်းမောင်း ရုပ်ချောချောနဲ့က တက္ကသိုလ် စိန်တင် ဆိုတာပေါ့။ ဟိုဘက်က ဘဲမြီးဆံပင် ဘောင်းဘီရှည်နဲ့ ဆေးပြင်းလိပ်ခဲထားတာ ဟာသစာရေးဆရာ အီကြာကွေးတဲ့။

ကျွန်မက စောစောဦးကို တအံ့တသြနဲ့ ငေးကြည့်လိုက်မိပါတယ်။ စောစောဦးက စာပေကို ဝါသနာပါသူမို့ စာပေဟောပြောပွဲတွေကို တက်ရောက် နားထောင်လေ့ရှိတာမို့ စာရေးဆရာတွေကို မြင်ဖူးနေခြင်းဖြစ်ကြောင်း နောက်မှ သိရပါတယ်။ ဒါကြောင့်လည်း ဒီကလေးမ မြန်မာစာမှာ တော်နေခြင်း ဖြစ်ရမှာပါ။



ဟောဟိုမှာ လာနေတဲ့လူကြီးသုံးယောက် စာရေးဆရာ၊ ပန်းချီဆရာတွေပဲလို့ ပြောတော့ ကျွန်မ လှမ်းအော်လိုက်မိတယ်။ ဒီသုံးယောက်ထဲ ဆံပင်ရှည်ရှည် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေနဲ့ နားကြပ်တပ်ထားတဲ့ သူကို ကျွန်မ မြင်ဖူးသလို ရှိသား ဘယ်မှာ မြင်ဖူးတယ်ဆိုတာ စဉ်းစားလို့ မရဘူး။

"ယူ မမြင်ဖူးဘူးလား။ အဲဒါ ပန်းချီဆရာ အောင်စိုးဆိုတာလေ၊ ရုပ်ရှင်ထဲမှာ ပါနေတာပဲ" စောစောဦး ပြောမှပဲ မှတ်မိသလို ရှိသွားတယ်။ ကျွန်မ တော်တော် အ,သေးပါလား။ ဟိုအရပ်ရှည်ရှည် နဖူးပြောင်ပြောင်နဲ့ ရုပ်ရှင် လူကြမ်းလို မှုန်တေတေနဲ့ လူကြီးက ထောင်ဝတ္ထုရေး ဆရာကျော်မြသန်းတဲ့၊ သူ့ဘေးက ဆံပင်ရှည်ရှည်နဲ့ လူကြီးက စာရေးဆရာ နီလေးမောင်ဆိုတာပေါ့"

ဟင် နီလေးမောင်ပါလား၊ ကျွန်မရင်ထဲ လှုပ်ခနဲ ဖြစ်သွားပါတယ်။ သူဟာ ကျွန်မတို့ ဇာတ်လမ်းကို ဝတ္ထုရေးခဲ့တဲ့ စာရေးဆရာပါလား။ နောက်ပြီး ကျွန်မတွေ့ချင်၊ ငံ့ဝမ်းချင်နေတဲ့ စာရေးဆရာပါလား။

စောစောဦးဟာ စာဖတ်ဝါသနာပါသူဆိုတော့ စာရေးဆရာတွေကို သိနေသလို သူတို့ဝတ္ထုတွေလည်း ဖတ်ဖူးပါလိမ့်မယ်။

ကျွန်မ မျက်နှာပြင်ပေါ်မှာ သွေးရောင် လွှမ်းသွားပါတယ်၊ စောစောဦးဟာ ကျွန်မတို့အကြောင်းကို ဖတ်ဖူးပြီး ကျွန်မကိုကော သိနေလေသည်လား။ တကယ်တော့လည်း ကျွန်မတသာ အတိတ်ဇာတ်လမ်းရဲ့ ခြောက်လှန့်မှုကြောင့် လိပ်ပြာမလုံခြင်းသာ ဖြစ်ပါတယ်။

သည်နေ့ အတန်းထဲမှာ ဆရာ ဘာတွေသင်နေတယ်ဆိုတာ

ကိုအောင် သေနိုင်အောင် ကျွန်မစိတ်တွေ ထွေပြားနေပါကယ်။ မောင်ကျော်နဲ့ပတ်သက်လို့ ကျွန်မ မတွေ့ချင်နေတဲ့ စာရေးဆရာကို ခုတော့ မမျှော်လင့်ဘဲ လာတွေ့နေရပြီကော ဘာဆက်လုပ်ရမှာ လဲ။ ဝင်တွေ့ပြီး စုံစမ်းရရင် ကောင်းမလား။ ကျွန်မကို အထင် အမြင် သေးသွားနိုင်သလား၊ ဝေခွဲလို့ မရအောင် ဖြစ်နေပါတယ်။ ကျွန်မ တွေ့ချင်၊ စုံစမ်းချင်တဲ့ စာရေးဆရာကို တကယ်တမ်း တွေ့ ပြီဆိုတော့လည်း မဝံ့မရဲ ဖြစ်နေပြန်ပါတယ်။

ကျွန်မဟာ စာရေးဆရာ နီလေးမောင်ကို တွေ့ဆုံစုံစမ်းရေး စောစောဦးကို အကူအညီတောင်းဖို့ စဉ်းစားမိတယ်။ စာရေးဆရာ နဲ့ ပတ်သက်ရင် သူက ကျွန်မထက်ပို၍ နှံ့စပ်တယ် မဟုတ်လား။

ဒါပေမဲ့ ဒီစိတ်ကူးကို ချက်ချင်း ပြန်ဖျက်ရပါတယ်။ ကျွန်မ အဖြစ်က လူသိမခံနိုင်ဘူး မဟုတ်လား။

စောစောဦးကို မသိမသာ မေးကြည့်တော့ ကျွန်မတို့ ကျူရှင် ခန်းနဲ့ ကပ်နေတဲ့ တိုက်ခန်းကို နီလေးမောင် အမြဲလိုလာနေတာ တွေ့ကြောင်း၊ အခြားစာရေးဆရာများနှင့် ကျူရှင်ရှေ့က လက် ဖက်ရည်ဆိုင်မှာ ထိုင်တတ်ကြောင်း သိရပါတယ်။

ကျွန်မတို့ ၁၀ တန်းစာမေးပွဲကလည်း နီးကပ်လို့ လာနေပါ ပြီ။ စာကြည့်လို့ မရပြန်ပါဘူး။ အနယ်ထိုင်စပြုနေတဲ့ ရင်ထဲက ဝေဒနာဟာ ပြန်လည်နိုးထလို့ လာခဲ့ပြန်ပါတယ်။

အတန်းထဲမှာ ငေးငေးငိုင်ငိုင်ဖြစ်နေတဲ့ ကျွန်မကို ဆရာက တောင် သတိပေးယူရပါတယ်။ ပျံ့လွင့်နေတဲ့ စိတ်အစဉ်ကို စာထဲ ရောက်အောင် ကြိုးစားပေမယ့် မရဘူး။ ခုတော့ ရင်ထဲမှာ ပါမြည့် မြည့် ခံစားနေရတဲ့ ဝေဒနာကို ကုစားနိုင်ဖို့အတွက် ကျွန်မဟာ



အရာရာကို ရင်ဆိုင်ရတော့မှာပါ။ ရှက်တာ၊ ကြောက်တာ အထင် အမြင်သေးခံရမှာကိုလည်း ကျွန်မ မမှုနိုင်တော့ပါဘူး။ မီးရောင်ကို ရှေ့ပြောင်ထင်လေခြင်းရယ်လို့ ကဲ့ရဲ့ပြစ်တင်လာရင်လည်း ခံပါ တော့မယ်။

ကျွန်မအလာကို ယုံစားလို့ မျှော်လင့်စောင့်စားနေရှာတဲ့ မောင်ကျော်ကို တွေ့နိုင်မယ့် တစ်ခုတည်းသော သဲလွန်စလေးကို တော့ ကျွန်မဟာ မစွန့်လွှတ်နိုင်တော့ပါဘူး။

ဒါကြောင့် စာရေးဆရာ နီလေးမောင်ကို တွေ့ဆုံပြီး စုံစမ်း ဖို့ ဆုံးဖြတ်လိုက်ပါပြီ။

* * *

## အခန်း (၁၁)

စုံစမ်းပါတယ်။ ကျုပ် သက်လုံမီသလောက် စုံစမ်းပေမယ့် မထူးပါဘူးလေ။ အမြန်ဆုံး ပြန်လာခဲ့ပါ့မယ်လို့ ပြောသွားခဲ့ပေမယ့် ခုအချိန်အထိ ပြန်ရောက်မလာလို့ ကျုပ်စိတ်ပူနေရပြီကော။ ဆိုင် အတွက် လိုအပ်တဲ့ပစ္စည်းဝယ်ဖို့ဆိုပြီး ရန်ကုန်ထွက်သွားတာ ကြာ လှပါပြီကော။ မွေးစားသားဆိုပေမယ့် မောင်ကျော်ကို ကျုပ်သား အရင်းလို သဘောထားခဲ့ပါတယ်။ ချစ်လည်း ချစ်တယ်၊ အားလည်း ကိုး ပါတယ်။ ဒါပေမဲ့ ဒီကလေးရဲ့ စိတ်သဘောကို ကျုပ်တော့ နားမလည်နိုင်အောင် ဖြစ်နေရတယ်။

သူ့မှာ ပြဿနာတစ်ခုတော့ ရှိနေတာဖြစ်မယ်၊ ဒီတစ်ခါ ပြန်ရောက်လာပြီးကတည်းက သူဟာ ရဲစခန်းကို ခကြာခဏ ဝင် ထွက်နေတာကို သတိပြုမိတယ်။ ကျုပ်တတော့ မသိချင်ယောင် ဆောင်နေပါတယ်။

ကျုပ်ဟာ သူ့ကို ငယ်ငယ်လေးကတည်းက မွေးကျွေးလာခဲ့တာဖြစ်လို့ သူ့အကြောင်းကို သိနေပါတယ်။ မဟုတ်တာတော့ လုပ်မယ့် ကလေး မဟုတ်ပါဘူး။ ပထမတစ်ခါတုန်းက ဆိုင်က ပစ္စည်းတွေ ပျောက်လို့ သူ့တာဝန်မကောင်းဘူးဆိုပြီး ထွက်ပြေးသွားတာ သဘာဝကျပါတယ်။ ဒီတစ်ခါ ထွက်သွားတာကကော ဘာကြောင့်လဲ။ ပစ္စည်းဝယ်ဖို့ ငွေငါးထောင် ယူသွားတာတော့ မှန်ပါတယ်။ ဒီငွေကြောင့်လည်း မဖြစ်နိုင်ဘူး။ ဆိုင်က ငွေရေးကြေးရေးကိစ္စကို သူ ဦးစီးလုပ်နေတာပဲ။ ဒီလိုလုပ်စရာ အကြောင်းမရှိပါဘူး။ နောက်ပြီး ကျုပ်မရှိရင် ကျုပ်ပိုင်တဲ့ပစ္စည်းအားလုံး သူပဲပိုင်ဆိုင်ရမှာပါ။ သူလည်း သိပါတယ်လေ။

လမ်းမှာ တစ်ခုခုများ ဖြစ်နေလို့လား။ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ။ ရန်ကုန်မှာ ကားတွေဘာတွေများ တိုက်မိလို့များလား။

ဘယ်သူ့ကို မေးရမှာလဲ။ ဘယ်လိုစုံစမ်းရမှာလဲ။ ကျုပ်ကိုယ်တိုင် ရန်ကုန်ကို လိုက်သွားဖို့တောင် စဉ်းစားသေးတယ်။ အသက်အရွယ်က ထောက်နေပြီမို့ ဒီအကြံကို စွန့်လိုက်ရတယ်။ သူများလွှတ်ဖို့ဆိုတာကလည်း ကိုယ်ခွဲက မရှိ။ အို. . . ဒီကလေးအတွက် စိတ်ပူရလွန်းလို့ ခေါင်းတွေနောက်ပြီး ရူးမလောက်ဖြစ်နေရပြီ။

နားလည်တဲ့သူတွေ 'အကြံပေးလို့ ရဲစခန်းမှာ လူပျောက်မှုသွားတိုင်ပါတယ်။ ပိုတောင်ဆိုးနေပါရောလား။ မောင်ကျော်ဟာ ၁၅ ရက်တစ်ခါ ရဲစခန်းမှာ လက်မှတ်လာထိုးရမှာတဲ့။ မလာလို့ သူတို့ကလည်း ရှာနေတယ်ဆိုပဲ။ ဘာတွေလဲ၊ ကျုပ်လည်း ဘာမှ မသိပါလား။ စိတ်ကလည်းညစ်၊ ဘာဆက်လုပ်ရမှန်း မသိနဲ့၊ ဒီကြားထဲ လူယုံထားတဲ့ အလုပ်သမားတွေက ငွေတွေခိုးလို့ ပြဿနာ



တွေကတက်၊ အိုကြီးအိုမနဲ့ ဒီဒုက္ခတွေကို ကျုပ် ဘယ်လောက် ခါးစီးခံနေရဦးမှာလဲ မသိဘူး။ တစ်ခါတလေ ဆိုင်ကိုဖြုတ်လိုက်ဖို့တောင် စိတ်ကူးမိတယ်။ ကွယ်လွန်သူ ခင်ပွန်းဖြစ်သူရဲ့ လက်ငုပ်လက်ရင်းဖြစ်လို့ မပျောက်ပျက်စေချင်လို့သာ လုပ်နေရတာပါ။ စိတ်လည်းတုန်လှုပါပြီ။ ဆားမှော်ကအိမ်ကို ပြန်မကြည့်နိုင်တာကိုကကြာလှပေါ့။ အလုပ်သမားတွေကို စိတ်မချရလို့ ကိုယ်တိုင်ဆိုင်ထိုင်နေရပြန်တော့ အလုပ်ရှုပ်တာကတစ်မျိုး၊ ဒီကလေးအတွက် စိတ်ပူရတာက တစ်မျိုးနဲ့ တော်တော်စိတ်ဆင်းရဲရပါတယ်၊ အရေးထဲလာပြန်ပြီတစ်မျိုး၊ ရဲစခန်းက အခေါ်လွှတ်လိုက်သတဲ့။ စခန်းမှူးက တွေ့ချင်လို့ဆိုလား။

* * *

## အခန်း (၁၂)

ဆရာနီလေးမောင်ကို တွေ့ချင်လို့လား ရှိပါတယ်။

အဲဒီလေ့ကားကနေ အပေါ်ထပ်ကို တက်သွားပါဆိုတဲ့ အသံစူးစူးကို ကြားလိုက်ရတယ်။ အောက်ထပ်က စာပြင်ဆရာကြီးရဲ့ အသံပါ။ ကျွန်တော့်ဆီကို လာနေကျမဟုတ်တဲ့ ဧည့်သည်တွေလာရင် ပြောနေကျ သူ့ရဲ့လမ်းညွှန်ချက်ပါ။

ခဏကြာတော့ ပုံနှိပ်စက်ရဲ့အပေါ်ထပ်ရှိတဲ့ ကျွန်တော့်ရဲ့ အယ်ဒီတာစားပွဲရှေ့ကို မိန်းကလေးတစ်ယောက် ရောက်လာပါတယ်။ ကျွန်တော်က ပန်းချီဆရာတင်ထွဏ်းနဲ့ တိုင်ပင်ညှိနှိုင်းနေတဲ့ မဂ္ဂဇင်းမျက်နှာဖုံးကိစ္စကို ခဏချပြီး သည်မိန်းကလေးကို ကြိုဆိုနေရာပေးလိုက်ရပါတယ်။ ဒီနှစ် ၁၀ တန်းဖြေမယ့် ကျောင်းသူတစ်ယောက်ဆိုတာ ခန့်မှန်းမိတယ်။

ဒါပေမဲ့ ဒီမိန်းကလေးဟာ ကျွန်တော်မသိဘူးတဲ့ မျက်နှာစိမ်းဖြစ်နေတယ်။ ဒီလိုပဲလေ၊ တစ်ခါတစ်ခါတော့လည်း စာရေးဆရာတွေ၊ ပန်းချီဆရာတွေဟာ ကိုယ်တိုင်မလာအားတဲ့အခါမှာ ညီမတော်၊ တူမတော်လေးတွေကို စာအုပ်ယူဖို့ စာမူထုတ်ဖို့ လူကြုံပါးတတ်တာလည်း ရှိတာယ်မဟုတ်လား။

ဒီလိုဆိုရင်လည်း ဟိုကမှာလိုက်တဲ့ စကားကို ပြောပြ။ စာပို့လိုက်ရင်လည်းထုတ်ပေး။ ကျွန်တော်က လိုအပ်တာလုပ်ပေးလိုက်ရင် ကိစ္စပြတ်ရော။

ခုတော့ ဒီမချောက ဘာစာမှုလည်း ထုတ်မပေး၊ ဘာစကားမှုလည်း မပြောတော့ ကျွန်တော်စိတ်မရှည်ချင်တော့ဘူး။ ကျွန်တော့်ပန်းချီဆရာနဲ့ လုပ်လက်စ အလုပ်တွေက တန်းလန်း၊ ဒီဆရာကလည်း တစ်ခါတစ်ခါ တွေ့နိုင်ဖို့ဆိုတာ ခက်ခဲတိခြင်း၊ နောက်ဆုံးတော့ ကိုယ်ကပဲစလို့ သူ့ကိစ္စကို မေးရပါတော့တယ်။ သည်တော့မှ မချောက စုံစမ်းစရာရှိလို့ပါတဲ့။ ပြောပါ. . . စာမူကိစ္စလား၊ ဖြန့်ချိရေးကိစ္စလား ဆိုတော့လည်း ခေါင်းခါတယ်။ မဟုတ်ပြန်ဘူးတဲ့။ ကျွန်တော်လည်း တော်တော်စိတ်ကုန်သွားတယ်။ ဟဲ ဒါဖြင့်လည်း ပြောစရာရှိတာ ပြောတော့ဆိုတဲ့သဘောနဲ့ သူ့မျက်နှာကို လှမ်းကြည့်လိုက်တယ်။ သည်တော့မှ အရေးကြီးတဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါတဲ့။ ခပ်တိုးတိုးပြောတော့ အေးနားက ပန်းချီဆရာဟာ အလိုက်သိစွာနဲ့ပဲ နှုတ်ဆက်ပြီး ထွက်သွားပါတယ်။

ကျွန်တော်က စိတ်ဝင်စားစွာနဲ့ မိန်းကလေးကို အကဲခတ်ရပါပြီ။ ရင့်ကျက်တည်ငြိမ်မှုဟာ နုငယ်လှပတဲ့ မျက်နှာပေါ်မှာ ယှက်သန်းနေတာကို သတိပြုမိပါတယ်။ အခြားသော သည်အရွယ်



မိန်းကလေးတွေ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရှက်ကိုးရှက်ကန်း မဝံ့မရဲအမူအရာမျိုးလည်း ကင်းနေပြန်ပါတယ်။

"ကျွန်မနာမည် စန်းစန်းမူပါဆရာ၊ ဟိုဘက်က တစ်သုံးလုံးကျူရှင်မှာ တက်ပါတယ်။ ဆရာ ဒီတိုက်ခန်းထဲ ဝင်ဝင်သွားတာတွေ့လို့ သိချင်တာလေး ရှိတာပဲ. . ."

မိန်းကလေးဟာ ခဏစကားပြော ရပ်သွားပါတယ်။ ဆက်ပြောရမယ့်စကားကို စဉ်းစားနေပုံပါပဲ။

အဲသည်တုန်းက ကျွန်တော့်ရဲ့ ဖြစ်ရပ်မှန်မှခင်းမဂ္ဂဇင်းကို ၃၃ လမ်းထဲက သိဒ္ဓိမြိုင်ပုံနှိပ်တိုက်မှာ ရိုက်နေတဲ့အချိန်ပါ။ အယ်ဒီတာရုံးခန်းကိုလည်း ပုံနှိပ်တိုက်ရဲ့ ထပ်ခိုးလေးပေါ်မှာ ဖွင့်ထားတာမို့ နေ့စဉ်ဒီပုံနှိပ်တိုက်ကို ဝင်ထွက်နေခဲ့တာပါ။

တစ်သုံးလုံးကျူရှင်ဆိုတာ ပုံနှိပ်တိုက်နဲ့ အေးချင်းကပ်နေတဲ့ အခန်းပါ။ စာရေးဆရာ ဒေါက်တာအုန်းမောင်အစ်ယောက်၊ အဲဒီကျူရှင်မှာတက်နေတဲ့ သမီးဖြစ်သူကို လာကြိုရင်း ကျွန်တော့်ဆီဝင်ပြီး စကားပြောလေ့ရှိတာမို့ ဒီကျူရှင်ကို သတိပြုမိနေတာပါ။

အင်းလေ စန်းစန်းမူဆိုတဲ့အမည်လောက်နဲ့တော့ ဆရာဟာ ကျွန်မကို ဘယ်သိနိုင်မှာလဲနော်တဲ့၊ အကင်းပါးလှတဲ့ မိန်းကလေးဟာ ဇဝေဇဝါ ဖြစ်နေပုံရပဲ့ ကျွန်တော့်မျက်နှာကို အကဲခတ်မိလိုက်ပုံ ရပါတယ်။ ကျွန်တော်က မဆေးပေါ့လိပ်ကို မီးညှိရင်း သူမ ပြောမယ့်စကားကို နားစွင့်နေမိပါတယ်။

"တစ်ခါက ဆရာရေးသားခဲ့ဖူးတဲ့ သွေးလမ်းပေါ်မှာ တွေ့ရတဲ့က စန်းစန်းမူဆိုရင်တော့ ဆရာ မှတ်မိနိုင်မှာပါနော်"တဲ့. . .

ကျွန်တော် သူ့မျက်နှာကို တအံ့တဩ ကြည့်လိုက်မိပါတယ်။

စန်းစန်းမူဆိုပါလား၊ ရုတ်တရက် ချစ်ထွေးကို သတိရလိုက်ပါတယ်။ ချစ်ထွေး၊ မောင်ကျော်၊ စန်းစန်းမူတို့ရဲ့ ရင်နင့်စရာ ဖြစ်ရပ်ကို ပြန်လည် မြင်ယောင်လာမိပါတယ်။

စန်းစန်းမူဆိုတဲ့ မိန်းကလေးဟာ ကျွန်တော် ထင်သည်ထက် တောင် နုငယ်ပျိုမြစ်နေပါလေသည် တကား။ ခုတော့ လုံး၀ မမျှော်လင့်ပါပဲလျက် ကျွန်တော် ရေးဖွဲ့ အသက်သွင်းခဲ့သော ဇာတ်ကောင်သည် ကျွန်တော်၏ ရှေ့သို့ ရောက်ရှိနေပါလေပြီကော။

"ဘာကိစ္စလဲ၊ ဘာကို မကျေနပ်လို့လဲ"

ရာဇသတ်ကြီး ပုဒ်မ ၅၀၀ ကို ရုတ်တရက် သတိရလိုက်သလို ဒီပုဒ်မရဲ့ ဖွင့်ဆိုချက်တွေကလည်း ခေါင်းထဲကို အစီအရီ ၀င်လာနေပါပြီ။

ကျွန်တော် ရေးဖွဲ့ခဲ့သမျှသော ၀တ္ထု၊ အသက်သွင်းခဲ့သော ဇာတ်ကောင်တွေဟာ စိတ်ကူးယဉ်၀တ္ထုနှင့် ဖန်တီးမှုဇာတ်ကောင်တွေ မဟုတ်ပါဘူး။ တကယ့်လူသားတွေရဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းဖြစ်တာမို့ ကိုယ့်အသက်သွင်းခဲ့တဲ့ ဇာတ်ကောင်တစ်ကောင်ဟာ ကိုယ့်စားပွဲရှေ့ရောက်လာပြီဆိုရင်တော့ ပျော်စရာ မကောင်းတော့ပါဘူး။ သတိသာထားပေရော့။ ဘယ်လိုပြဿနာကပ်၍ ပါလာလေမလဲ။

ကျွန်တော်ရဲ့ စာပေသက်တမ်းမှာ ဒီလို. . . ဒီလို ပြဿနာတွေ ကြုံဖူးပေါင်း များလှပါပြီမို့ စိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွားရတာတော့ အမှန်ပါ။

ဒီလိုပါ ဆရာ ကျွန်မတို့ ဇာတ်လမ်းကို ရေးထားတာ အတော့်ကို တိကျတဲ့အပြင် နောက်ဆုံး ကျွန်မတို့ ရင်ထဲက ခံစားချက်တွေ



ကိုတောင် ထွင်းဖောက်မြင်နေသလားလို့ တအံ့တသြ ဖြစ်ခဲ့ရပါတယ် ဆရာ။ သည်နောက်တော့ သူမရဲ့ ရင်မောစရာ ဇာတ်လမ်းနဲ့ စိတ်လှုပ်ရှားစရာ အတွေ့အကြုံတွေကအစ ချောက်ချားစရာ ဖြစ်ရပ်တွေကို ပြောပြန်ပါတယ်၊ စောစောက နှုတ်လေးနေတဲ့ မိန်းကလေးဟာ ခုတော့ နှုတ်သွက်အာသွက် ရှိလာပါတယ်။

နောက်ဆုံး ဆေးရုံပေါ် မှာရှိနေတဲ့ မောင်ကျော်ကို လှည့်စားပြီး ရန်ကုန်က ထွက်ခွာသွားရပုံနဲ့ မောင်ကျော်ကို တွေ့ဖို့ စစ်ကိုင်းက ပြန်လာရတဲ့ နေရာရောက်တော့ လမ်းညွှန်နိုင်လေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ရောက်လာခြင်းပါလား။

ကျွန်တော် မသိမသာ သက်ပြင်းချလိုက်မိပါတယ်။ တစ်ခါက ကျွန်တော်ဟာ ရန်ကုန်၊ မန္တလေး လမ်းဖောက်လုပ်ရေးစခန်းတစ်ခု ဖြစ်တဲ့ ရေနက်ကြီးရဲဘက်စခန်းကို လေ့လာရေးခရီး ရောက်သွားစဉ်က အဲဒီစခန်းက ထောင်ကြပ် ကိုမြင့်သိန်းက သူ့ရဲ့ အလုပ်ဆိုင်းက ရဲဘက်တစ်ဦးနဲ့ မိတ်ဆက်ပေးခဲ့ပါတယ်၊ နာမည်က ချစ်ထွေးပါ။

နောက်ဆုံး ချစ်ထွေး ရဲဘက်က ထွက်ပြေးပြီး သေဒဏ်ကျစရာ ဖြစ်ရပ်တွေ ပေါ်ပေါက်လာတော့မှ သူတို့ဇာတ်လမ်းကို ကျွန်တော် ပြည့်ပြည့်စုံစုံ သိလာရတယ်။ ဒီတော့လည်း သူတို့ ဖြစ်ရပ်ကို ရေးသားတင်ပြခြင်းဖြင့် စာဖတ်သူအတွက် အကျိုးရှိနိုင်မယ်လို့ ယုံကြည်မိတာနဲ့ ဇာတ်လမ်းပြည့်စုံအောင် ဆက်လိုက်ခဲ့တာပါ။

တရားခွင်၊ ရဲစခန်း၊ အမှုစစ် ရဲအရာရှိက အစ သည်အမှုနှင့် ပတ်သက်တဲ့ လူတွေကို တွေ့ဆုံခဲ့ရပေမယ့် မောင်ကျော်နဲ့ စန်းစန်းမူကိုတော့ မတွေ့ခဲ့ရပါဘူး။ ကျွန်တော် ဆေးရုံလိုက်သွားတဲ့အချိန်မှာ

စန်းစန်းမူက ဆေးရုံက ဆင်းလို့ သူ့မိဘတွေနဲ့ ပြန်လိုက်သွားပြီ။ မောင်ကျော်ကတော့ ဒဏ်ရာပြင်းထန်လို့ တွေ့ဆုံခွင့် မရခဲ့ပါဘူး။ စန်းစန်းမူအိမ်လိုက်သွားတော့ စစ်ကိုင်းကို လိုက်သွားတယ်ဆိုတာပဲ သိခဲ့ရပါတယ်။

နောက်တစ်ခါ မောင်ကျော်ကို တွေ့ဖို့ ဆေးရုံလိုက်သွားတဲ့အခါ မောင်ကျော်ဟာ ဆေးရုံပေါ်က လက်မှတ်ထိုး ဆင်းသွားပြီလေ။ နောက်ဆုံးတော့ မောင်ကျော်နဲ့ စန်းစန်းမူရဲ့ ရဲစခန်း အစစ်ခံချက်ကိုပဲ အားပြုရေးသားခဲ့ရတာပါ။

သည်တော့ သည်မိန်းကလေး ပျောက်လင့်သလို ကျွန်တော်ဟာ မောင်ကျော်နဲ့ ဆက်စပ်မှု မရှိတော့ မောင်ကျော်ကို တွေ့နိုင်ဖို့ မကူညီနိုင်ခဲ့ပါဘူး။

မျှော်လင့်ချက် ပြိုကွဲသွားတဲ့ မိန်းကလေးရဲ့ မျက်နှာပေါ်မှာ စိတ်ပျက်အားလျော့မှုအရိပ်တွေ ယှက်သန်းသွားတာကို သတိပြုလိုက်မိပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း တစ်စုံတစ်ရာ မကူညီနိုင်တဲ့အတွက် စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။

မိန်းကလေးဟာ နှုတ်ဆက်ပြီး ထွက်ခွာသွားတာတောင် ကျွန်တော့် ခေါင်းထဲမှာတော့ သည်အကြောင်း... ထွက်ခွာမသွားခဲ့ပါဘူး။

အဲသည်နောက်ပိုင်းမှာ ရည့်သည်လာလို့ တိုက်ရှေ့က လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်တဲ့အခါ ကျူရှင် ဆင်းချိန်၊ တက်ချိန်နဲ့ ကြုံရင် သည်မိန်းကလေးကို တွေ့ရတတ်ပါတယ်။

တစ်နေ့ မဂ္ဂဇင်းဖောင်ပိတ်ရက်မှာ ဖိုမင်ကြီးက ဖောင်ပိတ်ဖို့ စာတစ်ကော်လံစာ လိုနေလို့ ဖြည့်စာလာတောင်းပါတယ်။ ကျွန်



တော်က ဖြည့်စာရှာဖို့ သတင်းစာဖြတ်ပိုင်း ဖိုင်တွဲကြီးကို ထုတ်ယူလိုက်ပါတယ်။ ဒီဖိုင်တွဲမှာက ပြည်တွင်းပြည်ပ စာနယ်ဇင်းတွေထဲက စိတ်ဝင်စားစရာ မှိုင်ငြိမ်း ကိုးကားပြုစရာ အနှစ်နှစ်အလလက သတင်းတွေကို ဖြတ်ပြီး စုဆောင်းထားခဲ့တာပါ။

သည်ဖိုင်ကို ကြည့်ဖြစ်တာဟာ စန်းစန်းမူဆိုတဲ့ မိန်းကလေး ရှာဖွေနေတဲ့ မောင်ကျော်ကို ခြေရာခံမိဖို့ ဖန်တီးလာတယ်လို့ ဆိုနိုင်ပါတယ်။

ကျွန်တော်ဟာ ဖိုင်တွဲကို လှန်လှောလို့ သင့်တော်မယ့် "ဖြည့်စာ" ကို ရှာဖွေရင်း ချစ်ထွေး မောင်ကျော် စန်းစန်းမူတို့ရဲ့ သတင်းဖြတ်ပိုင်းတွေကို တွေ့လို့ အမှတ်မထင် ပြန်ဖတ်ကြည့်မိပါတယ်၊ တစ်ဆက်တည်းမှာပဲ စာမျက်နှာရဲ့ အောက်ခြေတစ်နေရာမှာ ကပ်ထားတဲ့ သတင်းဖြတ်ပိုင်းတိုကလေးတစ်ခုကို သတိပြုလိုက်မိပါတယ်။

"ခြေချုပ်ဖောက်တဲ့ မောင်ကျော် ထောင်ဒဏ် တစ်နှစ်ထိပြီတဲ့"

မောင်ကျော်ရဲ့ သတင်းပါလား။ ၁၆ မဲခေါင်းစီးနဲ့ မထင်မရှား သတင်းလေးကို ကျွန်တော် အမြန် ဖတ်လိုက်မိပါတယ်၊ နယ်နှင်ထားရာမှ ရန်ကုန်တွင်ပြန်၍ ရောက်ရှိနေသူ မောင်ကျော်အား ပန်းဘဲတန်းတရားရုံးမှ ထောင်ဒဏ်တစ်နှစ် အပြစ်ပေးလိုက်ခြင်းကို ဖော်ပြထားရုံမျှမက မောင်ကျော်ဆိုသူမှာ တစ်ခါက ရန်ကုန်မြို့တွင် လူသိထင်ရှားဖြစ်ခဲ့သော ရဲဘက်ပြေးချစ်ထွေး၏ အမှုတွင် သံသယသားကောင်အဖြစ် ပါဝင်ပတ်သက်ခဲ့သူဖြစ်ကြောင်း၊ မှတ်ချက်ရေးထားတာကိုပါ တွေ့လိုက်ရပါတယ်။ ဒီဖြတ်ပိုင်းလေးဟာ

ကျွန်တော်ရေးခဲ့တဲ့ ဇာတ်လမ်းရဲ့ နောက်ဆုတ်တွဲအကြောင်းအရာ ဖြစ်လို့ ဖြတ်သိမ်းထားခဲ့ခြင်း ဖြစ်ပါလိမ့်မယ်။ ရက်စွဲကို ကြည့်တော့ လွန်ခဲ့သော ၆ လခန့်က ဖြစ်နေတယ်။ အချိန်ကာလ ကွာဟခဲ့ပြီမို့ သည်အကြောင်းကို သတိမရခဲ့ခြင်းပါ။

ဘယ်လိုပဲဖြစ်စေ မောင်ကျော်ရဲ့ သဲလွန်စကိုတော့ ရခဲ့ပါပြီ။ ထောင်ဒဏ်တစ်နှစ်ကျတယ် ဆိုတော့ မလွတ်နိုင်သေးပါဘူး။ ထောင်ထဲမှာပဲ ရှိကောင်း ရှိနိုင်ပါတယ်။

ကျွန်တော်က သည်သတင်းကို သက်ဆိုင်သူကို အမြန်ဆုံး အသိပေးချင်လို့ စန်းစန်းမူ ကျူရှင်လွတ်တဲ့အခါ လှမ်းခေါ်ပြီး အကျိုးအကြောင်း ပြောပြလိုက်ရပါတယ်။ မောင်ကျော် သတင်းရတော့ သူမမျက်နှာပေါ်မှာ ပျော်ရွှင်ကြည်နူးရိပ်များ သန်းလာပေမယ့် ထောင်ကျနေတယ်ဆိုတော့ ငေးငိုင်သွားရှာပါတယ်။ သည်တော့လည်း ကျွန်တော်က စိတ်မပျက်ဖို့နဲ့ အပြင်မှာ ခြေရာပျောက်နေတာနဲ့စာရင် ခုလို ထောင်ထဲမှာ ရှိနေတာက တွေ့ရဖို့ သေချာကြောင်း လွတ်ရက်ကလည်း နီးနေပြီဖြစ်ကြောင်း အားပေးစကား ပြောရပြန်ပါတယ်။

"ကျွန်မ ထောင်ဝင်စာသွားတွေ့လို့ ရမယ် မဟုတ်လားဟင်" တဲ့ အားတက်သရော ပြန်ဖြစ်လာတဲ့ မိန်းကလေးကို ကြည့်ရင်း ကျွန်တော် သနားလာမိတယ်။ ထောင်ဝင်စာတွေ့ဖို့ဟာ သူထင်သလို မလွယ်လှဘူးဆိုတာ ကျွန်တော်က သိနေပါတယ်။ ပုဒ်မ၊ အမိန့်ချတဲ့တရားရုံး၊ ထောင်ကျနှစ်၊ ထောင်ဝင်နံပါတ်၊ အဆောင်၊ အခန်း၊ တာဝန်ကျတဲ့ အလုပ် စတာတွေကို သိရမှာပါ။ ဒီလိုအချက်တွေ မသိရင် ထောင်ဝန်ထမ်းတွေအနေနဲ့ အကျဉ်းသားကို ရှာဖို့ မလွယ်



ပါဘူး။ ဒါတွေသိခဲ့ရင်တောင် ထောင်ပြောင်းတာတို့ ရဲဘက်အလုပ်စခန်း ရောက်သွားတာတို့ကိုလည်း ထည့်တွက်ရမှာပါ။ အထူးသဖြင့် ဒီလို မိန်းမပျိုလေးတစ်ယောက်အတွက် ပိုပြီး အခက်အခဲ ရှိနိုင်ပါတယ်။ နောက်ဆုံးတော့ ကျွန်တော် တတ်နိုင်သလောက် ကူညီဖို့ စဉ်းစားမိလာပါတယ်။ တစ်ဆက်တည်းမှာပဲ အင်းစိန်ထောင်မှာ တာဝန်ကျနေတဲ့ ထောင်မှူးကြီး ဦးစိုးသိန်းကို သတိရလိုက်ပါတယ်။ ဦးစိုးသိန်းဆိုတာ စိုးဝေဆိုတဲ့ ကလောင်အမည်နဲ့ စာရေးနေတဲ့ စာရေးဆရာတစ်ယောက်ပါ။ ကျွန်တော့် မဂ္ဂဇင်းရဲ့ ပင်တိုင်ကလောင်ရှင်တစ်ယောက် ဖြစ်လို့လဲ လူချင်း ရင်းနှီးမှု ရှိနေပါတယ်။

ကျွန်တော်က ဦးစိုးသိန်းကို ချက်ချင်း ဖုန်းကောက်ဆက်လို့ မောင်ကျော် သတင်းကို စုံစမ်းလိုက်ပါတယ်။ ထောင်ထဲမှာ ရှိမရှိ ရဲဘက်စခန်း ပါမပါနဲ့ ထောင်ဝင်စာတွေ့ဖို့ကိစ္စနဲ့ တွေ့ဖို့ကိစ္စတွေကိုပါ မောင်ကျော်ရဲ့ ထောင်ဝင်နံပါတ်၊ အဆောင်၊ အခန်း၊ အလုပ်တွေကို မသိပေမယ့် မောင်ကျော်ရဲ့ အဖေနာမည်၊ ပုဒ်မ တရားရုံး၊ ထောင်ကျနှစ်တွေကိုတော့ သတင်းစားဖြတ်ပိုင်းမှာကြည့်ပြီး ပြောပြလိုက်နိုင်ပါတယ်။ နောက်ထပ် နာရီဝက်အတွင်းမှာပဲ ဦးစိုးသိန်းက ကျွန်တော့်ဆီ ဖုန်းပြန်ဆက်ပါတယ်။ ကာယကံရှင်ကတော့ ဘယ်လိုနေမလဲ မသိဘူး။ ကျွန်တော်ကတော့ အရမ်း ဝမ်းသာသွားမိပါတယ်။ မောင်ကျော်လည်း ထောင်ထဲမှာ ရှိနေတယ်။ ထောင်ဝင်စာတွေ့ဖို့ လိုအပ်တဲ့ အချက်အလက်တွေလည်း ရပြီ။ ဘာလိုသေးလဲ။

"ဆရာ ကျွန်မ နက်ဖြန် ထောင်ဝင်စာ သွားတွေ့မယ်နော်"

တဲ့။ ပျော်ရွှင်တက်ကြွနေတဲ့ မိန်းကလေးကို ကျွန်တော်က

သတိပေးရပါတယ်။ ပြက္ခဒိန်ကို ကြည့်လိုက်တော့ ဒီနေ့ တနင်္လာ ပါလား။ မနက်ဖြန် အင်္ဂါနေ့၊ ထောင်ဝင်စာသွားလို့ ဘယ်ရမှာ တုန်း။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးက အချုပ်သားတွေ ထောင်ဝင်စာ တွေ့ရက်၊ ကြာသပတေး၊ သောကြာ၊ စနေ သုံးရက်ကျမှ ရထောင် ကျတွေအတွက် ထောင်ဝင်စာရက်လေ။

* * *

## အခန်း (၁၃)

ထောင်ဝင်စာဟော့ ထောင်ဝင်စာဆိုတဲ့ အသံကြားလိုက်တာနဲ့ အကျဉ်းသားတွေရဲ့ စကားပြောသံဟာ ချက်ချင်း တိတ်သွားပါ တယ်။ လက်တစ်ဝါးစာလောက်ရှိတဲ့ ထောင်ဝင်စာပုံစံစာရွက် တစ် ထပ်ကို ကိုင်ပြီး လျှောက်လာတဲ့ ထောင်ဝါဒါ ဆရာမြအောင်ကို ဝိုင်းကြည့်နေကြပါတယ်။ သူတို့မျက်နှာပေါ်မှာတော့ အပြုံးရိပ်တွေ ဝေ့လို့ပေါ့။

မှန်ပါတယ်၊ ကမ်းမမြင်၊ လမ်းမမြင်ဘဝနဲ့ အုတ်ရိုးလေးဘက် ကြားမှာ အစားဆင်းရဲ၊ အနေဆင်းရဲ ဖြစ်နေရတဲ့ အကျဉ်းသားတွေ အဖို့ ထောင်ဝင်စာရောက်လာတဲ့ အချိန်ဟာ အပျော်ရဆုံးအချိန် ပဲ ဖြစ်ပါတယ်။

ကွဲကွာနေတဲ့ ဇနီးမယား၊ သမီးသားတွေနဲ့ တွေ့ရမယ်။ မိသား စုရဲ့ အခြေအနေကို သိရမယ်။ လိုအပ်တာကို တိုင်ပင်နှီးနှောနိုင် မယ် မဟုတ်လား။ နောက်ပြီး ထောင်ထဲမှာ မစားရတဲ့ စားကောင်း သောက်ဖွယ်လေးတွေကလည်း ဖွယ်ဖွယ်ရာရာ ပါလာဦးမှာလေ၊ ကဲ ဘယ်လောက် ကြည်နူးစရာကောင်းသလဲ။



ဒါကြောင့်လဲ အကျဉ်းသားတွေဟာ ထောင်ဝင်စာကို မျှော် လင့်တောင့်တကြသလို ထောင်ဝင်စာ တွေ့ခွင့်ရတဲ့နေ့ကိုလည်း ပျော်ရွှင်စရာနေ့အဖြစ် သဘောထားနေကြတာပါ။

ပြင်ပက လူတွေ မင်္ဂလာပွဲ၊ ဧည့်ခံပွဲ၊ မဝိုးပွဲစုံးပွဲ သွားတဲ့အခါ မှာ အဝတ်သစ်၊ အစားသစ်နဲ့ လှလှပပ သွားကြတယ် မဟုတ်လား။ ကျွန်တော်တို့ အကျဉ်းထောင် လောကမှာလည်း ထောင်ဝင်စာ ထွက်တွေ့ရတာကို အလှူမင်္ဂလာသွားရသလို သဘောထားကြပါ တယ်။ ပြင်ပနဲ့ ဆက်သွယ်ဖို့က ဒီတစ်ချက်ပဲ ရှိတာကိုး။ တချို့များ ထောင်ဝင်စာတွေ့မယ့် ရက်ဆိုရင် ပုံစံအကျီ လုံချည်လေးတွေကို သန့်ပြန့်နေအောင် လျှော်ဖွတ်ပြီး အိပ်ရာအောက်မှာ ထားပြီး အိပ် တော့ မီးပူတိုက်သလို ခေါက်ရိုးကြောင်းလေး ထင်နေတဲ့ ပုံစံအကျီ လုံချည်လေးဝတ်လို့ ရေရာဆီနဲ့ ကော့ပြန့်နေအောင် ဖြီးထားတဲ့ ဘိုကေလေးကို သလို့ ပြုံးလို့ရွှင်လို့ ရယ်လို့မောလို့လေ။

အဲဒါဟာ အခြား အကျဉ်းသားတွေကို ပြောတာပါ။ အဲဒီထဲ မှာ ကျွန်တော် မပါပါဘူး။ ဟုတ်ပါတယ်၊ ထောင်ဝင်စာဆိုတာ ကျွန်တော့်အတွက် ဘာအဓိပ္ပာယ်မှ မရှိပါဘူး။ ကြည့်လေ၊ ကျွန် တော် ထောင်ထဲရောက်တာ ခြောက်လကျော်ပြီ။ ဘယ်မှာလဲ ထောင်ဝင်စာ။ တစ်ခါမှ ထောင်ဝင်စာ မတွေ့ခဲ့ဖူးပါဘူး။ ဘယ်သူ မှလဲ မလာဘူး အင်းလေ၊ ကျွန်တော့်လို တစ်ကောင်ကြွက်အတွက် လာစရာလူလည်း မရှိပါဘူးလေ။

ထောင်ထဲမှာ ထောင်ဝင်စာ မရှိတဲ့လူဟာ အနေအထိုင် အစားအသောက်ကအစ ဆင်းရဲပင်ပန်းလှပါတယ်။ ကျွန်တော် ကတော့ ပိနေရာမှာ ကံကောင်းတယ်လို့ ဆိုရမှာပါ။ ထောင်ထဲမှာ

ကျိုးကန်းနဲ့ သွားတွေ့တယ်လေ။ အဆင်ပြေချင်တော့ သူက ကျွန်တော်တို့ အခန်းမှာ အခန်းလူကြီးတဲ့။ ကျွန်တော် ရောက်သွားတော့ ကြည့်ရှုစောင့်ရှောက်ပါတယ်။ ထောင်ဝင်စာ မရှိတဲ့ ကျွန်တော့် အတွက်လည်း သူက ခွဲဝေကျွေးမွေးပါတယ်။ နောက်ပြီး ယုံထောင် ကြောင်မိဘဝနဲ့ ထောင်ကျခဲ့ရတဲ့ ကျွန်တော့်အဖြစ်ကို ကြားတော့ တသောသောနဲ့ ရယ်မောလို့ မဆုံးဖြစ်ကုန်ကြပါတယ်။

ဟုတ်ပါတယ်၊ ကျွန်တော့်အဖြစ်ကလည်း ရယ်ရမလို၊ ငိုရမလို ဖြစ်ရတာ မဟုတ်လား၊ ကြည့်လေ၊ သုဝဏ္ဏမြို့သစ် ဘတ်စ်ကားမှတ်တိုင်မှာ ခါးပိုက်နှိုက်တွေ ကျက်စားနေလို့ နယ်မြေ လူဆိုးထိန်းတွေ ရုပ်ဖျက် စောင့်ကြည့်နေတုန်း ကျွန်တော်ကလည်း မမစန်းကို သုဝဏ္ဏမှာ မြေလှန်ရှာရင်း အဲသည်နယ်မြေမှာ ခြေရှုပ်မိ ယုံမက ကားမှတ်တိုင်မှာ မသင်္ကာစရာတွေ လုပ်မိတော့ ခါးပိုက်နှိုက်မှတ်ပြီး အထင်ခံရယုံမက အိတ်ထဲမှာ ငွေငါးထောင်ပါ တွေ့တော့ ပိုဆိုးကုန်ရော။ ပြောတောင်မပြောချင်တော့ပါဘူး။ အကုသိုလ်ဝင်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့်ကို သိနေတဲ့ လူဆိုးထိန်း ထွန်းထွန်းနဲ့ သွားတွေ့ရတယ်လို့။ ငနဲကလည်း မှတ်ဉာဏ်ကောင်းသလား မမေးနဲ့။ ကျွန်တော် မျက်နှာမြင်တာနဲ့ တန်းသိပါရောလား။

နောက်ဆုံးတော့ ခါးပိုက်နှိုက် ထင်ခံရတဲ့ကိစ္စကို ရှင်းလိုလင်းလို့ ရပေမယ့် ခြေချုပ်ဖောက်ဖျက်မှုကတော့ ဘယ်လိုလုပ်ရှင်းမလဲ။ ထောင်တစ်နှစ်တဲ့။ ထောင်ကျတာကို ဝမ်းမနည်းပေမယ့် မမစန်းနဲ့ တွေ့ခါနီးမှ ဒီလိုဖြစ်ရတာကိုတော့ တွေးမိတိုင်း ကြိတ်မနိုင်၊ ခဲမရ ဖြစ်ခဲ့ရပါတယ်။ ကျွန်တော် အရင်ကလည်း ထောင်ကျခဲ့ဖူးပါတယ်။



ဒီလောက် မခံစားရပါဘူး။ ဒီတစ်ခါတော့ အတော်လေး စိတ်ထိခိုက်ခဲ့ရပါတယ်။ တွေးစရာ၊ ငေးစရာတွေက မဆုံးနိုင်အောင် ရှိနေပါတယ်။ မမစန်းအကြောင်း၊ ဆားမှော်က ဒေါ်ကြီး အခြေအနေ၊ မိုးကောင်းက ထမင်းဆိုင်ကိစ္စ။ စဉ်းစားမိရင် ကျွန်တော့်အဖြစ်က ရှုံးချင်စရာ ကောင်းနေပါတယ်။

"မောင်ကျော်. . . ဟေ့. . . မောင်ကျော်"

ရုတ်တရက် ထွက်လာတဲ့ ကျွန်တော့်နာမည် ခေါ်သံကြောင့် အတွေးစ ပြတ်သွားပါသည်။ ထောင်ဂါဒ် ဆရာမြအောင်ဟာ ကျွန်တော့်ဘက်ကို လှမ်းကြည့်ရင်း အော်ဟစ်ပြောဆိုနေပါတယ်။

"မောင်ကျော် ထောင်ဝင်စာဟေ့"

"တွေ့လိုသူက မမစန်းမူပါတဲ့"

* * *

နိဂုံး

အချိန်မှန် ထုတ်ဝေသည့် လစဉ်ထုတ်မဂ္ဂဇင်း ဖြစ်အောင် အချိန်မီ စာဖတ်သူတို့၏ လက်သို့ ရောက်နိုင်ရေးအတွက် ထုတ်ဝေသူ၊ အယ်ဒီတာ စသူတို့မှာ နေ့စဉ်ပြေးလွှားလှုပ်ရှားနေကြရပါသည်။ စာဖတ်သူအနေဖြင့် တစ်ညတာမျှ ဖတ်ရှုရုံမျှဖြင့် ပြီးဆုံးသွားနိုင်သည့် တစ်လလုံး အပြေးအလွှား ဖတ်ဖတ်မောမျှ စီစဉ်ရိုက်နှိပ်ခဲ့ရပါသည်။

သည်လိုအချိန်မီ ထုတ်ဝေနိုင်ရေးအတွက် အဓိကအကြောင်းရပ်များတွင် အယ်ဒီတာအဖွဲ့နှင့် ပုံနှိပ်စက်ပူးတွဲရှိနေဖို့က အရေးကြီးသော အချက်တစ်ရပ် ဖြစ်ပါသည်။

ဤသို့ဖြင့် ကဝိရတနာစာပေတိုက်မှ အစပျိုးခဲ့သည့် ကျွန်တော်၏ မှုခင်းစာစဉ်သည် ပုံနှိပ်တိုက်အဆင်ပြေသည့် နေရာသို့ လိုက်၍ အယ်ဒီတာရုံးခန်း ဖွင့်ခဲ့ရပါသည်။ ထို့ကြောင့်ပင် ကဝိရတနာစာပေမှ ၃၃ လမ်း၊ သိဒ္ဓိမြိုင် ပုံနှိပ်တိုက်သို့ ရောက်ခဲ့ရသည်။ တစ်ဖန် နန်းသဇင်ပုံနှိပ်တိုက်၊ နောက်တော့ သစ္စာမင်းကျော နယ်ပုံနှိပ်တိုက်၊ ပြီးတော့ ဇမ္ဗူအောင်ပုံနှိပ်တိုက် ထိုမှတစ်ဆင့် ရွှေဥဒေါင်းပုံနှိပ်တိုက်၊ အောင်သစ္စာမိုး ပုံနှိပ်တိုက်များသို့ လိုက်၍ အယ်ဒီတာရုံးခန်း ဖွင့်ခဲ့ရသည်။ ငါးနှစ်လောက်အတွင်း ပုံနှိပ်တိုက်ပေါင်းများစွာသို့ ရောက်ခဲ့ရပါသည်။

နောက်ဆုံးတော့ တန်တော်လေး ၉၁ လမ်း၊ အမှတ် ၉၀ တွင် အယ်ဒီတာရုံးခန်း ဖွင့်ဖြစ်သော အခြေတကျ ရှိသွားပြီး၊ မနက်ပိုင်းတွင် ထိုရုံးခန်း၌ အလုပ်လုပ်၍ ညနေပိုင်းတွင် မြို့ထဲသို့ ထွက်သည်။ လက်ဖက်ရည်ဆိုင် ထိုင်ကာ ရေးဖော်ရေးဘက်များနှင့် စကားပြောဖြစ်ကြသည်။

တစ်နေ့။

ကျွန်တော်၏ အယ်ဒီတာအဖွဲ့ရုံးသို့ ဧည့်သည်ရောက်လာသည်။ အသက် ၂၅ နှစ်ဝန်းကျင် မိန်းကလေး တစ်ဦးနှင့် နှစ်နှစ်ရွယ် ကလေးငယ်တစ်ဦး ဖြစ်သည်။

ကျွန်တော်က ဧည့်သည်ကို နေရာထိုင်ခင်း ပေးသည်။

"ဆရာ ကျွန်မကို မမှတ်မိဘူးလားဟင်"

ဧည့်သည်မိန်းကလေးက ပြောသည်။ ကျွန်တော် ဇဝေဇဝါနှင့် အားနာစွာ ကြည့်မိသည်။

"ဆရာ မမှတ်မိဘူးထင်တယ်၊ ကျွန်မ စန်းစန်းမူလေ"



မိန်းကလေးစကားကြောင့် ကျွန်တော် မျက်လုံးကျယ်သွားရသည်။

စန်းစန်းမူ. . . မောင်ကျော်. . . ချစ်ထွေး။

ကျွန်တော်နှင့် ရေစက်မကုန်နိုင်လွန်းသည့် ကျွန်တော်၏ ဇာတ်ကောင်များပါလား။ လွန်ခဲ့သော သုံးလေးနှစ်က သိဒ္ဓိမြိုင်ရှိ ကျွန်တော်၏ အယ်ဒီတာရုံးခန်းသို့ ရောက်လာကာ မောင်ကျော်ကို စုံစမ်းခဲ့ဖူး၏။ ကျွန်တော်က ထောင်မှူးကြီး ဦးစိုးသိန်းအကူအညီဖြင့် သူမကို ထောင်ထဲရှိ မောင်ကျော်နှင့် တွေ့အောင် ကူညီခဲ့ဖူး၍၊ ထိုကိစ္စကို ကျွန်တော်က မေ့မေ့ပျောက်ပျောက် ဖြစ်နေခဲ့သည်။ ယခု စန်းစန်းမူ ရောက်လာပြန်ပြီကော။

ကျွန်တော်က သူနှင့် မောင်ကျော်၏ ဇာတ်လမ်းကို သိချင်နေသည်။ မေးသင့်မမေးသင့်ချိန်ဆနေရသည်။ သူမနှင့် အတူပါလာသော ကလေးမှာ စန်းစန်းမူနှင့် ရုပ်ချင်းတူလှသည်။ မိန်းကလေးဖြစ်နေသည်။ သူမ၏သမီးပဲ ဖြစ်ချိမ့်မည်။

"စန်းစန်းမူ ခု ဘယ်မှာနေကြသလဲ၊ လွန်ခဲ့တဲ့ လေးနှစ်ကျော်လောက်က တွေ့ပြီးထဲက ပျောက်သွားလိုက်တာ ခုမှ ပြန်တွေ့တော့ သိပ်မမှတ်မိဘူး ဖြစ်သွားလို့ပါ"

"ဒါ ကျွန်မ သမီးလေ၊ စန်းသီတာကျော်တဲ့"

"စန်းသီတာကျော် ဟုတ်လား"

ချစ်စဖွယ်သမီးငယ်လေးကို ကြည့်၍ ရေရွတ်မိသည်။

"ဟုတ်ပါတယ် ဆရာ၊ ဆရာ အံ့သြနေသလားပဲ၊ ဒါ ကျွန်မနဲ့ မောင်ကျော်ရဲ့ သမီးလေ၊ ရန်ကုန်ရောက်ခိုက် ဆရာ့ကို ဝင်ကန်တော့တာပါ"

ဩြော် သူနဲ့မောင်ကျော်ရဲ့ သမီးဆိုပါလား၊ သူတို့ ဆုံတွေ့နိုင်ကြပါပြီကော။

"မောင်ကျော်. . . မောင်ကျော် သူကော မပါဘူးလား"

ကျွန်တော်က ဝမ်းသာအားရ မေးလိုက်မိသည်။

"သူ မိုးကောင်းမှာ ကျန်ခဲ့တယ် ဆရာ၊ ဆိုင်တစ်ဘက်နဲ့ အလုပ်များနေလို့ လိုက်မလာနိုင်ဘူး၊ ဆရာ့ကိုလည်း ဆက်ဆက်ဝင်တွေ့ပြီး ကန့်တော့ဖို့ သူက မှာလိုက်ပါတယ်၊ ဆရာဟာ ကျွန်မတို့ရဲ့ ကျေးဇူးရှင်ဆိုရင် မမှားပါဘူး"

"ကဲ ကဲ စန်းစန်းမူတို့ရဲ့ ဇာတ်လမ်းလေးကို ဆက်စမ်းပါဦး၊ ဘယ်လိုတွေ့ပြီး ဘာတွေဖြစ်ကြတယ်ဆိုတာ"

"သူက လွတ်ရက်နီးနေပြီလေ၊ သူလွတ်တာနဲ့ ကျွန်မတို့ တရားဝင် လက်ထပ်ကြတယ်၊ နောက်ပြီး ကျွန်မ အမေနဲ့ အဖေကို သွားကန်တော့ကြတယ်၊ တိုတိုပြောရရင်တော့ မောင်ကျော်က ဆားမှော်က သူ့ဒေါ်ကြီး ထမင်းဆိုင်ကို ပြန်သွားတယ်၊ ဒေါ်ကြီးကလည်း ဝမ်းသာအားရ ကြိုပါတယ်။ မောင်ကျော်က ထမင်းဆိုင်လုပ်ငန်းကို ဆက်လုပ်တယ်၊ တဖြည်းဖြည်း တိုးတက်လာပြီး နှစ်နှစ်အတွင်း မိုးကောင်းမှာ ဆိုင်သစ်ဖွင့်နိုင်ခဲ့ပါတယ်။ ဆားမှော်မှာတုန်းက ကျွန်မ ဆယ်တန်းစာမေးပွဲ ဝင်ဖြေဖြစ်လို့ အောင်မြင်ခဲ့ပါတယ်။ မိုးကောင်းရောက်တော့ သမီးကိုယ်ဝန်ကလည်း ရှိ၊ ဆိုင်လုပ်ငန်းကလည်း ကျယ်လာ၊ ပညာရေးကို မလိုက်နိုင်ဘဲ စီးပွားရေးဘက်လိုက်ခဲ့ပါတယ်"

ကျွန်မ မျှော်လင့်ခဲ့သလိုပါပဲ။ မောင်ကျော်ဟာ ဒုစရိုက်လောကကို ကျော^ ပြီး လူတော်လူကောင်းတစ်ယောက်ဘဝ ရောက်ခဲ့



ပါတယ်။ သူ့ရဲ့ကြိုးစားမှုကြောင့် ကျွန်မတို့ဟာ မိုးကောင်းဘူတာရုံလမ်းမှာ တိုက်ခန်းနဲ့ ဆိုင်ဖွင့်နိုင်ခဲ့ပါတယ်။

သူ့ရဲ့ အဒေါ်ကြီးဆုံးတော့ ဆားမှော်က အိမ်ကော မိုးကောင်းက အိမ်ပါ မောင်ကျော်ဟာ ဆက်ခံခဲ့ပါတယ်။

ကျွန်မနဲ့ မောင်ကျော် ပြန်တွေ့တာဟာ ဆရာ့ကျေးဇူးကြောင့်ဆိုတာ ဘယ်တော့မှ မမေ့ပါဘူး။ အလုပ်က တိုးတက်လာလို့ ကျွန်မပါ ပါဝင် စီမံကွပ်ကဲနေရလို့ လုံးဝ မအားခဲ့ပါဘူး။ ခုတော့ ရန်ကုန်မှာ ဖေဖေ ဆုံးကြောင်း ကြေးနန်းရလို့ လိုက်လာရတာ၊ ကျွန်မပြန်ရင် မေမေ့ကိုပါ တစ်ခါတည်း မိုးကောင်းကို ခေါ်သွားဖို့ စီစဉ်ပြီးပါပြီ။

ငယ်ရွယ်စဉ်က ရှုးရှူးမိုက်မိုက်နှင့် အမှားကြီး တစ်ရပ်ကို ကျူးလွန်ခဲ့မိသော်လည်း ဖွဲမာန်အား သတ္တိကြောင့် လူတစ်လုံး၊ သူတစ်လုံး ဖြစ်ခဲ့ရသည့် ဤမိန်းကလေး၏ ဘဝကို ပြန်လည် အဖတ်ဆယ်ထူထောင်ခဲ့ပုံကို ကျွန်တော်က ဝမ်းသာပီတိ ဖြစ်ခဲ့ရသည်။

"ဆရာ မိုးကောင်းရောက်ရင် ကျွန်မတို့ဆိုင်ကို ဆက်ဆက်ဝင်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်၊ "စန်းသီတာကျော်" စားတော်ဆက်ဆိုရင် မသိသူ မရှိပါဘူး"

ထို့နောက်တော့ သူတို့သားအမိနှစ်ယောက်က ကျွန်တော့်ကို ထိုင်၍ ကန်တော့ကာ နှုတ်ဆက်ပြန်သွားချိန်၌ ကျွန်တော် တီးတိုးရေရွတ်မိသည့် စကားတစ်လုံးကတော့. . . ။

"ပျက်အစဉ်း ပြင်ခဏ. . . ပါတဲ့"

နီလေးမောင်